ဂု ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၉)၊ အမှတ်(၄၂) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၁၃ ၊ ၂၀၁၁)



TRI
MEN'S AND LADIES' WEARS


ဓာတ်ပုံ - နေလင်းအောင်




## Mc Will ဖုန်းလျှောက်လွှာတင်ပြီး နှစ်ပတ်ခန့်ကြာမှ သုံးစွဲခွင့်ရမည်

**နေလင်းအောင်**

ရတနာပုံ၊ ဇန်နဝါရီ - ၈

မြို့ကြီး သုံးမြို့တွင် သုံးစွဲခွင့်ပေးမည့် ကျပ်ငါးသိန်းတန် အင်တာနက်ဖုန်းအမျိုးအစား Mc Will ဖုန်းလျှောက်လွှာများအား ရတနာပုံအိုင်စီတီပြပွဲတွင် စတင်ရောင်းချပေးခဲ့သော်လည်း လျှောက်လွှာတင်ပြီး နှစ်ပတ်ခန့်အကြာမှ ဖုန်းလိုင်းများ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၂၀)သို့

## သက်ဆိုင်ရာက ကုန်စည်ဈေးနှုန်းများကို တစ်ပတ်တစ်ကြိမ် လိုက်လံစစ်ဆေးတော့မည်ဟုဆို

**အောင်သူရ**

ရန်ကုန်၊ ဇန်နဝါရီ - ၆

ရန်ကုန်မြို့အတွင်း ရောင်းချပေးနေသော ဈေးဆိုင်များတွင် ပေါက်သောဈေးနှုန်းများနှင့် ဈေးဝယ်စင်တာကြီးများရှိ ဆိုင်များတွင် ရောင်းချပေးနေသော ဈေးနှုန်းများအား တစ်ပတ်တစ်ကြိမ် သက်ဆိုင်ရာက လိုက်လံစစ်ဆေးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

လိုက်လံစစ်ဆေးမည့်အဖွဲ့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့တော်စည်ပင်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှတာဝန်ရှိသူများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဘယ်ရက် စစ်မယ်ကိုတော့ မပြောသွားဘူး။ တစ်ပတ်တစ်ရက်၊ တစ်လလေးကြိမ် စစ်မယ်လို့ ပြီးခဲ့တဲ့အပတ်က အစည်းအဝေးခေါ်ပြီးပြောတာပါ"ဟု အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူ ဈေးဝယ်စင်တာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ထိုကဲ့သို့ လိုက်လံစစ်ဆေးရာတွင် ရောင်းချနေသော ကုန်ပစ္စည်းများ၏ဈေးနှုန်းများအား အဓိကစစ်ဆေးမည်ဖြစ်ပြီး တစ်ပတ်နှင့်တစ်ပတ် မည်မျှကွာခြားလျက်ရှိသည်ကို အဓိကစစ်ဆေးသွားရန်ရှိနိုင်ကြောင်း စားသောက်ကုန်နှင့်လူသုံးကုန်ရောင်းချသူအချို့က သုံးသပ်ကြသည်။

စာ(၂၀)သို့

## ငွေမာတန်ဖိုးကျ၍ ပို့ကုန်လုပ်ငန်းရှင်များ အထိနာ

**အားမာန်**

ရန်ကုန်၊ ဇန်နဝါရီ - ၆

ပို့ကုန်ရငွေနှင့် အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းခြင်းက ပို့ကုန်လုပ်ငန်းရှင်အများစုကို အထိနာစေကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကပြောသည်။

"ကျောက်မျက်သမားကလွဲရင် ကျန်တဲ့ ပို့ကုန်သမားတွေအကုန်လုံးထိတယ်။

စာ(၂၀)သို့

## နာမည်ကြီးနေသော ကျောက်စိမ်းတုံးအကြောင်း ပိုင်ရှင်တစ်ဦးက ရှင်းပြ


**မင်းဒင်**

မန္တလေးကျောက်ဝိုင်းတွင် နာမည်ကြီးနေသော ကျောက်စိမ်းတုံးမှာ သိန်းသောင်းချီ၍တန်သည်ဟု သတင်းထွက်နေသော်လည်း အမှန်တွင် ကျပ်သိန်းထောင်ဂဏန်းသာ ဈေးရနိုင်ကြောင်း ကျောက်စိမ်း၏အစုစပ်ပိုင်ရှင် တစ်ဦးက ပြောသည်။

စာ(၂၈)သို့



ဓာတ်ပုံ - သီဟ



## ဇန်နဝါရီ ၃၁တွင် လွှတ်တော်သုံးရပ် တစ်ပြိုင်နက်ခေါ်ယူမည်

### ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် လွှတ်တော်အဆောက်အအုံများ တည်ဆောက်နေဆဲဖြစ်

ရန်ကုန်၊ ဇန်နဝါရီ - ၁၀

ပထမအကြိမ်လွှတ်တော်အစည်းအဝေးများကို ယခုလ ၃၁ ရက် နံနက် ၈နာရီ ၅၅မိနစ်တွင် ခေါ်ယူမည်ဖြစ်ကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားက ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

စာ(၂၀)သို့




7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011



# မြန်မာ့ ဘဲဥ ပြည်ပ တင်ပို့ရန် စီစဉ်

သန်းဌေး

ရန်ကုန်၊ ဇန်နဝါရီ – ၃

မြန်မာ့ဘဲဥများ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး စီစဉ်နေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ကျွန်တော်တို့ ဘဲဥတွေက သဘာဝအလျောက် အင်းအိုင်ဘေးမှာ လွှတ်ကျောင်းပြီးရော၊ ခြံနဲ့ရော မွေးတဲ့နေရာက ဥချတာ၊ အရသာကို တရုတ်နိုင်ငံကကြိုက်တယ်"ဟု အဆိုပါအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းစိန်ကပြောကြားသည်။

ယခုလောလောဆယ်တွင် ဘဲဥရော ကြက်ဥပါ ပြည်တွင်းစားသုံးမှုကို လုံလောက်စွာဖြည့်စွမ်းနိုင်နေပြီး နောင်ကာလတွင် ပြည်ပတင်ပို့နိုင်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြော ကြားသည်။

မွေးမြူရေးအသားကဏ္ဍအနေဖြင့် ပြည်ပသို့ အေးခဲအမဲသားကို အများဆုံးတင်ပို့နေရပြီး နောင်တွင် အေးခဲကြက်သားရော ကြက်ဥ၊ ဘဲဥများကိုပါ တင်ပို့နိုင်ရေး အစီအစဉ်ရှိကြောင်း ၎င်းကပြောကြားသည်။

ရန်ကုန်မြို့တွင်းသို့ တစ်နေ့လျှင် ကြက်ဥ ၄၅၀,၀၀၀ ခန့်နှင့် ဘဲဥအလုံးရေ ၆၅၀,၀၀၀ ခန့်စီ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ ကြက်ဥတစ်လုံးလျှင် လက်ကား ဈေးနှုန်း ၈၅ကျပ်နှင့် ဘဲဥတစ်လုံးလျှင် လက်ကားဈေး ၉၂ကျပ် ဝန်းကျင်ရှိကြောင်းသိရသည်။ လက်လီဈေးများတွင်မူ ဘဲဥ၊ ကြက်ဥအကြီး တစ်လုံးလျှင် ၁၂၀ ကျပ်ပေးရသည်။

"မြန်မာ့ဘဲဥတွေ ပြည်ပတင်ပို့ဖြစ်ရင် တရုတ်နိုင်ငံ ဈေးကွက်က ကြီးမားတော့ သူ့ဆီ အရင်သွားဖြစ်မယ်"ဟု ဦးဝင်းစိန်ကပြောကြားသည်။



# စားအုန်းဆီဈေး ဆက်တိုက်တက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ – ၈

စားအုန်းဆီဈေးနှုန်းများမှာ ယခုနှစ်ဆန်းပိုင်းတွင် ဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေကြောင်း ပြင်ပစားအုန်း ဆီဈေးကွက်မှ စုံစမ်းသိရသည်။

ဒီဇင်ဘာလတစ်လလုံးတွင် ပြင်ပစားအုန်းဆီဈေးနှုန်းမှာ တစ် ပိဿာလျှင် ၂,၃၅၀ ကျပ်ရှိနေရာမှ ဇန်နဝါရီလဆန်းပိုင်းတွင် ၂,၃၈၀ ကျပ်သို့ မြင့်တက်လာခဲ့သည်။ ယခုရက်ပိုင်း၌ တစ်ပိဿာလျှင် ၂,၄၁၀ကျပ်အထိ ဆက်လက်မြင့်တက်လာခဲ့သည်။

နိုင်ငံတကာတွင်လည်း စားအုန်းဆီဈေးနှုန်း မြင့်တက်နေခြင်းကြောင့် ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးမှာလည်း လိုက်ပါမြင့်တက်ခဲ့သည်။ ထို့ကြောင့် ယခင် ၁,၉၅၀ ကျပ်ဝန်းကျင်ရှိရာမှ ယခုလဆန်းတွင် ကျပ်နှစ်ထောင်ဝန်းကျင်အထိ ဈေးတက်လာခဲ့ကြောင်း စားအုန်းဆီကိုယ်စားလှယ်များကပြောသည်။

"ဒီရာသီက ရာသီဥတုအေးရင် ဈေးကျတတ်ပေမယ့် အခုနောက်ပိုင်း ဆီတွေကလည်း မခဲတော့ဘူး။ လတ်တလော နိုင်ငံခြား(နိုင်ငံတကာ)ဈေးကလည်း တက်နေတော့ ဈေးတက်တာပေါ့"ဟု ဆီလုပ်ငန်းရှင်တစ်ဦးကပြောသည်။ စားအုန်းဆီကိုယ်စားလှယ်များ၏ ဆီထုတ်ဈေးမှာ လတ်တလော မြင့်တက်ခြင်းမရှိသေးသော်လည်း လာမည့်တစ်ပတ် ငွေသွင်းရက်တွင် ဆီထုတ်ဈေး(ဘဏ်သွင်းဈေး)မှာ မြင့်တက်လာနိုင်ကြောင်း စားအုန်းဆီကိုယ်စားလှယ်များကပြောသည်။

နိုင်ငံခြားစားအုန်းဆီဈေးနှုန်းမှာလည်း တစ်တန်လျှင် ၁,၂၅၀ ဒေါ်လာအထိ မြင့်တက်နေကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြထားသည်။



# ကျိုက်ထီးရိုး ဘုရားဖူးများ၏ တောင်ခြေမှပြန်လာရသူများရှိ

နေလင်းထွန်း

ရန်ကုန်၊ ဇန်နဝါရီ – ၄

ခရစ္စမတ်ကာလအတွင်း ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးအချို့ လာရောက်ဖူးမြော်ခွင့်မရဘဲ တောင်ခြေမှ လှည့်ပြန်ခဲ့ရသူများရှိခဲ့ကြောင်း ဒေသခံများကပြောသည်။

ယခုနှစ်တွင် ဘုရားဖူးခရီးသွားများ လာရောက်မှုမှာ ယခင်နှစ်များထက် ပိုမိုများပြားခဲ့ပြီး ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများနှင့် ပြည့်နှက်နေခဲ့ကြောင်း သိရသည်။

"အပေါ် ဆက်တက်လို့မရလို့ လှည့်ပြန်ကြရတယ်။ ရင်ပြင်တော်ပေါ်မှာတင်မဟုတ်ဘူး။ မုခ်ဦးအပြင် လျှောက်လမ်းအထိ လူတွေပြည့်နေတယ်။ ဒီနှစ်မှ လူပြန်များလာတာပါ"ဟု ရသေ့တောင်မှ စေတီတော်သို့ သွားရာလမ်းရှိ စားသောက်ဆိုင်ရှင်တစ်ဦးကပြောသည်။

ဘုရားဖူး ခရီးသွားများပြားမှုကြောင့် တည်းခိုခန်း၊ တည်းခိုဆောင်များသာမက ဘုရားရင်ပြင်တော်တွင် အိပ်စက်သူများနှင့် ပြည့်နှက်နေခဲ့ကြောင်းသိရသည်။

"အဲဒီနေ့တွေမှာ တစ်ရက်ကို ကျပ်ဆယ်သိန်းကျော်ထိ ရောင်းရတယ်။ ဆိုင်ကြီးတွေကတော့ ပိုရောင်းရတာပေါ့။ မနှစ်ကထက် ဘုရားဖူးပိုများတယ်"ဟု ရင်ပြင်တော်မှ မုဆိုးတောင်သွားရာ စားသောက်ဆိုင်တန်းမှ ဆိုင်ရှင်တစ်ဦးကပြောသည်။

ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးများ လာရောက်မှုများပြားသောကြောင့် တောင်တက် ကားများအား ပုံမှန်ပြေးဆွဲနေသည့်အချိန် နံနက် ၆ နာရီကို အချိန်တိုးမြှင့်၍ နံနက် ၄နာရီမှ စတင်ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

# ရန်ကုန်မြို့လယ်တွင် အဆောက်အအုံအစွန်းပြိုကျ၍ လူတစ်ဦးသေဆုံး

## အခင်းဖြစ်ပွားရာအနီးမှာပင် အဆောက်အအုံပြိုကျ၍ ဆယ်လအတွင်း သေဆုံးသူ နှစ်ဦးရှိသွားပြီဖြစ်သည်

သန်းဌေး

ရန်ကုန်၊ ဇန်နဝါရီ – ၉

ရန်ကုန်မြို့လယ် ၂၉ လမ်းရှိ ဘုံဘေဘားမားစာပုံနှိပ်တိုက်ဘေးကပ်လျက်ရှိ အဆောက်အအုံအစွန်းပြိုကျသွားသောကြောင့် လက်ဖက်ရည်ထိုင်သောက်နေသူ အမျိုးသမီးကြီးတစ်ဦး သေဆုံးသွားကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပန်းဘဲတန်းမြို့နယ် အမှတ် (၆)ရပ်ကွက်၊ ၂၉ လမ်း အနော်ရထာလမ်းနှင့် ကုန်သည်လမ်းကြား ဘုံဘေဘားမားစာပုံနှိပ်တိုက်နှင့်ကပ်လျက် ၂၀၁၀ မတ်လက ပြိုကျခဲ့သောအဆောက်အအုံနေရာအနီးရှိ အဆောက်အအုံအစွန်းပြိုကျရာ လက်ဖက်ရည်ထိုင်သောက်နေသူ ဒေါ်ငြိမ်း(၅၀ နှစ်)ပေါ်သို့ အုတ်နံရံတုံးများပြိုကျပြီး အုတ်ကျိုးများကြောင့် ဦးခေါင်းခွဲကွဲ၊ ညာခြေသလုံးကျိုးကာ သေဆုံးသွားခြင်းဖြစ်သည်။

"မနေ့ မနက်ကတည်းက တစ်နေကုန် မိုးရွာထားတော့ အဲဒီနံရံက ရေအိနေပြီး ပြိုကျတာဖြစ်နိုင်တယ်။ ဝုန်းဆိုအသံလည်းကြားရော ကျွန်တော်တို့လည်း အိမ်ထဲက ပြေးထွက်ကြည့်တော့ အမျိုးသမီးကြီးတစ်ဦးရဲ့ ခေါင်းပေါ် အုတ်ကျိုးတုံးကြီးပိပြီး သေနေတာတွေ့ရတယ်"ဟု အခင်းဖြစ်သည်ကိုမြင်တွေ့ခဲ့ရသော အခင်းဖြစ်နေရာ မျက်စောင်းထိုးရှိ ၂၉လမ်းထဲမှ ရွှေပန်းထိမ်ဆိုင်တစ်ဆိုင်မှ အမျိုးသားတစ်ဦးကပြောသည်။

ယခုပြိုကျသော အဆောက်အအုံစွန်းသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၁၄ ရက်(တနင်္ဂနွေ)ညနေ ၄ နာရီ ၄၅မိနစ်က ပြိုကျခဲ့သောလမ်း ၃၀ နှင့် ၂၉ လမ်းကြား ကုန်သည်လမ်းပေါ်ရှိ အဆောက်အအုံနှင့်ကပ်လျက် တစ်ဆက်တည်းရှိနေသော အဆောက်အအုံဖြစ်ကြောင်းတွေ့ရှိရသည်။ မတ်လ ၁၄ ရက်က အဆောက်အအုံဟောင်းပြိုကျခဲ့မှုတွင်လည်း ဆယ့်ငါးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦးသေဆုံးခဲ့သည်။



ဓာတ်ပုံ – သန်းဌေး

"ဟိုတုန်းက ပြိုကျတာလည်း တနင်္ဂနွေ၊ အခုလည်း တနင်္ဂနွေနေ့တွေမို့ တော်သေးတယ်၊ လူရှင်းနေလို့။ တခြားရက်တွေဆို လူတွေ တော်တော်များများထိမှာ။ လက်ဖက်ရည်ဆိုင်ထိုင်သောက်နေကြတာ၊ ခုံတွေစီလို့။ အမြဲတမ်းရှိနေကျပဲ"ဟု ဖြစ်စဉ်ကို တွေ့ရှိခဲ့သော ၂၉ လမ်းအတွင်းနေထိုင်သူ လူငယ်တစ်ဦးကပြောသည်။

သေဆုံးသွားသော ဒေါ်ငြိမ်း(၅၀ နှစ်)မှာ ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက် ၅ လမ်းနေသူဖြစ်ပြီး၊ အိန္ဒိယနွယ်ဖွားဖြစ်ကာ အဝတ်လျှော်သောအလုပ် လုပ်ကိုင်သူဖြစ်ကြောင်း သေဆုံးသူနှင့် ရင်းနှီးသူတစ်ဦးကပြောသည်။

ယခုသေဆုံးသူအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပြီး၊ သေမှုသေခင်းအမှတ် ၂/၁၁ ဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




ဧရာဝတီမြစ်ဆုံဒေသတွင် ရွှေတူးဖော်ရေးလုပ်ကိုင်နေသော လုပ်ငန်းများကို ဒီဇင်ဘာလကုန်ပိုင်းက တွေ့ရစဥ်

ဓာတ်ပုံ - အိဖြူမွန်







# ဧရာဝတီမြစ်ဆုံဒေသတွင် ရွှေတူးဖော်သူများလာ

အိဖြူမွန်

မြစ်ကြီးနား၊ ဒီဇင်ဘာ - ၂၅

**မေခမြစ်နှင့် မလိခမြစ်တို့ စတင်ဆုံစည်းရာ ဧရာဝတီမြစ်ဆုံဒေသတွင် ၂၀၁၀နှစ်ကုန်ပိုင်း၌ ရွှေလုပ်ကွက်များ တူးဖော်လုပ်ကိုင်မှု များပြားလာပြီး မေခနှင့် မလိခမြစ်နှစ်စင်းတွင် ရွှေတူးဖော်သည့် လုပ်ကွက်ပေါင်းမှာ အကြမ်းဖျင်းအားဖြင့် ၅၀၀ ဝန်းကျင်ရှိကြောင်း မေခမြစ်တွင် ရွှေတွင်းတူးဖော်ခြင်း လုပ်ကိုင်နေသူများထံမှ စုံစမ်းသိရှိရသည်။**

မေခနှင့် မလိခမြစ်အတွင်းသို့ ၂၀၁၀နှစ်ကုန်တွင် တူးဖော်လုပ်ကိုင်သူ များပြားလာရခြင်းမှာ ရေဝေရေလဲဒေသတွင် တူးဖော်မှု တားမြစ်ခြင်းကြောင့်ဖြစ်ကြောင်း ရွှေတူးဖော်ရေး လုပ်ကိုင်သူ အချို့က ခန့်မှန်းပြောဆိုကြသည်။

“အရင်က အဲဒီလောက်မများဘူးဗျ။ အခုက ဖြုန်းဆိုင်းတွေ များလာတယ်” ဟု မေခမြစ်ရှိ ရွှေမှော်မှ ကျင်းလုပ်သားတစ်ဦးက ပြောသည်။

မေခနှင့် မလိခမြစ်ဝှမ်းများကို တရုတ်ကုမ္ပဏီများက ပုတ်ပြတ်ဝယ်ယူထားပြီး ရွှေတူးဖော်ရေးလုပ်ကိုင်သူများက ယင်းကုမ္ပဏီများထံမှ တစ်ဆင့်ခံ ဝယ်ယူရကြောင်းနှင့် လုပ်ကွက်တစ်ကွက်လျှင် ယခုအခါ ကျပ်သိန်းရာချီ၍ ပေးဝယ်ရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရွှေတူးဖော်ရာတွင် အနက်ပေ ၃၀ မှ ၅၀ အကြားတူးဖော်ရပြီး တစ်ပေပတ်လည် လုပ်ကွက်တစ်ကွက်လျှင် ကျပ်သိန်းသုံးရာ ပေါက်ဈေးရှိသည်။

ယခုကဲ့သို့ ရွှေလုပ်ကွက်များ တိုးပွားလာပါက ဧရာဝတီမြစ်၏ သဲသောင်ဖြစ်ထွန်းမှုသည် ယခင်နှစ်များထက် ပိုမိုများပြားလာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက သုံးသပ်ကြသည်။ ယခုလက်ရှိ တွင်းတူးဖော်ရေးလုပ်ကိုင်သူများသည် မြစ်ဝှမ်းအနီးရှိ တောင်များကို မြစ်ရေဖြင့် ဖျန်းပက်၍ မြေပြိုပြီးနောက် စီးကျလာသော စွန့်ပစ်မြေစေးများအား မြစ်ထဲသို့ တိုက်ရိုက်စွန့်ပစ်ကြသည်။

တစ်နေ့လျှင် ဖြုန်းဆိုင်းတစ်ဆိုင်း၌ ရွှေအချိန် ၉ ကျပ်သားခန့် ရရှိပြီး ယခုလက်ရှိ ရွှေမှော်အတွင်း၌ ရွှေအကြမ်းပေါက်ဈေးမှာ တစ်ရွေးလျှင် ၄,၈၀၀ကျပ်ရှိသည်။ ယင်းပေါက်ဈေးသည် ယခုနောက်ပိုင်း ဈေးတက်လာသော ပေါက်ဈေးဖြစ်ကြောင်း သိရှိရသည်။






7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# နန်းပို့ချမှုများ၍အင်းတော်ကြီးကန်၏ချောင်းလက်တက်အချို့တိမ်ကောလာ

အိဖြူမွန်

အင်းတော်ကြီး၊ ဒီဇင်ဘာ – ၂၈

အင်းတော်ကြီးကန်အတွင်းသို့ စီးဆင်းဝင်ရောက်သော ရေဝေ ရေလဲ ဒေသမှ ချောင်းလက်တက်များတွင် နုန်းပို့ချမှုများလာခြင်းကြောင့် ချောင်းကြမ်းပြင်ထုထည်ကြီးကာ မြင့်တက်လာပြီး အချို့သောချောင်းများသည် တိမ်ကောလာကြောင်း အင်းတော်ကြီးကန်အတွင်း နေထိုင်ကြသည့် ဒေသခံများကပြောသည်။

ယင်းအကျိုးဆက်ကြောင့် အင်းတော်ကြီးကန်၏ ကြမ်းပြင်၏ ထုထည်သည်လည်း မြင့်လာကြောင်း၊ ယခင်က ကန်၏ ကြမ်းပြင်သည် အနက်ဆုံးအပိုင်းတွင် အနက်ပေ ၃၀ ရှိသော်လည်း ယခု အခါပေ ၂၀ မှ ၂၅ ပေဝန်းကျင်သာရှိကြောင်း အင်းတော်ကြီး ကန်ပတ်လည်တွင် နေထိုင်ကြသော ဒေသခံများကပြောသည်။

အင်းတော်ကြီးကန်အတွင်းသို့ စီးဝင်သော မြစ်ချောင်းအရေအတွက် ၃၉ ခုရှိသည်။ အမြဲတမ်းစီးဝင်သော ချောင်းသုံးချောင်းရှိသည်။ ယခုအခါ ယင်းချောင်းများ၏အနက်သည် တိမ်ကောလာပြီး ယခင်က ၁၆ ပေနက်ခဲ့သော ချောင်းအများစုသည် ယခုအခါ ၅ ပေနှင့် ၄ ပေကြားတွင်သာ ရှိကြောင်း အင်းတော်ကြီး ကန်အနောက်ဘက်ကမ်းတွင်ရှိ မိုင်းနောင်းရွာမှ ဒေသခံတစ်ဦးက ပြောသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ကောသွားသည့် အင်းတော်ကြီးကန်၏ ချောင်းလက်တက်တစ်ခု။**

ယင်းချောင်းများအတွင်းရှိ ရေ၏ အရည်အသွေးသည်လည်း ကျဆင်းလာပြီး ရေကြည်မှ ရေနောက်သို့ ပြောင်းလဲကြောင်း ဒေသခံများကပြောသည်။

“အရင်က ရေကြည်တယ်။ ချောင်းထဲ ကျောက်ခဲပြန်ချရင်တောင် အဲဒီကျောက်ခဲကို ပြန်မြင်နေရတယ်။ အခုချောင်းက ကော်ဖီရောင်ကို ပြောင်းလာပြီ။ ရွာနားက ၁၆ ပေကျယ်တဲ့ ချောင်းဆိုရင် အခုမရှိတော့ဘူး။ မိုးရာသီ ရေကြီးရင် ရွာကို ရေလျှံတယ်။ နွံတွေလို ညစ်လာပြီး ချောင်းမရှိတော့ဘူး”ဟု မိုင်းနောင်းရွာမှ ဒေသခံတစ်ဦးကပြောသည်။

ယင်းသို့ ချောင်းများနှင့် အင်းတော်ကြီးကန် ကြမ်းပြင်ထုထည်မြင့်တက်လာရခြင်းမှာ ရေဝေရေလဲဒေသများတွင် စီးပွားဖြစ်ရွှေတွင်းတူးဖော်ခြင်းကြောင့် ဖြစ်ကြောင်း ဒေသခံများက ပြောသည်။အင်းတော်ကြီးကန်ဘေးမဲ့တောတွင် ရွှေတွင်းတူးဖော်ခြင်းကို တရားဝင် ပိတ်ပင်ထားသည်။ ရွှေတွင်းတူးခြင်း၊ ရွှေမှော်များရှိခြင်းကြောင့် ကျေးရွာဒေသခံရွာများ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းကောင်းသော်လည်း ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျစဉ်းစားရန် လိုအပ်ကြောင်း မြစ်ကြီးနားမြို့အခြေစိုက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ကိုင်ဆောင်ရွက်သောလူ မှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင်သည် ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော မိုးကောင်းချောင်း ချောင်းဖျားခံရာနေရာဒေသတစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အကြီးဆုံး ရေတိမ်ဒေသတစ်ခုဖြစ်ပြီး မိုးရာသီတွင် တောင်မှ မြောက် ၁၆ မိုင်၊ အရှေ့မှ အနောက် ၇ မိုင်ရှိ၍ ရေပြင်အကျယ် ၄၄ ဒသမ ၉ စတုရန်းမိုင်ရှိသည်။ ရေတိမ်ဒေသတစ်ခုဟု သတ်မှတ်ထားသောကန်တွင် ရေအနက်ဆုံးပိုင်းများလည်း ရှိသည်။ အင်းတော်ကြီးကန်ပတ်လည်တွင် တောင် ၉ လုံး ဝိုင်းရံလျက်ရှိသည်။



ဓာတ်ပုံ – နေလင်းထွန်း

**အထူးစည်ကားနေသော ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်မှ ဘုရားဖူးများကို ဇန်နဝါရီလဆန်းပိုင်းကတွေ့ရစဉ်။**

# ဘုရားဖူးများ ကျိုက်ထီးိုးရင်ပြင်တော်ရှိ တည်းခိုခန်းအချို့ အခန်းခမှာ ရန်ကုန်ဟိုတယ်ထက်မြင့်

နေလင်းထွန်း

ကျိုက်ထို၊

ဇန်နဝါရီ – ၄

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးအများအပြားလာရောက်သောကာလများ၌ ရင်ပြင်တော်ပေါ်ရှိ တည်းခိုခန်းဈေးနှုန်းများသည် ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်အချို့၏ တည်းခိုခထက်ပင် ပိုမိုမြင့်မားနေလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးအများအပြားလာရောက်သော ခရစ္စမတ်၊ နှစ်သစ်ကူးချိန်နှင့် အစိုးရရုံးပိတ်ရက်များတွင် တည်းခိုခန်းငှားရမ်းခများသည် တစ်ညလျှင် ကျပ်တစ်သိန်းကျော်အထိရှိနေပြီး၊ တည်းခိုဆောင်များသည် ကျပ်နှစ်သောင်းကျော် သုံးသောင်းအထိပေး၍ ငှားရမ်းရကြောင်းသိရသည်။

“နှစ်ယောက်ခန်းကို ကျပ်တစ်သိန်းနှစ်သောင်းတဲ့။ အခုကျပ်ရှစ်သောင်းခွဲနဲ့ ရတဲ့အခန်းမှာ ငှားနေရတယ်။ ရန်ကုန်က ဟိုတယ်တွေထက်တောင် ဈေးပိုများနေတယ်”ဟု ဇန်နဝါရီလ ၄ ရက်နေ့တွင် ဘုရားဖူးလာရောက်ဖူးမြော်သူတစ်ဦးကပြောသည်။

ယင်းကဲ့သို့ တည်းခိုခန်းဈေးနှုန်းများ မြင့်မားနေခြင်း၊ တည်းခိုဆောင်နေရာအခက်အခဲတို့ကြောင့် ဘုရားဖူးအများအပြားသည် ရင်ပြင်တော်ပေါ်တွင် အိပ်စက်အနားယူကြရကြောင်းသိရသည်။

“ဘုရားဖူးအရေအတွက်နဲ့ တည်းခိုခန်းအရေအတွက်က မမျှဘူးဖြစ်နေတယ်။ ဒါပေမဲ့ အခန်းလုံးဝမရှိတာတော့ မဟုတ်ဘူး။ တစ်ခန်းတလေရှိတယ်။ ဈေးကအရမ်းများနေတယ်။ ကျောချရုံအခန်းကို တစ်ည နှစ်သောင်းသုံးသောင်းပေးရတယ်။ သူများနိုင်ငံတွေမှာ နာမည်ကြီးနေရာတွေဆို ခရီးသွား သန်းနဲ့ချီလည်ပတ်တာရှိတယ်။ ဒီမှာသိန်းဂဏန်းလောက်ကို မနိုင်ဘူးဖြစ်နေတယ်”ဟု ဘုရားဖူးလူငယ်တစ်ဦးကပြောသည်။

ကျိုက်ထီးရိုးစေတီရင်ပြင်တော်နှင့်အနီးတစ်ဝိုက်တွင် တည်းခိုခန်း၊ တည်းခိုဆောင်၊ စားသောက်ဆိုင်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကို လေလံစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘုရားဖူးများပြားချိန်၌ စားသောက်ဆိုင်နှင့် အမှတ်တရပစ္စည်းဆိုင်များတွင်လည်း အခန်းများ ဖွဲ့စည်း၍ တည်းခိုရန် ငှားရမ်းကြသည်။

“ဘုရားဖူးအနည်း၊ အများပေါ် မူတည်တာပေ့ါ။ တည်းခိုခက တစ်ခန်းကို နှစ်သောင်း၊ တစ်သောင်းခွဲ၊ တစ်သောင်း၊ ငါးထောင်နဲ့ ဒီထက်ပို ဘုရားဖူးနည်းသွားရင် အလကားတည်းခိုခွင့်ပြုတယ်။ ဆိုင်မှာပဲ စားသောက်ပေ့ါ။ စားသောက်ဆိုင်အနေနဲ့ပဲ ဖွင့်တာဆိုတော့ လာမေးရင်လည်း အသိတွေ၊ မိတ်ဆွေတွေလို့ ပြောရမှာပေ့ါ”ဟု ရသေ့တောင်သွားလမ်းရှိ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ကျိုက်ထီးရိုးစေတီရင်ပြင်တော်ရှိ တည်းခိုခန်းနှင့် တည်းခိုဆောင်ငှားရမ်းခများသည် ဘုရားဖူးခရီးသွား အနည်းအများပေါ် မူတည်၍ ဈေးနှုန်းအတက်အကျမြင့်မားလျက်ရှိပြီး တည်းခိုခန်းဈေးနှုန်း သတ်မှတ်ထားမှုလည်း မရှိကြောင်းသိရသည်။

## Crime Corner

### ၁၀ ဘီးကားဖြင့် အင်ကြင်းကျောက် တရားမဝင် တင်ဆောင်လာမှု ဖမ်းဆီးရမိ

စောရန်နိုင်

မကွေး၊ ဇန်နဝါရီ – ၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် သဲကျုံးနေသည့် ၁၀ဘီးယာဉ်တစ်စီးကိုမသင်္ကာသဖြင့် စစ်ဆေးခဲ့ရာ အင်ကြင်းကျောက်များ တွေ့ရှိခဲ့မှုကိုဒီဇင်ဘာ ၂၆ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ နေ့လယ် ၃နာရီ ၂၀အချိန်ခန့်တွင် မကွေးခရိုင် သစ်တောဦးစီးဌာန လ/ထ ညွှန်မှူးဦးမြင့်အောင်တို့အဖွဲ့နှင့် နတ်မောက်မြို့နယ် အထူးသတင်းအရ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် နတ်မောက်တောင်တွင်းကြီးကားလမ်း နတ်မောက်မြို့ တောင်ဘက်ရှိ ၂မိုင်ခန့်အကွာရှိ ယင်းချောင်းတံတားဘေး၌ သဲကျုံးနေသော နစ်ဆန်းဒီဇယ် ၁၀ဘီးယာဉ်တစ်စီးကို မသင်္ကာသဖြင့် သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်မှ အင်ကြင်းကျောက် ၅ဒသမ၆၉ ကျင်း၊ ၈ဒသမ၅၃၅ တန် ကာလတန်ဖိုး ခန့် မှန်းခြေကျပ်သိန်း ၂,၅၆၀,၅၀၀ ဖိုးအား တွေ့ရှိခဲ့ဟုသိရသည်။

အဆိုပါယာဉ်ပေါ်ပါကသူ မောင်းမောင်နိုင်၊ သာပေါင်းမြို့နယ် ဧရာဝတီတိုင်းနှင့် ခိုင်စိုးဝင်း (ယာဉ်နောက်လိုက်)ရန်မျိုးအောင် မကွေးမြို့နေသူတို့ နှစ်ဦးအား အရေးယူပေးပါရန်တိုင်တန်းခဲ့ရာ သက်ဆိုင်ရာ နတ်မောက်ရဲစခန်း က (ပ)၂၃၀/၁၀ သတ္တုတွင်း အက်ဥပဒေပုဒ်မ ၃၁ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

### ပါရမီနှင့်ရွှေမန်းသူယာဉ်မောင်းများကို အင်္ဂလိပ်စာ သင်တန်းပေးနေဟုဆို

မေဝင်းမွန်

ရန်ကုန်၊ ဇန်နဝါရီ – ၆

ယခုနှစ်ခရီးသွားရာသီအမီ နိုင်ငံခြားသားခရီးသည်များ အဆင်ပြေပြေသွားလာနိုင်ရန်ရည်ရွယ်၍ ဗန္ဓုလသယ်ပို့ဆောင်ရေးလီမိတက် လက်အောက်ရှိ ယာဉ်မောင်းနှင့် ယာဉ်အကူများအား အင်္ဂလိပ်ဘာသာစကားများ စတင်သင်ကြားပေးလျက်ရှိကြောင်း ဗန္ဓုလသယ်ယူပို့ဆောင်ရေးလီမိတက်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

> ယာဉ်မောင်းနှင့် ယာဉ်အကူအားလုံးကို အလှည့်ကျသင်တန်း တက်ရောက်စေမည်ဖြစ်ကာ အင်္ဂလိပ်ဘာသာစကားအပြင် တရုတ်ဘာသာစကားကိုလည်း ထပ်မံသင်ကြားပေးရန်...

ယခုလ ၆ ရက်မှစ၍ ပါရမီယာဉ်လိုင်းမှ ၂၀ ဦး၊ ပါရမီတက္ကစီ ယာဉ်လိုင်းမှ ၂၀ဦး၊ ရွှေမန်းသူအဝေးပြေးယာဉ်လိုင်းမှ ၁၀ဦးဖြင့် Bus and Taxi English Speaking သင်တန်းအမှတ်စဉ်(၁)ကို ဖွင့်လှစ်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက်အထိ ၅ပတ်ကြာဖွင့်လှစ်မည်ဖြစ်သည်။

နေပြည်တော်တွင် ပထမဆုံးအကြိမ် ကျင်းပသည့် ကျောက်မျက်ပြပွဲသို့ ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ပါရမီတက္ကစီစီးရေ ၁၀၀ သွားရောက်ပြေးဆွဲပေးခဲ့ရာ နောက်ပိုင်းတွင်လည်း နိုင်ငံခြားသားခရီးသွားများအတွက် ဝန်ဆောင်မှုပေးရာတွင်အထောက်အကူဖြစ်စေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းနှင့်ယာဉ်အကူအားလုံးကို အလှည့်ကျသင်တန်း တက်ရောက်စေမည်ဖြစ်ကာ အင်္ဂလိပ်ဘာသာစကားအပြင် တရုတ်ဘာသာစကားကိုလည်း ထပ်မံသင်ကြားပေးရန်စီစဉ်ထားကြောင်းသိရသည်။


TRI
LIVES BRILLIANTLY


i-MAX®
COLLECTION
Men's & Ladies' Wears
WINTER FASHION
MY STYLE // MY DREAM

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011



# အာဆီယံစံသတ်မှတ်ချက်စတင်၍တန်ပိုတင်သောကားများ ကုန်ပြန်ချရ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၀**

ကုန်တင်ယာဉ်များကို ဇန်နဝါရီ ၈ ရက်မှစ၍ အာဆီယံသတ်မှတ်ချက်အတိုင်း တင်ဆောင်ရန် စတင်ဆောင်ရွက်ပြီဖြစ်ရာ ကုန်ကားများအား သတ်မှတ်ချက်အတိုင်း တင်မတင် စစ်ဆေးရာတွင် ကုန်တင်ယဉ်အများစုမှာ တန်ပိုတင်ဆောင်ထားကြသော ကားများဖြင့် ကုန်ပြန်ချရသည့် ဖြစ်ရပ်များရှိခဲ့ကြောင်း သတင်းရရှိသည်။

"မနေ့က ဇန်နဝါရီ ၉ ရက်ပဲခူး မက်စ်ကတ္တားဂိတ်မှာ ကုန်ပြန်ချခိုင်းရတဲ့ကားတွေ တော်တော်များတယ်ပြောတယ်။ ဦးတို့လှမ်းပြောလို့သိတဲ့ ဂိတ်လေးဂိတ်မှာပဲ ၁၅ စီးလောက်ရှိတယ်။ တခြားဂိတ်တွေလည်း ရှိသေးတယ်" ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များ အသင်းမှ အတွင်းရေးမှူးဦးတင်ယုကပြောသည်။

အာဆီယံသတ်မှတ်ချက်အတိုင်း ယခု ဇန်နဝါရီ ၈ ရက်တွင် စတင်မည်ဆိုခြင်းကို လွန်ခဲ့သည့် တစ်လကျော်ကပင် ကားဂိတ်များသို့ အကြောင်းကြားစာများ ကြိုတင်ပေးဝေခဲ့ကြောင်း ၎င်းကပြောသည်။ သို့သော် အဆိုပါ သတ်မှတ်ချက်စစ်ဆေးခြင်းကို မည်သည့်နေရာမှ ဆောင်ရွက်မည်ဟု ဖော်ပြထားခြင်း မရှိခဲ့ပေ။

"ဘယ်နေရာမှာ စစ်ဆေးမယ်ဆိုတာကို ပြောထားတာ မရှိဘူး။ ဂိတ်တိုင်းမှာ စစ်လို့ရတယ်ဆိုတော့ နေရာကိုပြောမထားဘူး" ဟု ဦးတင်ယုက ဆက်လက်ပြောသည်။

ထိုသို့ ကုန်ပြန်သယ်ရသည့် ဖြစ်ရပ်များကြောင့် ကုန်တန်ဆာခများမှာ ယခင်ထက် တစ်ပိဿာလျှင် ၃၀ ကျပ်ဝန်းကျင်(တစ်တန် ၂၀၀၀၀ ကျပ်)ဝန်းကျင်ထိ မြင့်တက်သွားခဲ့ပြီး တန်ဆာခမှာ သတ်မှတ်နှုန်းမရှိသေးသကဲ့သို့ ဈေးနှုန်းတည်ငြိမ်ခြင်းလည်း မရှိသေးကြောင်း ရန်ကုန်-မန္တလေး ကားဂိတ်ပိုင်ရှင်တစ်ဦးကပြောသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ယခင်တစ်ပိဿာ ၇၀ ကျပ်ဝန်းကျင်မှ ယခု ၉၀ ကျပ်ကျော် ၁၀၀ ဝန်းကျင်ထိ ရှိသည်။ ထိုကြောင့် တစ်တန် ၄၃,၀၀၀ကျပ်ဝန်းကျင်မှ ယခု ၆၀,၀၀၀ကျပ်ကျော်ထိဖြစ်နေကြောင်း သိရသည်။

ယခု အာဆီယံသတ်မှတ်ချက် နောက်ဆုံးအဆင့်လျှော့ချလိုက်သော နှုန်းထားမှာ ၆ ဘီးယာဉ်တစ်စီးလျှင် ယာဉ်ကုန် ၁၆ တန်၊ ၁၀ ဘီးယာဉ်မှာ ယာဉ်ကုန် ၂၁ တန်၊ ၁၂ ဘီးယာဉ်မှာ ယာဉ်ကုန် ၂၅ တန်၊ ၁၄ ဘီးယာဉ်မှာ ယာဉ်ကုန် ၃၄တန်၊ ၁၈ဘီးကားမှာ ၄၆ တန်နှင့် ၂၂ ဘီးကားမှာ ၅၅ တန်အောက်သာ တင်ဆောင်ရန် သတ်မှတ်ထားသည်။

အဆိုပါ သတ်မှတ်ချက် စစ်ဆေးခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းနှင့် ဦးပိုင်ကုမ္ပဏီတို့ကပါ စစ်ဆေးသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

သို့သော် ယခုသတ်မှတ်ချက်များထက် ၂ တန်အထိ ပိုတင်ခြင်းကို ကတ္တားတစ်လုံးနှင့် တစ်လုံး လွဲချော်မှုအဖြစ် နားလည်ပေးထားမည်ဖြစ်ပြီး ၎င်းထက်ပိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တွင် ၎င်းသတ်မှတ်ချက်ကို ယခုလ ၈ ရက်မှ စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း မန္တလေးဘက်တွင် ယခင်အတိုင်း ၆ ဘီးယာဉ်မှာ ယာဉ်ကုန် ၂၀ တန်၊ ၁၀ ဘီးယာဉ်မှာ ၂၅ တန်၊ ၁၂ ဘီးကားမှာ ယာဉ်ကုန် တန် ၃၀ ထိ တင်ဆောင်နိုင်ပြီးယခုသတ်မှတ်ချက်ကို တရုတ်နှစ်သစ်ကူးရှိ၍ ဖေဖော်ဝါရီလမှသာ စတင်မည်ဖြစ်ကြောင်း ရန်ကုန်-မန္တလေးပြေးဆွဲနေသော ကားဂိတ်ပိုင်ရှင်တစ်ဦးကပြောသည်။

# ဆုကြေးအမြင့်ဆုံး ဂိမ်းပြိုင်ပွဲသို့ ရန်ကုန်မှ ရထားတွဲ နှစ်တွဲငှားရမ်းသွားရောက်

**နေလင်းအောင်**

**ရတနာပုံ၊ ဇန်နဝါရီ - ၉**

မြန်မာနိုင်ငံတွင် ဆုကြေးအမြင့်ဆုံး ကွန်ပျူတာ Dota ဂိမ်းပြိုင်ပွဲကို ရတနာပုံ Cyber City တွင် ဇန်နဝါရီ ၈ ရက်နေ့မှ စတင်၍ ကျင်းပလျက်ရှိပြီး ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် ရန်ကုန်မှ ပြိုင်ပွဲဝင်အဖွဲ့များအား စပွန်ဆာပေးသည့် ကုမ္ပဏီမှ ရထားတွဲနှစ်တွဲ ငှားရမ်း၍ ခေါ်ဆောင်ပေးခဲ့ရကြောင်း သတင်းရရှိသည်။

Dota အဖွဲ့လိုက် ဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၃၀ ခန့်ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆု ကျပ် ၁၈သိန်း နှင့် ဆုပေါင်း ၈ ဆုချီးမြှင့်မည်ဖြစ်ပြီး ဆုကြေးငွေစုစုပေါင်း ကျပ်၃၆သိန်းခန့် အကုန်ခံထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲသို့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး အစရှိသည့် မြို့များအပြင် အခြားမြို့များမှပါ လာရောက်ယှဉ်ပြိုင်သူများ ရှိသည်။

ပြိုင်ပွဲလာရောက်သူများအတွက် ပြိုင်ပွဲကာလအတွင်း အကျွေးအမွေးပါ ထည့်သွင်းစီစဉ်ထားပြီး ထိုပွဲကို အဓိကပံ့ပိုးသူမှာ ရတနာပုံတယ်လီပို့ဖြစ်သည်။

# ပီလောပီနံမှ မွေးမြူရေးအစာထုတ်လုပ်ရန်စီစဉ်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ - ၃**

ပီလောပီနံမှ မွေးမြူရေးလုပ်ငန်း အခြေခံအစားထိုးအစာထုတ်လုပ်ရန် စီစဉ်နေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

"ပီလောပီနံ အခြေခံတဲ့ အစားထိုးအစာထုတ်လုပ်ဖို့ တန်ထောင်ချီရှိနေတော့ ပီလောပီနံအခြေခံ ငါးစာထုတ်လုပ်ဖို့ အဆင်ပြေမယ်"ဟု ၎င်းက ပြောကြားသည်။

ယုဇနကုမ္ပဏီမှ စိုက်ပျိုးထားသည့် ပီလောပီနံခင်းများမှာ ဧကထောင်ချီရှိပြီး တစ်နေ့လျှင် တန်ထောင်ဂဏန်းအထိ ဘေးထွက်စွန့်ပစ်ပစ္စည်းများစွာ ထွက်ရှိနေကြောင်း သတင်းရရှိသည်။ ထိုစွန့်ပစ်ပစ္စည်းများကို မွေးမြူရေးအစားအစာအဖြစ် တောင်းယူပါက နှစ်ဖက်အကျိုးရှိနိုင်၍ မွေးမြူရေးသမားများ စီစဉ်လုပ်ကိုင်စေလိုကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းကလည်း ပြောကြားသည်။

"ဦးဌေးမြင့်ရဲ့ ပီလောပီနံ ဘေးထွက်ပစ္စည်းတွေက တစ်နေ့ထောင်ဂဏန်းရှိတော့ တောင်းရင်အလကားပေးမှာပါ။ သူလည်း အမှိုက်ပုံကြီးဖြစ်နေလို့ ငါး၊ ဝက်၊ ကြက်မွေးမယ့်သူတွေ အစာအလကားရမှာမို့ အစာထုတ်လုပ်စေချင်တယ်"ဟု ဦးမောင်မောင်သိမ်းက ဒီဇင်ဘာ၁၉ရက်ကကျင်းပသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ညီနောင်အသင်းကိုးသင်း၏ နှစ်ပတ်လည်အခမ်းအနားတွင်ပြောကြားသည်။

ရေလုပ်ငန်းကဏ္ဍအများစုမှာ ပုဂ္ဂလိကများ လက်ထဲတွင် ရောက်ရှိနေပြီး ယခုအခါ မွေးမြူရေးအစာရှားပါးပြီး ဈေးနှုန်းများ ကြီးမြင့်နေသောကြောင့် ယခုကဲ့သို့ စီစဉ်သည်ကို ကြိုဆိုကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

# ဒေါ်လာနှင့်အက်ဖ်အီးစီတန်ဖိုးကျ ဟိုတယ်များ အခန်းခဈေးမြင့်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၅**

**အမေရိကန်ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးများ ကျဆင်းနေမှုကြောင့် ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများအပါအဝင် အခြားသောခရီးသွားဒေသမှ ဟိုတယ်များ၏ အခန်းခများအား ယခုနှစ်ဆန်းပိုင်းမှစ၍ တိုးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။**

"ငွေဈေးကသာ ကျတာ၊ တခြားဟိုတယ်သုံးအသုံးအဆောင်ပစ္စည်းဈေးက မကျတော့ ဘယ်လိုမှမကိုက်တော့ဘူး။ ဒါကြောင့် ပျမ်းမျှ ဆယ်ရာခိုင်နှုန်းလောက်တိုးလိုက်တာပါ"ဟု ချက်ထရီယမ် ဟိုတယ်မှတာဝန်ရှိသူကပြောသည်။

ထို့အပြင် ရန်ကုန်မြို့ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၊ ဝင်းနားအင်း၊ ကန်တော်ကြီးပဲလေ့စ်နှင့် အင်းလေးဒေသရှိဟိုတယ်များမှာလည်း ဇန်နဝါရီလဆန်းမှစ၍ အခန်းခများ ဈေးတက်သွားကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"အခန်းတစ်ခန်းရဲ့ ငှားလို့ရတဲ့ဝင်ငွေကို တွက်ကြည့်တာ အခုငွေဈေးနှုန်းနဲ့ ဘယ်လိုမှမကိုက်တော့တဲ့အတွက် ဈေးတက်ဖို့ဖြစ်လာရတာပါ"ဟု အင်းလေးဒေသခံ ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးအချို့သည် အက်ဖ်အီးစီနှင့်အမေရိကန်ဒေါ်လာတန်ဖိုးကျဆင်းလာသော စက်တင်ဘာလဆန်းမှစ၍ ဝန်ထမ်းများအတွက် လစာငွေအား အက်ဖ်အီးစီတစ်ယူနစ်လျှင် ကျပ်တစ်ထောင်နှုန်းဖြင့် တွက်၍ မြန်မာကျပ်ငွေဖြင့် ပေးချေလာကြသည်။ ယခု ရောင်းချသောအခန်းခ ဈေးများမှာ ငွေလဲလှယ်နှုန်း ကျပ်တစ်ထောင်ခန့်ဖြင့်တွက်ချက်၍ ပြီးခဲ့သည့်နှစ်က သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။



ဓာတ်ပုံ-ဝေယံ

ထို့အပြင် ယခင်နှစ်များက အက်ဖ်အီးစီတစ်ယူနစ်နှင့် အမေရိကန်တစ်ဒေါ်လာ၏ ပြင်ပပေါက်ဈေးမှာ ကျပ်တစ်ဆယ်ခန့်သာ ကွာခြားသော်လည်း ယခုနှစ်အတွင်း ကျပ်ငါးဆယ်ခန့်အထိ ခြားနားသွားပြီဖြစ်သည်။

ထို့ကြောင့် ဟိုတယ်များ အားငွေပေးချေမှုနှင့်ပတ်သက်၍ ဘဏ်အကောင့်ရှိသော ဟိုတယ်များကိုသာ Air Transfer ဖြင့် ခရီးသွားကုမ္ပဏီများက ပေးချေကြရန်နှင့် ဘဏ်အကောင့်မရှိသောဟိုတယ်များအား အက်ဖ်အီးစီကို အမေရိကန်ဒေါ်လာတန်ဖိုးအတိုင်း လက်ခံပေးရန် သက်ဆိုင်ရာက ညွှန်ကြားခဲ့သည်။ ဈေးမတက်မီက ဟိုတယ် အခန်းခဈေးနှုန်းများ ပါဝင်သော မြန်မာနိုင်ငံမှ ရောင်းချသည့် Package Tour ခရီးစဉ်များတွင် ဈေးနှုန်းများမှာ အခြားအာဆီယံနိုင်ငံများ၏ ဈေးနှုန်းထက်မြင့်မားနေကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့ကဆိုသည်။

ယခုလက်ရှိ ပြင်ပဈေးကွက်တွင် အက်ဖ်အီးစီတစ်ယူနစ်လျှင် ၈၀၅ ကျပ်ဝန်းကျင် ဈေးရှိပြီး အမေရိကန်တစ်ဒေါ်လာလျှင် ၈၂၅ ကျပ်ဝန်းကျင် ဈေးရှိကြောင်း သိရှိရသည်။

# သွင်းကုန်အများစု ဈေးနှုန်းပြောင်းလဲ

အောင်သူရ၊ ပြည့်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ – ၈

ပြည်ပနိုင်ငံများမှ ဝယ်ယူတင်သွင်းရောင်းချသော စားသောက်ကုန်၊ လူသုံးကုန်နှင့် ဓာတ်မြေဩဇာဈေးနှုန်းများမှာ ယခုရက်ပိုင်းမှစ၍ ဈေးနှုန်းများ ပြောင်းလဲသွားကြောင်း သတင်းရရှိသည်။

"နို့ဆီတစ်လုံးကို ၁၅ ကျပ်လောက်ရယ်၊ စားအုန်းဆီတစ်ပိဿာကို ၅၀ ကျပ်လောက်ရယ် ဈေးတက်လာတယ်"ဟု ညောင်ပင်လေးဈေးတွင် ဆိုင်ခန်းဖွင့်လှစ်၍ လူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းရောင်းချသောဆိုင်ရှင်တစ်ဦးကဆိုသည်။

ဓာတ်မြေဩဇာဈေးကွက်တွင်လည်း ဒီဇင်ဘာနောက်ဆုံးပတ်မှစ၍ တစ်အိတ်လျှင် ကျပ်လေးထောင်ခန့် တက်ခဲ့သော စူပါဓာတ်မြေဩဇာများမှာ ယခုရက်ပိုင်းတွင်လည်း တစ်အိတ်လျှင် ၁,၅၀၀ ကျပ်ဝန်းကျင် ထပ်မံဈေးတက်သွားကြောင်း သုံးစွဲသူများက ပြောသည်။

ယခုကဲ့သို့ ဈေးနှုန်းများပြောင်းလဲလာခြင်းမှာ ပြည်တွင်းအခွန်များ ဦးစီးဌာနက ဇန်နဝါရီ ၁ ရက်မှစ၍ ပင်ရင်းမှ နုတ်ယူပေးသွင်းသည့်အခွန် (with holding tax) ၃ ရာခိုင်နှုန်း ပေးဆောင်ပြီး ဈေးသက်သေခံ လက်မှတ်ရှိသူများကိုသာ MFTB နှင့် MICB ဘဏ်များက (LC-Letter of Credit) ဖွင့်ခွင့်ပြုမည်ဟု သတ်မှတ်ပြီး နောက်ပိုင်း ပြောင်းလဲလာခြင်းဖြစ်သည်ဟု လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ဆောက်လုပ်ရေးအသုံးအဆောင်ဖြစ်သော ဘိလပ်မြေတင်သွင်းရောင်းချသူများက ယခုရောင်းချနေသည့်ပစ္စည်းများ ကုန်သွားပါက အသစ်ရောက်လာသော ဘိလပ်မြေဈေးနှုန်းများမှာ ဈေးတက်လာနိုင်ကြောင်း ဆောက်လုပ်ရေးပစ္စည်းရောင်းချသူများက ပြောသည်။

သို့သော်လည်း လက်ရှိပြင်ပ ဈေးကွက်ပေါက်ဈေးတွင် ပို့ကုန် ရငွေတန်ဖိုးငွေ(Export Earning)၊ အမေရိကန်ဒေါ်လာ၊ ထိုင်းဘတ်၊ စင်ကာပူဒေါ်လာနှင့် တရုတ်ယွမ် ငွေတန်ဖိုးများ ဈေးကျနေခြင်းကြောင့်သာ ခုသာခံသာရှိနေကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

ထိုင်းနိုင်ငံမှ တင်သွင်းရောင်းချသောလူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းအချို့ ဈေးကွက်တွင်းပြတ်လပ်နေကြောင်း Asia Light အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဟိုတယ်မှာ မုန့်လုပ်တဲ့နေရာမှာသုံးတဲ့ Import ပစ္စည်းတချို့ ဝယ်မရတာ တော်တော်ကြာပြီ" ဟု နေပြည်တော်ဟိုတယ်ဇုန်တွင် ဖွင့်လှစ်ထားသော အဆင့်မြင့်ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကုန်သည်တွေက စောင့်ကြည့်နေကြတယ်။ လိုင်စင်ဟောင်းတွေပဲ အခုသွင်းကြသေးတယ်။ လိုင်စင်အသစ်က မလုပ်ကြသေးဘူး"ဟု မူဆယ် ၁၀၅ မိုင်မှ ကုန်သည်တစ်ဦးကရှင်းပြသည်။

နယ်စပ်သွင်းကုန်တင်သွင်းမှုတွင် LC အစား TT ကိုသာ ဦးစားပေးလုပ်ကိုင်ကြသည်။ သွင်းကုန်တင်သွင်းရာ၌ လိုင်စင်လျှောက်စဉ်က ပို့ကုန်ရငွေပေါ်တွင် (with holding tax)ကို တစ်ကြိမ်တည်းဖြတ်ယူထားမည်ဖြစ်ကြောင်းသိရသည်။

သွင်းကုန်လုပ်ငန်းရှင်များသည် ၂၀၁၀ အောက်တိုဘာကတည်းက တင်သွင်းမှုကို အနည်းငယ်သာ ပြုလုပ်ခဲ့ကြသည်။ ယခုအခါပြည်တွင်းအခြေအနေပေါ်မူတည်၍ လုပ်ငန်းများကို စောင့်ကြည့်၍ လုပ်ကိုင်လျက်ရှိသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ပုံစာ

## အချိန်အခါမဟုတ်မိုးကြောင့် မတ်ပဲစိုက်ခင်းများ အထွက်နှုန်းထိခိုက်ဖွယ်ရှိ

ထူးသန့်

နေပြည်တော်၊ ဇန်နဝါရီ – ၈

**၂၀၁၁ ဇန်နဝါရီ ဒုတိယပတ်အတွင်း မြန်မာနိုင်ငံဒေသအတော်များများ၌အချိန်အခါမဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့သည့်အတွက် မတ်ပဲစိုက်ခင်းများအထွက် နှုန်းထိခိုက်ဖွယ်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်ဦးနေစိုးကပြောသည်။**

"အခုမှ ၂၀၁၁ခုနှစ် ဒုတိယရက်သတ္တပတ်ရဲ့ အစပဲရှိသေးတယ်။ ရာသီဥတုက ဖောက်လာပြီ။ ဒီလိုသာအခါမဟုတ်ဘဲ မိုးတွေရွာတာ၊ မိုးအုံ့တာဖြစ်လာရင် မတ်ပဲစိုက်ခင်းတွေကတော့ ထိခိုက်မှာပဲ။ ပန်းပွင့်တုန်းမိုးမိရင်တော့ အတော်လေး ထိခိုက်လိမ့်မယ်"ဟု ဦးနေစိုးကပြောသည်။

နေပြည်တော် ပျဉ်းမနားမြို့မှ မတ်ပဲစိုက်တောင်သူ ဦးလှဝင်းကလည်း ယခုကဲ့သို့ မိုးရွာလိမ့်မည်ကို မမျှော်လင့်ထားဟု ပြောသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အအေးလွန်ကဲခဲ့သည့်အတွက် ပဲစိုက်ခင်းများ အအေးဒဏ်ခံနိုင်ရန် ဆေးဝါးများ စီမံခဲ့ရကြောင်း ယခုကဲ့သို့မိုးရွာပြန်လျှင် ဆေးနောက်တစ်မျိုး ထပ်မံစီစဉ်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ဒီနှစ်တော့ မျှော်လင့်ချက်သိပ်မရှိတော့ပါဘူး။ စပါးသိမ်းတုန်းက မိုးရွာလို့ ဆုံးရှုံးတာတွေရှိခဲ့တယ်။ ပြီးနောက် နှင်းတွေကျလို့ နှင်းဒဏ်ခံနိုင်တဲ့ ဆေးဖြန်းရတယ်။ အခုတစ်ခါ မိုးရွာပြန်တော့ ထပ်ကုန်ရဦးမယ်။ နောက်ပြီး ဒီလိုသာ ရက်ရှည်ဆက်ရွာနေရင် သိပ်ထွက်မှာ မဟုတ်တော့ဘူး"ဟု ဦးလှဝင်းကပြောဆိုခဲ့သည်။

ရန်ကုန်နှင့် နေပြည်တော်နေ ပြည်သူများထံမှပြောကြားချက်အရ ဒေသနှစ်ခုလုံးတွင် ယမန်နေ့ည ၁၂ နာရီခန့်ကတည်းက မိုးရွာသွန်းခဲ့ကြောင်းနေပြည်တော်တွင် ယနေ့နံနက်ပိုင်းအထိ မိုးများ အုံ့ဆိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘက်သို့ အရှေ့ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့် ယမန်နေ့ညနေမှ နောက် ၃ ရက်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအများအပြားတွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။



## ၂၀၁၀ ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ရက်အထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်တင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၂)ရက်နေရာကွက်ကျားမိုးရွာနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။

**ညအပူချိန်**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၄)ရက်မှ (၆)ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် (၃)ရက်ခန့် နံနက်ပိုင်းတွင်မြူထူများဆိုင်းနိုင်ပါသည်။

**မြူအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၄)ရက်မှ (၆)ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် (၃)ရက်ခန့် နံနက်ပိုင်းတွင်မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) မန္တလေးမြို့၊ စစ်ကိုင်းမြို့ နှင့် ပခုက္ကူမြို့တို့တွင် ၃၀ စင်တီမီတာ (၁ပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များအောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များ၏အောက်ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန။**

**ဝမ်းနည်းကြေကွဲခြင်း**

**မစိမ်းဝါမြဦး**

အသက်(၃၅)နှစ်

*Assistant Editor*

*Myanmar People Magazine* သည်

၇–၁–၂၀၁၁ (သောကြာ)နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း...

[illegible] မြန်မာ People မဂ္ဂဇင်း ဝန်ထမ်းများ

# ကုန်းတွင်းပိုင်း ဓာတ်ငွေ့သိုက် တစ်ခုတွေ့

**ဇာဇာနီ**


**ရန်ကုန်၊ ဇန်နဝါရီ– ၈**

စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်ကုမ္ပဏီတစ်ခုတို့ ပူးပေါင်းလုပ်ကိုင်နေသော ပုထိုးလုံးအစမ်းတွင်း၌ သဘာဝဓာတ်ငွေ့ကုဗပေ သန်းပေါင်း ၉၀၉ ဘီလီယံနှင့် ရေနံစိမ်းစည်ပေါင်း ၇ ဒသမ ၁၆ သန်းရှိနိုင်သောကုန်းပိုင်းဓာတ်ငွေ့သိုက်တစ်ခုတွေ့ရှိခဲ့ရကြောင်း ဇန်နဝါရီလ ၆ ရက်ထုတ်အစိုးရပိုင်သတင်းစာတွင် ဖော်ပြထားသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်နှင့် ကနီမြို့နယ်တို့အတွင်း ရှိသည့် ကုန်းပိုင်းရေနံရှာဖွေရေးလုပ်ကွက်အမှတ်(ဒီ) Block-D အတွင်းရှိသော ပုထိုးလုံအစမ်းတွင်းများကို တရုတ်နိုင်ငံမှ SIPC Myanmar Petroleum ကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့က လွန်ခဲ့သော ၂၀၀၄ ခုနှစ်မှစ၍ အကျိုးတူပူးပေါင်းလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ထိုအစမ်းတွင်းများထဲရှိ အချို့လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်ယူနိုင်နေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ရှာဖွေတူးဖော်ရေးလုပ်ငန်းအား ပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းကို ၁၉၈၈ ခုနှစ်ကတည်းကစတင်ခဲ့ရာ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ကုန်းတွင်းရေနံမြေလုပ်ကွက် ၄၉ကွက်နှင့် ကမ်းလွန်ရေနံမြေလုပ်ကွက် ၂၆ခုရှိကြောင်း သိရသည်။




ထို့အပြင် မြန်မာနိုင်ငံ၌ ရေနံသဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် အနည်းကျဘူမိချိုင့်ဝှမ်း (၁၄)ခုရှိပြီး၊ အချို့ကို စမ်းသပ်ရှာဖွေနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ် (ဧပြီ- ဇူလိုင်)တွင် အမေရိကန်ဒေါ်လာ ၉,၈၁၁သန်းကျော်ကို ကုမ္ပဏီလုပ်ငန်းပေါင်း ၇ခုတို့က လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅,၀၈၁ သန်းကျော်ရှိကြောင်း CSO ဗဟိုစာရင်းဇယားအဖွဲ့မှ ထုတ်ပြန်သော စာရင်းများ အရသိရသည်။

# ရေထွက်ကုန် ပြည်ပတင်ပို့ရာမှ ကန်ဒေါ်လာ သန်း ၄၁၀ ကျော် ရရှိထား

**သန်းဌေး**

**ရန်ကုန်၊**

**ဇန်နဝါရီ – ၇**

မြန်မာ့ရေထွက်ပစ္စည်း ပြည်ပ-တင် ပို့မှုမှာ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်၏ ကိုးလတာကာလအတွင်း ကန် ဒေါ်လာသန်း၄၀၀ ကျော် ရရှိထားပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ပြည်ပပို့ကုန် အရည်အသွေးစစ်ဆေးရေး ဌာနခွဲမှ တရားဝင် ထုတ်ပြန်ကြေညာသည်။

၂၀၁၀ ခုနှစ် ဧပြီ ၁ ရက် မှ ဒီဇင်ဘာ ၂၆ ရက်အထိ ရေထွက်ကုန်များ တင်ပို့ရာမှ ကန်ဒေါ်လာ ၄၁၄ ဒသမ ၇၄၁ သန်းရရှိခြင်းဖြစ်သည်။ ယခုဘဏ္ဍာနှစ်တစ်နှစ်လုံး (၂၀၁၀ ဧပြီ ၁ ရက်မှ ၂၀၁၁ မတ် ၃၁ ရက်အထိ)ကန်ဒေါ်လာ သန်း ၇၀၀ လျာထားခဲ့ကြောင်းလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

“မြဝတီဂိတ်ကို ခဏပိတ်ထားတာရယ်၊ စစ်တွေနဲ့ မောင်တောကလည်း ရာသီဥတုကြောင့် ရေကြီးတာ၊ လေမုန်တိုင်းကျတာနဲ့ အကြောင်းအမျိုးမျိုးကြောင့်ရယ်၊ ကော့သောင်းကလည်း လှိုင်းလေမငြိမ်တာကြောင့်ရယ် ပေါင်းပြီး အခုလောက်ပဲရခဲ့တာ”ဟု အဆိုပါဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒီဇင်ဘာ ၁၉ရက်က ကျင်းပခဲ့သော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ညီနောင်အသင်းကိုးသင်း၏ နှစ်ပတ်လည်အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်သိမ်းက အောက်ပါအတိုင်း မိန့်ခွန်းပြောကြားသည်။ “ရေထွက်ကုန်ပစ္စည်းများ၏ ဆယ်ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သေးတာကို တွေ့ရှိရတဲ့အတွက် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း ပိုမိုတိုးတက်တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါလို့လည်း ပြောကြားလိုပါတယ်”ဟု ဝန်ကြီးကပြောကြားသည်။

“၂၀၀၇-၂၀၀၈ မှာ အမေရိကန်ဒေါ်လာသန်း ၈၅၀ လျာထားချက်အပေါ် မက်ထရစ်တန် ၃ ဒသမ ၅၂ သိန်းတင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၅၆၁ ဒသမ ၀၂ သန်း၊ ၂၀၀၈-၂၀၀၉ မှာ အမေရိကန်ဒေါ်လာသန်း ၇၅၀ လျာထားချက်အပေါ် မက်ထရစ်တန် ၃ ဒသမ ၂၅ သိန်း တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၀၈ သန်းဖိုး၊ ၂၀၀၉-၂၀၁၀ မှာ အမေရိကန်ဒေါ်လာသန်း ၇၀၀ လျာထားချက်အပေါ် မက်ထရစ်တန် ၃ ဒသမ ၇၅ သိန်းတင်ပို့ပြီး၊ အမေရိကန်ဒေါ်လာ ၄၉၆ ဒသမ ၅၉ သန်းဖိုး ရရှိခဲ့တာတွေ့ရှိရပါတယ်”ဟု ဝန်ကြီးက အသေးစိတ်ထည့်သွင်းပြောကြားသည်။

“၂၀၁၀ ခုနှစ်တစ်ခုလုံး မွေးမြူရေး၊ ဖမ်းဆီးရေး၊ ပြုပြင်ထုတ်လုပ်မှု ပြည်ပတင်ပို့ကဏ္ဍအားလုံး စိန်ခေါ်မှုပေါင်းစုံကို ကြုံတွေ့ရင်ဆိုင်ခဲ့ရတယ်”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ငွေကြေးပြောင်းလဲမှု၊ ရာသီဥတုဖောက်ပြန်မှု၊ အစာရှားပါးမှု အထူးသဖြင့် ငါးမြစ်ချင်းငါးအဝယ်ကျဆင်းမှုတို့ကြောင့် မွေးမြူသူများ အခက်အခဲကြုံတွေ့ရမှုမှာ ပိုမိုဆိုးရွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

# ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၀ ယာဉ်တိုက်မှုကြောင့် ၁၇၅ဦးသေဆုံး

**သဇင်ထွေး၊ အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ–၄**

ရန်ကုန်တိုင်းဒေသကြီး အတွင်း ၂၀၁၀ ခုနှစ်တစ်နှစ်လုံး ယာဉ်တိုက်မှု ၇၉၁ မှုဖြစ်ပွားခဲ့ပြီး ၂၀၀၉ ခုနှစ်နှင့် ယှဉ်လျှင် ယာဉ်တိုက်မှုလျော့နည်းသွားကြောင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

၂၀၁၀ ခုနှစ်တွင် ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုမှာ ၁၇၅ ဦးရှိပြီး ဒဏ်ရာရသူ ၁,၂၅၁ ဦးရှိကြောင်းသိရသည်။

၂၀၀၉ခုနှစ်တွင် ယာဉ်တိုက်မှု ၈၆၄ မှုသေဆုံးသူ ၂၀၆ ဦး ဒဏ်ရာရသူ ၁,၆၁၉ ဦး ရှိခဲ့သဖြင့် ၂၀၁၀ခုနှစ်တွင် ယာဉ်တိုက်မှုလျော့နည်းသွားသည်။



**ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုတစ်ခု။**

“ယာဉ်တိုက်မှုတွေကိုတော့ စီစီတီဗီနဲ့ ဖမ်းဆီးအရေးယူတာတွေပါပါတယ်။ ဒီနှစ်မှာတော့ ဖမ်းဆီးအရေးယူမှုတွေရယ်၊ ပညာပေးလုပ်ငန်းတွေကြောင့် ယာဉ်တိုက်မှုတွေလျော့နည်းလာတာ တွေ့ရပါတယ်။ ဒီနှစ်ယာဉ်တိုက်မှုမှာ ထူးခြားတာက လမ်းကူးသူတွေကြောင့် တိုက်တာများတာတွေ့ရှိရတယ်။ ဒါကြောင့် ဒီနှစ်မှာလမ်းကူးသူတွေကြောင့် ယာဉ်တိုက်မှုမဖြစ်အောင် လမ်းကူးသူတွေကိုလည်း ပညာပေးလုပ်ငန်းတွေပြန်လုပ်ဆောင်သွားမယ်”ဟု တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားသည်။

၂၀၁၀ခုနှစ်နှစ်သစ်ကူးညတွင်ယာဉ်တိုက်မှု ၁မှုနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ရက်နေ့နံနက်ပိုင်းတွင် ၂မှုဖြစ်ပွားခဲ့ကာ လူ ၂ ဦးသေဆုံးခဲ့ကြောင်းသိရသည်။

# Life

7 DAY NEWS JOURNAL

Vol.9, No.42 • JANUARY 13, 2011

# တဒင်္ဂဒေါသစိတ်ကြောင့် ကြေပျက်ရသူများ

ငြိမ်းငြိမ်းနိုင်



**သစ်သား** ခုံတန်းလျားပေါ် ထိုင်နေကြသော လူတစ်စုမျက်နှာပေါ်တွင် အံ့သြမှုတုန်လှုပ်မှုတို့က အထင်းသားမြင်နေရသည်။ သစ်သားခုံတန်းရှေ့ မတ်တပ်ရပ်ရင်း လက်တစ်ဖက်ကို ဆွဲရမ်းကာ တစ်စုံတစ်ရာကို ခုတ်ဖြတ်၊ ရိုက်နှက်ဟန်ပြနေသော အသက်၄၀ကျော် ညိုမောင်းမောင်း အမျိုးသမီးကြီးကို ပါးစပ်အဟောင်းသား မင်တက်ငြိမ်သက်နားထောင်ကြည့်ရှုနေကြခြင်းဖြစ်သည်။

ထိုနေ့မတိုင်မီ ၃ ရက်ခန့်က ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း ရွာတစ်ရွာမှာ ဖြစ်ပွားခဲ့သော လူသတ်မှုအကြောင်းကို ရွာသို့အလည်ရောက်နေသော ဧည့်သည်များအားရွာခံ အမျိုးသမီးကြီးက သရုပ်ပါပါ ပြောဆိုရှင်းပြနေခြင်းပင်။

အိမ်ရှေ့ဖြတ်သွားရင်း ဆဲဆိုသွားခဲ့သည့် တစ်ရွာတည်းနေ အမျိုးသားတစ်ဦးအားဆဲဆိုခံရသူက နေအိမ်ပေါ်တက်ကာ လူအများရှေ့မှာပင် ဓားနှင့် လည်ပင်းကို ပိုင်းဖြတ်သွားခဲ့သည့် လူသတ်မှုအကြောင်းဖြစ်သည်။

ထိုကဲ့သို့ အကြောင်းတရားကြီးကြီးမားမားမရှိဘဲ ဓားထိုးခံရတာ၊ ဓားနှင့်အပိုင်းခံရတာ၊ ပုဆိန်နှင့်အပေါက်ခံရတာ စသည့်ပုံစံမျိုးစုံသတ်ဖြတ်မှုကြောင့် သေဆုံးမှုက မြို့ပြဖြစ်သော ရန်ကုန်တိုင်း၌ တစ်နှစ်အတွင်း ၅၀ဦးခန့် သေဆုံးနေသည်။

လူသတ်မှုဖြစ်ပွားရခြင်း အကြောင်းအရင်း စစ်ဆေးမှုများအရ ဖြစ်ပေါ်လာသည့် ဒေါသကြောင့် ဆင်ခြင်တုံတရား နည်းပါးစွာ ဖြစ်ပွားရသည့် အထက်ပါကဲ့သို့ လူသတ်မှုများက အရေအတွက်အားဖြင့် အများဆုံးဖြစ်ကြောင်း ဖြစ်ပွားသည့် လူသတ်မှုများကို ခွဲခြမ်းစိတ်ဖြာမှုများအရသိရသည်။

ထိုအမျိုးသမီးပြောပြသည့် လူသတ်မှုထက် လူသတ်မှုကျူးလွန်သူ၏နောက်ခံသမိုင်းကြောင်းက ပိုပြီးစိတ်ဝင်စားစရာဖြစ်နေသည်။ နားထောင်နေသူအားလုံးက တဖြည်းဖြည်း ဇာတ်ရှိန်တက်လာသော ထိုလူသတ်မှု ကျူးလွန်သူအကြောင်းကို ငြိမ်သက်တိတ်ဆိတ်စွာနားထောင်နေကြသည်။

"သူက ဓားနဲ့ခုတ်ပြီးပြီးချင်း ရဲစခန်းကို ဖုန်းဆက်ပြီးတော့ကို လှမ်းပြောတာ။ အဲဒီသွေးတွေနဲ့ ဓားကို လက်ကတော့မချဘူး။ ပြီးတော့ သူ့မိန်းမနဲ့ကလေးဆီသွားပြီး မိန်းမနဲ့ကလေးကို စောင့်ရှောက်ဖို့ အမျိုးတွေကိုအပ်နေတာ"ဟု လူသတ်သမား၏ သွေးအေးပုံကို သူမကအတတ်နိုင်ဆုံး မြင်သာထင်သာအောင် ပြောပြသည်။

ထိုလူသတ်မှုကျူးလွန်သူက အသက် ၃၅နှစ်ဝန်းကျင်သာသာရှိသည်။ သူ့တွင် အစ်ကိုတစ်ယောက်ရှိသေးသည်။ သို့သော်သူက အိမ်တွင်ကျန်ခဲ့သည့် နောက်ဆုံးအမျိုးသားတစ်ဦးဟုဆိုရမည်။ သူ့အဖေက လူသတ်မှုကြောင့် ထောင်ထဲမှာ။ သူ့မိသားစုတွင်သူက တတိယမြောက် လူသတ်မှုကျူးလွန်သူဖြစ်၏။ သို့သော်သူတို့ ကျူးလွန်ခဲ့သည့်ပြစ်မှု ပုံစံတွေကတစ်ယောက်နှင့်တစ်ယောက်မတူ။ မိသားစုလိုက် အငြိုးတေးတွေလည်း မဟုတ်။ ဆက်စပ်မှုလည်းမရှိပေ။

သူတို့နေထိုင်သည့်နေရာက ဘိုကလေးမြို့နယ်တွင်းကကျေးရွာတစ်ရွာတွင်ဖြစ်သည်။ ဘိုကလေးမြို့နယ် တစ်ဝိုက်အခြေစိုက်ရှေ့နေတစ်ဦးက "လူသတ်မှုတွေက အဲလိုပဲဖြစ်လိုက်ရင် ကြောက်စရာကောင်းအောင်ကို ရက်ရက်စက်စက်သတ်တာ။ ဘာကြောင့်လည်း မေးကြည့်။ ဘာမှရေရေရာရာမရှိဘူး။ ပညာရေးအားနည်းကြတာ အဓိကပြဿနာပါပဲ"ဟု သူမအတွေ့အကြုံအရ သုံးသပ်ပြောပြသည်။

မကြာသေးမီက ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော အမှုတစ်မှုရှိခဲ့သည်။ ခွဲတမ်းကျရသော ငါးဟင်းယူစားရာမှ လေ့သားအချင်းချင်း ဓားခုတ်မှုဖြစ်သည့်အမှုဖြစ်သည်။ အသက် ၂၀ကျော်လေ့သားအချင်းချင်း ဟင်းယူစားသူအား ငါးဖမ်းသင်္ဘောပေါ်တွင် အစားတစ်လုပ်အတွက် လည်ပင်းကိုဓားနှင့်ခုတ်ခဲ့ခြင်းဖြစ်၏။

ဆရာတော်ဦးဇောတိက ဟောကြားသောသတိပဋ္ဌာန်တရားတော်တွင် ရသတဏှာ(အစားအသောက်နှင့် ပတ်သက်သောလောဘ) နောက် ဒေါသကပ်ကာ ဇနီးဖြစ်သူကိုပင် ရိုက်သတ်မိသည့်အတွက် ကိုယ်တိုင်လည်း ထောင်ကျ၊ သားသမီးများလည်း မိခင်ကိုဆုံးရှုံးရသည့် ဖြစ်ရပ်တစ်ခုကို ဥပမာပေးထားသည်။

ပြင်ဦးလွင်မြို့ရှိ ကျေးရွာတစ်ရွာမှ အိမ်ထောင်ရှင်အမျိုးသားတစ်ဦးသည် ငရုပ်သီးမပါလျှင် ထမင်းစားလို့ မဖြစ်အောင်ပင် ငရုပ်သီးကြိုက်သည်။ တစ်နေ့တွင် ဇနီးဖြစ်သူက ထမင်းပွဲတွင် ငရုပ်သီးထောင်းထည့်ရန် မေ့လျော့သွားသည့်အတွက် ဒေါသကြီးကာ မီးဖိုခန်းထဲရှိ ထင်းချောင်းတစ်ခုယူကာ ဇနီးသည်အား ရိုက်လိုက်သည့်အတွက် တစ်ချက်တည်း သေဆုံးသွားခဲ့သည့်ဖြစ်ရပ်ဖြစ်၏။

ယင်းကဲ့သို့သော လူသတ်မှုများက နယ်မြို့များ၊ အထူးသဖြင့် ထိုကဲ့သို့ ကျေးရွာများတွင်ဖြစ်များကြောင်းနယ်မြို့များတွင် မြို့နယ်မှူးတာဝန် ၁၀ နှစ်နီးပါး လှည့်လည်ထမ်းဆောင်ခဲ့ဖူးသော မြို့နယ်မှူးတစ်ဦးကပြောသည်။

"လူသတ်ပြီးမှ သူတို့က သိပ်ကြောက်သွားကြတာ။ သတ်တုန်းကတော့ ချက်ချင်းဖြစ်တဲ့စိတ်ကို မထိန်းလိုက်နိုင်ကြဘူး။ အဲဒီလူသတ်မှုတွေကလည်းအားလုံးနီးပါးက တရားခံကို ချက်ချင်းဆိုသလိုကိုမိတာများတယ်။ လူသူရှေ့မှာ ချက်ချင်းထသတ်လိုက်တာမျိုးဖြစ်တာရယ်။ ပြီးတော့ သူတို့စိတ်တွေကမလုံခြုံတော့ဘဲ ကြောက်စိတ်တွေဝင်လာတာကြောင့် ဖြစ်တယ်"ဟု ၎င်းကသုံးသပ်ပြောကြားသည်။

မိသားစုလိုက် လူသတ်မှုကျူးလွန်ခဲ့သော ဘိုကလေးမြို့နယ်မှ လူသတ်မှုမျိုးကတော့ ရှားရှားပါးပါး ပုံပြင်ဆန်ဆန်အဖြစ်အပျက်မျိုးဖြစ်နေသည်။

ထို့ကြောင့် သည်အဖြစ်အပျက်ကိုစီကာပတ်ကုံးပြောဆိုနေသော ရွာခံအမျိုးသမီး၏ပြောသမျှကို နားထောင်နေသည့် ဧည့်သည်များ အံ့သြမင်တက်နေကြခြင်းဖြစ်သည်။

ရွာခံအမျိုးသမီးပြောပြရာတွင် လူသတ်သမားမိသားစုဝင်လေးဦးအနက် အိမ်ထောင်ဦးစီးဖခင်ဖြစ်သူကျူးလွန်သည့် လူသတ်မှုက အရက်စက်ဆုံးနှင့် ကြောက်စရာကောင်းသော လူသတ်မှုတစ်ခုဖြစ်ကြောင်း နားထောင်နေသည့် ဧည့်သည်အမျိုးသမီးထဲက တစ်ဦးက အစဆုံးနားထောင်ပြီး ပြောဆိုသည်။


"သူ့အဖေတုန်းက နှစ်ယောက်ကိုသတ်တာ။ ယောက်ျားကို မကျေနပ်တာနဲ့ ကိုယ်ဝန်ကြီးနဲ့ မိန်းမကို ရွာလမ်းတစ်လျှောက်တရွတ်တိုက်ဆွဲပြပြီးမှ သတ်ပစ်လိုက်တာ"ဟုပြောရင်း အသံတဖြတ်ဖြတ်ရပ်လိုက်စဉ်နားထောင်နေသည့် အမျိုးသမီးတချို့ပခုံးများပင် တွန့်ကွေး တက်သွားကြသည်။


မြို့ပေါ်မှာလို ခိုးဝှက်လုယက်မှုများမှတစ်ဆင့် ဖြစ်ပွားသည့် လူသတ်မှုများထက် ထိုကဲ့သို့ အချင်းချင်းစကားများ ရန်စရာကနေ သို့မဟုတ် အကြောင်းပြချက်ခိုင်ခိုင်လုံလုံမရှိပါဘဲ သာမန်အဖုအထစ်လေးမျိုးကို ရုတ်တရက်ဖြစ်ပေါ်လာသည့် ဒေါသ မထိန်းလိုက်နိုင်သည့်အတွက် လူသတ်မှုကျူးလွန်သည့် အဖြစ်များက ကျေးရွာများနှင့် ဖွံ့ဖြိုးမှုနှေးကွေးသည့် နေရာဒေသများတွင် အများဆုံးဖြစ်ပွားကြောင်း အထက်ပါရဲအရာရှိက သုံးသပ်ပြောပြသည်။


စာ(၁၁)သို့




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)







## ဈေးဝယ်ထွက်မယ်

**မေပယ်လ်**

ပွဲလမ်းတွေများနေတဲ့အချိန်အခါမှာ စမတ်ကျကျနဲ့ ထင်ပေါ်လှနေဖို့အတွက် ကိုယ်နဲ့လိုက်ဖက်ညီတဲ့ အဝတ်အစားတွေ အဆင်သင့်လေးရွေးနိုင်မယ့်နေရာတစ်ခုကို လမ်းညွှန်ပေးချင်ပါတယ်။

မင်္ဂလာပွဲအတွက်၊ ညစာစားပွဲ၊ မွေးနေ့ပါတီတက်ရောက်ဖို့အတွက်ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ဖိနပ်စတာတွေကို စဉ်းစားဖို့ ခက်ခဲနေသူတွေ သဘောကျမယ့်နေရာလေးတစ်ခုဖြစ်ပါတယ်။

မြန်မာ့ရိုးရာဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတွေကို စိတ်တိုင်းကျရွေးပြီး ဝယ်ချင်သူလည်း ဝယ်နိုင်၊ ငှားမယ်ဆိုရင်လည်း ငှားနိုင်ပါသေးတယ်။

ဗီယက်နမ်၊ ဟောင်ကောင်၊ ဘန်ကောက်ကနေတင်သွင်းတဲ့ ဝတ်စုံတွေဖြစ်ပြီး မင်္ဂလာဝတ်စုံတွေ ငှားမယ်ဆိုရင် အနည်းဆုံး ကျပ် ၂၅,၀၀၀ ကနေ ၅၅၀,၀၀၀ အထိရှိပြီး၊ ဝယ်ယူချင်တယ်ဆိုရင် ကျပ် ၈၀၀၀၀ ကနေ ကျပ် ငါးသိန်းခွဲ အထိ သတ်မှတ်ထားတယ်လို့ သိရပါတယ်။ ပွဲတက်ဝတ်စုံလှလှတွေ ငှားချင်တယ်ဆိုရင်လည်း အနိမ့်ဆုံး ကျပ် ၂၀,၀၀၀ တန်ကနေ ၇၀,၀၀၀ အထိရှိပါတယ်။

ထူးခြားလှပတဲ့ လက်ဝတ်ရတနာ အဆင်ဆန်းလေးတွေကိုလည်း ရွေးချယ်နိုင်ပြီး ဖိနပ်ငှားချင်ရင်လည်း စတိုင်မိုက်တဲ့ ဖိနပ်ဒီဇိုင်းဆန်းတွေလည်းရှိပါတယ်။ အလှအပအတွက်လည်း စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနိုင်ပြီး ဓာတ်ပုံရိုက်ချင်သူတွေအတွက် စတူဒီယိုလည်းရှိပါသေးတယ်။

မင်္ဂလာဆောင်မယ့် မောင်နှံတွေ မင်္ဂလာအကြို ဓာတ်ပုံရိုက်ဖို့ပဲဖြစ်ဖြစ်၊ မင်္ဂလာအခမ်းအနားလုပ်ချင်လို့ပဲဖြစ်ဖြစ် လိုအပ်တာတွေအကုန်လုံး တစ်နေရာတည်းမှာ ရနိုင်မယ်လို့လည်း သိရပါတယ်။ တစ်ခေါက်သွားရင်တစ်ခါ ဖက်ရှင်အသစ်အဆန်းတွေ မြင်တွေ့ရမယ့်နေရာကတော့ ဦးချစ်မောင်လမ်း၊ ဦးချစ်မောင် အိမ်ရာက Aroma ဆိုင်လေးပဲဖြစ်ပါတယ်။

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011






# လမ်းပေါ်က အနိဋ္ဌာရုံမြင်ကွင်းတွေ ကင်းပါစေ

■ ဝီရမဟာမောင်မောင်သန်း ■

**အချိန်က** ညနေခြောက်နာရီတစ်ဆယ့်ငါးမိနစ်ခန့်။ နေရာက ထောက်ကြန့်မြို့ကျောင်းရှေ့မှတ်တိုင်။ ရွှေညောင်ပင် ဘိုးဘိုးကြီးအနီး 'တိုးလျံ'စားသောက်ဆိုင်ရှေ့ မိတ်ဆွေများနဲ့စကားပြောနေခိုက် လူငယ်တစ်ဦးဆိုင်ကယ်ကို အပြေးမောင်းနှင်စီးလာတာတွေ့ လိုက်ရပါတယ်။ ထိုလူငယ်မှ အံ့သြတုန်လှုပ်သောလေသံနဲ့ ကျောင်းရှေ့မှာ ယာဉ်တိုက်မှုဖြစ်နေပြီဟု ပြောပြပါတယ်။

လှမ်းကြည့်လိုက်တော့ လူတစ်စု ဆူညံနေသော အသံနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်နေတာတွေ့လိုက်ရပါတယ်။ ငါးမိနစ်ခန့်အကြာ လူအုပ်ကြီးအဖြစ် ပြောင်းလဲသွားတော့တယ်။

ကျွန်တော် အပြေးသွားကြည့်မိတော့ ယာဉ်တိုက်ခံရသော အမျိုးသမီးငယ်ကို ကားပေါ်တင်ပြီး ဆေးရုံပို့ဖို့ လုပ်နေကြတယ်။ မိခင်ဖြစ်သူရဲ့ ပူဆွေးငိုသံများ၊ ဆွေမျိုးတွေရဲ့ စိုးရိမ်မှုများ၊ မိတ်ဆွေသင်္ဂဟများရဲ့ ဝမ်းနည်းသံများအတူ တာဝန်ရှိသူများရဲ့ မေးမြန်းနေသံများကို ကြားနေရပါတယ်။

မြင်တွေ့လိုက်ရသော လူငယ်လေးရဲ့ ပြောစကားအရ အသက်အန္တရာယ်စိုးရိမ်ရကြောင်း နားလည်လိုက်မိတယ်။ စာ(၁၁)သို့






7DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

## စာ - ၁၀၊ လမ်းပေါ်က အနိဋ္ဌာရုံ မြင်ကွင်းတွေ ကင်းပါစေ မှ

တစ်စုံ တစ်ရာ မဖြစ်ပါစေကြောင်း ဆုတောင်းနေခဲ့မိပါတယ်။

ယာဉ်တိုက်ခံရသော မိန်းကလေးငယ်ဟာ ကျွန်တော့်ရပ်ကွက်ထဲမှ ဖြစ်နေပါတယ်။ နောက် နေ့ နံနက်စာစောင်များရောင်းပြီး အပြန်ကြားလိုက်ရသော သတင်းက မိန်းကလေးဆုံးသွားပြီဆိုသော အသံ။

သဗ္ဗေသတ္တာ ကမ္မသကာလို့ အရာရာစိတ်ဖြေကြရပေမယ့် ဖြစ်သင့်လို့ဖြစ်တာ၊ ခံထိုက်လို့ ခံလိုက်ရတာအကြောင်းမဟုတ်။ တစ်ခါတစ်ရံ မဖြစ်သင့်ဘဲဖြစ်သွားရတဲ့ အကြောင်းတွေကြောင့် စိတ်မဖြေနိုင်ကြရတာလည်း ရှိကြပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ စစ်ကြောင့် လူသားတွေ သေကျေပျက်စီးမှုရဲ့ နောက် ဒုတိယအသက်များစွာ ဆုံးရှုံးမှုများသည် လမ်းပေါ်မှ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးနေကြရတာ များနေပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်း ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးမှုနဲ့ ဒဏ်ရာရရှိမှုမှာ ၂၀၀၈ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၇,၂၀၄ မှု၊ သေဆုံးမှု ၁,၈၅၃နှင့် ဒဏ်ရာရရှိမှု ၁၂,၈၀၃မှုရှိကြောင်း တွေ့ရပါတယ်။

၂၀၀၉ ခုနှစ်မှာ ယာဉ်မတော်တဆမှု ၈,၄၆၁ မှု၊ သေဆုံးမှု ၂,၁၇၃ နှင့် ဒဏ်ရာရရှိမှု ၁၄,၇၀၀မှုရှိကြောင်း စာရင်းများအရ တွေ့ရပါတယ်။

ဒါကြောင့် စက်မှုဖွံ့ဖြိုးရန် ကြိုးစားလုပ်ဆောင်လာတဲ့ တိုင်းပြည်တိုင်းမှာ နှစ်စဉ် ယာဉ်စီးရေလည်း ထူထပ်လာတာတွေ့ကြရပါတယ်။ လူဦးရေနဲ့ ယာဉ်ပမာဏနှိုင်းယှဉ်ရင် မလုံလောက်နိုင်သေးသော ဖွံ့ဖြိုးစနိုင်ငံတွေမှာ အများသုံးယာဉ်လိုင်းများကို အားထားနေကြရမြဲဖြစ်ပါတယ်။

ယခု ယာဉ်တိုက်မှုဖြစ်သွားသော ကျောင်းရှေ့မှတ်တိုင်မှာပင် အသက်များစွာ ပေးဆပ်နေကြရပါတယ်။ ပြည်လမ်းတစ်လျှောက် လမ်းပိုင်းချောမွေ့မှုကြောင့် ယာဉ်မောင်းသူများက အရှိန်မလျှော့ဘဲ အတင်းအပြိုင်မောင်းလာကြတာတွေ့ရပါတယ်။

ကျွန်တော် နေ့စဉ် ထိုမှတ်တိုင်မှ လိုင်းကားစီးနေရပါတယ်။ နံနက်လင်းအရုဏ်လာလို့ ကြက်တွန်သံ၊ အုန်းမောင်းခေါက်သံကြားရတိုင်း မျက်နှာသစ်ပြီး မေတ္တာသုတ်၊ ခန္ဓသုတ်တို့ ရွတ်ဆိုရင်း အမိအဖ၊ ဆရာသမားနဲ့ ကျေးဇူးရှိခဲ့ဖူးသူမှန်သမျှ မေတ္တာပို့ပြီး ကားမှတ်တိုင်လာရပါတယ်။

ရွှေညောင်ပင် ဘုန်းကြီးကျောင်းရှေ့မုခ်ဦးမှ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို လက်အုပ်ချီလို့ သရဏဂုံတည်ခဲ့ရပါတယ်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် နေ့စဉ်စီးနေရသော မှော်ဘီ၊ တိုက်ကြီးယာဉ်လိုင်းများမှ ကားများသည် ကမ္ဘာ့ချန်ပီယံ ဖော်မြူလာဝမ်းပြိုင်ကားမောင်းသမားတွေကို "သနားတယ်"လို့ ဆိုရမည်ပင်။ ကားပေါ်ရောက်တာနဲ့ တတ်သမျှ၊ မှတ်သမျှ ဘုရားစာအကုန်သာ ရွတ်လို့ဆိုနေရပါတယ်။

မိမိလုပ်မိသော အလုပ်က စာစောင်ရောင်းအလုပ်။ ထို့ကြောင့် နံနက်ငါးနာရီလောက်သမိုင်း လမ်းဆုံအရောက် ပြေးရပါတယ်။ ကိုယ်က စိတ်ကောင်းမွေးလို့ ဘုရားစာရွတ်နေပေမယ့် ကိုယ်နဲ့အတူလိုက်ပါလာသော ကုန်စိမ်းသည်အချို့နဲ့ ယာဉ်နောက်လိုက်တို့ရဲ့ ကြမ်းတမ်းသော စကားသံတွေ ကြားနေရတော့ အတော်ကလေး စိတ်ကသိကအောင့် ဖြစ်မိတာတွေလည်း နေ့စဉ်ကြုံနေရပါတယ်။

ကားအမိုးပေါ် ကုန်စိမ်းမျိုးစုံတင်ပြီး ဝါယာလက်မှတ်တိုင်ရောက်ရင် အမဲသား၊ ကြက်သားတွေတင်လာတဲ့ သူတွေနဲ့လည်း တွေ့ရပါတယ်။ ခေါင်မိုးပေါ်လူတွေ အပြည့်တင်လာသလို၊ ဘေးတွယ်၊ နောက်တွယ်တွေကလည်း တစ်ခါတစ်ရံ အပြည့်ပါတတ်ပါတယ်။မဖြစ်ရင် ဘာမှမဖြစ်ပေမယ့် မဖြစ်ခင် ကြိုတင်တားဆီးနိုင်တာက ပိုပြီးထိရောက်မှု ရှိလိမ့်မည်လို့ တွေးမိပါတယ်။ အသွားမှာ အသားစိမ်းနဲ့ တွေ့ရသလို အပြန်မှာလည်း ငါးဈေးက တင်ဆောင်လာတဲ့ ငါးစိမ်းတွေနဲ့ တွေ့ရပါတယ်။ လိုင်းကားဆိုပေမယ့် သူတို့တွေလည်း စီးပွားရှာနေကြတာပါပဲဆိုပြီး ယာဉ်စီးသူတွေဘက်က နားလည်စာနာပေးကြတာကို အခွင့်ကောင်းများ ယူနေကြသလားလို့လည်း တွေးမိပါတယ်။

ယာဉ်မတော်တဆမှုတွေ နေ့စဉ်တွေ့နေ၊ မြင်နေ၊ ကြားနေရတာက အမြဲလိုလို။ မိမိမျက်စိရှေ့မှာပင် မြင်တွေ့နေရသည်မှာ မရေတွက်နိုင်တော့ပေ။

မိမိရပ်ကွက်လမ်းထိပ်မှ သူဖြစ်နေသောကြောင့် အသုဘပို့လိုက်ပို့ဖြစ်ပါတယ်။ များပြားလှသော ဆွေမျိုးမိတ်သင်္ဂဟများကြောင့် ယာဉ်တန်းပင် အတော်လေးများလှပါတယ်။ရေဝေးသုသာန်အရောက် ပြင်ဆင်ထားသော အဆောင်တွင်းမှာလည်း စက်ရုံမှ အလုပ်သမ သူငယ်ချင်းများရဲ့ ပူဆွေးသံများ၊ ဆွေမျိုးမိဘတွေရဲ့ ငိုသံများအကြား တိုးလို့ အသုဘရှုကြည့်မိပါတယ်။

အားလုံးရဲ့ ဝမ်းနည်းမှုများနှင့်အတူ ခွဲခွာထားခဲ့ရပေမယ့် မိဘများ ရင်မှာ အဘယ်မျှ ခံစားရပေမည်နည်း တွေးဆကြည့်မိပါတယ်။

သေချင်းတရားသည် မည်သူမျှ မလွန်ဆန်နိုင်ပေမယ့် အချိန်အခါမဟုတ် သေဆုံးကြရခြင်းသည် ပိုလို့ ကျန်ရစ်သူတွေကို ပူဆွေးစေပါတယ်။

မီးခိုးခေါင်းတိုင်မှ ထွက်ပေါ်လာသော အငွေ့များသည် လေထုထဲဝယ် အလွယ်တကူ ပျောက်ကွယ်သွားကြပေမယ့် မိဘများရဲ့ ရင်ထဲမှာတော့ အသက် ၁၇ နှစ်အရွယ် သမီးငယ်ကို အဘယ်မျှ မေ့ပျောက်အောင် အချိန်ယူကြရလိမ့်မည်မသိ။

ထိုကဲ့သို့သော အကြောင်းတရားတို့ ဖြစ်ပေါ်မှုနည်းပါးအောင် ကျွန်တော်တို့အားလုံး တာဝန်သိသိ၊ တာဝန်ယူသင့်ကြပါတယ်။ မိမိအသိနဲ့ အသက်ပေါင်းများစွာ ကိုယ့်လက်ထဲမှာ ရှိနေသည်ဆိုသောအသိ ပေါင်းစပ်လို့ ယာဉ်မောင်းများ သတိထားသင့်ကြပါပြီ။

နေ့စဉ်လမ်းမများပေါ်မှ အမြင်မတော်သော အနိဋ္ဌာရုံမြင်ကွင်းတွေ ကင်းရှင်းကြပါစေ။

ဥပဒ်ရန်ဘေးကင်းစင်ဝေးနိုင်ကြပါစေ။ ။



## စိတ်ကိုလုံခြုံစွာစောင့်ရှောက်ခြင်း...

ဓမ္မ

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

ဤခန္ဓာကိုယ်သည် မကြာမြင့်မီ ဝိညာဉ်ကင်း၍ စွန့်ပစ်ရမည့်အခြေသို့ရောက်ပြီးလျှင် အသုံးမကျသောထင်းတုံးကဲ့သို့ မြေ၌တုံးလုံးအိပ်ရလတ္တံ့။ (ဓမ္မပဒ-၄၁)

အဘယ်သူသည် ဤခန္ဓာကိုယ်တည်းဟူသောမြေကြီးကို မိမိဉာဏ်ဖြင့် ဝေဖန်စိစစ်နိုင်လတ္တံ့နည်း။ အပါယ်ဘုံကိုလည်းကောင်း၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့်တကွသော ဤလူ့ဘုံကိုလည်းကောင်း အဘယ်သူသည် ဝေဖန်သိနိုင်လတ္တံ့နည်း။ လိမ္မာသောပန်းသည်လည်းကောင်း၊ မကောင်းသောပန်းကို စိစစ်နိုင်သကဲ့သို့ ကောင်းစွာဟောအပ်သောတရားအစုကို အဘယ်သူသည် မိမိဉာဏ်ဖြင့် ရွေးချယ်စိစစ်နိုင်လတ္တံ့နည်း။ (ဓမ္မပဒ-၄၄)

ဤခန္ဓာကိုယ်သည် ရေမြုပ်ပမာ ကာလမရှည် ပျက်တတ်သည်ဟူ၍လည်းကောင်း၊ တံလျှပ်မျိုး အကျိုးမဖြစ် အနှစ်မရ အတုမျှသာဖြစ်သည်ဟူ၍လည်းကောင်း၊ ကောင်းစွာသိသောသူသည် မာရ်နတ်မင်း၏ပန်းပွင့်နှင့်တူကုန်သော သံသရာဝဋ္ဋဒုက္ခတို့ကို အရဟတ္တမဂ်ဉာဏ်သံလျက်ဖြင့်ဖြတ်၍ သေမင်း၏မမြင်ရာ နိဗ္ဗာန်သို့ရောက်ရာ၏။ (ဓမ္မပဒ-၄၆)

စိတ်သည် အဝေး၌ရှိသော အာရုံသို့လည်းသွားတတ်၏။ တစ်ခုပြီးတစ်ခုဖြစ်တတ်သည်။ အကောင်အထည်ဟူ၍လည်းမရှိ။ ဤစိတ်ကို လုံခြုံစွာစောင့်ရှောက်ကုန်သောသူတို့သည် မာရ်နတ်မင်း၏ အနှောင်အဖွဲ့တည်းဟူသော ဆင်းရဲမှ လွတ်မြောက်ကုန်၏။ (ဓမ္မပဒ-၃၇)

ရည်ညွှန်း - "ဓမ္မပဒ" ကမ္ဘာ့သာသနာပြုသက်တော်ရှည်ဆရာတော်ကြီး၊ ဘဒ္ဒန္တသေဋ္ဌိလဘိဝံသ(၁၉၀၆ - ၁၉၉၇)

## အမြန်လမ်းမကြီးရှိ ယာဉ်ရပ်နားစခန်းတွင် ဆူညံစွာ ခရီးသည်ခေါ်ခြင်းများကို စတင်တားမြစ်

ထူးသန့်

နေပြည်တော်၊
ဇန်နဝါရီ - ၈

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင်ရှိသောယာဉ်ရပ်နားစခန်းအတွင်း အသံချဲ့စက်ဖြင့် ခရီးသည် ခေါ်ခြင်း၊ ဟွန်းတီး၍ လူခေါ်ခြင်းများကို တားမြစ်ထားကြောင်း နေပြည်တော်-ရန်ကုန် ခရီးစဉ် ပုံမှန်မောင်းနှင်လျက်ရှိသော ယာဉ်မောင်းတစ်ဦးကပြောသည်။

"သေချာတော့ မှတ်မထားမိဘူး။ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းလောက်ကစတယ်ထင်တယ်။ လမ်းဟောင်း မှာ မောင်းတုန်းကတော့ ထမင်းဆိုင်တွေကလည်း အသံချဲ့စက်နဲ့ အော်ပြီးသတိပေးတယ်။ ဟွန်းတီးပြီး ခေါ်တယ်။ ယာဉ်နောက်လိုက်တွေကလည်းအော်ခေါ်ကြတယ်။ ခုတော့ အဲဒီလိုမရတော့ဘူး"ဟု ၎င်းကပြောသည်။

အထက်ပါ စည်းကမ်းချက်များကို ချိုးဖောက်မိပါက ဒဏ်ငွေမည်မျှရိုက်မည်ကို မသိရသော်လည်း သတ်မှတ်နေရာတွင် ယာဉ်ရပ်နားခြင်းမရှိပါက ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနကလည်း ကြေညာထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိုင်ပေါင်း ၃၅၃ မိုင်ကျော်ရှည်လျားသော ယင်းလမ်းမကြီးကို အသုံးပြုသည့် ယာဉ်များ၏ အဆာပြေစားချိန်နာရီဝက်သာရရှိသည့်အတွက် အချိန်မလုံလောက်ကြောင်းလည်း ပုံမှန်သွားလာနေကျ ဝန်ထမ်းတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် အဦးဆုံးပေါ်ထွက်လာသော အမြန်လမ်းမကြီးဖြစ်သည့် အဆိုပါ လမ်းမကြီးသည် လမ်းအရှည် ၃၅၃ ဒသမ ၆ မိုင်ရှည်လျားပြီး ၂၀၂ ဒသမ ၁ မိုင်ရှည်လျားသော ရန်ကုန်- နေပြည်တော်လမ်းပိုင်းကို ၂၀၀၉ ခုနှစ်မတ်လ ၂၅ ရက်က ဖွင့်လှစ်ခဲ့ကာ နေပြည်တော်-မန္တလေး လမ်းပိုင်းကိုမူ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

## မြင်းခြံမြို့နယ် ဆီမီးခုံအထကတွင် အလှူရှင်မိသားစုမှ ကြံ့တိုင်းအောင် စာသင်ဆောင် ဆောက်လုပ်လှူဒါန်း

စိုင်းသာအောင်

မန္တလေး၊
ဇန်နဝါရီ - ၆



မန္တလေးတိုင်းဒေသကြီးမြင်းခြံမြို့နယ်အတွင်း၌ ကျေးလက်ပညာရည်တိုးတက်ရေးအတွက် ဆရာတော်၊သံဃာတော်များနှင့် ဒေသခံအလှူရှင်များကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းလျက်ရှိကြောင်း မြင်းခြံခရိုင်ပညာရေးမှူး ဦးညွန့်သန်းက ဇန်နဝါရီ ၅ ရက်က မြင်းခြံမြို့နယ် ဆီမီးခုံအခြေခံပညာအထက်တန်းကျောင်း "ကြံ့တိုင်းအောင်"ကျောင်းဆောင်သစ်ဖွင့်ပွဲတွင်ပြောသည်။

အဆိုပါဆီမီးခုံ အထက်တန်းကျောင်းအတွင်း၌ မန္တလေးမြို့နေ ဦးအောင်မင်း+ဒေါ်ကြည်ကြည်လင်း(ကြံ့တောင်းအောင်လွယ်အိတ်)မိသားစုက အနံ ၃၁ ပေ၊ အလျား ၁၄၄ ပေ(ss-24) အမျိုးအစားနှစ်ထပ်စာသင်ဆောင်ကြီးအား ကျပ်သိန်း(၁,၃၀၀)ကျော် အကုန်ကျခံလှူဒါန်းခဲ့ပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

## စာ - ၉၊ ဒေါသစိတ်ကြောင့် ကြေပျက်ရသူများ မှ

"နယ်မှာက တော်ကြာ ဓားခုတ်မှုဖြစ်လို့ သွေးသံရဲရဲနဲ့ ရဲစခန်းကို စောင်နဲ့ထုပ်ပြီးထမ်းလာကြပြန်ပြီ။ ခဏခဏတွေ့ရတယ်။ ရွာတွေမှာ လူသတ်မှုဖြစ်တယ်ဆိုတာက အလေ့အကျင့်ကြီးလိုတောင် ဖြစ်လာနေတယ်"ဟုပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်ခုမှအငြိမ်းစား အလယ်တန်းပြဆရာမတစ်ဦးကပြောသည်။

လူတစ်ယောက်အတွက် လူသတ်မှုကျူးလွန်ရန် သို့မဟုတ် မိမိကိုယ်ကို သေကြောင်းကြံစည်ရန် လှုံ့ဆော်ပေးသည့်အကြောင်းအရာများနှင့်ပတ်သက်၍ စိတ်ကျန်းမာရေးဆရာဝန် ဒေါက်တာဇော်စိန်လွင်က "အရက်၊ မူးယစ်ဆေးဝါးသုံးစွဲထားချိန်မှာ ကိုယ်တန်ဖိုးထားတဲ့အရာတစ်ခုခု ဆုံးရှုံးသွားတဲ့အချိန်မှာ၊ စိတ်ဖိစီးမှုတစ်စုံတစ်ရာရှိနေတဲ့အခါ၊ စိတ်လိုက်မာန်ပါလုပ်မိနိုင်တဲ့အချိန်မျိုး စိတ်ကျနေတဲ့အခါ စိတ်ပိုင်းဆိုင်ရာ ကစင့်ကလျားဖြစ်နေတဲ့အချိန်မျိုး အဲလိုအချိန်တွေမှာ ဖြစ်လေ့ရှိတယ်"ဟု မှတ်ချက်ပြုသည်။

ဒေါသအရှိန်မထိန်းနိုင်ခြင်းကြောင့် လူသတ်မှုများကို ဆက်တိုက်ကျူးလွန်ခဲ့သော ဘိုကလေးမြို့နယ်အတွင်းက သားအဖများကဲ့သို့ ပြစ်မှုကျူးလွန်သူများကြောင့် မသေသင့်သူများသေကျေကြရသည်။ ရွာခံအမျိုးသမီးပြောပြသည့် လူသတ်မှုများအကြောင်း နားထောင်ပြီးသောအခါ ထိုရွာသို့အလည်ရောက်နေသော မြို့ပေါ်မှ ဧည့်သည်တို့ တပြိုင်နက်တည်း ရေရွတ်ပြောဆိုလိုက်သည်က "တော်သေးတာပေါ့။ သူတို့မိသားစုမှာ ယောက်ျားလေးမကျန်တော့လို့"ဟူ၍ဖြစ်ပါသည်။

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ငါးတန်နှင့် တီလားပီးယားပြည်ပဈေးကွက်ပျောက်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ - ၃**

ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် ရေချို ရေငန်ငါး အမယ်မျိုးစုံ မွေးမြူထုတ်လုပ်ရေး ကြိုးပမ်းသော်လည်း ငါးတန်နှင့် တီလားပီးယား ငါးပြည်ပတင်ပို့နိုင်မှု မရှိတော့ဘဲ ပြည်ပဈေးကွက် ပျောက်သွားပြီ ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဈေးကွက်မှာ အပြိုင်အဆိုင်ဖြစ်လာတော့ ကျွန်တော်တို့က သူတိုလို ဈေးလျှော့မရောင်းနိုင်တော့ ငါးတန်နဲ့ တီလားပီးယားငါး ဈေးကွက်ပျက်လို့ မွေးမြူသူတွေ အရှုံးနဲ့ ရင်ဆိုင်ကြရတော့တာပဲ" ဟု ၎င်းကပြောကြားသည်။

ဗီယက်နမ်က မွေးမြူရေး ငါးတန်အသားလွှာအား ပြည်ပတင်ပို့နေသကဲ့သို့ တီလာပီးယားငါးမျိုးစိတ်ကိုလည်း အိမ်နီးချင်းနိုင်ငံ တိုင်းတွင် မွေးမြူလာကြသည်။ ထို့နောက် ဈေးကွက်တွင် အပြိုင်အဆိုင် ဈေးလျှော့ကာ အလုအယက် ရောင်းချလာသောကြောင့် မြန်မာတို့ရထားသည့် ဈေးကွက်ပျက်ခဲ့ရကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဈေးကွက်ထဲကို တီးလားပီးယားတွေ အလုံးအရင်းဝင်လာတာလည်း တရုတ်ပြည်က မက်စ်ပရိုဒတ်ရှင်း(အမြောက်အမြား မွေးမြူထုတ်လုပ်ခြင်း) လုပ်လို့ပဲ။ ဈေးကွက်ပါ ပျက်ရော"ဟု မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဝင်လည်းဖြစ်သူ ၎င်းကပြောသည်။

ထို့ကြောင့် ငါးတန်ငါးရော တီလားပီးယား ငါးပါဈေးကွက် လုံးဝမရှိတော့လောက် ဖြစ်ခဲ့သည်။

"ကျွန်တော့်စခန်းတွေ ပွဲသိမ်းသွားပါပြီ။ အရင်တစ်ခေါက်က ပြန်လုပ်ဖို့ ပြင်ဆင်ထားတာ အခုလက်လျှော့လိုက်ပြီ"ဟု အထက်ပါအသင်း၏ဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

ထို့ကြောင့် မွေးမြူရေးငါးတန်များအား ဗဟိုစံပြငါးဈေး (ကြည့်မြင်တိုင်)ရှိ လက်ကားဒိုင်များမှတစ်ဆင့် ပြည်တွင်းစားသုံးသူများကိုသာ အားထားရောင်းချခဲ့ရသည်။ ထို့အတူ တီလားပီးယားငါးကိုလည်း အကင်ဆိုင်များမှ လက်လီရောင်းချပြီး ပြည်တွင်းစားသုံးသူများကိုသာလျှင် အားကိုးနေရသည်။

အဆိုပါ ငါးမျိုးစိတ်များအား ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ (အီးယူ)သို့လည်း တင်ပို့ခွင့်မရသေးပေ။ရေချို ရေငန်ကဏ္ဍတွင် ငါးတန်၊ ပါကူးခေါ် ရေချိုငါးမုတ်၊



တီးလားပီးယားနှင့် ကကတစ်ငါးတို့မှာ ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်၏ မွေးမြူရေးအမယ်သစ်ငါးများဖြစ်သည်။ သို့ရာတွင် အထက်ပါ အကြောင်းရင်းများကြောင့် ပြည်ပဈေးကွက်ထဲသို့ ရောက်ရှိစေရန် တင်ပို့ရောင်းချခြင်းမပြုနိုင်၍ ထုတ်လုပ်မှု အရှိန်ကို ပြန်လည်လျှော့ချခဲ့ရကြောင်း အဆိုပါအသင်း၏ ဆဌမအကြိမ်နှစ်ပတ် လည်းအစည်းအဝေးတွင် တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောဆိုသည်။

မြန်မာနိုင်ငံ ရေချို၊ ရေငန်၊ ငါးမျိုးစုံ မွေးမြူရေးလုပ်ငန်းမှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း မက်ထရစ်တန်ချိန် ၃၉ ဒသမ ၂၁ သိန်းထုတ်လုပ်နိုင်ခဲ့ပြီး ရေချိုငါး မွေးမြူရေးမှ မက်ထရစ်တန်ချိန်ပေါင်း ၈ ဒသမ ၈၅သိန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း စာရင်းဇယားများအရ သိရှိရသည်။

ထိုအထဲမှ ရေချိုငါး မက်ထရစ်တန်ချိန်ပေါင်း ၁၀၈,၆၃၄တန် ပြည်ပတင်ပို့ရောင်းချခဲ့ရပြီး၊ ကန်ဒေါ်လာ ၁၀၃ဒသမ ၆၆သန်း ရရှိခဲ့ကြောင်း အသင်းမှ ထုတ်ပြန်ကြေညာပေးထားသည်။

**'တီလားဗီးယား'ငါးများအား လေးကီလို မီတာအထိ ရှည်လျားစွာစီတန်းခင်းကျင်း၍ ကမ္ဘာ့အရှည်ဆုံး ငါးကင်တန်းအဖြစ် စာရင်းဝင်ရန်ကြိုးစားနေသည့် ဖိလစ်ပိုင်နိုင်ငံမှ ဒေသခံများကို တွေ့ရစဉ်။** ဓာတ်ပုံ - Daylife.com

## ဘာသာရေး အသစ်များတွင် — 

# သင်္ဘောသားအသစ်များတွင် အရည်အချင်းလိုအပ်ချက်ရှိလာ ဝန်ဆောင်မှုကုမဏီများ သင်တန်းကျောင်းတွဲဖက်ဖွင့်သင့်ဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၆**

သင်္ဘောအသစ်များတွင် အရည်အချင်းလိုအပ်ချက် များလာသည့်အတွက် သင်္ဘောသားဝန်ဆောင်မှု ကုမ္ပဏီများမှာ သင်တန်းကျောင်းများပါ တွဲဖက်ဖွင့်လှစ်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌကပြောကြားသည်။

သင်္ဘောသားအသစ်အချို့သည် ပြည်တွင်းသက်ဆိုင်ရာ အဖွဲ့အစည်းများမှ သင်ကြားပေးသည့် BST (Basic Saving Training) ဖိုးတီးကတ်သင်တန်းများကို စနစ်တကျသင်ကြားမှု မရှိသေးဟုဆိုသည်။ ထို့ကြောင့် လိုင်း ကြီးများသို့ တက်ရောက်ပါက စနစ်တကျစစ်ဆေးလျှင် အခက်အခဲများတွေ့ပြီး အထင်အမြင်သေးမှုများဖြစ်ရသည်။ ကြားလိုင်းများတွင် စစ်ဆေးမှုမရှိသော်လည်း လိုင်းကြီးများတွင် Life Boat၊ Fire Fighting စသည့်သင်ခန်းစာများကအစ စစ်ဆေးမှုများရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

"သင်္ဘောသားတွေက စာမေးပွဲအောင်၊ စီဒီစီပတ်စ်ပို့ရ၊ ဖိုးတီးကတ်ရရင်ပြီးပြီထင်နေကြတာ၊ သင်တန်းတွေက သင်ပေးတာတွေကို မေ့ပစ်တတ်ကြတယ်"ဟု ဝါရင့် သင်္ဘောသားကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

ယင်းအခြေအနေကြောင့် မြန်မာသင်္ဘောသားအများစု လုပ်လိုသည့် (General)လိုင်းဟုခေါ်သော ကုန်သေတ္တာတင်နှင့် ဆီတင်သင်္ဘောလိုင်းများမှာ သင်္ဘောသားအသစ်တင်မှု နည်းပါးသည်။ ယင်းသင်္ဘောများသို့ လူသစ်များ တင်ပေးလျှင်လည်း ပိုင်ရှင်နှင့် ကိုယ်စားလှယ်များကြား အဆင်မပြေမှုများ ဖြစ်တတ်ကြောင်း အဆိုပါကိုယ်စားလှယ်က ရှင်းပြသည်။

MLC - 2006 (Maritime Labour Convention) မှာ ၂၀၁၁တွင် တရားဝင်ဖြစ်လာနိုင်သည့်အတွက် သင်္ဘောသားများတွင် အခွင့်အရေးပိုမိုရလာနိုင်သည်။ သင်္ဘောသားများ၏ နေထိုင်စားသောက်မှုမှအစ ILO ဥပဒေနှင့်အညီ စနစ်တကျဖြစ်လာမည်ဟုသိရှိရသည်။

ယင်းအပြင် သင်္ဘောကုမ္ပဏီများကလည်း သင်္ဘောသားများ၏ အရည်အချင်း၊လုပ်ကိုင်စွမ်းဆောင်နိုင်မှု စသည်တို့ကို ယခုထက်ပိုမို စစ်ဆေးလာမည်ဖြစ်ကြောင်း သိရှိရသည်။

# ဌာနပြန် ကစားသမားများ ဘောလုံးပြန်ကစားလိုလျှင် ကန့်သတ်ချက်များရှိ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၅**

မိခင်ဝန်ကြီးဌာနများသို့ ပြန်လည် တာဝန်ထမ်းဆောင်မည့် နည်းပြနှင့် ကစားသမားများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဘောလုံးလောကထဲပြန်လည်ဝင်ရောက်လာပါက ၂၀၁၁ MNL ဒုတိယအကျော့ကာလမှသာ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ သတင်းရရှိသည်။

"ဌာနပြန်တဲ့သူတွေအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့်ပေါ့လေ။ အသင်းတစ်သင်းကနေ ဘောလုံးလောကထဲ ပြန်ဝင်လာမယ်ဆိုရင် သူတို့ကို ပထမအကျော့ခြောက်လမှာ မှတ်ပုံတင်ခွင့်ပြုမှာမဟုတ်ပါဘူး"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဝန်ကြီးဌာနများတွင် ပူးတွဲတာဝန်ထမ်းဆောင်နေသော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် နည်းပြများနှင့် ကစားသမားများအား သက်ဆိုင်ရာဌာနများက နှစ်ရာသီခွင့်ပြုပေးခဲ့ပြီးနောက် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဌာနပြန်လည်တာဝန်ထမ်းဆောင်မည့်စာရင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်(MFF)က ထုတ်ပြန်ကြေညာခဲ့ သည်။

စုစုပေါင်း ၁၈ ဦးပါဝင်သည့် အဆိုပါစာရင်းတွင် ဇွဲကပင်ယူ နိုက်တက်အသင်းမှ နည်းပြနှစ်ဦး နှင့် ကစားသမားငါးဦး အများဆုံး ပါဝင်ခဲ့ပြီး၊ ချန်ပီယံ ရတနာပုံအသင်းမှ ကစားသမားနှစ်ဦး၊ ရန်ကုန်ယူနိုက်တက်အသင်းမှ နည်းပြတစ်ဦးနှင့် ကစားသမားနှစ်ဦး၊ ဇေယျာရွှေမြေအသင်းမှ နည်းပြတစ်ဦးနှင့် ကစားသမားတစ်ဦး၊ မကွေးအသင်းမှ ကစားသမားနှစ်ဦး၊ ကမ္ဘောဇအသင်းနှင့် ဥသာယူနိုက်တက်အသင်းတို့မှ ကစားသမားတစ်ဦးစီပါဝင်ခဲ့သည်။

# ဦးဇော်ဇော်က ကလေးဆေးရုံအတွက် ကန်ဒေါ်လာ ၇သန်းကျော် အသုံးပြု လှူဒါန်းမည်ဟုဆို

**အားမာန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂**

အသစ်ဖွင့်လှစ်မည့် ခုတင်၅၅၀ ဆံ့ ကလေးဆေးရုံအတွက် မက်စ်မြန်မာကုမ္ပဏီပိုင်ရှင်နှင့် ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမေရိကန်ဒေါ်လာ ၇သန်းကျော် အသုံးပြုပြင်ဆင်မွမ်းမံပြီး အစိုးရသို့ လှူဒါန်းမည်ဖြစ်ကြောင်း ဦးဇော်ဇော်က 7Day News သို့ပြောကြားသည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကန်ဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ရုံးဟောင်းအဆောက်အအုံများကိုအဆင့်မြှင့်၍ ကလေးဆေးရုံသစ်အဖြစ် ဖွင့်လှစ်ရန် ဦးဇော်ဇော်၏ မက်စ်မြန်မာကုမ္ပဏီက တည်ဆောက်ရေးလုပ်ငန်းများ အပါအဝင် ဆေးရုံသုံးပစ္စည်းများကိုပါတာဝန်ယူပြီး အကုန်အကျခံကာ လှူဒါန်းသွားခြင်းဖြစ်ကြောင်း ဦးဇော်ဇော်က ရှင်းပြသည်။ ထို့အတွက် အသုံးစရိတ် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇သန်းကျော်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးလုနီး၍ မကြာမီ ကလေးဆေးရုံသစ်အဖြစ် ဖွင့်လှစ်တော့မည့်အဆောက်အအုံကိုတွေ့ရစဉ်။**

အဆိုပါဆေးရုံသစ်မှာ ရန်ကုန်မြို့တွင် ဒုတိယမြောက်ပေါ်လာမည့် ကလေးဆေးရုံဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ကိုးဆယ်ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဦးဇော်ဇော်သည် မက်စ်မြန်မာကုမ္ပဏီပိုင်ရှင်ဖြစ်ပြီး ၎င်းကုမ္ပဏီအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ပုဂ္ဂလိက စက်သုံးဆီဆိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်း စသောလုပ်ငန်းများစွာကို လုပ်ကိုင်လျက်ရှိသည်။

Health
7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ခုခံအားကျဆင်းမှုရောဂါကူးစက်နှုန်း လျော့ကျလာဟုဆို

ဝတ်ရည်

ရန်ကုန်၊ ဇန်နဝါရီ - ၈

လူငယ်၊ လူရွယ်များတွင် ကူးစက်မှုအများဆုံးဖြစ်လေ့ရှိသော ခုခံအားကျဆင်းမှုရောဂါသည် လွန်ခဲ့သောငါးနှစ်အတွင်း ကူးစက်မှုနှုန်းလျော့ကျလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းများအရသိရှိရသည်။

၂၀၀၆မှ ၂၀၁၀ ပြည့်နှစ်အထိ ရေးဆွဲထားသည့် အမျိုးသားမဟာဗျူဟာစီမံကိန်း (National Strategic Plan)၏ ထုတ်ပြန်သောစာရင်းများအရ အသက် ၁၅နှစ်မှ ၂၄ နှစ်အတွင်း လူငယ်များတွင် ရောဂါဖြစ်ပွားနှုန်း ၁ဒသမ ၂၉ရာခိုင်နှုန်းမှ ၁ဒသမ ၂၆ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း UNAIDS (ယူအင်န်အေ့စ်)မှသိရသည်။

"သာမန်အတိုင်း ကြည့်ရင်တော့ ဒီရာခိုင်နှုန်းလေးက နည်းနည်းလေးပဲ ကျလာတယ်လို့ထင်ရပေမယ့် NSPအရ ကြည့်ရင်တော့ အရမ်းကျလာတယ်လို့ပြောလို့ရပါတယ်" ဟု UNAIDS မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ရောဂါနှင့်ပတ်သက်၍ စာသင်ကျောင်းများတွင် အသိပညာပေးဟောပြောပွဲများ ပိုမိုဆောင်ရွက်လာနိုင်ခြင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)များမှ ရောဂါနှင့်ပတ်သက်သော ပညာပေးမှုများ ပိုမိုပြုလုပ်လာနိုင်သဖြင့် လူငယ်များတွင် ကူးစက်မှုနှုန်း လျော့နည်းလာခြင်းဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်ကပြောသည်။

ယခင်က လူငယ်များမှာ ထိုကဲ့သို့ စူးစမ်းတတ်သည့်အရွယ်တွင် အိတ်ချ်အိုင်ဗီနှင့်ပတ်သက်သည့် ရောဂါကာကွယ်ရေးနှင့်ကူးစက်သည့်အကြောင်းအရာများအား မသိရှိခဲ့ခြင်းတို့ကြောင့် ရောဂါကူးစက်မှုနှုန်း များပြားခဲ့ခြင်းဖြစ်ပြီး၊ ယခုအချိန်တွင် လူအများစုမှာ ရောဂါနှင့်ပတ်သက်သည့်အကြောင်းအရာများအား သိရှိသည့် ဗဟုသုတများပြားလာကြကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် တစ်နေ့လျှင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ရောဂါကူးစက်ခံရသူ ၄၀ကျော်ခန့်ရှိပြီး တစ်နှစ်လျှင် ရောဂါပိုးကူးစက်ခံရသည့် လူနာသစ်တစ်သောင်းခုနစ်ထောင်ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းများအရသိရှိရသည်။ ကမ္ဘာပေါ်တွင် နေ့စဉ် အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရသည့် လူနာသစ်ခုနစ်ထောင့်လေးရာခန့်ရှိသည်ဟု ခန့်မှန်းထားကြပြီး ထိုလူများ၏ ၉၇ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်းသိရှိရသည်။

---

# ပိုးသတ်ဆေးဆပ်ပြာ အသုံးပြုသူများသို့

ဝတ်ရည်




ယနေ့ ကမ္ဘာကြီးပေါ်တွင် အမျိုးမျိုးသော ပိုးမွှားအသစ်များကြောင့် ရောဂါအသစ်အဆန်းအမျိုးမျိုးပေါ်ပေါက်လာပြီး ထိုရောဂါများက လူသားတို့၏အသက်အန္တရာယ်ကို ခြိမ်းခြောက်လာသဖြင့် တစ်ကမ္ဘာလုံးအထိတ်တလန့်ဖြစ်လာရသည်။

ထိုရောဂါများက အသက်အန္တရာယ်ကို ထိခိုက်လာသောအခါ လူအများ၌ ကျန်းမာရေးဗဟုသုတ များပြားလာသဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးပေးလာကြပြီး ရောဂါပိုးမွှားများ ကူးစက်မှုမရှိစေရန် ပိုးသတ်ဆေးထည့်သွင်းထားသော အသုံးအဆောင်ပစ္စည်းများအား စိတ်ဝင်တစားသုံးစွဲမှု ယခုနောက်ပိုင်းတွင် ပိုမိုများပြားလာကြောင်း သိရသည်။

ပိုးသတ်ဆေး ထည့်သွင်းထားသောပစ္စည်းများထဲတွင် ဆပ်ပြာများအား အရေပြားရောဂါတစ်မျိုးမျိုး ဖြစ်ပွားနေသူများအတွက် အရေပြားဆရာဝန်များကအသုံးပြုရန်ညွှန်ကြားလေ့ရှိပြီး ယခုနောက်ပိုင်းတွင် ပိုးမွှားကူးစက်မှုမရှိစေရန် နေ့စဉ်ရေချိုးရန်၊ လက်ဆေးရန်အတွက် အသုံးပြုမှုများ များပြားလာပြီး လူထုအား ဆွဲဆောင်သည့်ကြော်ငြာများလည်း များပြားလာကြောင်းသိရသည်။

"ပိုးသတ်ဆေးအာနိသင်ရှိပေမယ့် တခြားပစ္စည်းတွေနဲ့ ရောပြီးသုံးနိုင်တယ်။ အရေပြားမှာ ပြဿနာဖြစ်နေတဲ့သူတွေကိုတော့ ဆရာဝန်ညွှန်ကြားချက်နဲ့ သုံးခိုင်းလေ့ရှိတယ်"ဟု အရေပြားအထူးကုပညာရှင် ဒေါက်တာဦးမြင့်ဦးကပြောသည်။

အရေပြားမှာရှိသည့် ဘက်တီးရီးယားများ အမွှေးပေါက်ထဲရောက်ရာမှ မွှေးကျွတ်နာဟုခေါ်သည့် အနာကြီးများ၊ ဝက်ခြံများ အများအပြား ပေါက်နေသည့်လူနာများ၊ လူတုပ်ကွေးရောဂါကဲ့သို့ ကူးစက်နိုင်သည့်ရောဂါပိုးများအား မပြန့်ပွားစေရန်သုံးသည့်အခါများ၊ ဆီးချိုရောဂါရှင်များနှင့် အပူပိုင်းဒေသများတွင် နေထိုင်သူများ ဖြစ်ပွားလေ့ရှိသည့် အရေပြားရောဂါတစ်မျိုး ကုသသည့်အချိန်များတွင် ပိုးသတ်ဆေးပါဝင်သောဆပ်ပြာများ အသုံးပြုလေ့ရှိပြီး ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်ကြောင်း သိရသည်။

ပိုးသတ်ဆေး ဆပ်ပြာများတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည့် ပိုးသတ်ဆေးအမျိုးအစား လေးမျိုးခန့်ရှိပြီး၊ အဆိုပါ ပိုးသတ်ဆေးများမှာ အရေပြားရှိ ပိုးမွှားများအား သေစေနိုင်ရုံသာမက ပိုးသတ်ဆေးအမျိုးအစား တချို့မှာ လူကိုပါ အန္တရာယ်ပေးစေနိုင်ကြောင်းသိရသည်။

"ဘယ်လိုသုံးရမယ်ဆိုတာ သေချာမသိရင်တော့ အန္တရာယ်ဖြစ်စေနိုင်ပါတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

Hibicalels ပိုးသတ်ဆေးပါဝင်သော အသုံးအဆောင်ပစ္စည်းများမှာ အသုံးပြုပြီး ရေစိုနေသည့်အချိန်တွင် ပိုးသတ်နိုင်သည့်အာနိသင်ရှိပြီး ရေခြောက်သည့် အချိန်တွင် အာနိသင်လျော့ပါးသွားလေ့ရှိသည်။ သို့သော် ထိုဆပ်ပြာအမျိုးအစားသည် အရေပြားတွင် ပေါက်ပြဲအနာများ ရှိနေပါက အနာတွင် ရှိသောဆဲလ်များအား အဆိပ်အတောက်ဖြစ်စေနိုင်ခြင်း၊ ဆပ်ပြာထဲတွင် ပိုးသတ်ဆေး သုံးပုံတစ်ပုံခန့်ပါဝင်နေသဖြင့် မျက်နှာ၊ လည်ပင်းနှင့် ဦးနှောက်အရေပြားနေရာများအား အသုံးမပြုသင့်ကြောင်း သိရသည်။

စာ(၁၄)သို့

---

## ရန်ကုန်ဆေးရုံကြီးသို့ ကုမ္ပဏီတစ်ခုက ဒေါ်လာသုံးသောင်းဝန်းကျင်တန် ဓာတ်ခွဲခန်းသုံးပစ္စည်း လှူဒါန်း

ဝတ်ရည်

ရန်ကုန်၊ ဇန်နဝါရီ - ၈

ရန်ကုန်ဆေးရုံကြီးသို့ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းတစ်စုံအား ဆေးဘက်ဆိုင်ရာပစ္စည်းများအဓိကထားရောင်းချနေသည့် ကုမ္ပဏီတစ်ခုမှ လှူဒါန်းလိုက်ကြောင်း သတင်းရရှိသည်။

ကန်ဒေါ်လာသုံးသောင်းခန့် (ကျပ်သိန်း ၃၀၀ နီးပါး) ကျသင့်သည့်ထိုဓာတ်ခွဲခန်းသုံးပစ္စည်းသည် လူနာ၏ ခန္ဓာကိုယ်အတွင်း ဖြစ်ပွားနေသည့် ရောဂါများအား စစ်ဆေးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဆေးရုံကြီးမှာ အခုလက်ရှိသုံးနေတဲ့ စက်တွေရှိပေမယ့် လူနာတွေအတွက် ပိုအဆင်ပြေအောင်ပိုခေတ်မီတဲ့စက် လှူဒါန်းဖြစ်တာပါ"ဟု Concordia International Co.,Ltd မှ လက်ထောက်မန်နေဂျာဦးထွန်းအောင်သူ ကပြောသည်။

လှူဒါန်းသည့် Fully Auto-Biochemistry Analyzer ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းသည် သွေးအတွင်းဖြစ်ပွားနေသည့် ရောဂါများနှင့် တခြားဖြစ်ပွားနေသည့် ရောဂါများအား ရှာဖွေပေးနိုင်ပြီး ထိုပစ္စည်းအား Concordia International Co.,Ltd နှင့် Mindray (Shenzhe-China) တို့မှ လှူဒါန်းခြင်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

## အဝလွန်ခြင်းအတွက် အမျိုးသမီးများက အမျိုးသားများထက် ပို မလုံမလဲဖြစ်ဟုဆို

**လန်ဒန်၊ ဇန်နဝါရီ – ၅**

ကိုယ်အလေးချိန်နှင့် ပတ်သက်ပါကအမျိုးသမီးများသည် အမျိုးသားများထက် ၎င်းတို့ခန္ဓာကိုယ်ကိုပို၍ မလုံမလဲဖြစ်ကြကြောင်း ဗြိတိသျှ စစ်တမ်းတစ်ရပ်က တွေ့ရှိခဲ့သည်။



မိမိဆန္ဒဖြင့် ပါဝင်သော လူပေါင်း ၂,၀၀၀ ဖြင့်ပြုလုပ်သည့် စစ်တမ်းအရ ခန္ဓာကိုယ်အလေးချိန်သည် အမျိုးသမီးများ၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပေါ် သက်ရောက်မှုရှိကြောင်း တွေ့မြင်ခဲ့ရသည်။

စစ်တမ်းတွင် ပါဝင်သော အမျိုးသားနှင့် အမျိုးသမီးများ၏ ခန္ဓာကိုယ်အလေးချိန်ကို မှတ်သားထား၍ အဝလွန်နေသည်လား သို့မဟုတ် ပုံမှန်ကိုယ်အလေးချိန်လားဆိုသည်ကို မှတ်တမ်းယူထားပြီး ၎င်းတို့အား မိမိကိုယ်ကို မှန်ထဲတွင်ကြည့်၍ မည်သို့ခံစားရသည်ကို ရွေးချယ်ခိုင်းခဲ့သည်။

စစ်တမ်းအရ ပုံမှန်ကိုယ်အလေးချိန်ရှိသူ အမျိုးသမီး ၁၇ရာခိုင်နှုန်းသည် ၎င်းတို့ ဝသည်ဟု ရှုမြင်ကြသည်။ အခြား ၁၇ ရာခိုင်နှုန်းမှာ မှန်ထဲတွင် ၎င်းတို့ခန္ဓာကိုယ်ကိုကြည့်၍ စိတ်ဓာတ်ကျသည်ဟု ဖြေကြားကြကြောင်း ဆန်းဒေးတယ်လီဂရပ်ဖ်သတင်းစာက ဖော်ပြသည်။ အမှန်တကယ် ကိုယ်အလေးချိန်များနေသူများတွင်လည်း အမျိုးသားများထက် အမျိုးသမီးများက ပို၍ အဆိုးမြင်ကြကြောင်းသိရသည်။

သုတေသန အချက်အလက်များအရ အမျိုးသမီးများ၌ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် ကိုယ်အလေးချိန် ဆက်စပ်နေမှုကို ပြသနိုင်ခဲ့ကြောင်း သုတေသနကိုပြုလုပ်ခဲ့သည့် Slimming World အုပ်ချုပ်မှုဒါရိုက်တာ ကာရိုင်းရစ်ချက်က ပြောကြားသည်။

—Ref: UPI

## အများပြည်သူ နေရာများတွင် ဆေးလိပ်သောက်ခြင်းကို စပိန်နိုင်ငံတွင် တားမြစ်

**မတ်ဒရစ်၊ ဇန်နဝါရီ – ၃**

စပိန်အစိုးရသည် တံခါးပိတ်ထားသောအများပြည်သူဆိုင်ရာ နေရာများတွင် ဆေးလိပ်သောက်ခြင်းအား ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ရာ ဇန်နဝါရီ ၁ ရက်မှစ၍ ယင်းဥပဒေသည် စပိန်နိုင်ငံတွင် အာဏာသက်ရောက်ခဲ့ကြောင်းသိရသည်။ ဒီဇင်ဘာ ၂၁ ရက်က ထုတ်ပြန်ခဲ့သည့် ယင်းဥပဒေတွင် တံခါးပိတ်ထားသော အများပြည်သူဆိုင်ရာ နေရာများဖြစ်သည့် လေဆိပ်များ၊ အများပြည်သူပို့ဆောင်ရေးယာဉ် အဆောက်အအုံများ၊ ကပွဲခန်းမများ၊ ဘားဆိုင်များ၊ စားသောက်ဆိုင်များနှင့်ဖျော်ဖြေပွဲ ကျင်းပရာနေရာများတွင် ဆေးလိပ်မသောက်ရန် တားမြစ်ခဲ့သည်။

စပိန်နိုင်ငံတွင်ယခုအခါဆေးရွက်ကြီးနှင့် ဆက်နွယ်သော မည်သည့်ကြော်ငြာကိုမဆို မီဒီယာများတွင်တားမြစ်ထားသည်။ အစိုးရကထုတ်ပြန်သော စာရင်းအင်းများအရ စပိန်နိုင်ငံတွင် ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူမိခြင်းကြောင့် စားပွဲထိုး ၁,၀၀၀ ခန့်နှစ်စဉ်အဆုတ်ရောဂါဖြင့် သေဆုံးနေကြောင်း သိရသည်။

—Ref: Xinhua

## ကိုယ်လက် လေ့ကျင့်ခန်းလုပ်ခြင်းသည် အူမကြီး ကင်ဆာဖြစ်နိုင်ခြေကို လျော့ကျစေနိုင်

**စိန့်လူးဝစ်၊ ဇန်နဝါရီ – ၅**

ကိုယ်လက်လေ့ကျင့်ခန်းလုပ်ခြင်းသည် အူမကြီးကင်ဆာဖြစ်၍သေဆုံးခြင်းအန္တရာယ်မှလျော့ကျစေနိုင်ကြောင်း အမေရိကန် သုတေသီများက ပြောကြားသည်။

ကျန်းကျန်းမာမာရှိရန် လေ့ကျင့်ခန်းလုပ်ခြင်းသည် အမှန်တကယ်အထောက်အကူ ဖြစ်သည်လားဆိုသည်ကို နှစ်သစ်ကူးအချိန်အခါ၌ လူအများအပြားက စဉ်းစားတွေးတောတတ်ကြကြောင်း ဝါရှင်တန် ဆေးပညာကျောင်းဆိုက်မင်းကင်ဆာဌာနမှ ကက်သလင်းဝိုလင်က ပြောကြားသည်။သို့သော်လေ့ကျင့်ခန်းတစ်ခုခုစတင်လုပ်ဆောင်ရန်မှာ မည်သည့်အချိန်မှနောက်ကျသည်ဟူ၍ မရှိကြောင်း ထို့အပြင် လှုပ်လှုပ်ရှားရှားနေထိုင်ရန်မှာလည်း အချိန်အလွန်စောလွန်းသည်ဟူ၍လည်း မရှိကြောင်း သုတေသီဝိုလင်က ပြောသည်။

ယခုသုတေသနတွင် သုတေသီများသည် အမျိုးသား၊ အမျိုးသမီးပေါင်း တစ်သိန်းခွဲကျော်၏ အချက်အလက်များကို လေ့လာခဲ့ကြပြီး ၁၉၈၂ မှ ၁၉၉၇ ခုနှစ်အထိ ၎င်းတို့၏ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခြင်းကို လေ့လာကြသလို ၁၉၉၈မှ ၂၀၀၅ ခုနှစ်အထိ အူမကြီးကင်ဆာဖြစ်ပွားမှုနှင့် အူမကြီးကင်ဆာကြောင့် အသက်ဆုံးရှုံးမှုတို့ကို စစ်ဆေးကြည့်ရှုခဲ့ကြသည်။

ယင်းမှ အနည်းဆုံး ၁၀ နှစ်ခန့်ကိုယ်လက်လေ့ကျင့်ခန်း လုပ်ခဲ့ကြသူများသည် အူမကြီးကင်ဆာကြောင့် အသက်ဆုံးရှုံးနိုင်ခြေအနည်းဆုံးဖြစ်ကြောင်း အမေရိကန် သုတေသီများက တွေ့ရှိခဲ့ကြပြီး ၎င်းတို့၏ တွေ့ရှိချက်များကို ကင်ဆာရောဂါပြန့်ပွားမှုဂျာနယ်တွင် ဖော်ပြထားသည်။ Ref: UPI

## စာ – ၁၃၊ ပိုးသတ်ဆေးဆပ်ပြာ အသုံးပြုသူများသို့မှ

အခြားပိုးသတ်ဆေးတစ်မျိုးမှာ အရေပြားတွင် ပိုးသတ်နိုင်သည့်အာနိသင်ခြောက်နာရီအထိခံပြီး လည်ပင်းအောက် အရေပြားများတွင်သာ အသုံးပြုသင့်ကြောင်းသိရသည်။

"မျက်နှာကိုသုံးလို့ မျက်လုံးထဲဝင်ရင် မျက်ကြည်လွှာကိုလောင်စေပြီး အမြင်မှုန်သွားကာ မျက်စိကွယ်တဲ့အထိဖြစ်နိုင်ပါတယ်။ ပိုးသတ်ဆေးဆပ်ပြာသုံးတဲ့သူ တော်တော်များများကလည်း ဘယ်လိုသုံးရမလဲဆိုတာမသိကြဘူး"ဟု ဒေါက်တာမြင့်ဦးကပြောသည်။

ကိုယ်ခန္ဓာအရေပြားပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်သောပိုးမွှားများရှိသကဲ့သို့ လူသားတို့အတွက် လိုအပ်သော ရှိသင့်သည့်ကောင်းကျိုးပေးသည့် ပိုးမွှားများလည်းရှိသည်။

"ပိုးသတ်ဆေးပါတဲ့ပစ္စည်းတွေကို သုံးတဲ့အခါ လူကအရမ်းကိုပိုးမွှားကင်းစင်ပြီး သန့်သွားတယ်။ ဒါပေမဲ့ လူခန္ဓာကိုယ်မှာ ရောဂါပိုးတွေကို ခုခံနိုင်ဖို့ သက်ဆိုင်ရာရောဂါပိုးတွေအတွက် အန္တရာယ်မဖြစ်လောက်တဲ့ရှိသင့်တဲ့ အတိုင်းအတာပိုးမွှားတွေတော့ ရှိရပါမယ်။ ပိုးသတ်ဆေးပါဝင်တဲ့ ပစ္စည်းတွေကြောင့် ပိုးမွှားအားလုံးသေဆုံးသွားရင်တော့ Immune System တွေ ကျဆင်းလာပြီး ရောဂါပိုး ဖြစ်ပွားလွယ်တာတော့ သတိပြုရပါမယ်"ဟု ဒေါက်တာမြင့်ဦးကပြောသည်။

နိုင်ငံတကာတွင်လည်း ထိုပိုးသတ်ဆေး ဆပ်ပြာနှင့်ပတ်သက်၍ အတိအကျလေ့လာစစ်ဆေးထားခြင်းမရှိသေးဘဲ ယခုနှစ်တွင် အမေရိကန် FDA မှ စစ်ဆေးမည်ဖြစ်ကြောင်းသိရသည်။

အမေရိကန်နိုင်ငံတွင် လေ့လာချက်များအရ ပိုးသတ်ဆေးပါဝင်သောပစ္စည်းများ အသုံးပြုကြသည့်သူများတွင် လူခန္ဓာကိုယ်အတွင်း ဟော်မုန်းဓာတ်ကို တစ်နည်းအားဖြင့် ထိခိုက်စေကြောင်း နိုင်ငံတကာစစ်တမ်းများတွင်ဖော်ပြထားသည်။

ပိုးသေရန်အတွက် စိုးရိမ်လွန်၍ ပိုးသတ်ဆေးပါသော ဆပ်ပြာများ အသုံးပြုကြသော်လည်း ထိုဆပ်ပြာများမှာ ရိုးရိုးဆပ်ပြာများနှင့် အကျိုးရှိပုံချင်းတူညီကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

ပိုးသတ်ဆေးပါဝင်သောပစ္စည်းများအား ငယ်ရွယ်လွန်းသောကလေးများတွင် သုံးစွဲပါက ဓာတ်မတည့်မှုဒဏ်ကို ပိုမိုခံစားရပြီး ရောဂါခုခံနိုင်မှု ပိုမိုနည်းပါးကြောင်းသိရသည်။

ထိုပိုးသတ်ဆေး ပါဝင်သောပစ္စည်းများအား အသုံးပြုသင့်သည့်အခြေအနေကို မေးမြန်းရာ "ဘယ်ပစ္စည်းပဲဖြစ်ဖြစ် တန်ဆေးလွန်ဘေးအနေနဲ့သုံးတာ ပိုသင့်တော်ပါတယ်။ အန္တရာယ်ဖြစ်စေတဲ့ ပိုးသတ်ဆေးပါတဲ့ပစ္စည်းတွေကိုတော့ ဆင်ခြင်သုံးသင့်ပါတယ်" ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

နီလာ
Traders Hotel
မွန်မြတ်ဆေးခန်း

Regional
7DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# စစ်တွေမြို့တွင် အနှိပ်ခန်း ၇ ခုကို ရှောင်တခင်စစ်ဆေးပိတ်သိမ်း

မောင်သန်းဝင်း

**စစ်တွေ၊ ဇန်နဝါရီ- ၆**

စစ်တွေမြို့၌ အနှိပ်ခန်းများ ဖွင့်လှစ်လုပ်ကိုင်နေသော လုပ်ငန်း ၇ ခုအား သက်ဆိုင်ရာပူးပေါင်းအဖွဲ့က ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများပြုလုပ်ကာ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း အဆိုပါပူးပေါင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အနှိပ်ခန်းများ၌ လုပ်ကိုင်နေကြသော အမျိုးသမီးအများစုမှာ အသက် ၁၅နှစ်မှ ၂၅နှစ် ဝန်းကျင် အမျိုးသမီးငယ်များဖြစ်ပြီး အဆိုပါလုပ်ငန်းမှာ တရားမဝင်လုပ်ငန်းဖြစ်ကြောင်းသိရသည်။

အဆိုပါ သက်ဆိုင်ရာ တာဝန်ရှိသူ၏ပြောပြချက်အရ ရှောင်တခင်ဝင်ရောက်စစ်ဆေးစဉ် အမျိုးသမီးငယ်များက အခန်းတစ်ခန်း ၄၅ မိနစ် (One Section) ဝင်လျှင် ၃,၅၀၀ ကျပ်နှင့်၄,၀၀၀ကျပ်ဝန်ဆောင်ခအား အနှိပ်ခန်းလုပ်ငန်းဦးစီးလုပ်ကိုင်သူ (ပိုင်ရှင်) က ကောက်ယူပြီးတစ်ဦးစီကို ၅၀၀ ကျပ်သာပေးချေကြောင်း သိရသည်။

သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့မှ နောက်ဆုံးရရှိသောသတင်းများအရ ယင်းကဲ့သို့အနှိပ်ခန်းလုပ်ငန်းလုပ်ပိုင်ရှင်များမှာ ရိုးမအရှေ့မှ အလားတူလုပ်ငန်းလုပ်ကိုင်သူများနှင့် ချိတ်ဆက်ပြီး အမျိုးသမီးငယ်များအား ငွေမက်လုံးပေးပြီးပြောဆိုစည်းရုံးကာ ခေါ်ဆောင်လာခြင်းဖြစ်သည်ဟုဆိုသည်။

အမျိုးသမီးငယ်များအား မှတ်ပုံတင်၊ သန်းခေါင်စာရင်းများအတိုင်း ယင်းတို့၏ ဇာတိနေရပ်ထံစေလွှတ်ပို့ဆောင်နေကြောင်းနှင့် အနှိပ်ခန်းပိုင်ရှင်များအား အသေးစိတ်စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# တောင်သမန်အင်းမှ ရေကူးပြိုင်ပွဲ ကိုယ်ဝန်ဆောင်မိခင် ပထမရ

ညီညီဇော်

**မန္တလေး၊ ဇန်နဝါရီ- ၆**

အမရပူရမြို့ရှိ တောင်သမန်အင်းတွင် ဇန်နဝါရီလ ၄ ရက်က လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသမီးရေကူးပြိုင်ပွဲကျင်းပရာ ကိုယ်ဝန် ၆ လခန့်လွယ်ထားရသည့် အမျိုးသမီးတစ်ဦးက ပထမဆုဆွတ်ခူးသွားကြောင်း သတင်းရရှိသည်။

"ပြိုင်ကြတဲ့ မိန်းမဆယ်ယောက်ထဲမှာ သူတစ်ယောက်ပဲဗိုက်ကြီးသည်ပါတာ။ သူပထမရလိမ့်မယ်လို့လည်းမထင်ထားဘူး" ဟု လာရောက်ကြည့်ရှုသူအမျိုးသမီးတစ်ဦးက ပြောသည်။ ၎င်းရေကူးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ကိုယ်ဝန်ဆောင်မိခင်လောင်းမမိချိုက "ညီမလေး အသက် ၂၃ နှစ်ပါ။ သမီးနှစ်ယောက်မွေးထားတယ်။ ဒါနဲ့ဆို သားသမီးသုံးယောက်ပေါ့။ ရေကူးရတာဝါသနာပါပါတယ်။ ယောက်ျားကမပြိုင်ခိုင်းဘူး။ ညီမက ဇွတ်ဝင်ပြိုင်တာ" ဟုပြောသည်။ ဆက်လက်ပြီးယင်းအမျိုးသမီးက "ဆုရတဲ့ပိုက်ဆံကို ရပ်ကွက်ကလုပ်မယ့် ဆွမ်းလောင်းပွဲမှာ ဆွမ်းချက်လှူမှာပါ။ ကလေးမွေးဖို့အတွက် စုထားတဲ့ပိုက်ဆံရှိပါတယ်"ဟု ပြောသည်။ ရေကူးပြိုင်ပွဲကျင်းပပုံမှာ ပြိုင်ပွဲဝင်မည့် အမျိုးသမီးဆယ်ယောက်အားရေစပ်မှကိုက် ၁၅၀ အကွာအဝေးရှိသည့် ရေဆီသို့လှေဖြင့်တင်ဆောင်သွားပြီး ထိုနေရာမှကမ်းစပ်သို့ ပြန်လည်ကူးခတ်ပြိုင်ပွဲဝင်စေခြင်းဖြစ်သည်။

# မုံရွာစက်မှုဇုန်ထုတ်မော်ဒယ်မြင့်ကားပြပွဲ ပထမအကြိမ်ကျင်းပ

မျိုးမင်းဦး

**မုံရွာ၊ ဇန်နဝါရီ - ၈**

ပြည်ပမှ တင်သွင်းလာသောမော်တော်ယာဉ် အစိတ်အပိုင်းများအား မုံရွာစက်မှုဇုန်တွင်ထုတ်လုပ်တပ်ဆင်သည့် ဘက်စုံသုံး Super Custom Hiace ရှစ်ယောက်စီးမော်တော်ယာဉ်များကို မုံရွာစက်မှုဇုန် (K.M.W) ကားထုတ်လုပ်ရေးမှ ပထမဆုံးအကြိမ် ကားပြပွဲကိုမုံရွာမြို့သီဟထွန်းခန်းမရှေ့တွင် ဇန်နဝါရီလ ၈ ရက်မှ စတင်ပြသခဲ့ကြောင်း သိရှိရသည်။

"မုံရွာစက်မှုဇုန် (K.M.W) ကားထုတ်လုပ်ရေးမှာထုတ်လုပ်တပ်ဆင်တဲ့ ရှစ်ယောက်စီး မီနီဘတ်စ်ကားလေးတွေကို ပထမဆုံးအကြိမ် မော်တော်ယာဉ်ပြပွဲအဖြစ် ဇန်နဝါရီ ၈ ရက်ကနေ ဆယ်ရက်ပြသသွားမှာဖြစ်ပါတယ်။ လိုင်စင်ပါရှိပြီး အဆင့်မြင့်ကားတွေကို ယာဉ်ပိုင်ရှင် အမည်ပေါက် နောက်နှစ်သက်တမ်းတိုးအာမခံ စနစ်နဲ့ရောင်းချတာပါ။ ကားဈေးကတော့တစ်စီးသိန်း ၂၉၀ ကနေ သိန်း ၄၅၀ အထိ မော်ဒယ်အလိုက် ဈေးအနိမ့်အမြင့်ရှိပါတယ်။ မုံရွာစက်မှုဇုန် (K.M.W) မှာ ပြည်တွင်းကားထုတ်လုပ်ရေးကို ၂၀၀၀ ပြည့်နှစ်က စတင်ထုတ်လုပ်ခဲ့ပြီး ရှစ်ယောက်စီး မော်ဒယ်မြင့်ကားတွေကို ၂၀၁၀ပြည့်နှစ်မှာ စတင်ထုတ်လုပ်ပါတယ်။ ဆီစားသက်သာပြီး စီးရတာ သက်သောင့်သက်သာရှိမယ့်မော်ဒယ်မြင့်ကားဈေးကွက်ကို မုံရွာမှာ ပထမဆုံးအကြိမ် ပြသပေးတာဖြစ်ပါတယ်" ဟု K.M.W ကားထုတ်လုပ်ရေးလုပ်ငန်းရှင်ဦးကျော်မျိုးဝင်းက ပြောသည်။



*မုံရွာမြို့မှ ကားပြပွဲ။* ဓာတ်ပုံ - မျိုးမင်းဦး

"မုံရွာကားဈေးကွက်မှာ ချင်းတွင်းစတား၊ ကောင်းမြတ်ကြယ်စင်ဟိန်း၊ ရတနာ စတဲ့ကားထုတ်လုပ်ရေးလုပ်ငန်းတွေရှိပေမယ့် ကားပြပွဲမှာမုံရွာစက်မှုဇုန်အနေနဲ့ K.M.W ကားထုတ်လုပ်ရေးက ပထမဆုံး မော်တော်ယာဉ်ပြပွဲကို ကျင်းပပေးခဲ့တယ်။ ကားဈေးကွက်နိမ့်နေချိန်မှာ ပြည်တွင်းစက်မှုဇုန်တွေက တပ်ဆင်တဲ့ မော်တော်ယာဉ်တွေ ဈေးကွက်ထိုးဖောက်နေရာယူလာတဲ့အတွက် ကားဈေးက သက်သက်သာသာနဲ့ ဝယ်လို့ရတာပေါ့။ နောက်ထပ် ပြည်ပကား ကုမ္ပဏီတွေကလည်းတင်သွင်းလာမယ်။ မော်တော်ယာဉ်ပြပွဲတွေ ဆက်တိုက်ကျင်းပသွားမယ်ဆိုရင် ဆိုင်ကယ်တွေနေရာမှာ မော်တော်ကားတွေ နေရာယူလာနိုင်တယ်။ ပြည်တွင်းထုတ်ကားတွေကလည်း မော်ဒယ်မြင့်၊ အရည်အသွေးမြင့်ကားတွေကိုသာ ထုတ်လုပ်လာပြီဆိုတော့ ယာဉ်ဝယ်ယူလိုသူတွေ စိတ်ကြိုက်ရွေးချယ်လို့ရပြီပေါ့"ဟု မုံရွာမြို့ခံ မော်တော်ယာဉ်ရောင်းဝယ်သူများက ပြောသည်။

# ရတနာပုံခေတ် ကျွန်းသားတံတားကြီးတစ်စင်း ဒေသခံများ ထိန်းသိမ်းစောင့်ရှောက်ထား



*နှစ် ၁၅၀ ကျော် သက်တမ်းရှိပြီဖြစ်သော ကျွန်းတံတား။* ဓာတ်ပုံ - စိုင်းသာအောင်

စိုင်းသာအောင်

**မန္တလေး၊ ဇန်နဝါရီ- ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၌လွန်ခဲ့သော နှစ်ပေါင်း၁၅၀ ကျော်က ဆောက်လုပ်လှူဒါန်းသော အရှေ့ရွာနှင့် အနောက်ရွာကူးသော ကျွန်းသားတံတားကြီးကို ဒေသခံရွာသူရွာသားများ ထိန်းသိမ်းစောင့်ရှောက်ထားပြီး ယနေ့တိုင်ရွာ၏ ဂုဏ်ဆောင်တံတားအဖြစ်တည်ရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါတံတားကြီးနှင့် ပတ်သက်၍ ဒေသခံရွာသားတစ်ဦးဖြစ်ပြီး၊ ယခုအခါ မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် ခရိုင်အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးမြင့်ဆွေက "တံတားကြီးသည် ရတနာပုံမြို့တည်နန်းတည်မင်းတုန်းမင်းလက်ထက်က ဆီမီးခုံရွာသားပဲ့နင်းကြီး ဦးအံ့ကြီးကတည်ဆောက်ခဲ့ကြောင်း၊ အခန်းပေါင်း ၁၈၅ ခန်း၊ တစ်ခန်း ၆ တောင် (၉-ပေ)ရှိသဖြင့် တံတားအရှည်သည် ၁၆၆၅ ပေရှိကြောင်း တည်ဆောက်မှုမှာ အမရပူရ ဦးပိန်တံတားနှင့် ပုံစံတူကြောင်း အကျယ် ၉ ပေရှိကြောင်း တံတားကြီးရေရှည်ခံရေး၊ မဆွေးမြေ့ရေးအတွက် ပင်မတံတားတိုင်ကြီးများကို ကျောက်သားဦးထုပ်များဆောင်းထားကြောင်း၊ ဤတံတားကြီးသည် ကုန်းဘောင်ခေတ်တံတားတည်ဆောက်မှု မြန်မာဗိသုကာများ၏ စနစ်တကျတည်ဆောက်မှုကို ဖော်ညွှန်းနေကြောင်း ရေရှည်ထိန်းသိမ်းထားရှိရမည့် မြန်မာ့ကျွန်းသားတံတားကြီးဖြစ်ကြောင်း" 7Day News သို့ပြောသည်။

အဆိုပါ ကျွန်းသားတံတားကြီးအား လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က မြောင်ကျောင်း ဆရာတော်ကြီးမှူး၍ ဒေသခံရွာသူရွာသားများ မြင်းခြံမြို့အောင်သုခဆပ်ပြာစက်မိသားစုတို့က ပြုပြင်ခဲ့ကြောင်း ယနေ့ထိအောင်သုခ ဦးအောင်မိသားစုက တံတားကြီးရေရှည်တည်တံ့ရေးအတွက် ၂ နှစ် တစ်ကြိမ်ခန့် ရေနံချေးသုတ်ခြင်း၊ ပျက်စီးသည်များကို ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း ဆီမီးခုံ အ. ထ. က အငြိမ်းစားကျောင်းအုပ်ဆရာမကြီးက ပြောသည်။

ဆီမီးခုံရွာသည် ရတနာပုံခေတ်က ဘုရင့်လက်နက်တိုက်တော်အတွင်း ယမ်းပေးသွင်းရသော ရွာဖြစ်ပြီး ဗြိတိသျှလက်ထက်တွင် ယမ်းထုတ်လုပ်ခြင်းကို ပိတ်ပင်ခဲ့ကြောင်းဒေသခံများထံမှ သိရသည်။



## နေပြည်တော် အခြေစိုက် အဝေးပြေးယာဉ်လိုင်းအချို့ ရှုန်းကန်ရဖွယ်ရှိ

ထူးသန့်

**နေပြည်တော်၊ ဇန်နဝါရီ- ၆**

နေပြည်တော်ကို အားပြုပြေးဆွဲသော အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများတွင် ခရီးသည်ရရှိမှု လျော့နည်းလာသဖြင့် အဝေးပြေးယာဉ်လိုင်းအချို့ ရေရှည်ရပ်တည်နိုင်ရန်ရုန်းကန်ရဖွယ်ရှိကြောင်း သက်ဆိုင်ရာလုပ်ငန်းရှင်များထံမှ သိရသည်။

ထိုသို့ ခရီးသည် ရရှိနှုန်း လျော့နည်းသွားခြင်းမှာ ခရီးသွားဦးရေလျော့နည်းသွားခြင်းကြောင့် မဟုတ်ဘဲ ဝင်ရောက်ပြေးဆွဲသော ယာဉ်အစီးရေများလာခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ ယခုအခါ ခရီးသည်ဦးရေနှင့် ယာဉ်အရေအတွက်အချိုးအစားမှာ ကွာဟမှုကျဉ်းမြောင်းလာ၍ ယာဉ်လိုင်းအချို့အတွက် ရုန်းကန်လာရဖွယ်ရှိကြောင်း အဝေးပြေးယာဉ်လိုင်းပိုင်ရှင်တစ်ဦးကပြောကြားသည်။

"ခရီးသည်တွေများလာသလို ဝင်ရောက်ပြေးဆွဲတဲ့ ယာဉ်တွေကလည်း ပိုပြီးများလာတယ်။ မော်ဒယ်နိမ့်ကားသုံးတဲ့လူတွေ၊ ဝန်ဆောင်မှုမကောင်းတဲ့ လူတွေကတော့ ရေရှည်ရပ်တည်ဖို့ ရုန်းကန်ရမှာသေချာတယ်။ ဒါတောင်နောက်ထပ်ဝင်ရောက်လာမယ့် လိုင်းတွေကလည်း ရှိသေးတယ်" ဟု ယာဉ်လိုင်းပိုင်ရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

အဆိုပါခရီးစဉ်များအတွက် နာမည်ကျော်စီးပွားရေးလုပ်ငန်းကြီးတစ်စုက ဝင်ရောက်လုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိသကဲ့သို့ တရုတ်နိုင်ငံထုတ်ယာဉ်များဖြင့် ဝင်ရောက်လုပ်ကိုင်ရန် ကြိုးစားလျက်ရှိသော လုပ်ငန်းတစ်ခုလည်းရှိနေသေးရာ ယင်းအခြေအနေနှင့်ပတ်သက်၍လည်း "ဒါကလည်းပြိုင်ဆိုင်မှုပါပဲ။ မယှဉ်ပြိုင်နိုင်တဲ့သူကတော့ ကျန်ခဲ့မှာပေါ့" ဟု ၎င်း၏အမြင်ကိုလည်း ပြောကြားသည်။

**၂၀၁၀ နောက်ဆုံး ၅ လအတွင်း ခရီးသည်ယာဉ်ပြေးဆွဲမှု အခြေအနေ**

| လအမည် | ခရီးစဉ် | ယာဉ်စီးရေ | ခရီးသည်ဦးရေ | ပျမ်းမျှခရီးသည် ရရှိနှုန်း |
|---|---|---|---|---|
| ဩဂုတ် | နေပြည်တော်မှ ရန်ကုန် | ၁,၂၄၉ | ၄၈,၀၅၈ | ၃၈ ဦး |
| | မန္တလေး | ၄၆၃ | ၁၂,၁၂၀ | ၂၆ ဦး |
| စက်တင်ဘာ | နေပြည်တော်မှ ရန်ကုန် | ၁,၂၄၉ | ၄၈,၉၄၃ | ၃၉ ဦး |
| | မန္တလေး | ၄၂၇ | ၁၂,၂၃၀ | ၂၈ ဦး |
| အောက်တိုဘာ | နေပြည်တော်မှ ရန်ကုန် | ၁,၃၆၀ | ၅၅,၉၃၈ | ၄၁ ဦး |
| | မန္တလေး | ၄၆၇ | ၁၄,၆၄၀ | ၃၁ ဦး |
| နိုဝင်ဘာ | နေပြည်တော်မှ ရန်ကုန် | ၁,၄၁၄ | ၅၃,၀၆၅ | ၃၇ ဦး |
| | မန္တလေး | ၄၆၅ | ၁၂,၄၃၇ | ၂၆ ဦး |
| ဒီဇင်ဘာ | နေပြည်တော်မှ ရန်ကုန် | ၁,၅၄၉ | ၅၈,၂၈၁ | ၃၇ ဦး |
| | မန္တလေး | ၅၆၂ | ၁၃,၈၅၃ | ၂၄ ဦး |

## တောင်တွင်းကြီးကျောင်းတိုက်တွင် တိုင်းရင်းသားကလေးငယ် ၈၀ ကျော်ကို စောင့်ရှောက်ထား

ညီညီဇော်

**မန္တလေး၊ ဇန်နဝါရီ- ၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ အင်းဝမြို့ဟောင်းရှိ တောင်တွင်းကြီးကျောင်းတိုက်တွင် တိုင်းရင်းသားကလေးငယ် ၈၀ ကျော်ကို သာသနာ့ဘောင်သို့ သွတ်သွင်းကာ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သတင်းရရှိသည်။ တိုင်းရင်းသားကလေးငယ်များကို ၂၀၀၂ ခုနှစ်မှစတင်ကာ လက်ခံထိန်းသိမ်းစောင့်ရှောက်ခဲ့ရာ အများဆုံး ၂၆၉ ယောက်အထိ ရှိခဲ့သည်။ သို့သော် ပြန်လည်ထွက်သွားသူများလည်းရှိခဲ့ရာ ယခုနှစ်တွင် ၈၃ ယောက်ကျန်ရှိကြောင်း ၎င်းကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဝိစာရက မိန့်ကြားသည်။

လက်ရှိထိန်းသိမ်းထားသော ကလေးငယ်အရေအတွက်မှာ ကိုရင် ၅၃ ပါး၊ သီလရှင် ၃၅ ပါးဖြစ်ပြီး အသက် ၃ နှစ်မှ ၁၆ နှစ်အထိရှိကြောင်း မိန့်ကြားသည်။ "ဦးဇင်းကတော့ တိုင်းရင်းသားမရွေးလက်ခံတယ်။ အသက်လည်းကန့်သတ်ချက်မရှိပါဘူး။ ဦးဇင်းချမှတ်ထားတဲ့ စည်းကမ်းတွေလိုက်နာနိုင်ရင် ခေါ်ထားပါတယ်"ဟု မိန့်သည်။ မူကြိုအဆင့်မှ လေးတန်းအဆင့်ထိ အသက်အရွယ်အလိုက် ကျောင်းပညာများ သင်ကြားပေးနေပြီး၊ ဆရာမ ၆ ယောက်ရှိကြောင်း ၎င်းဆရာမများအတွက်တစ်ဦးလျှင် လစာ ၃၀,၀၀၀ ကျပ်ပေးရကြောင်းမိန့်သည်။ အလှူရှင်များလည်းရံဖန်ရံခါလာရောက်လှူဒါန်းကြသော်လည်း ကလေးငယ်များအတွက် လိုအပ်မှုချက်များရှိနေဆဲဖြစ်ကြောင်း သိရသည်။

၎င်းကျောင်းတိုက်သို့ လာရောက်လှူဒါန်းနေသော အမျိုးသမီးကြီးတစ်ဦးက "ဒီနေရာကို အိမ်မှာကားမောင်းတဲ့ကောင်းလေးက ပြောပြလို့သိရတာပါ။ အမျိုးသားကွယ်လွန်တာ ၇ နှစ်ပြည့်လို့ သူ့အတွက် ရည်စူးပြီး နိုင်သလောက်လေးလာလှူတာပါ။ နောက်ထပ်လည်း လှူချင်ပါသေးတယ်"ဟု ပြောသည်။ ၎င်းကျောင်းတိုက်ရှိကလေးများမှာ မိဘလုံးဝမရှိတော့သူ ၁၀ ဦး၊ မိဘရှိသူ ၅၅ ဦး၊ အဖေမရှိသူ ၁၆ဦးနှင့် အမိမရှိသူ ၇ ဦး စုစုပေါင်း ၈၈ ဦးဖြစ်ကြောင်းမိန့်ကြားသည်။ တိုင်းရင်းသားများတွင် ချင်းတိုင်းရင်းသားများက အများဆုံးဖြစ်ပြီး ပအို့ဝ်၊ ပလောင်၊ ရှမ်းလူမျိုးများလည်းရှိကြောင်း၊ နောက်ထပ် ကယား၊ ကချင်၊ ရခိုင်လူမျိုးကလေးငယ်များလည်း လက်ခံရန်စီစဉ်နေကြောင်း ဆရာတော်က မိန့်ကြားသည်။






7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ (မုံရွာ) မှ ဧရိပ်မွန် (၂) ကလေးငယ်များအတွက် စာကြည့်တိုက်နှင့် ပညာပဒေသာပင်စိုက်ထူ

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ - ၅**

မုံရွာမြို့တွင် ကလေးသူငယ်များ ယဉ်ကျေးလိမ္မာရေးအတွက်အထူး တရားပွဲများ ကျင်းပပေးလျက်ရှိသော ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ(မုံရွာ)မှာ ချောင်းဦးမြို့ ဧရိပ်မွန် (၂)အမျိုးသမီးများ ထိန်းသိမ်းစောင့်ရှောက်ရေးပရဟိတဂေဟာအတွင်း ယသော်ဓရာစာကြည့်တိုက်လှူဒါန်းပွဲနှင့် ပညာပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီလ ၄ ရက်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

"ဧရိပ်မွန်(၂) အမျိုးသမီးစောင့်ရှောက်ရေးပရဟိတဂေဟာမှာ ပညာသင်ယူနေတဲ့ကလေးငယ်များ အသိပညာတိုးတက်ရေးအတွက် ယသော်ဓရာစာကြည့်တိုက်ကို ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ(မုံရွာ)အနေနဲ့ ပထမဆုံး မတည်လှူဒါန်းခြင်းဖြစ်ပါတယ်။ ယသော်ဓရာစာကြည့်တိုက်စတင်ဖွင့်လှစ်ချိန်မှာ သုတ၊ ရသစာအုပ် ၄၇၁ အုပ်၊ ဝတ္ထုစာအုပ် ၃၂၈ အုပ်၊ မဂ္ဂဇင်း ၂၇၂ အုပ်၊ ဂျာနယ်စာစောင် ၅၅၆ စောင်၊ ရုပ်ပြ ၂၂၀ အုပ်နဲ့ မတည်လှူဒါန်းခဲ့ပါတယ်။ စာကြည့်တိုက်ဖွင့်ပွဲအပြီး ယဉ်ကျေးလိမ္မာရင်သွေးကမ္ဘာ (မုံရွာ) အဖွဲ့ဝင်များမှ သုတ၊ ရသစာအုပ်ပေါင်း ၃၀၀၀ ခန့်စာအုပ် ပရိဘောဂနှင့် ဖွင့်ပွဲအခမ်းအနားအတွက် စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၃၀ ကျော်လှူဒါန်းခဲ့ပါတယ်။ ဧရိပ်မွန် ၂ အမျိုးသမီးစောင့်ရှောက်ရေး ပရဟိတဂေဟာက လေးငယ်များ ပညာရေးပဒေသာပင်အတွက် အလှူရှင် ၂၁ ဦးမှ အလှူငွေကျပ် ၁,၁၆၈,၀၀၀ ကျပ် မတည်လှူဒါန်းခဲ့ပါတယ်"ဟု ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ(မုံရွာ)တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ချောင်းဦးမြို့ ဧရိပ်မွန် ၂ အမျိုးသမီး ပရဟိတဂေဟာမှာ ကျောင်းသူ ၉၂ ဦးပညာသင်ယူလျက်ရှိပါတယ်။ ပအို့ဝ်တိုင်းရင်းသား၄၄ ဦး၊ ချင်း ၁၂ ဦး၊ နာဂ ၁၇ ဦး၊ ပလောင် ၇ ဦးနှင့် ဗမာ ၁၁ ဦး နေထိုင်ပါတယ်။ ယသော်ဓရာစာကြည့်တိုက်လှူဒါန်းတဲ့အတွက် သမီးတို့ စာပေလေ့လာခွင့် ပိုမိုရရှိပါတယ်။ အရင်တုန်းက စာအုပ်လှူဒါန်းသူတွေရှိပါတယ်။အခုတော့ သမီးတို့ စာကြည့်တိုက်လိုစာအုပ်တွေထိန်းသိမ်းစောင့်ရှောက်လို့ရတဲ့စာအုပ်ဘဏ်တိုက်လေး လိုအပ်နေတာကြာပါပြီ။ ယဉ်ကျေးလိမ္မာရင်သွေးကမ္ဘာ(မုံရွာ)အဖွဲ့က သီတဂူအရှင်ကုမုဒါလင်္ကာရ၊ အရှင်နာယကာလင်္ကာရဘိဝံသ၊ အရှင်ဣန္ဒြိယ၊ အရှင်နာယကလင်္ကာရဘိဝံသ၊တိပိဋကတ်ဆရာတော်အရှင်အဘိဇာတာလင်္ကာရ၊ ကောင်းဆုဝေဆရာတော်၊ ရွှေဆံပင်တံတားလမ်းဆရာတော်၊ ဒေါ်မဥ္ဇူ(ရွှေဒေါင်းယဉ်)နဲ့ မုံရွာမြို့က စာပေပညာရှင်တွေ စာပေဖြန့်ဖြူးသူတွေအားလုံးစုပေါင်း လှူဒါန်းပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ယသော်ဓရာစာကြည့်တိုက်လေး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သမီးတို့ အားလုံး စောင့်ရှောက်ထိန်းသိမ်းသွားမှာဖြစ်ပြီး သမီးတို့အတွက် စာအုပ်အသစ်တွေ ထပ်မံလှူဒါန်းမယ်ဆိုပါက ဧရိပ်မွန် ၂ အမျိုးသမီးစောင့်ရှောက်ရေး ပရဟိတ ဂေဟာ၊ချောင်းဦးမြို့ကိုဆက်သွယ်လှူဒါန်းနိုင်ပါတယ်"ဟု ဧရိပ်မွန် ၂ ပရဟိတဂေဟာကျောင်းသူတစ်ဦးက ပြောသည်။

## PHOTO NEWS



ဇန်နဝါရီလ၄ရက်နေ့က မုံရွာဘောလုံးကွင်းအတွင်း နိုင်ငံပေါင်းစုံမီးပုံးပျံအပျော်စီးအဖွဲ့မှမီးပုံးပျံတစ်လုံး လွှတ်တင်ရန်ပြင်ဆင်နေမှုအား ဒေသခံများက ကြည့်ရှုနေစဉ်။

**သတင်းနှင့်ဓာတ်ပုံ - ကိုသက်**

# စစ်တွေနယ်စပ်ကုန်သွယ်ရေးမှ ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်ပစ္စည်းတင်ပို့မှု ကန်ဒေါ်လာ ၇ သန်းကျော်ရရှိထား

**မောင်သန်းဝင်း**

**စစ်တွေ၊ ဇန်နဝါရီ- ၆**

မြန်မာ-ဘင်္ဂလားဒေ့ရှ်စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၀ ဘဏ္ဍာရေးနှစ် နိုဝင်ဘာလကုန်ထိ ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇ သန်းကျော်ရရှိထားပြီးဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးသတင်းအရ သိရသည်။

စစ်တွေနယ်စပ်ကုန်သွယ်ရေးမှ ရေထွက်ပို့ကုန်ဖြစ်သည့်ရေချိုရေငန်ပုစွန်၊ ငါးသလောက်၊ ကကတစ်၊ ကဏန်းများကို အဓိကထားတင်ပို့နေရသည်။ ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ပေါက်တော၊ မင်းပြား၊ ကျောက်ဖြူမြို့နယ်များ၌ ပုစွန်တာအချို့ကျိုးပေါက်ပျက်စီးမှုများနှင့် ရေလုပ်ငန်း၌လည်း ငါးဖမ်းရေယာဉ်ပိုက်ကွန်နှင့် ရေလုပ်ငန်းသုံးဆက်စပ်ပစ္စည်းများပျက်စီးမှုများကြောင့် ရေထွက်ပစ္စည်းတင်ပို့မှုမှာလည်း အနည်းငယ်ထိခိုက် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

"နှစ်ဦးပိုင်းကစပြီး တင်ပို့မှုပိုမိုအားကောင်းလာခဲ့ပေမယ့် ဂီရိမုန်တိုင်းကြောင့် အောက်တိုဘာနှောင်းပိုင်းမှ တင်ပို့မှုကလျော့နည်းကျဆင်းလာတာ။ ဒါပေမဲ့ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အောက်တိုဘာလကုန်အထိ တင်ပို့မှုနဲ့နှိုင်းယှဉ်ကြည့်ရင်တော့ ဒီနှစ်မှာ တင်ပို့မှုပမာဏများနေတာကိုတွေ့ရတယ်"ဟု စစ်တွေနယ်စပ်ကုန်သွယ်ရေး စခန်း(ရွှေမင်းဂံ)ဆိပ်မှ ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

# ရန်ကုန်-ပြည် - မန္တလေး အဝေးပြေး ကားလမ်းအပိုင်း ပြေးဆွဲသည့် ထော်လာဂျီများ မီးတပ်ဆင်သင့်

**ဆန်းညွန့်**

**ကျောက်ပန်းတောင်း၊ ဇန်နဝါရီ- ၃**

ရန်ကုန်-ပြည်- ကျောက်ပန်းတောင်း အဝေးပြေး ကားလမ်းမကြီးတွင် မောင်းနှင်သည့် ယာဉ်များမှာ ညဘက်တွင် မီးမပါသော ထော်လာဂျီယာဉ်များကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားနိုင်ခြေများကြောင်းယင်းအဝေးပြေးလမ်းတွင် ပြေးဆွဲနေသော ဆယ်ဘီးယာဉ်မောင်းတစ်ဦးကပြောသည်။

"ကျွန်တော်က အောင်လံကနှမ်းတွေနဲ့ မန္တလေးကို သွားတာပါ။ မနက်သုံးနာရီမှာ ဝွေးချိုနှင့် ကျောက်ပန်းတောင်းကြားမှာ သစ်ပင်အုပ်တွေနဲ့ဆိုတော့ ထော်လာဂျီကိုမမြင်ဘူး။ မီးကလည်း မပါဘူး။ ကတ္တရာလမ်းပေါ်မှာ မောင်းနေတယ်။ ပြီးတော့ ဝါးတွေလည်း တင်ထားတာပါ။ ကျွန်တော့် စပယ်ယာ(ယာဉ်နောက်လိုက်)က သတိပေးမှ ရပ်လိုက်ရတယ်။ကံကောင်းလို့ယာဉ်တိုက်မှုမဖြစ်တာပါ။ ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်ဘီး၊ နွားလှည်းတွေ ညအချိန်မောင်းနှင်ရာမှာ မီးပါသင့်ပါတယ်"ဟုအထက်ပါယာဉ်မောင်းကပြောသည်။

ရန်ကုန်-ပြည်-မန္တလေး အဝေးပြေးကားလမ်းမကြီးတွင် မကွေးရေနံချောင်းလမ်းအပိုင်းကို ကောင်းမွန်ဆောက်လုပ်ရေးမှ ပြုပြင်တည်ဆောက်လျက်ရှိသည်။

# နေပြည်တော်ဈေးကွက်သို့ ရန်ကုန်ကွမ်းအများဆုံး ဝင်ရောက်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ- ၆**

အညာဒေသကွမ်းစိုက်ခင်းများ အထွက်နည်းသွား၍ နေပြည်တော်ဈေးကွက်သို့ ရန်ကုန်ဘက်မှ ကွမ်းများအများဆုံးဝင်ရောက်လျက်ရှိကြောင်း နေပြည်တော်ရှိ ကွမ်းပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အညာဒေသတွင်ဆီးနှင်းများထူထပ်ကာ အအေးလွန်ကဲခဲ့သည့်အတွက် ကွမ်းအထွက်နှုန်း လျော့ကျသွားခဲ့ကြောင်း ယခုအချိန်တွင်နေပြည်တော်သို့ အညာကွမ်းများ အဝင်နည်းသွားခဲ့သည့်အတွက် ရန်ကုန်ကွမ်းသာလျှင် အများဆုံးဝင်ရောက်နေခြင်းဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

"အညာကွမ်းနုဝါကနှင်းကိုက်လို့ အထွက်နည်းသွားတယ်။ ဒီကိုဝင်တာလည်း နည်းသွားတယ်။ အခုတော့ ရန်ကုန်ကွမ်းပဲအများဆုံး ဝင်နေတယ်"ဟု နေပြည်တော်ကွမ်းဈေးကွက်အခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။ နေပြည်တော်သို့ မုံရွာ၊ မန္တလေး၊ မတ္တရာ၊ ကျောက်ဆည်ဘက်မှ ကွမ်းနုဝါများဝင်ရောက်ခဲ့ကြောင်းလည်း သိရသည်။

ကျောက်ဆည်ဘက်မှ ပြန်ရောက်လာသော စိုက်ပျိုးရေးပညာရှင်တစ်ဦးကလည်း "ကျောက်ဆည်ကွမ်းသမားတွေ ညည်းနေကြတယ်။ အရင်က ဂီရိမုန်တိုင်းကြောင့် ရေကြီးပြီးကွမ်းတွေပျက်တယ်။ အခုကျတော့လည်း နှင်းနဲ့ အအေးဒဏ်ကြောင့် အထွက်နှုန်းထိခိုက်ရပြန်တယ်"ဟု ဆိုသည်။ နေပြည်တော် ကွမ်းဈေးကွက်တွင် အညာကွမ်းနုဝါတစ်ပိဿာလျှင် တစ်သောင်းကျော်ရှိနေပြီး ရန်ကုန်ကွမ်းတစ်ပိဿာလျှင် ၃,၀၀၀ ကျပ်နှုန်း ၄,၀၀၀ ကျပ်အကြားရှိကြောင်း သိရသည်။

# မုံရွာမြို့တွင် သီတဂူဆရာတော် ဒေါက်တာ အရှင် ဉာဏိ ဿရ ပထမအကြိမ်ဓမ္မသဘင် ကျင်းပမည်

**မျိုးမင်းဦး**

**မုံရွာ၊ ဇန်နဝါရီ- ၅**

မုံရွာမြို့တွင် ၂၀၁၁ ခုနှစ်အတွင်း သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ Ph.D (D.Litt) ၏ ပထမဆုံးသော ဓမ္မပူဇာသဘင် အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီအချိန်၌ မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး သာသနာ့ဗိမာန်တော်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ ဓမ္မသဘင်ကျင်းပရေးအဖွဲ့မှ ဆရာချို(ပြဟ္မစိုရ်)ကပြောကြားခဲ့သည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ Ph.D (D.Litte) ၏ အထူးတရားပွဲအား ၂၀၁၀ပြည့်နှစ်အတွင်း မေတ္တာအခါတော်နေ့ကရုဏာအလှူတော် ရေစက်ချအထူးတရားပွဲအခမ်းအနား တစ်ပွဲတည်းသာ ကျင်းပနိုင်ခဲ့ကြောင်းသိရသည်။ ၂၀၁၀ ပြည့်နှစ်အတွင်း၌ပင် စစ်ကိုင်းတိုင်းဒေသကြီး စာဆိုတော်နေ့အထိမ်းအမှတ် တတိယအကြိမ်သက်ကြီးစာပေပညာရှင်များပူဇော်ပွဲအခမ်းအနားတွင် သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရအား ပထမဆုံးအကြိမ်ပူဇော်ကန်တော့ခဲ့ကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

## သရက်မြို့သတဌာနဘုရား (၁၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယနှင့်ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲ ကျင်းပမည်

**ထူးအောင်ကြီး**

**သရက်၊ ဇန်နဝါရီ- ၅**

သရက်မြို့နယ်လုံးဆိုင်ရာ (၁၂၁) ကြိမ်မြောက် သတ္တဌာနဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် ဗုဒ္ဓမြတ်စွယ်တော်မြို့တွင်းသို့ လှည့်လည်ပင့်ဆောင်အပူဇော်ခံပွဲကို ၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်မှ ပြာသိုလပြည့်နေ့ (ဇန်နဝါရီ ၁၂ ရက် မှ ၁၉ ရက်) အထိ ၈ ရက် တိုင်တိုင် နေ့ပွဲ၊ ညပွဲများ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပတော့မည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော် အစရက်ဖြစ်သော ပြာသိုလဆန်း ၈ ရက်၊ ဇန်နဝါရီ ၁၂ ရက်၊ နံနက် ၅ နာရီ အချိန် အနေကဇာတင်အခမ်းအနားနှင့် သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်ပြီး မွန်းတည့် ၁၂ နာရီအချိန်တွင် ဗုဒ္ဓမြတ်စွယ်တော်ရတနာအား ပန်းရထားဖြင့် ရာဇဝင်း၊ ဒေဝါဝင်း၊ ဝတ်အသင်း ယိမ်းအကအလှယာဉ်များ ခြံရံလျက်မြို့တွင်းသို့ ဒေသစာရီလှည့်လည်ပူဇော်ခံမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲများအဖြစ်ပြာသိုလဆန်း ၈ ရက်မှ ၁၀ ရက် ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ နိုင်ငံကျော် အနုပညာရှင် ကြည်လဲ့လဲ့ဦးနှင့်တေးပဒေသာစွယ်စုံကပွဲအဖွဲ့၊ ပြာသိုလဆန်း ၁၁ ရက်မှ လပြည့်နေ့၊ ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ဟန်ဇာမိုးဝင်း၊ တင်ဇာမိုးဝင်း ဇာတ်သဘင်များ ကပြဖျော်ဖြေမည်ဖြစ်ရာပွဲခင်းနှင့် ရပ်ကွက်အတွင်း လောင်းကစားဝိုင်းများပါရှိစေရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးမီးဘေးအန္တရာယ်ကင်းရှင်းစေရေးတို့ကို အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။



## စစ်တွေ ရွှေပန်းထိမ်သမားများ ရွှေအပ်ထည်ရရှိမှု မြင့်တက်

**မောင်သန်းဝင်း**

**စစ်တွေ၊ ဇန်နဝါရီ- ၆**

ရခိုင်ပြည်နယ်၏ စီးပွားရေးမြို့တော်စစ်တွေ၌ လုပ်ငန်းရှင်လယ်သမားများ စပါးပေါ်ချိန်ကောက်ပဲသီးနှံများပေါ်ချိန်များ ရောက်ရှိလာပြီး ရွှေအပ်ထည်ရရှိမှုနှုန်းမှာမြင့်တက်လာကြောင်း ပန်းထိမ်လုပ်ငန်းရှင်များကပြောသည်။

စစ်တွေမြို့ရွှေပန်းထိမ်ဈေးကွက်များအတွင်း စစ်တွေမြို့နယ် ဧရိယာနယ်မြေများမှ အပ်နှံမှုများကြောင့်လည်းသိရသည်။ ရခိုင်ပြည်နယ်ရွှေပန်းထိမ်ဈေးကွက်များအတွင်း ရန်ကုန်မှ ရွှေလုပ်ငန်းရှင်များလည်း စက်ခတ်၊ လက်ခတ်ဒီဇိုင်းမျိုးစုံဆွဲကြိုး၊ လက်ကောက်၊ နားဆွဲစသည့် လက်ဝတ်ရတနာရွှေပစ္စည်းများ ဝင်ရောက်ရောင်းချမှုများရှိရာ ထိုသို့ရောင်းချလေ့ရှိပါက ရွှေအပ်ထည်ရရှိမှုနည်းပါးကြောင်းလည်းသိရသည်။

"နှစ်စဉ်နှစ်တိုင်းလို ရခိုင်ပြည်နယ် ရွှေဈေးကွက်အတွင်း ပွင့်လင်းရာသီဆို ရန်ကုန်မှ ရွှေလုပ်ငန်းရှင်တွေ စက်ခတ်၊ လက်ခတ်ရွှေဆွဲကြိုး လက်ကောက်နားဆွဲ ဒီဇိုင်းမျိုးစုံကို ဝင်ရောက်ရောင်းချလေ့ရှိပါတယ်။ သူတို့ဒီလိုဝင်ရောက်ရောင်းချရင် ရွှေပန်းထိမ်လုပ်ငန်းရှင်တွေက အပ်ထည်ရရှိ မှုနှုန်းနည်းပါးတယ်။ ဘာကြောင့်လဲဆိုတော့ ဝယ်တဲ့သူတွေက အပ်ဖို့ရည်ရွယ်ခဲ့တဲ့ရွှေအပ်ထည်တွေကို မအပ်တော့ဘဲ သီးသန့်ရောင်းချကြပြီး ရန်ကုန်ကဝင်လာတဲ့ စက်ခတ်၊ လက်ခတ်ဒီဇိုင်းဆန်း ပစ္စည်းတွေကိုပဲ ဝယ်သွားကြတယ်" ဟု စစ်တွေမြို့ ရွှေပန်းထိမ်လောကမှ ဝါရင့်ရွှေပန်းထိမ်လုပ်ငန်းရှင်ဦးဝင်းမောင်သန်းက ပြောသည်။

စစ်တွေမြို့ ရွှေပန်းထိမ်ဈေးကွက်အတွင်း မောင်တောနယ်စပ်မှ အရည်အသွေးစံချိန်မီ ကိုးသုံးလုံးရွှေ (၉. ၉၉) အခတ်ပြားရွှေ၊ အခေါက်ရွှေများလည်း ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

## ဇန်နဝါရီလဆန်းတွင် ဘင်္ဂလားဒေ့ရှ် တာကာတန်ဖိုး ဆက်တိုက်ကျ

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ- ၆**

အမေရိကန်ဒေါ်လာ တန်ဖိုးကျဆင်းနေခြင်းကြောင့် မြန်မာ- ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောတာကာငွေလဲလှယ်မှုဈေးကွက်တွင်လည်း တာကာငွေတန်ဖိုးများ ဆက်တိုက်ကျဆင်းလာခဲ့ရာ ဇန်နဝါရီလဆန်းပိုင်းတွင် တာကာငွေတစ်ရာကို ဝယ်ဈေး ၁,၀၆၀ ကျပ်နှင့် ရောင်းဈေး ၁,၁၇၀ ကျပ် ပေါက်ကြောင်း သတင်းရရှိသည်။ ယခုကဲ့သို့ တာကာငွေတန်ဖိုးများ ဆက်တိုက်ကျဆင်းနေခြင်းကြောင့် မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့နေရသည့် ပို့ကုန်သမားများအတွက်တွက်ခြေမကိုက်ဖြစ်နေကြောင်း ရေထွက်ပစ္စည်းတင်ပို့သူတစ်ဦးက ပြောသည်။


ဘင်္ဂလားဒေ့ရှ်တာကာငွေတန်ဖိုးဆက်တိုက်ကျဆင်းနေမှုကြောင့် ပို့ကုန်သမားအချို့မှာ ပို့ကုန်ပစ္စည်းများကို တင်ပို့ရန်သို့မဟုတ် သိုလှောင်ထားရန်ချင့်ချိန်နေကြကြောင်း သိရသည်။ တာကာငွေတန်ဖိုးများကျဆင်းချိန် သွင်းကုန်သမားအချို့ပိုမိုတင်သွင်းကာ သိုလှောင်ထားမှုများ ရှိနေကြောင်းနှင့် ဒီဇင်ဘာလကုန်ပိုင်း တာကာငွေပေါက်ဈေးမှာ တာကာတစ်ရာကို ဝယ်ဈေး ၁,၂၁၀ ကျပ်၊ ရောင်းဈေး ၁,၂၁၅ ကျပ်နှုန်းရှိခဲ့ကြောင်း သိရသည်။

## အင်းလေးဒေသကျေးရွာအုပ်စုအားလုံး လျှပ်စစ်မီးလင်းရေး ဒေသခံများပါဝင်ဆောင်ရွက်

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ- ၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေးဒေသ၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ အင်းထဲကျေးရွာများမှ မီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ အလှူငွေများထည့်ဝင်လျက်ရှိကြောင်း ဒေသခံများထံမှသိရသည်။



အင်းလေးဒေသတွင် ဟဲယားရွာမ၊ အင်းပေါခုံ၊ နမ့်ပန်၊ အင်းခြုံ၊ သာလေး၊ မိုင်းပျိုစုရှိ ကျေးရွာ ၂၀ ခန့်မှာ လျှပ်စစ်မီးရရှိပြီး ယခုကျေးရွာအုပ်စု ၁၅ အုပ်စု ကျေးရွာ ၆၀ ခန့်လျှပ်စစ်မီးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါ လျှပ်စစ်စီမံကိန်းသည် ကျပ်သိန်းပေါင်း ၁၅,၀၀၀ ခန့်ကုန်ကျမည်ဖြစ်ပြီး လျှပ်စစ်ဝန်ကြီးဌာနမှ ခေါင်တိုင်ကျေးရွာတွင် ဓာတ်အားခွဲရုံတစ်ခုကို တည်ဆောက်ပေးပြီး ဓာတ်တိုင်များ လျှပ်စစ်ကြိုးတပ်ဆင်မှုလုပ်ငန်းများကို ၂၀၁၁ ဧပြီလအတွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်းလေးဒေသကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ကော်မတီဝင်တစ်ဦးကပြောကြားသည်။




# တရုတ်နိုင်ငံသို့ ဖရဲတင်ပို့မှု ထက်ဝက်တက်

**ဖိုးကျော်မြင့်**

ပဲခူး၊ ဇန်နဝါရီ- ၃

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ပဲခူးမြို့နယ်နှင့် ရန်ကုန်တိုင်း ဒေသကြီးလှည်းကူးမြို့နယ်တို့ရှိ ဖရဲခင်းများမှ အသီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ တရုတ်နိုင်ငံသို့ တင်ပို့ရန် ၁၀ ဘီးကားကြီးများဖြင့် ဝယ်ယူနေကြသဖြင့် ဖရဲစိုက်တောင်သူများမှာ မနှစ်ကထက်ဝင်ငွေပိုမိုရရှိနေလျက်ရှိကြောင်း သာယာကုန်းကျေးရွာမှ ဖရဲစိုက်တောင်သူတစ်ဦးကပြောသည်။



စိုက်ပျိုးသူများ ခွက်ခွက်လန်ရှုံးခဲ့သော ၂၀၀၉ခုနှစ်က ဝယ်သူမျှော်နေသည့် မုံရွာမြို့နယ်မှ ဖရဲသီးပုပ်များ။

တရုတ်ပြည်သို့ တင်ပို့သည့်ကုန်သည်များမှာ ဖရဲစိုက်ခင်း အရောက် အခင်းပြတ်စနစ်ဖြင့် လည်းကောင်း၊ ဖရဲသီး တစ်လုံးလျှင် သောင်းပြောင်းဈေး ၁,၀၀၀ ကျပ်နှုန်းဝန်းကျင်ဖြင့်လည်းကောင်း ဝယ်ယူမှုစနစ်မျိုးကို အသုံးပြုကာ ဝယ်ယူပြီး ဖရဲသီးများကို ၁၀ ဘီးကားများဖြင့် တင်ကာနေ့စဉ်လိုလို တင်ပို့ပေးနေကြလျက်ရှိသည်။




အောက်မြန်မာပြည်၏ ဖရဲသီးလှိုင်လှိုင်ပေါ်ချိန်မှာ တစ်နှစ်လျှင် ဒီဇင်ဘာလမှ ဧပြီလအထိငါးလကြာမျှရှိကြောင်း သိရသည်။

ဖရဲသီးများ တရုတ်နိုင်ငံဈေးကွက်တင်ပို့မှုကြောင့် ပြည်တွင်း ရောင်းဖရဲသီးသည်များမှာ ယခုအခါ ဖရဲသီး တစ်လုံးလျှင် ၁,၀၀၀ ကျပ်မှ ၂,၅၀၀ ကျပ်အထိ ရောင်းချနေရကြောင်း ဖရဲသီးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်ကဆိုလျှင် ဖရဲသီး တစ်လုံးလျှင် ၅၀၀ ကျပ်မှ ၁,၅၀၀ ကျပ်အထိသာ ဈေးရှိခဲ့သည်။

ယခုနှစ်တွင် တရုတ်(တိုင်ပေ)ဖရဲ၊ ဂျပန်ဖရဲ(အသားဝါ) ဂျပန်ဖရဲ (အခွံဝါ)စသည့် အမျိုးအစား ၃ မျိုးသာ အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

# ရွှေ့ပြောင်းအလုပ်သမားတွေကို ကူညီနေတဲ့ ကျောက်စိမ်းမြေ

ယဉ်ယဉ်သိန်း(နဘား)



ရွှေ့ပြောင်းအလုပ်သမားတွေကတော့ မိုးတွင်းအချိန်မှာပင် ပုံမှန်မပျက်ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်လျက်ရှိနေတာ တွေ့ရတယ်။ မန္တလေးကနေ နေ့စဉ်ပြေးဆွဲပေးနေတဲ့ မီးရထားတွေမှာ ခရီးသွားတွေ ရှိနေတုန်းပဲ။ ကချင်ပြည်နယ်တွင်းက ရွှေလုပ်ငန်းတွေနဲ့ကျောက်စိမ်းမှော်တွေမှာ အလုပ်အကိုင်ရှာဖွေကြဖို့ ဒေသပေါင်းစုံက လူတွေ ရထားလမ်းကနေ ရောက်ရှိခဲ့ကြတာပါပဲ။ မြန်မာပြည်အရပ်ရပ်မှ ရောက်ရှိလာသူတွေအားလုံးကိုပဲ ကချင်ပြည်နယ်တစ်ဝန်းက အလုပ်အကိုင်မျိုးစုံ ပေးထားနိုင်တာကလည်း ကချင်မြေရဲ့ ထူးခြားမှုတစ်ခုလို့ပြောရမှာဖြစ်တယ်။ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းဘူတာကိုရထားတွေမဆိုက်ရောက်မီမှာပဲခရီးသည် ရှာဖွေတဲ့လူတွေက ရထားတွေကို ကြိုစောင့်ရင်း "ဖားကန့်၊ လုံးခင်း၊ တာမခံ၊ ဆိုင်းတောင် လိုက်မလား၊ ဘယ်နှယောက်လဲ. . .၊ မိုင်းနောင်၊ ညောင်ပင်၊ လုံးတုံ၊ အင်းတော်ကြီး၊ ဆယ်ဇင်း သွားကြမလား. . . ကားအဆင်သင့်ပဲ. . ချက်ချင်းထွက်ကြမယ်" ဆိုတဲ့ လူခေါ်သံတွေက မကြားချင်မှအဆုံးပဲ။

ကားပွဲစား လူခေါ်သမားတွေ ညွှန်းဆိုတဲ့ ဖားကန့်၊ လုံးခင်း၊ တာမခံ၊ ဆိုင်းတောင်၊ ဝေ့ခါ၊ ဟောင်ပါးဆိုတဲ့နေရာတွေက ရွှေရော ကျောက်စိမ်းရော နှစ်မျိုးထွက်တဲ့နေရာတွေပါ။ ဟိုပင်ကနေ သွားလို့ရတဲ့ မိုင်းနောင်၊ ညောင်ပင်၊ လုံးတုံ၊ အင်းတော်ကြီး၊ ဆယ်ဇင်းတို့ကတော့ ရွှေလုပ်ကွက်တွေ အပြိုင်းအရိုင်းတည်ရှိနေတဲ့နေရာတွေမို့ ရွှေ့ပြောင်းအလုပ်သမားတွေ သွားကြ လာကြ၊ အလုပ်သမားရှာဖွေကြနဲ့ ငွေနံ့သင့်တဲ့ဒေသတွေဖြစ်လို့ ငွေရှာဖို့ အသေအချာရေရာတယ်ဆိုပြီး အစဉ်အလာရှိကြတဲ့ဒေသတွေပေါ့။ ရွှေတွင်းတွေ အတော်များများကပဲ အမြဲမပြတ်ဆိုသလို အလုပ်သမားလိုအပ်ချက်ရှိနေခဲ့လို့ ရွှေဘို၊ ဝက်လက်၊ ရေဦး၊ မုံရွာ၊ မန္တလေးဘက်တွေက တောနယ်သားတွေကို တခုတ်တရရှာဖွေခဲ့ကြတယ်။ အဲဒီတောနယ်ကျေးလက်နေ အညာသားတွေဟာ ကြံ့ကြံ့ခံနိုင်သလို ဖွဲ့လည်း ကောင်းတဲ့အတွက် မက်မက်မောမောနဲ့ ရလိုခဲ့ကြတာပဲ။ ရွှေလုပ်ငန်းနဲ့ အကျွမ်းတဝင်မရှိလည်း ဘာမှ ပြဿနာမဖြစ်ဘူး။ အလုပ်ဆိုတာက တတ်ကျွမ်းတဲ့သူတွေနဲ့ တွဲလုပ်သွားတာနဲ့ မျက်စိရည် နားရည်ဝပြီး ခဏနဲ့ တတ်ကျွမ်းသွားကြတာမို့ ဖွဲ့ရှိတဲ့သူ၊ ကျန်းမာသန်စွမ်းတဲ့သူတွေကို အဓိက ရရှိလိုကြတာပဲဖြစ်တယ်။

ရွှေမှော်၊ ကျောက်စိမ်းမှော်တွေရှိရာဆီသို့ ကားတွေကတော့ မိုးတွင်းမှာတောင် မနားစတမ်းမောင်းနှင်နေကြပါတယ်။ဟိုတုန်းက လွန်ခဲ့တဲ့ ၁၂ နှစ်ကျော်လောက်ကတော့ ကားလမ်းတွေက ရွှံ့တွေ၊ ဗွက်တွေ တောထနေတာကြောင့် ကားတွေ သွားမရဖြစ်တာမို့ မိုးတွင်းအချိန် ကားသွားနိုင်ဖို့ ခက်ခဲခဲ့ရတယ်။ ဒီဘက်ကာလရောက်ခဲ့တော့ စက်ယန္တရားတွေနဲ့ မကြာခဏဆိုသလို ပြုပြင်မှုတွေရဲ့ အကျိုးဆက်အနေနဲ့ မိုးတွေ ဘယ်လောက်ပဲရွာရွာ၊ ရေတွေ ဘယ်လိုပဲစီးစီး ကားလေးတွေက လမ်းတစ်လျှောက် မပြတ်လပ်ခဲ့ဘူး။ လတ်တလော ပြုပြင်မွမ်းမံထားတဲ့ကားလမ်းတွေမှာတော့ သွားရလာရတာ အခက်အခဲသိပ်မတွေ့လှဘူး။ ဒါပေမဲ့ ကားလမ်းတွေမှာ အများဆုံးကတော့ လမ်းပေါ်မှာ ရွှံ့တွေနဲ့က နယ်ဝေးတွေက စေးကပ်ကပ်ဖြစ်နေဆဲအခြေအနေမှာ ရှိနေတယ်။ ကာမိုင်းမြို့အထိတော့ လမ်းက အဆင်ပြေပါတယ်။ လုံးခင်းနယ်ထဲ ဝင်ခဲ့ပြီး ဖားကန့်၊ ဆိုင်းတောင်၊ မှော်စီစာဒေသတွေမှာရောက်တာနဲ့ ကျောက်စိမ်းလုပ်ငန်းကြီးတွေဆီက နေ့စဉ်အံထွက်လျှံကျလာခဲ့တဲ့မြေစာတွေကို မြေသယ်ကားကြီးတွေ သယ်ယူပြီး သွားလာနေကြတာမို့ မိုးရွာထားတဲ့ရေတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ကားလမ်းတွေအားလုံး ရွှံ့စေးတွေ ထူထပ်ပြီး ဗွက်အိုင်တွေဖြစ်နေခဲ့ရတာက ဖားကန့်မြို့နယ်အတွက် မိုးတွင်းကာလ ငြီးငွေ့စရာမြင်ကွင်းလိုဖြစ်နေတယ်။ ကားလမ်းတွေပေါ် လမ်းသွားလမ်းလာတွေဆိုရင် ဖိနပ်တွေကို လက်က ကိုင်ဆွဲပြီးမှ ရွှံ့တွေအပေအကျံဖြစ်ရင်း လမ်းသွားနေကြရတာ။ လမ်းပေါ်တစ်လျှောက်လုံးမှာ ဆိုင်ကယ်တွေရော. . . ကားကြီး၊ ကားငယ်တွေရော စုံလို့ သွားလာနေကြတော့ လမ်းဘေးက လူတွေဆီ ရွှံ့စဉ်တာ အသာထား၊ ကားပေါ်က ထိုင်စီးနေတာ တောင် ကားဘီးတွေဆီက လွင့်စဉ်လာတဲ့ ရွှံ့တွေဟာ တစ်ခါတစ်ရံ မျက်စိထဲကိုတောင် ရောက်လာတာပဲ။

ရွှေမှော်၊ ကျောက်စိမ်းမှော်တွေဆီ ထွက်ခွာလာရတဲ့ခရီးစဉ်မှာ ဖားကန့်မြို့ကနေ တာမခံကို ခရီးဆက်ခဲ့တော့ တောင်ဆင်းတောင်တက်တွေမှာ အခြားအခြားသောကားတွေကို လှမ်းကြည့်လိုက်ရာမှာ မြေသားတွေက အိပျော့နေတဲ့အထဲ ကုန်တင်ကားကြီးတွေရဲ့ တောင်ပေါ်ကနေ တစ်လိမ့်ချင်း လိမ့်ဆင်းနေပုံတွေက ကြည့်ရတာ တကယ့်အသည်းထိတ်စရာကောင်းတယ်။ ဖိုးဝိုးကားတွေနဲ့ ဗင်ကားတွေမှာက ခရီးသည်တွေ အများဆုံးစီးနေကြတယ်။ ဝေ့ခါကနေ တောင်ဆင်းတောင်တက် အသွယ်သွယ်ဖြတ်ကျော်ခဲ့ပြီးမှာတော့ မိုးများထားတာက တစ်ကြောင်း၊ ကားတွေအဆင့်ဆင့် တက်လိုက်ဆင်းလိုက်ပြုလုပ်ခဲ့တာက တစ်ကြောင်းမို့ ဗင်ကားလေးတွေဟာ အနည်းငယ်မတ်စောက်နေတဲ့ တောင်တက်ကလေးကို မတက်နိုင်ကြတော့ဘူး။ ရှိသမျှလူတွေ သူ့ကားကိုယ့်ကား စုပေါင်းပြီး ဝိုင်းတွန်းကြရတယ်။ ကားလေးက မရပ်မနားရုန်းလိုက်၊ တက်လိုက်. . . ကြာတော့ လက်လျှော့လိုက်ရရော။ အဲဒီနေရာမှာတင် ကားတွေ ဆယ်စီးလောက် အလှည့်ကျရပ်စောင့်ကြရတယ်။ မိုးလည်းချုပ်နေပြီ။ မှောင်နက်မည်းမည်းထဲမှာပဲ ပါလာသမျှသော ဓာတ်မီးလေးတွေ ထွန်းညှိကြရင်း ကားသမားတွေက သံချိန်းကြိုးတွေဆက်ရင်း နောက်ဘက်က ဘီးနှစ်ခုလုံးမှာ ချိန်းတွေပတ်ပြီး တက်နိုင်ဖို့ အားထုတ်ကြတာတွေ့ရတယ်။ အဲဒီတော့မှ စာရေးသူတို့ လိုက်ပါခဲ့တဲ့ ဗင်ကား ရုန်းတက်လိုက်နိုင်တယ်။ ဒီလိုပဲ တခြားကားတွေလည်း ချိန်းပတ်ပြီးမှ အောင်အောင်မြင်မြင်သွားလာနိုင်ခဲ့ကြတာပဲ။

မိုးထဲ ရေထဲမှာ ဖားကန့်၊ လုံးခင်း၊ မှော်စီစာကနေ ဆိုင်းတောင်ကားလမ်းတစ်လျှောက် ကျောက်တူးသမားတွေရဲ့ မရပ်မနားလှုပ်ရှားမှုပုံရိပ်သွင်ပြင်တွေ မြင်ခဲ့ရတယ်။ လုပ်ကွက်ကျယ်ပြောတဲ့ ကုမ္ပဏီကြီးတွေဟာ သူ့ထက်ငါ အပြိုင်အဆိုင်လုပ်ကိုင်နေကြတာတွေက အံ့သြစရာပါပဲ။ မြေဧရိယာအကျယ်အဝန်းကြီးထဲမှာပဲ အလုပ်သမားအဆောင်ကြီးတွေက ကျယ်ကျယ်ပြန့်ပြန့်နဲ့ဆိုတော့ အားကျစရာမြင်ကွင်းတွေဖြစ်ခဲ့ရတယ်။ ဖားကန့်၊ လုံးခင်းအနီးဝန်းကျင်က ကျောက်စိမ်းရှာဖွေရေးလုပ်ငန်းတွေမှာ ရွှေရောကျောက်ရော နှစ်မျိုး နှစ်စားခံစားရရှိတဲ့အခွင့်အရေးကြောင့် အခြားနေရာမှာထက် နှာတစ်ဖျားသာတယ်လို့ပြောကြတယ်။

ရတနာမြေဖြစ်တာနဲ့အညီ ရွှေနဲ့ ကျောက်စိမ်းတို့လို အမာခံရတနာတွေက သုံးမကုန် စွဲမကုန်နိုင်လောက်အောင် ဖောခြင်းသောခြင်းထွက်နေခဲ့တာမို့ ဝေးလံခေါင်ဖျားပြီး လူတွေ အရောက်နည်းပါးရာ တောစွန်တောင်ဖျားဖြစ်နေတဲ့ ပစ္စန္တရာဇ်လို ဒေသဟာ နှစ်ပေါင်း ၂၀ ကျော် ၃၀ ကာလအတွင်းမှာပင် လူတွေ အစုလိုက်အပြုံလိုက် ရောက်ရှိပြီး ရပ်တည်အခြေချခဲ့ကြရင်း တရွေ့ရွေ့နဲ့ပဲ ကြီးထွားမှုအရှိန်အဟုန်ဟာအမြင့်ဆုံးအထိ တည်တံ့လာခဲ့ရခြင်းနဲ့ အတူ လူနေတိုက်တာအဆောက်အဦတွေရော၊ ကျောင်းကန် ဘုရားစေတီတွေပါ ဝေဝေစည်စည်နဲ့ ရှင်သန်ခဲ့ရပြီး မြို့ပြကြီးတစ်ခု မယုံနိုင်လောက်အောင် ငွါးငွါးစွင့်စွင့်နဲ့။ အဲဒါဖားကန့်မြို့ပါပဲ။ ဖားကန့်ဟာ ရွှေမှော်တွေ ကျောက်စိမ်းမှော်တွေကြောင့် တစ်အုံတစ်မ. . တစ်ဖွဲ့ တစ်နွဲ့ လာရောက်ကြသူတို့ စုဝေးရပ်တည်ရာ မြို့ပြအသွင်နဲ့ ဖြစ်လာပါပြီ။

တောင်တန်းကြီးတွေဟာ စက်ယန္တရားတွေရဲ့ တရစပ် ထိုးနှက်ချက်ကြောင့် ပကတိမြေပြင်တွေဖြစ်သွားခဲ့ရတယ်။ ပြောင်းလဲမှုတွေကတော့ အတောမသတ်ခဲ့ဘူးလို့ ဖားကန့်မှာ အနှစ် ၂၀ လောက် အခြေချခဲ့တဲ့ ကျောင်းဆရာတစ်ဦးက ပြောပြရဲ့။ မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေ တနင့်တပိုးနဲ့ ပုဆိုးတစ်ထည်၊ အင်္ကျီတစ်ထည်နဲ့ပဲ စွန့်ခွာရောက်ရှိလာကြပြီး ဒီမြေမှာပဲ ကိုယ်ပိုင်တိုက်တာနဲ့ ကိုယ်ပိုင်လုပ်ငန်းနဲ့ အခြေတွယ်နေခဲ့ကြသူတွေလည်း အများကြီးပဲ။ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုတဲ့ထုံးကို နှလုံးမူပြီးသကာလ မခံချင်စိတ်ကြောင့် ဇာတိမြေမှာ နာနာကျင်ကျင် ကျောခိုင်း ရွှေ့ခွာလာခဲ့ကြသူအချို့တောင် အခုတော့ ဒီနယ် ဒီဒေသမှာ ရာအိမ်မှူးဘဝနဲ့ လှုပ်ရှားနေကြသူတွေလည်း မနည်း။ အနေကြာတော့ ဒီနေရာမှာ ကြင်ယာနဲ့ ခင်စရာနဲ့ ခုံမင်စရာဘဝတွေ စိုက်ထူခဲ့ကြသူတွေလည်း မနည်းမနောပါ။

ဖားကန့်၊ ဆိုင်းတောင်၊ တာမခံဆိုတဲ့ မက်လုံးကြီးကြီး၊ အပြောင်းအလဲကြီးကြီးတွေ ရလိုသူတွေရဲ့ ချက်မြှုပ်တစ်ခုသဖွယ် ထင်ဟပ်လာခဲ့ရတဲ့ ရတနာမြို့ပြကို ရာသီဥတုမရွေး သွားလာနိုင်ခဲ့တာမို့ ဟိုးတစ်ချိန်တုန်းကလို ပွင့်လင်းရာသီရောက်မှ အလွယ်တကူသွားလာနိုင်တာ မဟုတ်တော့ဘူး။ မိုးတွေ စိုရွှဲနေချိန်မှာတောင် ဖားကန့်မြေကို ထွက်ခွာပေးဖို့ ခရီးသည်စောင့်မျှော်နေတဲ့ကားတွေဆိုတာ မိုးညှင်း၊ ဟိုပင်နဲ့ မိုးကောင်း၊ မြစ်ကြီးနားမှာ မပြတ်တော့ဘူး။ လူတွေကလည်း ပြတ်တယ်ရယ်လို့ မရှိပါဘူး။ ရွှေတူးသွားဖို့၊ ကျောက်တူးသွားဖို့ဆိုပြီး ရပ်ရွာတွေကို စွန့်ခွာရင်း မိသားစုအလိုက်၊ ဆွေမျိုးအဖွဲ့လိုက်. . . အချို့ကျတော့ ရွာက လူတွေအကုန်လုံးပဲ စွန့်စားပြီး တက်လာခဲ့ကြတာပဲ။ ရွာမှာတော့ အသက်ကြီးတဲ့လူတွေနဲ့ အိမ်စောင့်အဖြစ်ချန်ရစ်ခဲ့တဲ့ ခွေးတွေနဲ့ ကျွဲ၊ နွားတွေလောက်ပဲ ကျန်ရစ်တော့တယ်လို့ လူတစ်ဦးကပြောတယ်။

ဒါလည်း. . . ဖြစ်နိုင်တယ်။ ရွာမှာက ရှာရဖွေရတာမလွယ်ဘူး။ နေကုန်အောင်လုပ်မှ လုပ်ခ ၁၂၀၀ ကျပ်လောက်ပဲရတာဆိုတော့ လုပ်အားခရှုံးတဲ့သဘော။ ဒီနယ်မြေမှာတော့ တစ်ရက်တည်းနဲ့ ကံကောင်းသွားနိုင်သလို. . တစ်လ နှစ်လလောက်နဲ့လည်း ပြောင်းလဲသွားနိုင်တာမဟုတ်လား။ ဒါမှမဟုတ် ကံမလိုက်သေးလို့ မရသေးလည်း စားပြီး သောက်ပြီး ခြေသလုံးကြီးဆိုတာလောက်ကတော့ ဖြစ်နိုင်သေးတယ်လေ။ ရတနာမြေဆိုတော့. . . ။ ။

RAY MYANMAR

URGENT - (T&B) INTERVIEW ON - 2nd WEEK JAN

ညနေပိုင်း-ညဦးပိုင်း
စိန်လျှံ မုန့်ဟင်းခါး
FOOD CENTER (၂၅) နှစ်မြောက် မှတ်တိုင်သစ်

7Day News ဂျာနယ်ကို အိမ်အရောက်မှာယူမှာယူထားကြသည့် စာဖတ်ပရိသတ်များသို့ အကြောင်းကြားခြင်း
ဂျာနယ်ဖိုးငွေလာရောက်ကောက်ယူရာတွင်
7Day News ဂျာနယ်အမှတ်အသားပါ အစိမ်းရောင် Receipt
ဘောင်ချာစာရွက်အားဂျာနယ်ဖိုးငွေလာရောက်ကောက်ခံသော
ဝန်ထမ်းထံမှတောင်းယူပါရန်နှင့် Receipt ဘောင်ချာမပါသော
ငွေပေးချေမှုမရှိရန် စာဖတ်ပရိသတ်ကြီးသို့
လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

## မျက်နှာဖုံး-ဇန်နဝါရီ ၃၁တွင် လွှတ်တော်သုံးရပ် တစ်ပြိုင်နက်ခေါ်ယူမည် မှ

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးများကို တစ်ရက်တည်း၊ တစ်ချိန်တည်းတွင် ကျင်းပရန် ခေါ်ယူလိုက်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

လွှတ်တော်အစည်းအဝေးများအား ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများရွေးချယ်တင်မြှောက်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ နေပြည်တော်ကောင်စီဥပဒေ စသည်တို့အပါအဝင် ဥပဒေနှင့် နည်းဥပဒေ ၁၇ခုပါ စာအုပ်များကို ရောင်းချသွားမည်ဖြစ်ကြောင်းကိုလည်း ပူးတွဲထုတ်ပြန်ကြေညာလိုက်သည်။

လွှတ်တော်သုံးရပ်ကို တစ်ပြိုင်နက်ခေါ်ယူမည်ဖြစ်ကာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကျင်းပမည့်နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံမှာ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာဒေသများတွင် ကျင်းပမည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်များကျင်းပသည့် အဆောက်အအုံများမှာ ရန်ကုန်တိုင်းဒေသကြီးမှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တည်ဆောက်နေဆဲဖြစ်ကြောင်း ပြည်နယ်နှင့်တိုင်း ဒေသကြီးများရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ စုံစမ်းသိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၈(က)အရ ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ရပ် ပထမနေ့တွင် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းအရေအတွက်၏ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်ဟု သတ်မှတ်ပြီး အကယ်၍ အထမမြောက်ပါက ရွှေ့ဆိုင်းကျင်းပရမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းတွင် ၂၀၁၀ ရွေးကောက်ပွဲရလဒ်ကြေညာချက်များအရ ကိုယ်စားလှယ်အရေအတွက်အများဆုံးပါတီအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၃၈၈ ဦးပါဝင်ကာ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ၂၁ဦး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက ၁၇ဦး၊ ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၁၆ ဦးနှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ၁၂ ဦးစသည်ဖြင့် ပါဝင်သည်။

လွှတ်တော်သုံးရပ်စလုံးတွင် လွှတ်တော်နေရာ ၁,၁၅၄ နေရာရှိပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်အတွက် စုစုပေါင်း ၄၉၃နေရာဖြစ်သည်။ ယင်းရွေးကောက်ခံကိုယ်စားလှယ်လောင်းများအပြင် လွှတ်တော်နှစ်ရပ်စုစုပေါင်းအရေအတွက်မှ ၂၅ ရာခိုင်နှုန်းသာ တပ်မတော်သားကိုယ်စားလှယ်များက ထပ်ပေါင်းပါဝင်မည်ဖြစ်သည်။

## မျက်နှာဖုံး-သက်ဆိုင်ရာက ကုန်စည်ဈေးနှုန်းများကို တစ်ပတ်တစ်ကြိမ် လိုက်လံစစ်ဆေးတော့မည်ဟုဆို မှ

လက်ရှိ ဈေးဝယ်စင်တာကြီးများ၌ ဖွင့်လှစ်ရောင်းချသောပစ္စည်းများတွင် အခွန်တံဆိပ်ကပ်၍ ရောင်းချရန် ညွှန်ကြားထားသောအရက်နှင့် စီးကရက်များအား သက်ဆိုင်ရာက လိုက်လံစစ်ဆေးလျက်ရှိသည်။ ပြင်ပဈေးကွက်တွင် အမေရိကန်ဒေါ်လာ၊ တရုတ် ယွမ်ငွေ၊ စင်ကာပူဒေါ်လာနှင့် ထိုင်းဘတ်ငွေတန်ဖိုးများ ကျဆင်းနေသော်လည်း ကုန်ပစ္စည်းဈေးနှုန်းများမှာမူ ဈေးမကျဘဲရှိနေကြောင်း သိရှိရသည်။




## မျက်နှာဖုံး-Mc Will ဖုန်းလျှောက်လွှာတင်ပြီး နှစ်ပတ်ခန့်ကြာမှ သုံးစွဲခွင့်ရမည် မှ

၂၀၀၈ ဘေဂျင်း အိုလံပစ်ပွဲတော်ကာလက တရုတ်နိုင်ငံတွင် သုံးစွဲခဲ့သော Mc Will(Multi Carrier Wireless Local Loop) Broad Band Data Auess System ဖုန်းကို မြန်မာနိုင်ငံတွင် နေပြည်တော် ကျောက်မျက်ရတနာပြပွဲသို့လာရောက်သည့် ကုန်သည်များအား စတင်ရောင်းချပေးခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ-နေလင်းအောင်

အဆိုပါ ဖုန်းများအား ရတနာပုံအိုင်စီတီပြပွဲတွင်သာမက ရန်ကုန်နှင့် မန္တလေးမြို့ရှိ ရတနာပုံတယ်လီပို့ရုံးခွဲများတွင် လျှောက်ထားနိုင်ပြီး၊ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့များတွင် ထိုဖုန်းများကို ရယူနိုင်ပြီဖြစ်ကြောင်း ရတနာပုံတယ်လီပို့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"လောလောဆယ်တော့သုံးဖို့ရတဲ့ မြို့တွေကို ရောင်းပေးနေပြီး ဖုန်းလိုင်းတွေကိုတော့ မဖွင့်ပေးရသေးဘူး။ နောက်နှစ်ပတ်လောက်နေမှစပြီး ဖွင့်ပေးမယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက ပြောသည်။

Mc Will ဖုန်းများအား စတင်ရောင်းချသည့် နေ့မှာပင် ပြပွဲအတွင်း လျှောက်လွှာ ၃၀၀ ခန့် ရောင်းချခဲ့ရသည်။ အဆိုပါ ဖုန်းလျှောက်ထားသူများမှာ ဖုန်းလျှောက်ပြီးသည်နှင့် သုံးစွဲရမည်ဟု ထင်ကြသဖြင့် မန္တလေးမှ ဒေသခံစီးပွားရေးလုပ်ငန်းရှင်အများအပြား လာရောက်လျှောက်ထားခဲ့ကြသည်။

"လျှောက်လွှာတင်ပြီးမှပဲ သိရတယ်။ ကျွန်တော်တို့ ဒီမှာရောက်နေတဲ့ လူအကုန်လုံးက ဒီဖုန်းကို ချက်ချင်းသုံးရမယ်ပဲ မှတ်နေကြတာ။ အခုက ဘယ်လောက်နေမှသုံးရမယ်ဆိုတာ သေချာမသိရဘူး"ဟု လာရောက်လျှောက်ထားသူ မန္တလေးမြို့မှ တည်းခိုခန်းပိုင်ရှင်တစ်ဦးကဆိုသည်။

ထိုလျှောက်ထားသူများမှာ လျှောက်လွှာစိစစ်ပြီး ငွေတောင်းခံလွှာရသည့်အချိန်တွင် မိမိနေထိုင်ရာ မြို့ရှိ ရတနာပုံတယ်လီပို့ရုံးခွဲများတွင် စက်ပစ္စည်းထုတ်ယူနိုင်ပြီး ကနဦးတပ်ဆင်ခ ကျပ်ငါးသိန်းနှင့် အင်တာနက်အသုံးပြုခအတွက် တစ်နှစ်လျှင် ခြောက်သောင်းကျပ် ပေးသွင်းရမည်ဖြစ်သည်။ အင်တာနက်ဖုန်း၏ (Data Speed) တစ်စက္ကန့်လျှင် အချက်အလက်စီးဆင်းနှုန်းမှာ 512 Kbps မှ 2Mbp အထိ အသုံးပြုနိုင်သည်ဟုဆိုသည်။ သို့သော် ဖုန်းရရှိသော ဧရိယာအတွင်း သုံးစွဲသူအနည်းအများပေါ်မူတည်၍ မြန်နှုန်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် Mc Will ကွန်ရက်မှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သာမက ခန္တီး၊ ဟုမ္မလင်း၊ ဗန်းမော်၊ ပင်လယ်ဘူး၊ ကလေးဝ အစရှိသည့် မြို့များတွင်ပါ ဖြန့်ကြက်နိုင်ပြီဖြစ်သည်။

ရတနာပုံတယ်လီပို့မှ ရောင်းချပေးသည့် Mc Will ဖုန်းကို (၉) ကြိမ်မြောက် အိုင်စီတီရက် သတ္တပတ်ပွဲတော်တွင် စတင် ရောင်းချပေးခဲ့ရာ ဝယ်ယူလိုသူအနေဖြင့် ကိုယ်တိုင် လျှောက်ထားရပြီး မှတ်ပုံတင်(သို့) သက်ဆိုင်သော ကတ်တစ်ခုခု၏မိတ္တူပါမှ ရောင်းချပေးသည်။

ပြပွဲတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များအတွက် Mc Will အသုံးပြုခွင့် လျှောက်လွှာများအား တစ်စောင်လျှင် တစ်ထောင်ကျပ်နှုန်းဖြင့် တစ်ထိုင်တည်း လျှောက်ထားနိုင်ရန် စီစဉ်ထားသည်။ သို့သော်လည်း မှတ်ပုံတင်မိတ္တူ တောင်းသည့်အတွက် လာရောက်လျှောက်ထားသူများ အခက်အခဲ ကြုံတွေ့ရကြောင်း ဖုန်းလျှောက်ထားသူများက ပြောသည်။

## မျက်နှာဖုံး - ငွေမာတန်ဖိုးကျ၍ ပို့ကုန်လုပ်ငန်းရှင်များ အထိနာ မှ

သွင်းကုန် လုပ်ငန်းရှင်တွေကတော့ နည်းနည်းခံသာဦးမယ်။ တချို့ပို့ကုန်လုပ်ငန်းတွေက ရပ်လုနီးပါးဖြစ်ကုန်တယ်"ဟု ပြည်တွင်း စီးပွားရေးလောကတွင် ငွေမာဟု သတ်မှတ်ထားသော အမေရိကန်ဒေါ်လာနှင့် ပို့ကုန်ရငွေတန်ဖိုးများ ကျဆင်းခြင်းနှင့်ပတ်သက်၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ပို့ကုန်လုပ်ငန်းရှင်တွေက အထိဆုံးပဲ။ ငွေတန်ဖိုးက ကျသွားတော့ ဘာမှမလုပ်ဘဲနဲ့တောင် ရှိနေတဲ့ငွေတွေက ကျုံ့သွားတာပေါ့။ ပို့ကုန်သမားတွေက ပို့ကုန်လိုင်စင်ရဖို့ ဘဏ်ထဲမှာ ဟိုဘက်က ဝယ်တဲ့သူက ပို့တဲ့ငွေ ကိုယ့်ဘာသာကိုယ် ငွေစာရင်းဖွင့်ထားရတယ်။ အဲဒီငွေတွေက ကျုံ့သွားတာပေါ့။ ကျွန်တော်တို့က ငွေတန်ဖိုးလျော့ရင် လျော့သွားပါစေ။ ဈေးငြိမ်ရင် လုပ်လို့ ကိုင်လို့ရတယ်။ အခုက ဈေးလည်း မငြိမ်ဘူး"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးဇော်ဝင်းကလည်း သူ၏အတွေ့အကြုံကို ပြောသည်။


အမေရိကန်ဒေါ်လာနှင့် ပို့ကုန်ရငွေတို့မှာ ဒီဇင်ဘာလကုန်ပိုင်းမှစတင်၍ ယနေ့အချိန်ထိ ဆက်တိုက်ကျဆင်းနေသည်။ ထို့အပြင် ၂၀၁၀ နှစ်ကုန်ပိုင်းနှင့် ၂၀၁၁ ဇန်နဝါရီလပထမပတ်အတွင်း အစိုးရရုံးပိတ်ရက်များသည့်အတွက် စီးပွားရေးလုပ်ငန်းအများစု လုပ်ငန်းလည်ပတ်မှုရပ်နားထားကြသည်။ သို့သော် ထိုသို့ စီးပွားရေးလုပ်ငန်းအများစု လည်ပတ်မှုမရှိသော်လည်း ငွေမာတန်ဖိုးများမှာ ဆက်တိုက်ကျဆင်းနေသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်များမှာ နေရင်းထိုင်ရင်း ရှိနေသည့်ငွေများ လျော့နည်းသွားခြင်းနှင့်ကြုံနေရပြီး အခက်တွေ့လျက်ရှိကြောင်း ၎င်းတို့ကပြောသည်။

ထိုအခြေအနေကြောင့် လုပ်ငန်းရှင်များမှာ ပို့ကုန်ရငွေတန်ဖိုးကျနေသည့်ကာလတွင် ပြည်ပသို့ ပို့ကုန်များ တင်ပို့မှုကို အားသွန်ခွန် စိုက်မလုပ်ကြဘဲ အခြေအနေကို စောင့်ကြည့်၍ လုပ်ကိုင်လျက်ရှိသည်။

သွင်းကုန်လုပ်ငန်းရှင်များမှာလည်း ပို့ကုန်ရငွေတန်ဖိုးကျဆင်းခြင်းကြောင့် ပြည်ပမှ သွင်းကုန်များ တင်သွင်းရာတွင် ပို၍ အဆင်ပြေလာသော်လည်း ယခုနှစ်ဆန်းမှစတင်၍ ကောက်ခံလာသော ပင်ရင်းငွေမှ နုတ်ယူပေးသွင်းအခွန်(With Holding Tax)ကြောင့် ဈေးချရန်ထက် ဈေးတက်ရန်သာ စိုင်းပြင်းလျက်ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။ သို့သော် ပြည်တွင်းဈေးကွက်၏ ဝယ်လိုအားလျော့နည်းနေခြင်းမှာလည်း သွင်းကုန်လုပ်ငန်းရှင်များကို အခက်တွေ့စေကြောင်း သတင်းရရှိသည်။

ဇန်နဝါရီလ အစိုးရရုံးပိတ်ရက်များအပြီး ဇန်နဝါရီ ၆ ရက်တွင် ပို့ကုန်ရငွေ တစ်ယူနစ်လျှင် ၉၀၅ ကျပ်ရှိပြီး၊ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၈၃၆ ကျပ်ဝန်းကျင်ဈေးပေါက်သည်။ အဆိုပါ ငွေလဲနှုန်းမှာ ဒီဇင်ဘာလကုန်ပိုင်းနှင့်ယှဉ်လျှင် ဒေါ်လာနှင့်ပို့ကုန်ရငွေ နှစ်မျိုးစလုံး တန်ဖိုးလျော့ကျလာခြင်းဖြစ်သည်။ အက်ဖ်အီးစီမှာလည်း တစ်ယူနစ်လျှင် ၈၀၅ ကျပ်ဈေးပေါက်သည်။

ငွေမာတန်ဖိုးများကျ၍ ငွေလဲနှုန်းတွင် မြန်မာငွေတန်ဖိုးပိုမာလာသော်လည်း ကုန်မျိုးစုံဈေးနှုန်းများမှာ ၂၀၁၀ နှစ်ဆန်းပိုင်းနှင့်နှစ်ကုန်ပိုင်းတွင် သိသိသာသာဈေးတက်လာသည်ကို တွေ့ရသည်။ ဆန်ချောဈေးနှုန်း၊ ဆီဈေးနှုန်း စသောစားသောက်ကုန်များမှစကာ ကုန်စည်ဈေးနှုန်း အများစုဈေးတက်လာသည်။



Education
7DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# NTU ဝင်ခွင့်များစတင်လျှောက်ထားနိုင်

သီဟ

ရန်ကုန်၊ဇန်နဝါရီ-၈

စင်ကာပူနိုင်ငံ၏ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သော Nanyang Technology University ၏ ၂၀၁၁ အတွက် ကျောင်းဝင်ခွင့်များစတင်လျှောက်ထားနိုင်ကြောင်း သိရသည်။

ယခုနှစ်စာသင်နှစ်အတွက် မဟာဘွဲ့သင်တန်းပေါင်း ၂၆ မျိုး လျှောက်ထားနိုင်ကြောင်းသိရပြီး မြန်မာနိုင်ငံမှကျောင်းသားများ အများဆုံး ဝင်ခွင့်ရသည့် ဘာသာရပ်များမှာ အင်ဂျင်နီယာဘာသာရပ်များနှင့် NTU ၏ကွန်ပျူတာမဟာဌာနတစ်ခုဖြစ်သော Wee Kim Wee School of Communication & Information လက်အောက်ရှိ ကွန်ပျူတာ ဘာသာရပ်များဖြစ်သည့် MSc Information Studies နှင့် MSc Information System တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ပျူတာဘာသာရပ်များတွင် အထက်ပါ ဘာသာရပ်နှစ်ခုအပြင် Master of Mass Communication နှင့် MSc (Knowledge Management)



အစရှိသည့်ဘာသာရပ်များလည်း ဝင်ခွင့်ရရှိမှုများပြားကြောင်း သိရသည်။

အင်ဂျင်နီယာဘာသာရပ်များ အနေဖြင့်လည်း MSc Civil Engineering, Power Engineering, Electronic, Mechanical စသည့် ဘာသာရပ်များလည်း ဝင်ခွင့်ရရှိမှုများပြားကြောင်း သိရသည်။

ကျောင်းလျှောက်ထားလိုသူများ သတိပြုရမည့် အချက်တစ်ခုမှာ လျှောက်လွှာပိတ်ရက်သည် လကုန်ရက်ဖြစ်သော်လည်း အွန်လိုင်းမှ အထောက်အထား စာရွက်စာတမ်းများတင်ရာတွင် ကွန်နက်ရှင် အခက်အခဲရှိနိုင်သဖြင့် ကြိုတင်လျှောက်ထားသင့်ကြောင်းCrown Educationက အကြံပြုပြောကြားထားသည်။ အဆိုပါ ကျောင်းဝင်ခွင့်ဆိုင်ရာ အချက်အလက်များအား ယခုလ ၁၅ရက်တွင် Crown Education ရုံးခန်း၌ ရှင်းလင်းပြောကြားမည်ဖြစ်သည်။

# နိုင်ငံတကာကျောင်းအချို့ ပြည်တွင်း လာရောက်ဖွင့်လှစ်ရန် စိတ်ဝင်စား

ရန်ကုန်၊ ဇန်နဝါရီ - ၇

နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်ကျောင်းအချို့သည် ပြည်တွင်း၌ လာရောက်၍ ကျောင်းတည်ထောင်ဖွင့်လှစ်ရန် စိတ်ဝင်စားမှုများရှိကြောင်း ပညာရေးဝန်ဆောင်မှုကုမ္ပဏီအချို့ထံမှ စုံစမ်းသိရသည်။

မြန်မာကျောင်းသားများအနေဖြင့် နိုင်ငံတကာပညာရေးအား စိတ်ဝင်စားမှု မြင့်တက်လာခြင်းကြောင့် ပြည်တွင်း၌ ကျောင်းတည်ထောင်ရန် ပြည်ပကျောင်းများမှ စိတ်ဝင်စားလာကြခြင်းဖြစ်သည်။

"သူတို့က ကိုယ်ပိုင်ကျောင်းအနေနဲ့ ဖွင့်ချင်တာပါ။ ကိုယ်ပိုင်ကျောင်းဝင်းနဲ့ အစိုးရအသိအမှတ်ပြုကျောင်းဖြစ်ချင်တာပါ။ အဲဒီလိုမျိုး မဖြစ်နိုင်တဲ့အတွက် နောက်ဆုတ်သွားတာပါ"ဟု ပြည်ပတက္ကသိုလ်တစ်ခု၏ ပြည်တွင်းတာဝန်ခံတစ်ဦးကပြောသည်။

အဆိုပါကျောင်းသည် အိမ်နီးချင်းနိုင်ငံများတွင် ကျောင်းခွဲများ ဖွင့်လှစ်ထားပြီးဖြစ်ကာ မြန်မာနိုင်ငံတွင်လည်း ကျောင်းခွဲဖွင့်လှစ်နိုင်ရန် လေ့လာစုံစမ်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိချိန်တွင် ပြည်တွင်း၌ နိုင်ငံတကာကျောင်းများနှင့် ချိတ်ဆက်၍ ဖွင့်လှစ်သောသင်တန်းကျောင်းများနှင့် နိုင်ငံတကာကျောင်းများ၏ သင်ရိုးညွှန်းတန်းများယူ၍ သင်ကြားသော သင်တန်းကျောင်းများသာရှိပြီး ပြည်ပနိုင်ငံမှ ကျောင်းများ တိုက်ရိုက်လာရောက်ဖွင့်လှစ်သော သင်တန်းကျောင်းများ မရှိသေးပေ။

# ၂၀၁၁ အတွက် IELTS စာမေးပွဲ အချိန်စာရင်းထွက်

နေလင်းထွန်း

ရန်ကုန်၊ ဇန်နဝါရီ- ၇

မြန်မာကျောင်းသားများ နိုင်ငံရပ်ခြားပညာသင်အခွင့်အလမ်းအတွက်ဖြေဆိုနေကြသော အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ (IELTS)၏ ၂၀၁၁ ခုနှစ်အတွက် စာမေးပွဲအချိန်စာရင်းထွက်ရှိလာကြောင်းသိရသည်။

၎င်းစာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းမည့်သူများအနေဖြင့် နိုင်ငံကူးလက်မှတ်၊ သို့မဟုတ်နိုင်ငံသားကတ်နှင့် ၆လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံယူဆောင်လာရမည်ဖြစ်သည်။မသန်စွမ်းကျောင်းသားများ စာမေးပွဲဖြေဆိုမည်ဆိုပါက အထူးစီမံဆောင်ရွက်နိုင်ရန် တောင်းဆိုနိုင်ကြောင်းသိရသည်။ စာမေးပွဲကြေးမှာ အမေရိကန်ဒေါ်လာ ၁၄၅ဖြစ်ပြီး ၎င်းဈေးနှုန်းမှာ ၂၀၁၁ခုနှစ်မတ်လထိဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)ဝက်ဘ်ဆိုက်မှသိရသည်။

## ပညာရေးသတင်းတိုများ

### မန်းတွင် ဒီဇိုင်းပညာလက်တွေ့ အသုံးချမှု ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန်၊ ဇန်နဝါရီ – ၆

မန္တလေးမြို့တွင် ဒီဇိုင်းပညာလက်တွေ့အသုံးချမှု ဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၆ရက်တွင် ဟိုတယ်မန္တလေး၌ နံနက် ၉နာရီမှ နေ့လယ် ၁၂နာရီအထိကျင်းပမည်ဟု Raffles ပညာရေးဝန်ဆောင်မှုမှသိရသည်။ ယူကေမှ ဒီဇိုင်းပညာရှင်များလက်တွေ့သင်ကြားဆွေးနွေးပို့ချမည်ဖြစ်ပြီး အသက် ၁၆နှစ်မှ ၂၈နှစ်အတွင်းရှိ ကျောင်းသားများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်းသိရသည်။

### စင်ကာပူသူနာပြုဒီပလိုမာ သင်တန်းကျောင်း၏ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန်၊ ဇန်နဝါရီ – ၈

စင်ကာပူနိုင်ငံရှိ Parkway College တွင် သူနာပြုဒီပလိုမာသင်တန်းကျောင်း၏ ပညာရေးဟောပြောပွဲကို ဇန်နဝါရီလ ၂၀ ရက်၊ ညနေ ၄နာရီတွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဟုသိရသည်။ ဟောပြောပွဲတွင် ကျောင်းဝင်ခွင့်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုဒီပလိုမာသင်တန်းအကြောင်း ဆွေးနွေးပြောကြားမည်ဖြစ်ကြောင်း SYM ပညာရေးမှ သိရသည်။

### မလေးရှားတက္ကသိုလ်တက်ခဲ့သော ကျောင်းသားတစ်ဦးကဆွေးနွေးပွဲကျင်းပမည်


ရန်ကုန်၊ ဇန်နဝါရီ – ၈

မလေးရှားနိုင်ငံရှိ ကာတင်းတက္ကသိုလ်တွင် ပညာသင်ယူနေသော ကျောင်းသားတစ်ဦး၏ ပညာရေးဆွေးနွေးပွဲအား ဇန်နဝါရီလ ၁၈ရက် နေ့လယ် ၁နာရီခွဲမှ ၃နာရီခွဲအထိ ပြုလုပ်မည်ဟု သိရသည်။ ၎င်းတက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူလိုသော ကျောင်းသားများအနေဖြင့် ရွှေဘုံသာလမ်းရှိ MSI ပညာရေးဝန်ဆောင်မှုရုံးခန်း၌ လာရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရသည်။

### ၂၀၁၁ ခုနှစ် IELTSစာမေးပွဲ အချိန်စာရင်း

| စာမေးပွဲဖြေဆိုရမည့်နေ့ရက် | စာရင်းပေးသွင်းရမည့်နေ့ရက် |
|---|---|
| ဇန်နဝါရီလ- ၁၅ | ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာ- ၁၀ |
| ဖေဖော်ဝါရီ- ၁၂ | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ- ၇ |
| မတ်လ- ၅ | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ- ၂၈ |
| ဧပြီလ- ၂ | ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ- ၂၅ |
| မေလ- ၇ | ၂၀၁၁ ခုနှစ်၊ ဧပြီလ- ၁ |
| ဇွန်လ- ၁၁ | ၂၀၁၁ ခုနှစ်၊ မေလ- ၆ |
| ဇူလိုင်လ- ၉ | ၂၀၁၁ ခုနှစ်၊ ဇွန်လ- ၁ |
| ဩဂုတ်လ- ၁၃ | ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ- ၈ |
| စက်တင်ဘာ- ၂၄ | ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ- ၁၉ |
| အောက်တိုဘာလ- ၂၂ | ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ-၁၆ |
| နိုဝင်ဘာလ- ၁၇ | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ- ၁၁ |
| ဒီဇင်ဘာလ- ၁၀ | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ- ၄ |



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

## ပညာရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာကုန်စည်ပြပွဲကျင်းပမည်

ဝတ်ရည်

ရန်ကုန်၊ ဇန်နဝါရီ - ၈

ပထမဆုံးအကြိမ်အဖြစ် ပညာရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာကုမ္ပဏီများ စုပေါင်းပြသသည့် ကုန်စည်ပြပွဲတစ်ခုကို တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း JADE CROWN Ogranizing Group မှ သိရသည်။

"အရင်တုန်းကတော့ ပညာရေးပြပွဲတွေကလည်း တစ်ခုချင်းစီပဲလုပ်ကြတာလေ။ အခုကတော့ မိသားစုတစ်စု၊ လူတစ်ဦးချင်းစီအတွက် အဓိကလိုအပ်တဲ့ပညာရေးနဲ့ကျန်းမာရေးကို တစ်နေရာတည်း ဝန်ဆောင်မှုပေးနိုင်အောင် ရည်ရွယ်ပါတယ်" ဟု အဆိုပါအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုပြပွဲတွင် International School များ၊ ပညာရေးဝန်ဆောင်မှုကုမ္ပဏီများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ အိမ်ဆောက်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်တွင်းနှင့် ခြံတွင်းအလှဆင်လုပ်ငန်းများ၊ နေထိုင်မှုဆိုင်ရာအသုံးအဆောင်လျှပ်စစ်ပစ္စည်းများ၊ ပြည်ပမှ ထုတ်လုပ်သောဆေးဝါးများ၊ ပြည်တွင်းမှထုတ်လုပ်သော တိုင်းရင်းဆေးများ၊ နိုင်ငံခြားမှ တင်သွင်းသော အစားအစာနှင့်အာဟာရများ၊ စာအုပ်ဆိုင်များနှင့် အဝတ်အထည် ကုမ္ပဏီများ စသည့်ဆိုင်ခန်းပေါင်းတစ်ရာကျော်ဖြင့် ပြသမည်ဖြစ်ကြောင်းသိရသည်။

တပ်မတော်ခန်းတွင် များသောအားဖြင့် လျှပ်စစ်ပစ္စည်းပြပွဲများ၊ နည်းပညာဆိုင်ရာပြပွဲများ၊ လူသုံးကုန်ပစ္စည်းပြပွဲများသာ ပြုလုပ်လေ့ရှိပြီး ပညာရေးနှင့် ကျန်းမာရေး၊ နေထိုင်ရေးဆိုင်ရာပြပွဲအား ပူးပေါင်းလုပ်ခြင်း မရှိခဲ့ကြောင်းသိရသည်။

ပြပွဲအား ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၆နာရီအထိကျင်းပမည်ဖြစ်ပြီး ရှိုင်းဆောက်လုပ်ရေးမှ အဓိကပံ့ပိုးပေးကြောင်း JADE CROWN မှ သိရသည်။

## EC ပညာ့ရိပ်သာ၏ ပညာသင်ဆု ဖေဖော်ဝါရီလကုန်အထိ လျှောက်ထားနိုင်

ရန်ကုန်၊ ဇန်နဝါရီ - ၇



EC ပညာ့ရိပ်သာတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ပညာသင်ဆုအတွက် ဖေဖော်ဝါရီလကုန် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

နှစ်စဉ်ပေးအပ်နေသော တက္ကသိုလ်ဝင်တန်းပညာသင်ဆုအတွက် ကျောင်းသား ၁၀ ဦး ရွေးချယ်ရန်ရည်ရွယ်ထားကာ ပြီးခဲ့သည့်နှစ်က ကျောင်းသား ၈ဦးအား ရွေးချယ်ခဲ့ကြောင်း ၎င်းကပြောသည်။

ပညာသင်ဆုအတွက် ယခုနှစ် နဝမတန်းဖြေဆိုမည့် ကျောင်းသားတိုင်း လျှောက်ထားနိုင်ပြီး သုံးနာရီကြာ ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ကာ အောင်မြင်သူများအား လူတွေ့စစ်မေး၍ အပြီးသတ်ရွေးချယ်ကြောင်းသိရသည်။

နယ်မှ ကျောင်းသားများအတွက် နီးစပ်ရာ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များတွင် ရွေးချယ်ရေးစာမေးပွဲများ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့် ရွေးချယ်ခံရသူများသည် တစ်နှစ်တာ သင်ကြားရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစရိတ်များအားလုံး ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ရွေးချယ်ခံရသူများသည် ပညာသင်ကြားစရိတ်များ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

EC ပညာ့ရိပ်သာသည်ပညာသင်ဆုအစီအစဉ်အား ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့၊ ၆(က)၊ နတ်မောက်လမ်း(ကန်တော်ကြီးပတ်လမ်း)တွင် တည်ရှိသည်။

## အိန္ဒိယစီမံခန့်ခွဲမှု ကျောင်းတစ်ကျောင်းက ၂၀၁၁အတွက် ပညာသင်ဆုများပေးမည်

နေလင်းထွန်း

ရန်ကုန်၊ ဇန်နဝါရီ - ၇

အိန္ဒိယနိုင်ငံအခြေစိုက် SP Jain Center of Management ကျောင်းမှ နိုင်ငံတကာ ကျောင်းသားများအား ၂၀၁၁ခုနှစ်အတွက် ပညာသင်ဆုများပေးအပ်မည်ဖြစ်ကြောင်း ATLS ပညာရေးဝန်ဆောင်မှုကုမ္ပဏီမှ သိရသည်။

ကျောင်းသားများ၏ ပညာရေးဆိုင်ရာအရည်အချင်းများအလိုက် ငါးဆယ်ရာခိုင်နှုန်းမှ တစ်ရာရာခိုင်နှုန်းအထိ ပညာသင်ဆု ပေးအပ်မည်ဖြစ်ပြီး တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိထားကာလုပ်ငန်းအတွေ့ အကြုံ ၂နှစ်ကျော် ရှိရမည့်အပြင် GMAT အောင်မြင်ထားရန်လိုအပ်ကြောင်းသိရသည်။ ထို့ပြင် လျှောက်ထားသူ ကျောင်းသား၏ လုပ်ငန်းတွင်းဆိုင်ရာ ဆောင်ရွက်ချက်၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာထူးချွန်မှုမှတ်တမ်းများကို ပူးတွဲတင်ပြလျှောက်ရထားရ ဟုသိရသည်။

SP Jain Center of Management ကျောင်းတွင် Bachelor of Business Administration (BBA), Global Masters in Business Administration (GMBA)နှင့် Executive Masters in Business Administration (EMBA) ဘာသာရပ်များကို သင်ကြားနိုင်ပြီး ယူအေအီး၊ စင်ကာပူနှင့် သြစတြေးလျနိုင်ငံတို့တွင် ကျောင်းခွဲများ ဖွင့်လှစ်ထားကြောင်းသိရသည်။

ဆေးဆိုင်အများအပြားနှင့် သူနာပြုအတွေ့အကြုံများစွာကို မွေးထုတ်ပေးခဲ့သည့်
**အောင်ချမ်းမြေ့**
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
[illegible]
ဖုန်း-၅၀၄၇၃၅၊ ၅၀၄၀၇၉၊ ၀၉-၅၁၃၂၂၇၉
[illegible]
"အောင်" ပြီး "ချမ်းမြေ့"မှုတွေ ရရှိရန် "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။
**တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)**
[illegible]
**နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)**
[illegible]
**သုံးလပြတ် အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)**
[illegible]
**အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် သင်ကြားနိုင်သည့်အချိန်များ**
(I) 06:30 am to 08:30 am (V) 01:30 pm to 03:30 pm
(II) 07:30 am to 09:30 am (VI) 04:30 pm to 06:30 pm
(III) 09:30 am to 11:30 am (VII) 05:30 pm to 07:30 pm
(IV) 12:30 pm to 02:30 pm
**နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ**
(I) သုံးလ (II)ခြောက်လ၊ (III)တစ်နှစ် ဒီပလိုမာသင်တန်းများ (တစ်ပတ်ငါးရက်သင်)
[illegible]
09:30 am to 03:30 pm
မှတ်ချက် - အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မှ သင်တန်းခွဲမရှိပါ။
(Open 6:00 am To 7:00 Pm) ပိတ်ရက်မရှိပါ။
http://www.acmnursing training.com




## မလေးရှား Social/ Visit Passဗီဇာ ထပ်မံထုတ်ပေးတော့မည်မဟုတ်ဟုဆို

သီဟ

ရန်ကုန်၊ဇန်နဝါရီ-၈

ယခုနှစ် ၂၀၁၁ မှစ၍မလေးရှားနိုင်ငံမှ Social/Visit Pass ဗီဇာများအား ထပ်မံပေးတော့မည်မဟုတ်ကြောင်း သိရသည်။

ယခင်က မလေးရှားနိုင်ငံသည် အဆိုပါဗီဇာများအား ရက်ပေါင်း ၃၀ပေးလေ့ရှိပြီးအဆိုပါဗီဇာသက်တမ်းကုန်လွန်ပါက Special Pass အသွင်ဖြင့် မလေးရှားနိုင်ငံတွင် ထပ်မံနေထိုင်နိုင်ပြီး အဆိုပါ ဗီဇာအမျိုးအစားအား မြန်မာနိုင်ငံမှ အချို့ကျောင်းသားများသည် ကျောင်းလျှောက်ထားပါက ကျောင်းဖွင့်ချိန်နီးသည်အထိ Student Pass Visa မရသေးပါက အထက်ပါ ဗီဇာအမျိုးအစားဖြင့် သွားရောက်လေ့ရှိကြကြောင်း ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Myanmar Search International မှမန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်ကပြောသည်။

ယခုပြောင်းလဲလိုက်သည့် မူအရ ကျောင်းသားများအနေဖြင့် ထိုကဲ့သို့ သွားရောက်ရန်မဖြစ်နိုင်တော့သဖြင့် ကျောင်းလျှောက်မည်ဆိုပါက ကြိုတင်လျှောက်ထားသင့်ကြောင်း ၎င်းကအကြံပေးပြောကြားသည်။ထို့အပြင် မလေးရှားနိုင်ငံသို့ Social Visit Pass အသွင်ဖြင့် သွားရောက်ပြီး ကျောင်းလျှောက်လိုသူများအတွက်လည်း အခက်အခဲဖြစ်နိုင်ကြောင်း သိရသည်။

Technology
7Day News Journal
Vol.9, No.38 • DECEMBER 16, 2010

# အိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် McWill နှင့် CDMA 800 MHz ဖုန်း ဝန်ဆောင်မှုသစ်တို့ကို စိတ်ဝင်စားမှုများ

နေလင်းအောင်

**ရတနာပုံ၊ ဇန်နဝါရီ - ၉**

နဝမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်သည် ပြည်တွင်းထုတ် နည်းပညာ၊ ထုတ်ကုန်များနှင့် ပြည်တွင်းမှာပင် ပြုလုပ်သည့်ဝန်ဆောင်မှုများအား ပြည်သူများထံသို့ တိုက်ရိုက်ဝန်ဆောင်ပေးသောပြပွဲဖြစ်ခြင်းကြောင့် ယခင်ပြပွဲများထက် ထူးခြားသောနှစ်တစ်နှစ်ဖြစ်ကြောင်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်ကပြောကြားသွားခဲ့သည်။

ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်သည့် ပြပွဲတွင် ရတနာပုံဆိုင်ဘာစီးတီးတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည့် ပြည်တွင်းအခြေစိုက်နည်းပညာစက်ရုံများဖြစ်သည့် Fisca၊ Yadanarpon Fiber၊ Huawei၊ Elite အစရှိသော နည်းပညာစက်ရုံများမှ ပြည်တွင်း၌ လည်ပတ်ထုတ်လုပ်၍ ဆက်သွယ်ရေးကဏ္ဍအတွက် ပံ့ပိုးမှုများကို ဝန်ကြီးကရည်ညွှန်းပြောဆိုသွားခဲ့သည်။

ယခုနှစ်ပြပွဲအား စိတ်ပါဝင်စားမှုရှိစေရန်အတွက် အဓိကအားဖြင့် အင်တာနက်သုံးနိုင်မည့် McWill ဖုန်းဝန်ဆောင်မှု၊ CDMA 800 MHz ဖုန်းများအတွက် အင်တာနက်ပေးသုံးမည့် ဝန်ဆောင်မှု စသည်တို့ဖြင့် လူလတ်တန်းစားများနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအား ဆွဲဆောင်နိုင်ရန် စီစဉ်သကဲ့သို့ လူငယ်များအတွက် ဂိမ်းပြိုင်ပွဲများပါထည့်သွင်းထားသည်ကိုတွေ့ရသည်။

"ဒီနှစ် ပရိုမိုးရှင်းကတော့ Mc Will ဖုန်းနဲ့ 800 MHz စတာတွေပေ့ါ။ အဓိကပြပွဲက ဒီလိုနည်းတွေနဲ့လည်း စိတ်ဝင်စားအောင်လုပ်ပေးရတာ၊ မှန်းထားသလောက်ကို ပြပွဲလာတဲ့လူများ ပါတယ်။ ဒါပေမဲ့ ကတ်ဖုန်းတွေချထားပေးတုန်းက ပွဲကိုတော့ မမီဘူး"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနမှ အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက ပြောကြားသည်။

ပြပွဲသို့ ပြည်ပကုမ္ပဏီများ၊ ဖိတ်ကြားထားသည့် နိုင်ငံခြားကုမ္ပဏီ ၇ ခုခန့် တက်ရောက်ခဲ့ပြီး ရတနာပုံဆိုင်ဘာစီးတီးတွင် ရင်းနှီးမြှုပ်နှံမှုပြုထားသည့် ကုမ္ပဏီများအပါအဝင် ကုမ္ပဏီ ၂၆ ခုက ပြခန်းပေါင်း ၃၀ ခန့်ပါဝင်ပြသခဲ့ကြသည်။

ယင်းကုမ္ပဏီများမှ McWill၊ 800 MHz ဝန်ဆောင်မှုများ၊ FttX၊ SKY NET၊ မိုဘိုင်းဖုန်းဆိုင်များ၊ Red Link ကုမ္ပဏီများသည် စိတ်ဝင်စားမှုအများဆုံးရရှိခဲ့ကြသည်ကို ပြပွဲပထမရက်တွင်တွေ့ရသည်။

၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့သော ရတနာပုံဆိုင်ဘာစီးတီးသည် ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းစတင်ခဲ့သည့် လေးနှစ်တာကာလအတွင်း နည်းပညာမြို့တော်အတွင်း အခြေခံအဆောက်အအုံများ ရှစ်ဆယ်ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးလျက်ရှိနေပြီဖြစ်သည်။

နိုင်ငံ၏ အင်တာနက်အိတ်ချိန်းပွိုင့်အဖြစ် သတ်မှတ်ထားသော ရတနာပုံနည်းပညာမြို့တော်သည် လက်ရှိတွင် တစ်မြို့လုံး ဖိုင်ဘာကွန်ရက်လွှမ်းခြုံထားပြီး နိုင်ငံအနှံ့သို့ ဖိုင်ဘာကွန်ရက်များ ထပ်မံဖြန့်ကျက်ဦးမည်ဟုဆိုသည်။




**အိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် စတင်ဝန်ဆောင်မှုပေးသော စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းဖြင့် အင်တာနက်အသုံးပြုနိုင်သော ဝန်ဆောင်မှုကို ရယူအသုံးပြုလိုသည့်သူများကို ဇန်နဝါရီ ၈ ရက်က တွေ့ရစဉ်။** ဓာတ်ပုံ- နေလင်းအောင်

## ကျပ်ငါးသိန်းတန်ဖုန်း ငွေဖြည့်ကတ်တစ်မျိုးတည်းသာ ထုတ်လုပ်တော့မည်

နေလင်းအောင်

**ရတနာပုံ၊ ဇန်နဝါရီ - ၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချထားပေးလျက်ရှိသည့် စီဒီအမ်အေ ၄၅၀ မဂ္ဂါဟာဇ်နှင့် ၈၀၀ ဖုန်းများ၏ ကြိုတင်ငွေဖြည့်ကတ်များအား ဇန်နဝါရီလကုန်မှစတင်၍ အမျိုးအစားခွဲခြားခြင်းမပြုတော့ဘဲ ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ငွေဖြည့်ကတ်ဝန်ဆောင်မှုပေးလျက်ရှိသည့် Elite Tech မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"အဓိကကတော့ ဖုန်းသုံးတဲ့သူတွေ အလွယ်တကူဖြစ်အောင် နှစ်မျိုးလုံးကို တစ်ပြေးညီသတ်မှတ်ပေးလိုက်တာပါ" ဟု အဆိုပါပုဂ္ဂိုလ်ကပြောကြားသည်။

နိုင်ငံတစ်ဝန်းလုံးသုံးစွဲ၍ရနေပြီဖြစ်သည့် စီဒီအမ်အေဖုန်းဝန်ဆောင်မှုများနှင့်ပတ်သက်၍ နဝမအကြိမ်မြောက် အိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ဝန်ဆောင်မှုအသစ်များစတင်ခဲ့ရာ ပြပွဲလာရောက်သူများတွင် မန္တလေး၊ တောင်ကြီးနှင့် ပြင်ဦးလွင်မြို့များမှ ဒေသခံအများစု အကြိုက်တွေ့လျက်ရှိသည်။

အဆိုပါကြိုတင်ငွေဖြည့်ကတ်များအား ယခင်နှုန်းအတိုင်း သုံးသောင်းကျပ်တန်နှင့် တစ်သောင်းကျပ်တန်အဖြစ်ထုတ်လုပ်မည်ဟု သိရသည်။

## စီဒီအမ်အေ ၈၀၀ မဂါဟာဇ်ဖုန်းများဖြင့် အင်တာနက်စတင်သုံးပြုနိုင်

နေလင်းအောင်

**ရတနာပုံ၊ ဇန်နဝါရီ - ၉**

စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်သောဝန်ဆောင်မှုကို မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် စတင်ရောင်းချခဲ့သည်။

ပြင်ဦးလွင်မြို့နယ် ရတနာပုံဆိုင်ဘာစီးတီးတွင် စတင်ရောင်းချပေးသည့် အဆိုပါဝန်ဆောင်မှုသည် ဂူးဂဲလ်၊ ဖေ့စ်ဘွတ်ခ်၊ ဂျီတော့ခ် အစရှိသည့် အင်တာနက်ဝန်ဆောင်မှုများကိုပါ ရယူသုံးစွဲနိုင်ပြီး ရတနာပုံဝက်ဘ်ပေါ်တယ်လ်အသုံးပြုသူများအတွက် ယင်းဝက်ဘ်ပေါ်တယ်လ်မှ မိုဘိုင်းများအတွက် ဝန်ဆောင်မှုပေးသည့်ကဏ္ဍများအား ရယူသုံးစွဲနိုင်ရန်စီစဉ်ပေးထားခြင်းဖြစ်ကြောင်း သိရှိရသည်။

"လောလောဆယ်တော့ ဒီလကုန်အထိကို အခမဲ့သုံးစွဲခွင့်ပေးထားတယ်။ နောက်ပိုင်းကျရင် ဝန်ဆောင်မှုအသုံးပြုခက တစ်မိနစ်ကို လေးကျပ်နှုန်းနဲ့ ကောက်ခံသွားဖို့စီစဉ်ထားပါတယ်"ဟု ရတနာပုံတယ်လီပို့၏ Fax၊ Phone၊ EVDO One Stop Service မှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

အဆိုပါ EVDO ဝန်ဆောင်မှုအတွက် ရတနာပုံဝက်ဘ်ပေါ်တယ်လ်ရှိ YTP Mobile Store တွင် ပါဝင်သည့် ဖျော်ဖြေရေးကဏ္ဍ (Animation Graphic၊ Game၊ အသံနှင့် ဗီဒီယိုဖိုင်များ၊ Ringtone အစရှိသည့် E-mail နှင့် Messaging)၊ SMS ပေးပို့ဝန်ဆောင်မှုပေးမည့် ဗေဒင် SMS Greeting Card ဝန်ဆောင်မှု၊ SMS Joke၊ ညဏ်စမ်းပဟေဠိ၊ ညဏ်စမ်းကစားနည်းများအား ဖုန်းအတွင်းမှ ရယူသုံးစွဲနိုင်မည် ဖြစ်သည်။

ယင်းဝန်ဆောင်မှု ရယူလိုသူများအတွက် ယခုအိုင်စီတီပြပွဲတွင် တစ်နေရာတည်းအပြီး ဝန်ဆောင်မှုပေးခဲ့ပြီး ပထမဦးစွာ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းအား မြန်မာ့ဆက်သွယ်ရေးတွင် ဆင်းမ်ကတ်ပြောင်းလဲသုံးစွဲရမည်ဖြစ်သည်။ ထို့နောက် ON<Space>Fun ဟု ရိုက်ထည့်၍ ၁၈၄ သို့ SMS ပို့ရမည်ဖြစ်သည်။ YTP Mobile Store မှ http://yatanarpon.com.mm လင့်ခ်ကို ပေးပို့ရမည်ဖြစ်ပြီး၊ ယင်းလင့်ခ်ကိုနှိပ်၍ အထက်ပါဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်ပြီဖြစ်သည်။











အရသာရှိသောဟင်းလျာတိုင်းအတွက်
ခနော
Knorr
ခနော အိမ်ရှင်မများအားထားရာ ချက်ရေးပြုတ်ရေး အဖော်မွန်စစ်

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ပညာရေးနဲ့ ဒီမိုကရေစီ

**အောင်နိုင်**


ပညာရေးဆိုတဲ့ အရာဟာ လူသားတွေရဲ့ လိုအပ်ချက်တွေကို လုံးဝပြည့်စုံသွားအောင် မတတ်နိုင်ခဲ့ရင်တောင်မှ ပြည့်ဝနိုင်သလောက် အပြည့်ဝဆုံး၊ တတ်နိုင်သလောက် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်တဲ့အရာပဲ ဖြစ်ပါတယ်။ အရည်အချင်းတွေ၊ အရည်အသွေးတွေနဲ့ ပြည့်ဝနေတဲ့ ပညာတတ်တွေသာ ရှိနေခဲ့မယ်ဆိုရင် အဲဒီတိုင်းပြည်ဟာ ဘာကိုပဲလုပ်လုပ် တိုးတက်တဲ့ဘက်ဆီကို ဦးတည်သွားနေမှာ သိပ်ကို သေချာလှပါတယ်။ စီးပွားရေးလုပ်ရင်လည်း ပညာတတ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးလုပ်ရင်လည်း ပညာတတ်ဖို့ လိုပါတယ်။ ပညာတတ်ရင် ကျန်းမာရေးကိုလည်း အသိဗဟုသုတတွေနဲ့ ယှဉ်တွဲပြီး စောင့်ရှောက်နိုင်ပါတယ်။ တိုင်းပြည်မှာ လည်ပတ်နေတာတွေ အားလုံးကို ဟင်းတစ်အိုးနဲ့သာ ဥပမာပေးရမယ်ဆိုရင် ပညာရေးဟာ ဆားလိုပဲ အရေးပါနေတာကို တွေ့ရပါလိမ့်မယ်။

ဒီပညာရေးဆိုတာဟာ တစ်ကမ္ဘာလုံးက ရကိုရနေရမယ့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ပြီးတော့ အဲဒီပညာရေးဆိုတာက လူ့အခွင့်အရေးမှန်သမျှကို ကျင့်သုံးခွင့်ရနေလေအောင် စွမ်းဆောင်ပေးနိုင်တဲ့ နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်နေပါတယ်။ ဒီပညာရေးဟာ အင်အားတွေကို ပေးစွမ်းနိုင်တဲ့ လူမှုရေးကိရိယာတန်ဆာပလာတစ်ခုဖြစ်သလို စီးပွားရေးအတွက်လည်း အင်အားကြီးတဲ့လက်နက်ကောင်းတစ်ခုဖြစ်တယ်။ တစ်ကမ္ဘာလုံးနဲ့ သက်ဆိုင်တဲ့ လူ့အခွင့်အရေးကြေညာစာတမ်းကို ဖတ်ကြည့်မယ်ဆိုရင် ကမ္ဘာပေါ်မှာ ရှိနေကြတဲ့ နိုင်ငံတိုင်း နိုင်ငံတိုင်းက မိမိတို့နိုင်ငံအတွင်းမှာ ရှိနေကြတဲ့ လူတိုင်း လူတိုင်းကို ပညာရေးအခွင့်အလမ်းတွေ ရရှိနေစေရမယ်ဆိုတဲ့အချက်ကို အာမခံချက်ပေးထားတာကို တွေ့ရပါလိမ့်မယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လူ့အဖွဲ့အစည်းကိုပဲ ကြည့်ကြည့် အဲဒီလူ့အဖွဲ့အစည်းတွေရဲ့ လက်ရှိမျိုးဆက်တစ်ခုနဲ့ နောက်မျိုးဆက်တစ်ခုအကြားမှာ စိတ်ထားခံယူမှုအလေ့အထတွေ၊ လူမှုရေးနှုန်းစံတွေ၊ ယဉ်ကျေးမှုတွေ၊ စံထားသတ်မှတ်ချက်တွေဟာ အဆက်မပြတ် ပြောင်းလဲနေတာကိုပဲ တွေ့ရပါလိမ့်မယ်။ စိတ်ဝင်စားဖို့ကောင်းတာ နောက်တစ်ခုကတော့ ပညာရေးနဲ့ ဒီမိုကရေစီတန်ဖိုးဆိုတာ နှစ်ခုအကြားမှာ ကြီးကြီးမားမား တိုက်ရိုက်ဆက်စပ်နေတာကို အံ့ဩဖွယ်တွေ့နေရတာပဲ ဖြစ်ပါတယ်။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတွေမှာ ပညာရေးစနစ်ကလည်း ဒီမိုကရေစီပညာရေးစနစ်ဆိုတော့ ဒီပညာရေးမှာ ပါဝင်နေတာတွေနဲ့ ပညာရေးအရ ကျင့်သုံးမှုတွေက ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုဆိုတဲ့ အလေ့အထကောင်းတွေကို ဖြစ်ပေါ်စေပါတယ်။

ဒီလိုပညာရေးအရ ဆက်စပ်ကူးလူး ပြောင်းလဲမှုဖြစ်စဉ်တွေဟာဒီမိုကရေစီစနစ်ကိုတည်ဆောက်တဲ့အခါ မဖြစ်မနေ အရေးပါနေတာကို တွေ့ကြရပါလိမ့်မယ်။ အကြောင်းကတော့ အကျိုးကျေးဇူးများပြီး အလုပ်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ဆိုတဲ့ အဓိပ္ပာယ်က အစိုးရတွေရဲ့ အားကောင်းမောင်းသန် ပြောင်းလဲမှုတွေကိုလည်း ဆိုလိုတာမျိုးဖြစ်ပါတယ်။ အဲဒီလို အစိုးရမျိုးတွေဟာ နိုင်ငံသားတွေရဲ့ လွတ်လပ်စွာ တွေးခေါ်မှုတွေကို အားပေးတယ်။ အဲဒီလို လွတ်လပ်တဲ့ တွေးခေါ်စဉ်းစားမှုတွေကိုလည်း တောင်းဆိုနေတတ်တာ ဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ လူမှုရေးအရ ပြောင်းလဲမှု၊ အပြုသဘောဆောင်တဲ့ နိုင်ငံရေးအရ ပြောင်းလဲမှုတွေဟာ နိုင်ငံသားတွေရဲ့ လက်ထဲမှာပဲ တည်ရှိနေစေရမယ်။ အခြေခံဥပဒေက ခွင့်ပြုသလောက်ပဲ အုပ်ချုပ်ကြရတဲ့ အစိုးရတွေဟာ ဒီမိုကရေစီပညာရေးစနစ်တွေမှာ သိပ်များများ စားစား စွက်ဖက်ခွင့် မရှိပါဘူး။ ဆိုလိုတာက ပညာရေးစနစ်တွေဟာ သက်ဆိုင်ရာ ကျောင်းတွေရဲ့ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ လက်ထဲမှာ ရှိနေရပါမယ်။

> နိုင်ငံသားတွေကလည်း စာတတ်မြောက်မှုရှိကြမယ်။ ပြီးတော့ တိုင်းပြည်မှာလည်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိ ခွင့်တွေ ရှိနေမယ်။ အဲဒါဆိုရင် တော့ ဒီနိုင်ငံသားတွေဟာ စာအုပ်စာတမ်းတွေ၊ သတင်းစာတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကနေတစ်ဆင့် သတင်းအချက်အလက်တွေကို ရရှိနေပါလိမ့်မယ်။ သတင်းအ ချက်လက် ဗဟုသုတတွေနဲ့ ပြည့်ဝနေတဲ့ နိုင်ငံသားတွေဟာ တိုင်းပြည်အတွင်းမှာ ဒီမိုကရေစီစနစ် ပိုမို တိုးတက်အောင်စွမ်းဆောင်နိုင်တဲ့ အကောင်းဆုံးအနေအထား တစ်ခုမှာ ရှိနေတတ်ပါတယ်။




အစိုးရတိုင်း အစိုးရတိုင်းက မိမိတို့ရဲ့ နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ဖို့ ကြိုးစားအားထုတ်တဲ့အနေနဲ့ ပညာရေးနဲ့သက်ဆိုင်တဲ့ အရင်းအမြစ်တွေအပေါ်မှာ တန်ဖိုးထားရမယ်။ အဲဒီပညာရေးအရင်းအမြစ်တွေအပေါ်မှာ အချိန်ယူပြီး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ရမယ်။ နိုင်ငံသားတွေရဲ့ ပညာရေချိန် မြင့်လေ အဲဒီနိုင်ငံသားတွေ တည်ရှိနေတဲ့ နိုင်ငံဟာ တိုးတက်ဖို့ အခွင့်အလမ်းတွေ များလေဖြစ်တယ်။ တစ်ခါတစ်ခါမှာ အုပ်ချုပ်တဲ့ သူတွေအတွက် နိုင်ငံသားတွေရဲ့ ပညာရေချိန်မြင့်မှုဟာ သူတို့လုပ်ချင်တိုင်း လုပ်ခွင့်မရတော့ဘူးလို့ ထင်စရာရှိပေမယ့် အဲဒီအုပ်ချုပ်သူတွေရဲ့ အရည်အသွေးကောင်းတွေကိုလည်း ဒီပညာရည်မြင့်နိုင်ငံသားတွေကပဲ မြှင့်တင်ပေးနိုင်ပါတယ်။

နိုင်ငံသားတွေကလည်း စာတတ်မြောက်မှု ရှိကြမယ်။ ပြီးတော့ တိုင်းပြည်မှာလည်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်တွေ ရှိနေမယ်။ အဲဒါဆိုရင်တော့ ဒီနိုင်ငံသားတွေဟာ စာအုပ်စာတမ်းတွေ၊ သတင်းစာတွေ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကနေ တစ်ဆင့် သတင်းအချက်အလက်တွေကို ရရှိနေပါလိမ့်မယ်။ သတင်းအချက်အလက် ဗဟုသုတတွေနဲ့ ပြည့်ဝနေတဲ့ နိုင်ငံသားတွေဟာ တိုင်းပြည်အတွင်းမှာ ဒီမိုကရေစီစနစ် ပိုမိုတိုးတက်အောင် စွမ်းဆောင်နိုင်တဲ့ အကောင်းဆုံးအနေအထားတစ်ခုမှာ ရှိနေတတ်ပါတယ်။ ဒါကိုကြည့်ရင် ဒီမိုကရေစီတည်ဆောက်ခြင်းနဲ့ ပညာရေးစနစ်တွေဟာ ကြီးကြီးမားမား အပြန်အလှန် အထောက်အကူ ပြုနေတာကို တွေ့ကြရပါလိမ့်မယ်။

ဒီမိုကရေစီ နိုင်ငံတွေက ပညာရေးစနစ်ဟာ ကိုယ့်နိုင်ငံမှာ ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်နဲ့ မတူတဲ့ အခြားသော နိုင်ငံရေးအယူဝါဒတွေကို မလေ့လာရဘူး၊ အခြားသော အစိုးရစနစ်တွေကို မလေ့လာဘူးဆိုပြီး တားမြစ်ထားလို့မရပါဘူး။ ဆိုလိုတာကတော့ ဆိုရှယ်လစ်၊ ကွန်မြူနစ်အာဏာရှင်တွေ လုပ်ခဲ့သလို ဆိုရှယ်လစ်ပညာရေးစနစ်၊ ကွန်မြူနစ်ပညာရေးစနစ်ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတွေ ကောင်းကြောင်းကိုသာ အတင်းသင်ကြားခိုင်းပြီး အခြားနိုင်ငံရေးစနစ်တွေ ကောင်းကြောင်းကို မလေ့လာရတာမျိုး၊ လေ့လာခွင့်မပေးခဲ့တာမျိုးတွေ ဖြစ်ပါတယ်။ အဲဒီလိုပညာရေးစနစ်တွေမှာ ကျောင်းသူ၊ ကျောင်းသားတွေဟာ လွတ်လပ်ပြီး စနစ်ကျတဲ့ ဆွေးနွေးငြင်းခုံမှုတွေကိုလည်း မပြုလုပ်နိုင်ပါဘူး။ ဒီမိုကရေစီ ပညာရေးစနစ်တွေဟာ ကျောင်းသူ၊ ကျောင်းသားတွေကို ဂရုတစိုက် အလေးထားပြုလုပ်ထားတဲ့ သုတေသနတွေအပေါ်မှာ အခြေခံပြီး အကျိုးသင့်၊ အကြောင်းသင့် ငြင်းခုံမှုတွေကို ဖြစ်ပေါ်တိုးတက်စေပါတယ်။ ပြီးတော့ သမိုင်းကိုလည်း ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေပါတယ်။

ဒီမိုကရေစီပညာရေးစနစ်ဖြစ်ဖို့အတွက် ပုဂ္ဂလိကအုပ်စုတွေရော၊ ဘာသာရေးအုပ်စုတွေပါ ကျောင်းတွေကို လွတ်လွတ်လပ်လပ် ထူထောင်ခွင့်တွေ ရှိနေသင့်တယ်။ မိဘတွေကလည်း သူတို့ကလေးတွေကို အိမ်မှာ သင်ကြားခွင့်တွေ ရှိနေစေရမယ်။ အဲဒါဆိုရင် ပြည်သူ့ကျောင်းတွေနဲ့ ပုဂ္ဂလိကကျောင်း၊ ဘာသာရေးကျောင်းတွေဟာ ပိုကောင်းတဲ့ ပညာရေးစနစ်ဖြစ်ဖို့ အပြိုင်အားထုတ်လာနိုင်ပါတယ်။ မိဘတွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေကလည်း ပညာရေးကောင်းတဲ့ ကျောင်းတွေကို ရွေးချယ်ကြမှာဆိုတော့ကျောင်းအာဏာပိုင်တွေကလည်း ကိုယ့်ကျောင်းရဲ့ ပညာရေးကိုပြဋ္ဌာန်းစာအုပ်ကအစတိုးတက်အောင်လုပ်မှပဲ ရပ်တည်လို့ရကြတော့မယ်။

အာဏာရအစိုးရတွေရဲ့ အကူအညီနဲ့လည်ပတ်နေကြရတဲ့ ပြည်သူ့ကျောင်းတွေမှာ နိုင်ငံသားအားလုံးဟာ တန်းတူညီတူ အခွင့်အရေးတွေ ရနေဖို့ လိုပါတယ်။ နိုင်ငံသားအားလုံးဟာ နိုင်ငံသားဆိုတဲ့ အမြင်ပဲ ရှိနေစေရမယ်။ ဒီနိုင်ငံသားအားလုံးဟာ ပြည်သူ့ကျောင်းတွေမှာ လူမျိုးရေးခွဲခြားမှု၊ ဘာသာရေးခွဲခြားမှု၊ လိင်ခွဲခြားမှု၊ ခန္ဓာကိုယ်အရ မသန်စွမ်းသူ ခွဲခြားမှုတွေ မရှိစေရပါဘူး။ အဲဒီလို ပညာရေးကမှ တစ်ဆင့် အလုပ်အကိုင်ရှာဖွေရာမှာဖြစ်စေ၊ အခြားမည်သည့်နေရာမှာမဆို နိုင်ငံသားမှန်နေရင် လူမျိုးနဲ့ဘာသာရေးကို ဖော်ပြစရာမလိုဘဲ အလုပ်ဖြစ်တဲ့ အဆင့်အထိ သွားဖို့လိုပါတယ်။

ဒီမိုကရေစီ ပညာရေးစနစ်ဖြစ်နေဖို့အတွက် ပြည်သူ ပြည်သားတွေကို ဒီမိုကရေစီရဲ့ နှုန်းစံနဲ့ လေ့ကျင့်မှုတွေကို သင်ကြားပေးထားရပါမယ်။ ဒါမှသာ နိုင်ငံသားတွေက လွတ်လပ်တဲ့ နိုင်ငံသားတွေအနေနဲ့ သူတို့ရရှိမယ့် အခွင့်အလမ်းတွေက ဘာ၊ သူတို့ဆောင်ရွက်ကြရမယ့် တာဝန်ယူမှုတွေက ဘာ ဆိုတာတွေကို နားလည်နိုင်ကြမယ်၊ အသိအမှတ်ပြုခံစားနိုင်ကြမယ် ဖြစ်ပါတယ်။ အဲဒီလို သင်ကြားပေးထားတဲ့အတွက် နိုင်ငံသားအားလုံးဟာ လွတ်လပ်မှုရဲ့ အဓိပ္ပာယ်ကို သိလာမယ်။ နိုင်ငံသားတွေ လိုက်နာရမှုဆိုတာကို သိလာမယ်။

ဒီမိုကရက်တစ်နိုင်ငံသားတွေအတွက် ပညာရေးဆိုတာမှာ နိုင်ငံတော်သမိုင်းနဲ့ သက်ဆိုင်တဲ့ အသိပညာဗဟုသုတတွေပါမယ်။ အခြားနိုင်ငံတွေနဲ့ ကင်းကွာပြီး အထီးမကျန်ရစ်စေဖို့ ကမ္ဘာ့သမိုင်းဆိုတာ ပါရမယ်။ ပြီးတော့ တစ်ကမ္ဘာလုံးက လက်ခံကျင့်သုံးနေတဲ့ ဒီမိုကရေစီရဲ့ အခြေခံမှုတွေနဲ့ ပတ်သက်ပြီး အသိပညာဗဟုသုတတွေလည်း တိတိကျကျ ပါဝင်ရပါမယ်။ နိုင်ငံသားတွေဟာ ဒီမိုကရေစီပညာရေးစနစ်ကြောင့် ဒီမိုကရေစီရဲ့ တန်ဖိုးတွေကို သိလာကြတာနဲ့အမျှ ဒီတန်ဖိုးတွေကို အလေးထားတတ်လာမယ်။ အဲဒီတန်ဖိုးတွေနဲ့အညီ ကျင့်သုံးနိုင်လာကြမယ်။ အဲဒီအခါ ဒီမိုကရေစီလူ့အဖွဲ့အစည်းမှာ အစိုးရတွေကလည်း ဒီမိုကရေစီအစိုးရ၊ နိုင်ငံသားတွေကလည်း ဒီမိုကရက်တွေဆိုတော့ အပြန်အလှန်အားဖြင့် အချင်းချင်း သဟဇာတတွေဖြစ်ပြီး ဟာမိုနီဖြစ်နေပါတော့တယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေက ကျောင်းသင်ရိုးညွှန်းတန်းတွေမှာ သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒ၊ စာပေ၊ ဒဿနိကဗေဒ၊ ဥပဒေ၊ အနုပညာ၊ လူမှုရေးလေ့လာမှုပညာ၊ သင်္ချာနဲ့ သိပ္ပံသင်ရိုးတွေ ပါဝင်ရပါမယ်။ ဒီဘာသာရပ်တွေ အကုန်လုံးကို ကျားမမရွေး၊ ကျောင်းသူ၊ ကျောင်းသားအားလုံးက ရရှိစေနိုင်မယ့် အခွင့်အရေးတွေ ရှိနေရပါမယ်။ ပြီးတော့ ဒီနေရာမှာ သင်ကြားတဲ့နည်းတွေဟာလည်း စနစ်တကျနဲ့ ခေတ်မီနေဖို့ လိုအပ်ပါတယ်။ အကြောင်းအရာတိုင်းမှာ ဆွေးနွေးငြင်းခုံမှုကိုအခြေခံပြီး သင်ကြားတဲ့နည်းဟာလည်းဒီမိုကရေစီ အလေ့အထတွေနဲ့ ယဉ်ပါးစေပါတယ်။ အုပ်စုလိုက် ဆွေးနွေးငြင်းခုံမှုကနေ ရလာတဲ့ အခြေတွေကို အုပ်စုကိုယ်စားတစ်ဦး တစ်ယောက်ကဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ပြန်လည်တင်ပြနိုင်၊ ချပြနိုင်တဲ့ အလေ့အထကောင်းတွေလည်း ရှိနေစေရပါမယ်။ ဒီလို ပုဂ္ဂိုလ်တွေဟာ ကျောင်းပြင်ပက လူမှုရေး၊ စီးပွားရေးနိုင်ငံရေးစတာတွေကို ဆောင်ရွက်တဲ့အခါမှာလည်း အများနဲ့ စုပေါင်းဆောင်ရွက်နိုင်တဲ့ အလေ့အထ၊ စုပေါင်းပြောဆိုဆွေးနွေးနိုင်တဲ့အလေ့အထ၊ စုပေါင်းဆုံးဖြတ်နိုင်တဲ့ အလေ့အထကောင်းတွေနဲ့ တိုးတက်တဲ့ဘက်ကို ရှေးရှုနေတတ်ပါတယ်။

ကျောင်းသူ၊ ကျောင်းသားတွေဟာ လွတ်လွတ်လပ်လပ် အသင်းအဖွဲ့တွေ၊ ကလပ်တွေ ဖွဲ့စည်းနိုင်ကြပါမယ်။ လူမှုရေးစတဲ့ ဆောင်ရွက်မှုတွေ ပြုလုပ်နိုင်ကြရမယ်။ အဲဒီလို အသင်းအဖွဲ့ ကလပ်တွေ၊ လူမှုရေးစတဲ့ ဆောင်ရွက်မှုတွေမှာ ဒီမိုကရေစီရဲ့ နှုန်းစံတွေကို ထည့်သွင်းဆောင်ရွက်ရင်း လေ့ကျင့်သွားနိုင်ပါတယ်။ ဥပမာ ကျောင်းမှာရှိကြတဲ့ အုပ်ချုပ်သူ ကျောင်းသူ၊ ကျောင်းသားတွေက ဒီမိုကရေစီတိုးတက်မှုဖြစ်စဉ်အတွက် အခြားသော ကျောင်းသူ၊ ကျောင်းသားတွေကိုလည်း အတွေ့အကြုံကောင်းတွေ ရရှိလာအောင် ဖန်တီးနိုင်ပါတယ်။

ကျောင်းတွေမှာ ကျောင်းစာစောင်တွေကို ကျောင်းသူ၊ ကျောင်းသားတွေက ကိုယ်တိုင်ထုတ်ဝေကြရတာဆိုတော့ လွတ်လပ်တဲ့ သတင်းမီဒီယာရဲ့ အခန်းကဏ္ဍနဲ့ စာနယ်ဇင်းပညာရဲ့ တာဝန်ယူမှု အခန်းကဏ္ဍတွေကိုလည်း တစ်ပါတည်း သင်ကြားပြီးသား ဖြစ်သွားကြပါတယ်။ ဒီနေရာမှာ သတိထားရမှာက လွတ်လပ်စွာ လုပ်ပိုင်ခွင့်နဲ့အတူ တစ်ချိန်တည်းမှာ တာဝန်ယူမှုဆိုတာကို သိ သွားစေတဲ့ သဘောဖြစ်ပါတယ်။ ပြီးတော့ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ လူမှုရေးအသင်းအဖွဲ့ကလပ်တွေကနေ ပိုပြီး ကျယ်ပြန့်တဲ့ လူမှုအဝန်းအဝိုင်းတစ်ရပ်ကိုလည်း တည်ဆောက်သွားနိုင်ပါတယ်။

တကယ်တော့ ကျောင်းတွေဆိုတာဟာ တိုင်းပြည်အတွက် နိုင်ငံ့သားကောင်းတွေကို ထုဆစ်ပေးတဲ့ နေရာတွေ ဖြစ်တယ်။ အစိုးရကောင်းတွေကို ပေါ်ထွက်စေတဲ့ နေရာတွေ ဖြစ်ပါတယ်။ နိုင်ငံရေးသမားကောင်းတွေ၊ စီးပွားရေးသမားကောင်းတွေ၊ နိုင်ငံ့ဝန်ထမ်းကောင်းတွေ၊ စစ်သားကောင်းတွေ ပေါ်ထွန်းလာစေဖို့ အကောင်းဆုံး လေ့ကျင့်ပေးနိုင်တဲ့ နေရာတွေပဲ ဖြစ်ပါတယ်။ ဒီနေ့ခေတ်မှာ လူ့စွမ်းအား အရင်းအမြစ်တွေကို အကောင်းဆုံး အသုံးချတဲ့ နိုင်ငံတွေ ထိပ်ဆုံးကို ရောက်နေကြတာဟာ တိုးတက်တဲ့ အကောင်းစား ပညာရေးစနစ်တွေကို ဖန်တီးနိုင်လို့ပဲ ဖြစ်ပါတယ်။ ဒီလိုပညာရေးစနစ်မျိုးကိုလည်း ဒီမိုကရေစီစနစ်က ပေးနိုင်ပါတယ်။ အဲဒီတော့ ပညာရေးကောင်းတွေဟာ ဒီမိုကရေစီဆိုတဲ့ သစ်ပင်ကို စိုက်တဲ့နေရာမှာ မြေဩဇာကောင်းလည်း မည်နေပါတော့တယ်။

*Ref: Education and Democracy, Principles of Democracy*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ထိုးထားသော တံတားများပေါ်မှ

မောင်သာချို



(တစ်)

ပထမဦးဆုံး အင်္ဂလိပ်ဘာသာဖြင့် ဖွဲ့ဆိုထားသည့် ကဗျာကလေးတစ်ပုဒ်ကို မူရင်းအတိုင်းဖော်ပြလိုက်ပါသည်။ ကဗျာအမည်က "Bridges" ဖြစ်ရာ "တံတားများ" ဟု ဆိုပါစို့။ ကဗျာဆရာက "James S. Tippet" ဖြစ်ပါသည်။

ရှုပါ။

I like a bridge-
Any kind of bridge at all
A great steel bridge
With towers stiff and tall;
An old covered bridge
That spans a waterfall;
A hewn-stone bridge
With its rugged floor and wall;
A railroad bridge
Where Freight trains slowly crawl;
A wooden bridge,
A cement bridge,
Whether big or small;
Yes, I like a bridge-
Just any kind of bridge at all.

သည်ကဗျာလေးကို အခြေခံပညာအဆင့်မြင့်တန်းခေါ် ဆယ်တန်းများအတွက် အင်္ဂလိပ် ဘာသာသင်ခန်းစာထဲ၌ ပြဋ္ဌာန်းထားခဲ့ရာ လူငယ်လူရွယ်အများစုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီးသား ကဗျာလေးတစ်ပုဒ်လည်းဖြစ်ပါသည်။ သည်ကဗျာကို ဆရာ"မောင်သာနိုး"ဘာသာပြန်ဆိုထားခဲ့ပြီးဖြစ်ရာ ထပ်၍ ရှုပါလေဦး။

ငါ တံတား ချစ်တယ်
ဘယ်တံတားမျိုး မဆိုကွဲ့။
သံမဏိတံတားကြီးကွယ်
တောင့်တောင့်မြင့်မြင့် မျှော်စင်တွေနဲ့။
အမိုးပါ တံတားအိုရယ်
ရေတံခွန်ကို ဖြတ်ကူးခဲ့။
ကျောက်အုတ်တံတားကွယ်
ကြမ်းနဲ့ တံတိုင်းကြမ်းကြမ်းနဲ့။
မီးရထားတံတားကွယ်
ကုန်ရထားတွေ အိတွဲ့တွဲ့။
သစ်သားတံတားရယ်
ဘိလပ်မြေတံတားရယ်
ကြီးကြီးငယ်ငယ်ကွဲ့
အေး. . တံတားငါချစ်တယ်
ဘယ်တံတားမျိုး မဆိုပဲကွဲ့။

တံတားတွေကို ချစ်တတ်သော လူတစ်ယောက်၏ ခံစားချက်ကို ဖွဲ့ထားသော ကဗျာပဲဖြစ်ပါသည်။ တံတားတွေက တကယ်ကိုလည်း ချစ်စရာဖြစ်ပါသည်။ အိမ်ရှေ့ရေမြောင်းကလေးကို ဝါးပိုးဝါးတစ်လုံးတည်းနှင့် ဖြတ်ထိုးထားသော ကရော်ကမည်တံတားကလေးမှ စကာ ဧရာမမြစ်ကူးတံတားကြီးတွေအထိ အားလုံးက ချစ်စရာတွေပဲဖြစ်ပါသည်။ ပြတ်တောက်ကွာဟနေသော နေရာနှစ်ခုကို တံတားတွေက ဆက်သွယ်ပေါင်းကူးပေးလိုက်တာ မဟုတ်လား။

အော်. . . တံတားများ။

(နှစ်)

၂၀၁၀ မှသည် ၂၀၁၁ သို့ကူးပြောင်းဖို့ရာ တဲတဲကလေးပဲလိုတော့သည့် တစ်နေ့မှာတော့ ကျွန်တော်တို့ သုံးယောက်သား လွမ်းစရာကောင်းသောတံတားကလေးတစ်စင်းပေါ်မှာ ရောက်နေကြပါသည်။ တစ်ယောက်က အစ်ကိုကြီးချစ်ဦးညို။ နောက်တစ်ယောက်က ညီငယ် အကြည်တော်။ သီတာကုန်းပြင် ချောင်းကူးတံတားတဲ့။ ဟိုးအနောက်ရိုးမခေါ် ရခိုင်ရိုးမတောင်တန်းကြီးဆီကနေ စတင်စီးဆင်းလာခဲ့သော သီတာချောင်းက သီတာကုန်းပြင်ရွာကလေးကို ကွေ့ဝိုက်ရစ်ခွေပြီးနောက် သီတာကုန်းပြင်ချောင်းကူးတံတားကလေး၏ အောက်ကနေ ငုံ့လျှိုးကာ မလှမ်းမကမ်းဆီက ငဝန်မြစ်ထဲသို့ ဝင်ရောက်သွားပေလိမ့်မည်။ တံတားတစ်ဖက်မှာက သမိုင်းဝင် သီတာကုန်းပြင် စံပြကျေးရွာ။ တစ်ဖက်မှာက လက်ပံပင်ရွာကလေး။ သည်ရွာနှစ်ရွာကြားမှာက သီတာချောင်း။ ချောင်းဘေးဝဲယာက မတ်စောက်သော ကမ်းပါးနှစ်ဘက်မှူဖြင့် ဆောင်းသီးနှံစိုက်ခင်းတွေက စိမ်းစိုကာမြသား အတိ။ သီတာကုန်းပြင်သူအချို့က ရေကြည်ကြည်ကမ်းစပ်မှာ ရေချိုးလို့။ အဝတ်လျှော်လို့။ ညနေ ရီရီကလည်း မြူခိုးတွေနဲ့ ပြာမှိုင်းလို့။ ဟိုးခပ်လှမ်းလှမ်းက သီတာမောင်နှမနတ်နန်းကိုတော့ တံတားပေါ်ကနေ လှမ်းမြင်နေရသည်။

သည်တံတားက စတီးကြိုးတံတားဖြစ်ပါသည်။ ပေ ၂၁၀ ရှည်ပြီး အကျယ်က ၅ ပေ ၈ လက်မ။ အခွက်မဟုတ် အခုံး။ အောက်ကသံပြားခင်း။ ဆိုင်ကယ်နှစ်စီးခပ်သာသာ ရှောင်နိုင်တိမ်းနိုင်သည်။ ဘေးနှစ်ဖက်မှာ သံဆန်ခါကွက်အကာအရံနှင့်။ ကြိုးတံတားမို့ မဆိုစလောက်ကလေးတော့ ယမ်းချင်ခါချင်သည်။

သည်တံတား၏ အဓိကဇာတ်လိုက်က ဆွစ်ဇာလန်နိုင်ငံသားမစ္စတာတိုနီဖြစ်ပါသည်။ မစ္စတာတိုနီက လူပျိုကြီး။ အသက်က ၄၃ နှစ်။ အရှေ့တောင်အာရှတစ်ခွင်မှာ တံတားအစင်း ၅၀၀ တည်ဆောက်မည်ဟုဆိုကာမြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှားစသည့်နိုင်ငံများ၌ လှည့်လည်ပြီး တံတားထိုးလှူဒါန်းနေခဲ့ရာ ယခုအထိ တံတားအစင်း ၄၂၀ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံထဲမှာကတော့ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊နေပြည်တော်တိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတွေထဲမှာ သူတံတားတွေလိုက်ထိုးနေခဲ့သည်။

ကျွန်တော် သိသလောက် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်ထဲမှာ အောင်ဓာတ်ကွင်းတံတားနှင့် ရေဖြူတံတား။ ရေကြည်မြို့နယ်ထဲမှာက ကွင်းယားတံတား၊ ဖန်ခါးပင်တံတားနှင့် သီတာကုန်းပြင်တံတား။ ထိုနေ့က ကျွန်တော်တို့ သုံးယောက်ထို သီတာကုန်းပြင်ဟူသည့် တံတားတစ်စင်းပေါ်မှာရောက်နေကြခြင်း ဖြစ်ပါသည်။

"လူထုက နည်းနည်းတော့ စိုက်ရတယ်ဗျ၊ ဟိုဘက်ကမ်းသည်ဘက်ကမ်းမှာ မြေစိုက်၊ကွန်ကရစ်တိုင်လေးလုံး စိုက်ပေးထားရတယ်. . နောက် ပစ္စည်းသယ်ယူစရိတ်၊ လူထုရဲ့ လုပ်အားတန်ဖိုး. . အင်ဂျင်နီယာတွေရဲ့ အသွားအပြန်ကားခ စုစုပေါင်းလိုက်တော့ သိန်း ၆၀ နီးပါးပေါ့. . . တိတိကျကျကတော့ ငါးဆယ့်ရှစ်သိန်းနဲ့ ခုနစ်သောင်းကိုးထောင်သုံးရာခုနစ်ဆယ်ကျပ်ဆိုပါတော့ဗျာ"

ရပ်ရွာအကျိုးဆောင် ဦးကျင့်စွမ်က ကျွန်တော့်ကို စိတ်ရှည်လက်ရှည်ရှင်းပြပါသည်။

"မစ္စတာတိုနီက ဆွစ်ဇာလန်က. သူ့နောက်မှာ သူဌေးတစ်ယောက်ရှိတယ်၊ အဲ့သည့် သူဌေးရဲ့ထောက်ပံ့ငွေနဲ့ တံတားအစင်း ၅၀၀ ပြည့်အောင် ထိုးမှာတဲ့. . အခုတံတားအတွက်က သံထည်စတီးထည်အားလုံးကို ကျပ်သိန်း ၄၅၀ ဖိုး မတည်လှူဒါန်းပေးတာပါ. . မစ္စတာတိုနီက သူ့တပည့်အင်ဂျင်နီယာ ၂ ယောက်နဲ့ တံတားကို တစ်နေ့တည်းနဲ့အပြီး ဆင်တာ. . ရေသောက်ငှက်ပျောသီးစားပြီး တံတားထိုးတာ. . မနက်မှာစတယ် ညနေမှာပြီးတယ်"

(သုံး)

သီတာကုန်းပြင်က လွမ်းမောစရာ့သမိုင်းဝင် ရွာကလေးတစ်ရွာပဲဖြစ်ပါသည်။ ညောင်ရမ်းခေတ်၌ ညောင်ရမ်းမင်းတရား၏ သားတော် အနောက်ဘက်လွန်မင်း အင်းဝတွင် နန်းတက်စက ဆောင်ရွက်ချက်များထဲတွင် တည်င်(သန်လျင်)ကို ချီတက်တိုက်ခိုက်ခြင်းလည်းပါဝင်ပါသည်။ ထိုတိုက်ပွဲ၌ တည်င် (သန်လျင်) ကျလေသော် တည်င်(သန်လျင်)ရောက် တောင်ငူမင်းရတုဘုရင်နတ်ရှင်နောင်နှင့် ပေါ်တူဂီလူမျိုးငဇင်ကာတို့ကို ၁၆၁၃ ခု မတ်လ ၂၈ ရက်တွင် အနောက်ဘက်လွန်မင်းတရားက ကွပ်မျက်ပါသည်။

ထိုအခါ ငဇင်ကာ၏မယားတစ်ယောက်ဖြစ်သော လောင်းကြက်မြို့သူ စောသဒ္ဓါသည် အနောက်ဘက်လွန်၏ ရန်ကို ကြောက်၍ထွက်ပြေးရာမှ အနိစ္စရောက်ပါသည်။ ထိုအခါ သားတော်နန္ဒဘယနှင့် သမီးတော် သုပဘာဒေဝီတို့ကျန်ရစ်ပြီးယင်းတို့ကိုဧဝတီအမတ် သုထိန်(သုဒိန်)ကကောက်ယူမွေးစားကာ သီတာမြို့ခေါ် ကျိုက်ယသီမြို့ကို တည်ထောင်ကာ နန်းစံကြသည်။ သို့ဖြင့် မောင်တော်နန္ဒဘယနှင့် နှမတော်သုပဘာဒေဝီတို့ ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားကြလေသောအခါ နတ်စိမ်းဖြစ်သွားသည်ဟု ယူဆပြီး ငါးသိုင်းချောင်းလေးမျက်နှာတစ်ဝိုက်က လူထုက သီတာမောင်နှမ နတ်များအဖြစ် ပူဇော်ပသကြသည်ဟုဆိုပါသည်။

သီတာမောင်နှမနတ်ကွန်းကို ကြိုးတံတားပေါ်ကနေ ကျွန်တော်တို့သုံးယောက်သားငေးကြည့်နေမိကြစဉ်မှာပင် ရခိုင်ရိုးမ၏ အရိပ်က ပိုလို့ ညို့မှိုင်းလာပါသည်။ တပေါင်းလမှာ ကုန်းပွဲ၊ တော်သလင်းလမှာ ရေပွဲ ကျင်းပကြမြဲဖြစ်သည်ဆိုသော သီတာမောင်နှမ နတ်နန်းနှင့် မြသိန်းတန်ဘုရားကို လှမ်းကြည့်နေခိုက်မှာပင် စာပေဟောပြောပွဲကျင်းပရာခန်းမဆီက တေးဂီတသံတွေက ကြိုးတံတားရှိရာဆီသို့ လွင့်ပျံ့လာပါတော့သည်။

(လေး)

သီတာကုန်းပြင်စာပေဟောပြောပွဲက ပထမအကြိမ်ဆိုသော်လည်း ဝက်ဝက်ကွဲအောင်ကို အောင်မြင်ပါသည်။ ကားတွေ၊ ဆိုင်ကယ်တွေ၊ ပွဲထောင်တွေ၊ ဂွန်ဒေါင်းတွေနှင့် နယ်ပယ်အနှံ့က လာကြခြင်းဖြစ်ရာ ရုံပြည့်ရုံမကတော့ဘဲ လျှံထွက်၍ သွားကား လမ်းတွေပေါ်အထိ လူတွေအန်ကျသွားပါတော့သည်။

ကျွန်တော်က ရွာနှင့် မလိုက်အောင် သပ်ရပ်သန့်ရှင်းကာ နေမှုထိုင်မှု ဝတ်စားဆင်ယင်မှုတို့ စနစ်ကျသော ရွာကြီးကို အံ့သြနေမိသည်။ အထူးသဖြင့် တိုက်နယ်ဆေးရုံ။ အများပြည်သူ လှူဒါန်းငွေ ၁၈၆ သိန်း၊ ဦးတင်စိုး၊ ဒေါ်တင်ကြည်လှူဒါန်းငွေ ကျပ်သိန်းပေါင်း ၁၃၅၀ နှင့် တည်ဆောက်ထားသော ဆေးရုံဖြစ်ရာ သပ်ရပ်သန့်ရှင်းပြီး လေကောင်းလေသန့် ဝဝလင်လင်ရရှိရာ ကုန်းမြင့်ကလေးပေါ်၌ မကုသရသေးမီမှာပင် ရောဂါတစ်ဝက် သက်သာသွားလောက်သည့် အခင်းအကျင်းများနှင့် လူထုက တည်ဆောက်ထားသည့်ဆေးရုံဖြစ်ပါသည်။သန့်စင်ခန်းတွေကလည်း သပ်သပ်ရပ်ရပ်။အမှိုက်ကျင်းကြီးတွေကလည်း သန့်သန့်ရှင်းရှင်း။ ဆရာဝန်အိမ်သူနာပြုအိမ်တွေကလည်းလုံလုံခြုံခြုံနှင့်။ ရခိုင်ရိုးမနှင့် ငဝန်မြစ်ကြီး၏ ကြားကရွာကလေး။

(ငါး)

ထိုညက ကျွန်တော်နှင့်အစ်ကိုကြီးချစ်ဦးညို ကိုယ့်အလှည့်ပြီးသည်နှင့် ကားပေါ်ရောက်နေကြပါပြီ။ ကျွန်တော်က ကနောင်မြန်အောင်သို့၊ အစ်ကိုကြီးချစ်ဦးညိုက ကလေးသို့ ချက်ချင်းခရီးဆက်ရမည်ဖြစ်ရာ အိပ်စက်နားနေဖို့မဖြစ်နိုင်ဘဲ ခရီးဆက်ထွက်ကြရသည်။ သီတာကုန်းပြင်ကလည်း ကားတစ်စီး စီစဉ်ပေးသည်။

ငဝန်မြစ်ကိုဖြတ်ကျော်တော့ ဂျပန်-မြန်မာ ချစ်ကြည်မှုအမှတ်တရတံတားပေါ်ကနေ ကျွန်တော်တို့ ဖြတ်ကျော်ကြရပြန်ပါသည်။ တံတားတွေ တံတားတွေ။ ထိုးသူတွေထိုးကြ၊ ချိုးသူတွေချိုးကြ။

နာမည်ကျော်ကွေးမြစ်ပေါ်က တံတား (A bridge on the River Kwei)ရုပ်ရှင်ထဲ၌ မွန်ပြည်နယ်သံဖြူဇရပ်မှ ထိုင်းနိုင်ငံ ဘန်ပေါင် (Ban Pong)မြို့အထိ မိုင် ၂၅၀ ရှည်သော ရထားလမ်းဖောက်လုပ်ခဲ့ရာ ကွေးမြစ် (River Kwei)ကို ဖြတ်ရသဖြင့် ဂျပန်က မဟာမိတ်တပ်မှ သုံ့ပန်းများ၏ အကူအညီဖြင့် တံတားဆောက်လုပ်ပြီးစီးခဲ့လေရာ ဂျပန်ကရထားဖြင့် လက်နက်ရိက္ခာသယ်ယူဖို့ သည်တံတားကို အသုံးပြုမည်ဖြစ်သဖြင့် ကွေးမြစ်ပေါ်က တံတားကို မိုင်းကပ်၍ ဖောက်ခွဲပြီး ချိုးချပစ်ရန် မဟာမိတ်ဘက်က စီစဉ်ကြရာ သည်တံတားကို ဆောက်ရာ၌ ဦးဆောင်ပါဝင်ခဲ့သူ မဟာမိတ်တပ်က သုံ့ပန်းအရာရှိတစ်ယောက်က မချိုးရက်သဖြင့် ကြေကွဲရပုံတွေကို ကျွန်တော်တို့ကြည့်ဖူးခဲ့ကြပါသည်။

ကျွန်တော်တို့ ဆီမှာတော့ နာမည်ကျော်စစ်ကိုင်းတံတားကြီးကို ဗြိတိသျှအစိုးရက ရန်ဒဲလ်ပါးမားနှင့် ထရစ်တန်ကုမ္ပဏီကို ကန်ထရိုက်ပေးကာ ကုန်ကျငွေ ၁၄၃ သိန်းဖြင့် ဆောက်လုပ်စေခဲ့ပြီး ၁၉၃၄ ဇန်နဝါရီ ၂ တွင် ဖွင့်လှစ်စေခဲ့သော်လည်း ၁၉၄၂ ဂျပန်ဝင်လာသောအခါတွင်ကား ဗိုလ်ချုပ်စလင်း၏ အမိန့်ဖြင့် ၁၉၄၂ ဧပြီ ၃၀ ည ၁၁ နာရီနှင့် ၅၉ မိနစ်တိတိတွင် ဖောက်ခွဲချိုးချခဲ့ဖူးပါသည်။ လိုသော် တံတားထိုး၊ မလိုသော် တံတားချိုး။

ကျွန်တော်ကတော့ တံတားတွေကို ချစ်ပါသည်။ ကူးလူးဖို့ ဆက်သွယ်ဖို့ ခင်းကျင်းပေးရတာမဟုတ်လား။လူတစ်ဦးနှင့် လူတစ်ယောက်ရပ်တစ်ရွာနှင့် မြို့တစ်မြို့၊ ဘာသာစကား တစ်ခုနှင့် ဘာသာခြားတစ်ခု ဆက်စပ်မိအောင် တံတားတွေကို ထိုးပေးကြရမြဲ။ ကျွန်တော်တို့ကတော့ စာအုပ်စာပေနှင့် စာချစ်သူတွေကြားမှာ ပေါင်းကူးတံတားထိုးပေးဖို့ သီတာကုန်းပြင်ကို ရောက်ခဲ့ရခြင်းဖြစ်ပါသည်။ သည်မှာ မထင်မှတ်ပါဘဲနှင့် မြေကမ္ဘာအနှံ့ တံတားအစင်း ၅၀၀ထိုးမည်ဆိုသော ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီ၏ကောင်းမှု၊ သီတာကုန်းပြင်ကြိုးတံတားပေါ်ကို မထင်မှတ်ဘဲ ရောက်သွားခြင်းဖြစ်ပါသည်။

၁၉-၁-၂၀၁၀ က ဖွင့်လှစ်ခဲ့သည်ဆိုသော ကြိုးတံတား ကလေးမှာဘာကမ္ပည်းကျောက်စာမှာထိုးမထား။ မော်ကွန်းလည်းတင်မထား။ သို့သော်ကျွန်တော်ကတော့ ရင်ထဲအသည်းထဲမှာကမ္ပည်းထိုး မော်ကွန်းတင်ထားလိုက်ပါ၏။ တံတားတွေ တံတားတွေ။

သုမေဓာရှင်ရသေ့ဆိုလျှင် ဒီပင်္ကရာဘုရားရှင် လျှောက်လှမ်းသွားဖို့ရာ သူ့ခန္ဓာကိုယ်ကိုပင် တံတားအဖြစ် ခင်းပေးခဲ့ဖူးသည် မဟုတ်ပါလား။

လူအချင်းချင်းတွေ နှလုံးသားအချင်းချင်းတွေ ဒေသန္တရအချင်းချင်းတွေမှာ ထိုးလိုက်ကြပါတော့တဲ့လား။အို. . တံတား။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.42 • JANUARY 13, 2011

## ရန်ကုန် – နေပြည်တော် အမြန်လမ်းမတွင် လပေါင်း ၂၀ခန့်အတွင်း ယာဉ်တိုက်မှုကြောင့် လူ၈၀ သေဆုံး



ရန်ကုန်၊ ဇန်နဝါရီ – ၉

အမြန်လမ်းမကြီး၏ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် စတင်ဖွင့်လှစ်သည့်အချိန်မှ ၂၀၁၀ နိုဝင်ဘာလကုန်ပိုင်းအထိ လပေါင်း ၂၀ ခန့်အတွင်း ယာဉ်တိုက်မှု ၁၅၆မှု ဖြစ်ပွားခဲ့ပြီး၊ လူ ၈၀ ဦး သေဆုံးခဲ့ကြောင်း ဇန်နဝါရီ ၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

အဆိုပါ လမ်းပိုင်းစတင် ဖွင့်လှစ်သည့် ၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်မှ ၂၀၁၀ နိုဝင်ဘာ ၂၃ ရက်အထိ လနှစ်ဆယ်ခန့် ကာလအတွင်း ထိုလမ်းပိုင်းပေါ်တွင် ယာဉ်တိုက်မှု စုစုပေါင်း ၁၅၆မှု ဖြစ်ပွားခဲ့ပြီး လူ၈၀ သေဆုံးခဲ့ကာ၊ ၂၇၈ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ဇန်ဝါရီ ၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ရဲဂုဏ်မြင့်၏ "ဖုံးကွယ်လူသတ်သမားနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဗျူဟာများ"ဆောင်းပါးတွင် ဖော်ပြထားသည်။

အဆိုပါ လမ်းပိုင်း ဖွင့်လှစ်ခဲ့သော ၂၀၀၉ခုနှစ် တစ်နှစ်လုံးတွင် ယာဉ်တိုက်မှု၈၆မှုဖြစ်ပွားခဲ့ပြီး ၃၇ ဦးသေဆုံးကာ ၁၅၃ ဦးဒဏ်ရာရရှိခဲ့သည်။ ၂၀၁၀တွင် နိုဝင်ဘာ ၂၃ရက်အထိ ယာဉ်တိုက်မှု ၇၀ ဖြစ်ပွားခဲ့ပြီး ၄၃ ဦး သေဆုံးကာ ၁၂၅ ဦးဒဏ်ရာရရှိခဲ့သည်။ ယာဉ်တိုက်မှုများဖြစ်ပွားမှုအကြောင်းရင်းများတွင်ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့် အများဆုံးဖြစ်ပွားခဲ့သည်ဟု ဆိုသည်။

လ ၂၀ တွင်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှု ၁၅၆ မှုတွင် ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့် ၉၇ မှုဖြစ်ပွားခဲ့ပြီး အရှိန်ပြင်းမောင်းနှင်မှုကြောင့် ၂၄ မှုဖြစ်ပွားခဲ့သည်ဟု စာရင်းဇယားများက ဆိုသည်။ ခရီးသည်၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားသောယာဉ်တိုက်မှု တစ်ခုလည်း ပါသေးပြီး၊ ယာဉ်ချွတ်ယွင်းမှု(ဘီးပေါက်)၊ စက်ချွတ်ယွင်းမှု (ရှပ်ကျိုး၊ ဘရိတ်ပေါက်)တို့ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်မှုများလည်းပါဝင်သည်။

ထိုလမ်းပိုင်းတွင် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသော နေရာများမှာ တောင်ငူမြို့နယ်အတွင်းရှိ မိုင်တိုင်အမှတ် ၁၅၃ မိုင်မှ ၁၅၄ မိုင်အတွင်း၊ မိုင်တိုင်အမှတ် ၁၄၇ မိုင်မှ ၁၄၈ မိုင်အတွင်းနှင့် ပဲခူးမြို့နယ်အတွင်းရှိ မိုင်တိုင်အမှတ် ၄၂ မိုင်မှ ၄၃ မိုင်အတွင်းတို့ဖြစ်သည်။ တစ်နှစ်အတွင်းယာဉ်တိုက်မှု ၂ကြိမ် ဖြစ်ပွားခဲ့သည့်နေရာများမှာ ၂၀၀၉ တွင် ၂၃ နေရာရှိပြီး ၂၀၁၀တွင် ၉နေရာရှိခဲ့သည်။

မြန်မာနိုင်ငံတွင် နောက်ဆုံးသုံးနှစ်အတွင်း ယာဉ်တိုက်မှု ဖြစ်ပွားသည့် အကြိမ်ရေနှင့် လူသေဆုံးသည့်အရေအတွက် တိုးလာကြောင်းလည်း အဆိုပါဆောင်းပါးတွင်ဖော်ပြထားသည်။ ၂၀၀၇ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယာဉ်တိုက်မှု ၆,၉၃၉ ဖြစ်ပွားခဲ့ပြီး၊ ၁,၆၃၈ ဦးသေဆုံးကာ ၁၃,၀၆၇ ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ယာဉ်တိုက်မှု ၇,၂၀၄ မှုဖြစ်ပွားခဲ့ပြီး ၁,၈၅၃ ဦး သေဆုံးကာ ၁၂,၈၀၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၉ တွင် ယာဉ်တိုက်မှု ၈,၄၆၁ မှုဖြစ်ပွားခဲ့ပြီး၊ ၂,၁၇၃ ဦးသေဆုံးကာ ၇,၁၈၄ ဦး အပြင်းအထန်ဒဏ်ရာရရှိကာ ၇,၅၁၆ ဦး သာမန်ဒဏ်ရာရရှိခဲ့သည်။

## ပြည်နယ်နှင့် တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်များကို ၂၀၁၁ ဖွန်လမတိုင်မီ အပြီးဖွဲ့စည်းမည်ဟုဆို

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန် – ဇန်နဝါရီ ၁၀

ပြည်နယ်နှင့်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်များအား ယခုနှစ် ဇွန်လမတိုင်မီ အားလုံးဖွဲ့စည်းသွားရန်ရည်ရွယ်ထားပြီး၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းပြီးပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)အလုပ်အမှုဆောင်အဖွဲ့အား ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းဖြင့် လက်ရှိ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ လက်ရှိကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ ပရိုဖက်ရှင်နယ်လိုက်ဖေ့ရှင်း ပရိုဂရမ်နဲ့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းဖို့လုပ်နေပါတယ်။ လက်ရှိ မန္တလေးတိုင်းဒေသကြီးမှာ အဖွဲ့ချုပ် ဖွဲ့ပြီးပါပြီ။ ဆက်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဖွဲ့စည်းသွားမှာပါ။ ဒါမှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ တစ်တိုင်းပြည်လုံး ဘောလုံးပြန့်ပွားရေးနဲ့ တိုးတက်ရေးအစီအစဉ်တွေ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဖေဖော်ဝါရီလောက် တိုင်းဒေသကြီး လေးခုလောက်မှာ ဖွဲ့စည်းနိုင်အောင် လုပ်ပါမယ်။ အားလုံးဖွဲ့စည်းပြီးမှသာ ကျွန်တော်တို့ ကွန်ဂရက်ခေါ်မယ်။ ပြီးရင် အမှုဆောင်အဖွဲ့ ပြန်ဖွဲ့မယ်။ ကျွန်တော်တို့ ရည်မှန်းထားတာက ၂၀၁၁၊ ဇွန်လမတိုင်ခင် အားလုံးပြီးအောင်လုပ်ဖို့ပါ"ဟု ဦးဇော်ဇော်က ယခုလ၁၀ရက်က ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည့် MFF သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဦးဇော်ဇော်သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌရာထူးအား ၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလက စတင်တာဝန်ယူခဲ့ပြီး ၎င်းတာဝန်ယူစဉ်အတွင်း နှစ်၁၀၀ကျော်ကြာမြင့်ခဲ့သည့် အပျော်တမ်းမြန်မာဘောလုံးလောကအား ကြေးစားစနစ်သို့ ပြောင်းလဲခဲ့သည်။

## ဂျပန်အစိုးရက မီးသတ်ယာဉ်များလှူဒါန်း

သီဟ

ရန်ကုန်၊ဇန်နဝါရီ – ၈

ဂျပန်အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ ဓာတုဗေဒရေမြှုပ်မီးသတ်ကား ၂စီးအပါအဝင် ခေတ်မီမီးသတ်ကား ခုနစ်စီးအား လှူဒါန်းရန်သဘောတူညီထားကြောင်း ဂျပန်သံရုံးမှထုတ်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့လှူဒါန်းရန် သဘောတူညီချက်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံမှူးကြီး Mr.Kazuyuki Takeuchi နှင့် ရန်ကုန်တိုင်းဒေသကြီး မီသတ်ဦးစီးဌာန ဦးစီးမှူး ဦးသင်းဌေးရွှေတို့က ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ရက်က သဘောတူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

## ၂၀၁၁ကို နိုင်ငံတကာသစ်တောများနှစ်အဖြစ် သတ်မှတ်

အေးမြကျော်

ရန်ကုန် – ဇန်နဝါရီ၈

ကမ္ဘာပေါ်မှသစ်တောများရေရှည်တည်တံ့စေရန် ရည်ရွယ်ကာ ၂၀၁၁ကို နိုင်ငံတကာသစ်တောများနှစ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်မှ သတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

လူသားတို့၏အပြုအမူများကြောင့် သဘာဝသစ်တောများပြုန်းတီးမှုကို လျှော့ချနိုင်ရန် ရည်ရွယ်ကာနိုင်ငံအလိုက်၊ ဒေသတွင်းနှင့်နိုင်ငံတကာအဆင့်များအလိုက် ဝိုင်းဝန်းထိန်းသိမ်းကြရန်လည်း ကုလသမဂ္ဂအဖွဲ့ချုပ်ကတိုက်တွန်းထားသည်။

နိုင်ငံတကာသစ်တောများနှစ်အဖြစ် သတ်မှတ်လိုက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံ အသီးသီးတွင် သစ်တောများရေရှည်တည်တံ့အောင်ထိန်းသိမ်းသည့် အသိပညာကိုသစ်တောကို မှီခိုနေသော လူသားများသိရှိရန်၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းကို ယခုထက်ပိုအရှိန်မြင့်ဆောင်ရွက်သွားရန် စသည့်လုပ်ငန်းများကို လုပ်ဆောင်သွားကြမည်ဟု နိုင်ငံတကာသစ်တောများနှစ်၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ကမ္ဘာ့လူဦးရေ၏ သန်းပေါင်း၃၀၀ကျော်တို့သည် နေထိုင်ရန်အိမ်ဆောက်လုပ်ရာတွင်သစ်တောများကိုအသုံးပြုနေကြပြီး ကမ္ဘာ့သစ်တောများ၏ ၃၀ရာခိုင်နှုန်းသည် လူတို့အသုံးပြုရန်ပရိဘောဂအချောထည်နှင့် အကြမ်းထည်များပြုလုပ်ရန် ခုတ်ယူသုံးစွဲခြင်းခံနေရသည်။

## ကန်ဒေါ်လာတန်ဖိုးကျ၍ INGO အချို့ အခက်တွေ့

ပြည်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ – ၈

ပြည်တွင်းငွေလဲလှယ်ရာတွင် ကျပ်ငွေတန်ဖိုးမာလာသည့်အတွက် နိုင်ငံတကာ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း (INGO) များသည် စီမံကိန်းများကို လုပ်ဆောင်ရာတွင် အခက်အခဲများ ရှိလာရကြောင်းအဆိုပါ အဖွဲ့အချို့မှ သတင်းရရှိသည်။

အဆိုပါ အဖွဲ့အစည်းများသည် စီမံကိန်းများကို အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ကျပ် ၁,၀၀၀ အထက်ဖြင့် စတင်ခဲ့ကြသည်။ လက်ရှိငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် မြန်မာငွေကျပ် ၈၃၀ ဝန်းကျင်သာရှိသဖြင့် ငွေကြေးလိုအပ်မှုများရှိလာသည်။ ယင်းကြောင့် အလှူရှင်များထံသို့ (Proposal) စီမံကိန်းအတွက်လိုအပ်ချက်များကို ပြန်လည်တင်ပြရမှုများလည်း ရှိလာသည်။ ထို့အပြင် အဖွဲ့မှ ရန်ပုံငွေစိုက်ထည့်၍လည်း လုပ်ကိုင်ရမှုများရှိလာကြောင်းသတင်းရရှိသည်။

"လုပ်ငန်းတွေ ထိန်းလုပ်ရတာလည်းရှိတယ်။ လောလောဆယ်ငွေလဲနှုန်းအပြောင်းအလဲမှာ ဘတ်ဂျက်နဲ့က ချိန်ပြီးလုပ်နေကြရတယ်"ဟု ပြည်တွင်း၌ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် အိုင်န်အင်ဂျီအိုအဖွဲ့အစည်းတစ်ခုမှ ဝန်ထမ်းတစ်ဦးက ရှင်းပြသည်။



ထို့အပြင် ငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲကြောင့်အဖွဲ့အစည်းအချို့သည် ဝန်ထမ်းများ၏ လစာကို ကျပ်ငွေဖြင့် သတ်မှတ်လဲလှယ်ပေးရမှုများလည်းရှိသည်။


ပမာဏအနေဖြင့် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု မတူညီသော်လည်း အနည်းဆုံး ဒေါ်လာကို ၁,၀၀၀ ကျပ်သတ်မှတ်ပြီးလဲလှယ်ပေးကြောင်းကိုလည်း အိုင်န်အင်ဂျီအိုအဖွဲ့အစည်းအချို့မှ စုံစမ်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# မန်းကျောက်ဝိုင်းတွင် နာမည်ကြီးနေသော ကျောက်စိမ်းတုံးအကြောင်း ပိုင်ရှင်တစ်ဦးက ရှင်းပြ

မင်းဒင်

**မန္တလေး၊ ဇန်နဝါရီ - ၁၀**
မြန်မာကျပ်ငွေ သိန်းရာဂဏန်းနှင့် ဝယ်ယူခဲ့သော ကျောက်စိမ်းတုံးသည် ကျပ်သိန်းပေါင်းသောင်းဂဏန်းတန်အဖြစ် အောင်မြင်ခဲ့ကြောင်း သတင်းတစ်ရပ်ပျံ့နှံ့ခဲ့သော်လည်း သိန်းထောင်ဂဏန်းအထိသာရနိုင်ပါကြောင်း အဆိုပါကျောက်မျက်၏ အစုစပ်ပိုင်ရှင်များက ပြန်လည်ပြောကြားခဲ့သည်။


မန္တလေးကျောက်ဝိုင်းတွင် နာမည်ကြီးနေသော ကျောက်စိမ်းတုံး
ဓာတ်ပုံ - မင်းဒင်

"ဒီ သိန်းသောင်းဂဏန်းအထိဖြစ်သွားတယ်ဆိုတဲ့ ကျောက်က ဝယ်ရင်းဈေးသိန်းတစ်ရာ့ရှစ်ဆယ်ပေးရတယ်။ ဈေးကွက်အတွင်း အရောင်းမဖွင့်တော့ ပွဲစားတွေစကားနဲ့ တဖြည်းဖြည်းချဲ့ကားသွားတာ။ ကျောက်ကတော့မင်္ဂလာကျောက်ပါပဲ။ လက်ရှိအနေအထားအရကို အောင်နေပြီ။ ဒါပေမဲ့ သိန်းသောင်းဂဏန်းတော့ မရနိုင်ပါဘူး"ဟု အဆိုပါကျောက်မျက်ပိုင်ရှင်အစုစပ်များကပြောသည်။ သို့သော် မန္တလေးကျောက်ဝိုင်းတွင် တစ်ဆင့်စကားဖြင့် ထိုကျောက်စိမ်းတုံးမှာ ကျပ်သိန်းရှစ်သောင်းပေးသည်ကိုပင် မရောင်းဘဲ ကျပ်သိန်းပေါင်း နှစ်သိန်းတန်သည်ဟု သတင်းထွက်နေသည်။

အဆိုပါ ကျောက်မျက်သည် ပဲချွမ်(ဝေခါကြော) အမျိုးအစားဖြစ်ပြီး မန်းကြောဟုခေါ်သော အစိမ်းရောင်အကြောတစ်ခု ထင်ရှားစွာပါရှိခဲ့သည်။ အရည်စိုက်ဝင်သွားသော ကျောက်သားကြောကြီးသည့်အတွက် တန်ဖိုးတက်သွားခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ဈေးကွက်အတွင်းသို့ အဆိုပါ ကျောက်မျက်အား ရောင်းချရန် မပြသခဲ့ခြင်းကြောင့် ထိုသို့ ဈေးနှုန်းပိုမိုကြီးမြင့်သည့် အနေအထားအား ခန့်မှန်းခဲ့ကြခြင်းသာဖြစ်ကြောင်း ၎င်းတို့က ထပ်ဆင့်ရှင်းပြသည်။

ယခု အောင်မြင်သည်ဆိုသော ကျောက်သည် နေပြည်တော်တွင် ကျင်းပခဲ့သည့် ကျောက်မျက်လေလံပွဲမှ လေလံအောင်ခဲ့ပြီး ဈေးကွက်အတွင်း ရောက်ရှိခဲ့သည်။ ပထမဝယ်ယူသူသည် ကျပ်သိန်း ၁၁၀ ရရှိကာ လက်ရှိဝယ်ယူသူများက ဒုတိယမြောက်ဝယ်လက်ထံမှ ကျပ်သိန်း ၁၈၀ ပေး၍ ဝယ်ယူခဲ့ရခြင်းဖြစ်သည်။

"သိန်းတစ်ရာ့ရှစ်ဆယ် ပေးဝယ်ပြီး နောက်ထပ်တစ်နန်းထပ်ဖြတ်ခဲ့တာ။ အခု ကျောက်တုံးကြီးက သုံးပိုင်းဖြစ်သွားပြီပေါ့ဗျာ။ ဖြတ်လိုက်တဲ့ အပိုင်းထဲက ပေါ်နေတဲ့ အရည်(အစိမ်း)သားက အောက်ထိစိုက်ဝင်သွားတော့ ဝယ်ဈေးထက် မြတ်တာတော့ သေချာပြီ။ ဒါက လက်ရှိအနေအထားနော်။ ထပ်ဖြတ်ရင် ဖြတ်နိုင်ပြီး၊ ဈေးပိုရနိုင်သလို ရှုံးလည်းသွားနိုင်တယ်" ဟု အစုစပ်ပိုင်ရှင်များကဆိုသည်။

ကျောက်စိမ်း၏ သဘောအရ အချောထည်အပွင့်မဖြစ်သေးသ၍ လွှာထားသော အခြေအနေအား ခန့်မှန်းရောင်းဝယ်ကြရကာ မှန်းဆသည့် ဈေးနှုန်းအမျိုးမျိုးနှင့် အကြိုက်အမျိုးမျိုးဖြင့် ရောင်းဝယ်ကြရကြောင်း၊ ယခုကျောက်စိမ်းတုံးသည်လည်း အရည်(အစိမ်း)မန်းငုတ်ကြီးသည့်အတွက် ကျပ်သိန်းထောင်ကြီးပိုင်း၊ ရာကြီးပိုင်းအထိ ဈေးပေါက်နိုင်ကြောင်း အစုစပ်ပါဝင်သူတစ်ဦးက ပြောကြားသည်။

အောင်မြင်ခဲ့သော ကျောက်စိမ်းအား အစုရှယ်ယာ အများဆုံးပါဝင်သူသုံးဦးနှင့် စုစုပေါင်း ရှစ်ဦးက စုပေါင်းဝယ်ယူခဲ့ကြခြင်းဖြစ်ပြီး ကျောက်စိမ်းမှာ အရွယ်အစားအားဖြင့် ကီလို ၃၀ ခန့်၊ ဖြက် ၇ လက်မ၊ အကျယ် ၁၀ လက်မ၊ ထု ၈ လက်မခန့် ရှိ သည်။

အဆိုပါ ကျောက်စိမ်းအား လက်ရှိအနေအထားအရ ထပ်မံဖြတ်တောက်ရန် ဆန္ဒမရှိဘဲ ကျောက်မျက်ပြပွဲတွင် ပြန်လည်၍ရောင်းချရန်စိတ်ကူးထားကြောင်း ၎င်းတို့က ဆက်လက်ရှင်းပြသည်။

စာမျက်နှာ(၃၀)သို့






7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# စက်သုံးဆီဆိုင်များရှေ့မှ ဓာတ်လမ်းများ

အားမာန်



စက်သုံးဆီဆိုင်တစ်ဆိုင်ရှေ့မှ တန်းစီနေသောကားများ။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဓာတ်ဆီဝယ်ရန် တန်းစီသော ကားတန်းကြီးက နေမြင့်လာသည်နှင့်အမျှ ပိုရှည်လာသည်။ ကားတန်းရှည်ကြီးတွင် အိမ်စီးနံပါတ်အနက်ကား အများဆုံးဖြစ်သော်လည်း စီးတီးတက္ကစီများလည်း ပါ၏။ လေးဘီးကားနှင့်ဟောင်းနွမ်းနေသော ကားအများစုပါသလို တိုယိုတာဗင်နှင့် မတ်တူးများလည်း ပါသည်။ ထီရောင်းသော ကားငယ်များကိုလည်း ကြိုးကြားကြိုးကြား တွေ့ရသည်။

ရေသန့်ဘူး၊ ထမင်းချိုင့်တို့နှင့် ရိက္ခာ အပြည့်တင်လာသော ကားအချို့ကိုလည်း တွေ့ရသည်။ ကားအချို့မှာ ဆီဘူးခွံများပင် ပါသေးသည်။ ယာဉ်မောင်းများမှာ အချိန်ကုန်သက်သာရန် ဝိုင်းဖွဲ့စကားပြောနေသူများရှိသလို၊ ဂိမ်းကစားရင်း၊ ဂျာနယ်ဖတ်ရင်း ဆီဝယ်ခွင့်ရမည့်အချိန်ကို စောင့်ဆိုင်းနေသူများကိုလည်း တွေ့ရသည်။ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ကုက္ကိုင်းမီးပွိုင့်အနီးရှိ မြဝတီစက်သုံးဆီဆိုင် မြင်ကွင်းပင်။ ယခင်နေ့များကနည်းတူ ဇန်နဝါရီ ၇ ရက် နံနက်ခင်းတွင်လည်း ဆီဝယ်ရန်စောင့်နေသည့် ကားများ စည်ကားနေသည်။

“ဓာတ်ဆီဝယ်ရင် ဘယ်ဆိုင်သွားသွား အနည်းဆုံး တစ်နာရီတော့ကြာတယ်။ တစ်ခါတလေ နှစ်နာရီ၊ နှစ်နာရီခွဲလောက်ထိကြာတယ်။ ဒီဆိုင်က ငါးဂါလန် ရောင်းပေးတယ်။ တစ်နေကုန်ပတ်တန်းစီတော့ ဂါလန်သုံးဆယ်လောက် ရပါတယ်။ တစ်နေကုန်တန်းစီလည်း ဆိုင်ခြောက်ဆိုင်လောက်ထက်တော့ ပိုမသွားနိုင်ဘူး။ အပြင်ဈေးနဲ့က တစ်ဂါလန်ခုနစ်ရာလောက်(ကျပ်)ဟာတော့ ဒီလိုပဲ လုပ်နေရတယ်”ဟု ထီမရောင်းတော့ဘဲ ဓာတ်ဆီဆိုင်များတွင် လိုက်လံတန်းစီဝယ်ကာ အပြင်တွင် ပြန်ရောင်းနေသော ထီကား ယာဉ်မောင်းတစ်ဦးက ရှင်းပြသည်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ဓာတ်ဆီမှာ တစ်ဂါလန် ၂,၅၀၀ကျပ်ဖြင့် ဝယ်ယူနိုင်ပြီး၊ အပြင်ဆိုင်တွင် ရောင်းပါကအနည်းဆုံး ၃,၂၀၀ ကျပ် ရသည်။ ထို့ကြောင့် ဆီထုတ်ရောင်းပါက တစ်ဂါလန်လျှင် အနည်းဆုံး ၇၀၀ ကျပ်မြတ်သည်ကို သူကရည်ညွှန်းပြောသည်။

ထီကား၏နောက်နားမှ တိုယိုတာဗင် အိမ်စီးကားတစ်စီးပေါ်မှ ယာဉ်မောင်းတစ်ဦးကတော့ မျက်နှာရှုံ့မဲ့၍ “နံနက် ၇ နာရီကတည်းက တန်းစီတာ၊ အခု ၈ နာရီခွဲပြီ။ နှစ်နာရီလောက်တော့ ကြာမယ်ထင်တယ်။ အရင်နေ့တွေ ဒီလောက်မများဘူး။ ဦးကတော့ ပြန်ရောင်းဖို့မဟုတ်ပါဘူး။ သုံးဖို့ပါ”ဟုဆို၏။

“တစ်ဂါလန် ခုနစ်ရာလောက်မြတ်တော့ အိမ်ကားတွေလည်း ဒီတိုင်းထားမယ့်အတူတူ လူငှားတန်းစီခိုင်းပြီး ဆီရောင်းကြတာ။ ဒီလိုကားတွေ အများဆုံးပဲ”ဟု ထီကားပေါ်မှပုဂ္ဂိုလ်က ဆက်လက်မှတ်ချက်ချသည်။

ဓာတ်ဆီရောင်းသော ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ဆီဝယ်ရန် ကားများ အထက်ပါဆိုင်ကဲ့သို့ စည်ကားနေသည်မှာ ယခုနောက်ပိုင်း၏ ပုံမှန်မြင်ကွင်းပင် ဖြစ်လာသည်။ ရန်ကုန်မြို့တွင် ကားများသာ တန်းစီနေသော်လည်း နယ်မြို့များတွင်မူ ကားများသာမက ဆိုင်ကယ်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေကြောင်း နယ်မြို့များမှ ဒေသခံများကပြောသည်။

ထိုသို့ ရန်ကုန် ဆီဆိုင်များတွင် တန်းစီသောကားတန်းပိုရှည်လာသည်မှာ ၂၀၁၀ နိုဝင်ဘာလဆန်း နောက်ပိုင်းမှဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနက ကာလရှည် လုပ်ကိုင်ခဲ့သော စက်သုံးဆီရောင်းချခြင်းလုပ်ငန်းများကို ပုဂ္ဂလိကသို့ ၂၀၁၀ နှစ်ဆန်းပိုင်းတွင် လွှဲပြောင်းပေးခဲ့သည်။ စက်သုံးဆီဆိုင်လုပ်ခွင့်ရသော လုပ်ငန်းရှင်များ ၂၀၁၀ ဇွန် ၁၁ တွင် တစ်ပြေးညီ ဖွင့်လှစ်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆိုင်များတွင် ပုဂ္ဂလိကသို့ လွှတ်လပ်စွာ တင်သွင်းခွင့်ပြုထားသော ဒီဇယ်ကို ဈေးနှုန်းကန့်သတ်ခြင်းမရှိပေ။ သို့သော် အစိုးရက တစ်ဂါလန် ၂,၃၅၀ ကျပ်ဖြင့်ရောင်းချပေးသော ဓာတ်ဆီကို ၂,၅၀၀ ကျပ်ထက်မပိုသောနှုန်းဖြင့်သာရောင်းရန်သတ်မှတ်ထားသည်။ ထိုသို့ ပုဂ္ဂလိကမှ စက်သုံးဆီဆိုင်များစတင်လွှဲပြောင်း လုပ်ကိုင်စဉ် ဆီဝယ်ရန်ကားများ ယခုကဲ့သို့ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းမရှိပေ။

ပုဂ္ဂလိကမှ စတင်လွှဲပြောင်းလုပ်ကိုင်သည့် ဇွန်လမှ အောက်တိုဘာလအထိ ဆီဝယ်သူများ အလွယ်တကူ ဝယ်နိုင်ခဲ့သည်။

စာမျက်နှာ(၃၀)သို့



7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011



CHICKEN SOUP



အိန်ဂျယ်လင်း

# ဘာဘီကလေးရဲ့ အိမ်

အမေရိကန်စီးပွားရေးရဲ့ တုံ့ဆိုင်းနောက်ကျနေတဲ့ရေအလျင်မှာ မနစ်မြုပ်အောင်ကြိုးစားကူးခတ်နေရတဲ့ကျွန်မတို့ဇနီးမောင်နှံဟာ ဘဝကိုငွေကုန်ကြေးကျသက်သာစွာနဲ့ ရိုးရိုးရှင်းရှင်းနေထိုင်ဖို့ စတင်လေ့ကျင့်ခဲ့ကြတယ်။ ကျွန်မတို့ဟာ ကျွန်မတို့တတ်နိုင်တဲ့ ငွေပမာဏအတွင်းမှာပဲ အတိအကျနေထိုင်နိုင်ဖို့ မျက်လုံးပြူးနေအောင်သတိထားကြတယ်။ မဟုတ်ရင် စီးပွားရေးအရ ကိုယ့်ကိုယ်ကိုယ် သတ်သေသလို ဖြစ်သွားနိုင်တယ်လေ။ ဘဝကိုရိုးရှင်းစွာနေတယ်ဆိုတာက မရှိလည်းဖြစ်တယ်ဆိုတဲ့ ကိစ္စအတော်များများကိုတွေ့အောင်ရှာတာမျိုးပဲ။ ဒီတော့အခြေခံအနိမ့်ဆုံးဆိုတဲ့ စံချိန်စံညွှန်းတွေနဲ့ရအောင် နေရတယ်။ဒါကတော့ သက်တံ့ရောင်စုံနဲ့ တောက်ပခန့်ညားတဲ့ ဘဝဟန်ပန်မျိုးတော့မဟုတ်ပေဘူးပေါ့။ ဒါကိုလည်းဝန်ခံဖို့ မတွန့်ပါဘူး။

ကျွန်မတို့ အနှစ်နှစ်ဆယ်လုံးလုံးနေခဲ့တဲ့အိမ်က အကောင်းဆုံးဥပမာတစ်ခုပေါ့။ ကျွန်မတို့ အိမ်ကလေးက ကျွန်မတို့မိသားစု အတိအကျနေဖို့ အရွယ်အစားဘဲရှိပါတယ်။ ဆိုလိုတာက ရှိသင့်ရှိထိုက်တာထက်ပိုတဲ့ ပစ္စည်းတစ်ခုနှစ်ခုများ မတော်တဆမသိမ်းပဲထားမိရင် ကျွန်မတို့ဧည့်ခန်းက ဆယ်နှစ်လောက် မရှင်းဘဲထားတဲ့ စွန့်ပစ်အခန်းတစ်ခန်းလို့ အထင်ရောက်သွားစေရမယ်။ တစ်ခါတလေ လမ်းဘေးမှာလူတကာဝင်ဆက်တဲ့တယ်လီဖုန်းရုံကတောင် ကျွန်မတို့ ဧည့်ခန်းထက် ကျယ်တယ်လို့ထင်ရတတ်တယ်လေ။

ကျွန်မတို့ရဲ့ အဝတ်ဘီရိုကိုကြည့်ဦးမလား။ ဘာဘီအရုပ်ကလေးရဲ့အိမ်လို့တင်စားရလောက်တယ်။ ကျွန်မတို့အိမ်မှာ ရေချိုးနေရင် ပန်းကန်ဆေးလို့မရဘူး၊ တစ်ယောက်က ပန်းကန်ဆေးနေရင်လည်း ရေချိုးမယ့်သူကစောင့်နေရမယ်။ ဘာလို့လည်းဆိုတော့ တစ်နေရာတည်းရှိတာကိုး။ တစ်ခါသုံးပန်းကန်ကိုစတီထွင်တဲ့သူလည်း ကျွန်မတို့လိုအိမ်မျိုးမှာ နေခဲ့တဲ့သူမျိုးဖြစ်ရမယ်လို့တွေးမိတယ်။

ကျွန်မတို့အိမ်ဆောက်ထားတဲ့မြေနေရာက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၄၀ လောက်တုန်းကမြင်းဇောင်းကြီးတစ်ခုဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ ဒီနေရာမှာဘာလို့ မြင်းတွေ ဆက်မထားတော့တာလဲဆိုတာကိုလည်း ကျွန်မသိတယ်။ ပြတင်းပေါက်များဖွင့်ထားလို့ကတော့ ဆောင်းတွင်းဘက် ကျွန်မတို့ဧည့်ခန်းကို ဖြတ်တိုက်တဲ့လေက တော်ရုံဓာတ်တိုင် တစ်တိုင်လောက်ကို အမြစ်ကကျွတ်သွားလောက်စေမယ်။ ဆောင်းရာသီအအေးဒဏ်ကို ဘယ်လိုခုခံကာကွယ်ရမယ်ဆိုတာကိုကျွန်မထက်ပိုသိတဲ့သူတောင်ရှိမယ်မထင်ပါဘူး။ ကျွန်မမှာ ပုံစံအမျိုးမျိုးနဲ့ အနွေးထည်ဆွယ်တာတွေရှိတယ်။ ဒီဟာတွေအားလုံးကို တစ်ပြိုင်တည်းဝတ်ရတဲ့ကာလတွေလည်းရှိတယ်လေ။ တကယ်လို့ အပြင်မှာသာရာသီဥတုက အတော်အေးနေပြီဆိုမှဖြင့် ကျွန်မကို မိုက်ရှိုလင်တာယာကြော်ငြာထဲကလူကြီးလိုအဖုဖုအထစ်ထစ်နဲ့ ဧရာမလူကြီး တစ်ဦးအဖြစ် တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့နောက်ဆုံးပေါ် အပူပေးစနစ်တွေနဲ့ လုံခြုံနွေးထွေးတဲ့အိမ်ခန်း တစ်ခုကိုငှားဖို့ဆိုတာ အိမ်ငှားခအတွက် တင်တစ်ပတ်ကိုနာရီခြောက်ဆယ်လောက်ကျွန်မ အလုပ်လုပ်မှ ရမယ့်သဘောဖြစ်နေတယ်။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် အတွင်းမှာ အိမ်တစ်လုံးကို ဘယ်လိုသက်သောင့်သက်သာဖြစ်အောင် လုပ်ရမယ်ဆိုတဲ့နည်းလမ်းအများအပြားကို ကျွန်မတို့တွေ့ထားပါတယ်။ အဆင့်မြင့်ရေချိုးခန်းတွေ၊ ရေကူးကန်ကြီးတွေ၊ အပူအအေးစနစ်တွေနဲ့ ကားတွေအများကြီးထိုးလို့ရတဲ့ ဂိုဒေါင်ကြီးတွေမပါဘဲလည်းအိမ်တစ်လုံးဟာသက်သောင့်သက်သာဇိမ်ကျကျဖြစ်နိုင်ပါတယ်။ ကျွန်မအိမ်မှာ သစ်ပင်တွေကိုရေလောင်းဖို့အဓိကသုံးတဲ့ ရေပိုက်ခေါင်းတစ်ခုပဲ ခြံထဲမှာရှိတယ်။ ရေကူးကန်နဲ့ နီးစပ်တာဆိုလို့ ဒါတစ်ခုရှိတာပဲ။ ဒါပေမဲ့ ကျွန်မတို့ခြံထဲကိုလာလည်တဲ့သူတွေ အတွက် အေးချမ်းပြီးခင်မင်ဖိတ်ခေါ်တဲ့ အငွေ့အသက်ကိုသေချာပေါက်ခံစားစေရမယ်။ တကယ်တော့အိမ်တစ်လုံးက အေးချမ်းသာယာပြီး နေချင့်စဖွယ်ဖြစ်တယ်ဆိုတာ အဲဒီအိမ်မှာနေထိုင်တဲ့သူတွေ အေးချမ်းပြီးရောင့်ရဲတင်းတိမ်မှု ဘယ်လောက် ရှိသလဲဆိုတဲ့အချက်နဲ့ ပိုဆိုင်လိမ့်မယ်ထင်တယ်။ ဒီအချက်က ရိုးရိုးလေးနဲ့မှန်တဲ့ အမှန်တရားတစ်ခုပါ။

ကျွန်မတို့အိမ်မှာ လမ်းဘေးကြော်ငြာ ဆိုင်းဘုတ်လောက်ကြီးမားတဲ့ တီဗီကြီးတွေ၊ ဒီဗွီဒီ စက်ကြီးတွေမရှိပါဘူး။ ဒါကြီးတွေရှိရင်လည်း သူတို့ကိုထားစရာနေရာအလုံအလောက် ကျွန်မတို့အိမ်မှာမရှိဘူး။ ဒါပေမဲ့ ညစဉ်ညတိုင်းမိသားစုတွေအတူဆုံတွေ့ပြီး ညစာကိုပျော်ပျော်ရွှင်ရွှင်အတူစားရတယ်။ ဒီလိုစားနေတုန်းဘယ်သူကမှနောက်အချိန်ပိုအလုပ်တစ်ခုကိုသွားဖို့ အူးယားဖားယားထပြေးရတာမျိုးမရှိဘူး။

တနင်္ဂနွေလိုနေ့မျိုးဆို ကော်ဖီတစ်အိုးတည်ပြီး တနင်္ဂနွေသတင်းစာတွေကို အေးအေးလူလူ ထိုင်ဖတ်ကြတယ်။ တစ်ခါတလေ သတင်းစာတွေမှာစိတ်ဝင်စားစရာတွေများရင် နေလယ်နေ့ခင်းအထိကို ထိုင်ဖတ်ကြတယ်။ ပြောရမယ်ဆိုရင်တော့ ကျွန်မတို့ဧည့်ခန်းထဲကကော်ဖီ စားပွဲကသေးသေးလေးရယ်။ ဒီစားပွဲသေးသေးလေးပေါ်မှာကော်ဖီအိုးရယ် ခွက်တွေရယ်၊ သတင်းစာအထူကြီးတွေရယ်ကိုထားဖို့ ဆိုတာတောင်နေရာကကောင်းကောင်းလောက်တာမဟုတ်ပါဘူး။ တစ်ခါတလေအိမ်မှာ ကိုယ်တိုင်လုပ်တဲ့မုန့်ပန်းကန်တွေ၊ ဘာတွေပါထားမယ်ဆိုရင် ကျွန်မတို့ဒီစားပွဲပေါ်မှာ အတော်နေရာချယူရတယ်။ ဒါပေမဲ့ ကျွန်မတို့ဟာ ဒီလိုပဲရှိတာကလေးနဲ့ အဆင်ပြေအောင်ကြံဖန်နေရတာကျင့်သားရနေကြပါပြီ။ ကျွန်မတို့ဟာ ပိုကောင်းတဲ့ဘဝကိုရအောင် မဖြစ်မနေကြိုးစားကြမယ်ဆိုပြီးဖားစီးငါးစီးလုပ်နေရတာမျိုးမရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ပိုကောင်းတဲ့ဘဝဆိုတာကျွန်မတို့ နေစဉ်နေထိုင်ဖြတ်သန်းနေတဲ့ဘဝပဲလို့ ခံယူထားကြလို့ပဲ။

တခြားလူတွေကိုအမီလိုက်နိုင်ဖို့ လုံးပန်းနေရတာမျိုးမရှိတဲ့အတွက် ကျွန်မတို့မှာရယ်မောပျော်ရွှင်စရာ အချိန်တွေအများကြီးပိုထွက်ခဲ့ပါတယ်။ ရေကူးကန်ဘေးမှာထိုင်ပြီး ရေကူးကန်ကြီးကိုထိန်းသိမ်းနိုင်ဖို့ လိုတဲ့ဝင်ငွေတွေအများကြီး ပုံမှန်ရနေအောင် စိတ်ထဲမှာ အနားမရဘဲ ဇောကပ်နေသူတွေထက်စာရင်ခြံထဲက ရေပန်းကလေးနဲ့ ကိုယ့်ဘာသာပန်းပင်ကလေးတွေကို ရေလောင်းရတာက ပိုပြီးစိတ်ချမ်းသာစရာကောင်းပါတယ်။ တကယ်တော့ ဟုမ်းသီရေတာကြီးတွေ၊ တောက်ပြောင်တဲ့ အဖိုးတန် ဇိမ်ခံကားကြီးတွေ၊ နန်းတော်ကြီးတွေလို စံအိမ်ကြီးတွေနဲ့ အခြားတန်ဖိုးကြီးခေတ်မီ အိမ်အသုံးအဆောင်ပစ္စည်းတွေကို တည်မြဲနေအောင် ထိန်းသိမ်းရတဲ့အရင်းအနှီးကိုကမနည်းလှဘူး။ ပူပင်ကြောင့်ကြဖြစ်ရတာတွေ၊ ထိမ်းသိမ်းစောင့်ရှောက်ရတာတွေ၊ ဒါတွေပုံမှန်လည်ပတ်ဖို့ စရိတ်စကတွေမဆုံးနိုင်အောင် ပါဘဲလေ။ ဒါကြောင့် တခြားသူတွေ ဘယ်လိုပဲ ဇိမ်ခံအသုံးအဆောင်တွေသုံးနေပါစေ ကျွန်မကတော့မနာလိုတိုရှည်လုံးဝ မဖြစ်ပါဘူး။ တကယ်တော့ ကျွန်မတို့ရရှိခံစားနေတဲ့ စည်းစိမ်ဆိုတာက ဒီဇိမ်ခံပစ္စည်းတွေ အတွက်ပူပင်သောက လုံးဝရောက်စရာမလိုတဲ့အင်မတန် အေးချမ်းတဲ့စည်းစိမ်ဖြစ်ပါတယ်။

ကျွန်မတို့တွေဟာ ကိုယ့် အိမ်မှာ၊ ကိုယ့်ခြံဝင်း၊ ကိုယ့်ရပ်ရွာထဲမှာပဲအချိန်အများဆုံးကုန်လွန် စေပါတယ်။ တစ်ခါတလေအိမ်ထဲမှာပဲ ရုပ်ရှင်ကားအဟောင်းတွေ ထိုင်ကြည့်လို့ဖြစ်စေ၊ အိမ်ဘေးက ဝရန်တာ ကျဉ်းကျဉ်းကလေးမှာ ထိုင်ပြီး ကော်ဖီတစ်ခွက်ကို စိမ်ပြေနပြေသောက်ရင်း ညနေနေဝင်ချိန်ကိုကြည့်လို့ဖြစ်စေကုန်လွန်စေ ပါတယ်။

တစ်ခါတလေတော့လည်းကျွန်မတို့မှာ ရေချိုးတဲ့နေရာနဲ့ ပန်းကန်ဆေးတဲ့နေရာသီးခြားစီရှိရင်ကောင်းမှာပဲလို့တော့တွေးမိပါတယ်။ ဒါပေမဲ့ ဒါဟာတကယ်တမ်းကျွန်မတို့ရဲ့ပျော်ရွှင်မှုကိုသိပ်ပြီးအနှောင့်အယှက်ပေးတဲ့အရာတော့လည်း မဟုတ်ပြန်ဘူးလေ။ ပြီးတော့ လောလောလတ်လတ်ပျော်စရာတစ်ခုကလည်းရှိသေးတယ်။ ပြီးခဲ့တဲ့နှစ်ကုန်လို့အိမ်လခတွေ ရှင်းတဲ့အခါမှာ ကျွန်မတို့ဟာ ပေးသင့်တဲ့အိမ်လခတွေကို တစ်နှစ်စာလောက်ကြိုစောပြီးပေးထားနိုင်ခဲ့တယ်လေ။ လွန်ခဲ့တဲ့နှစ်အတန်ကြာစီးပွားရေးကျပ်တည်းစဉ်တုန်းက ခြိုးခြံချွေတာရေးလမ်းစဉ်ကို စပြီးကျင့်သုံးတဲ့အခါအခုလောက်အထိ ငွေပိုငွေလျှံရှိအောင် စုဆောင်းမိလိမ့်မယ်လို့ကျွန်မထင်မထားဘူး။

ဒါပေမဲ့ အခုလို ချွေတာရတဲ့အကျိုးဆက်ကို သိပ်မကြာခင်မှာခံစားရတဲ့အတွက် ကျွန်မတို့အများကြီး အကောင်းပိုမြင်လာကြပါတယ်။ ရိုးရှင်းတဲ့ဘဝနေဟန်ကနေ ရိုးရှင်းတဲ့ပျော်ရွှင်မှုကိုရရှိ ခံစားနေရတာဟာမကုန်ခန်းနိုင်တဲ့ဆုလာဘ်ကြီးတစ်ခုပါဘဲလို့ကျွန်မတော့ဖြင့်ဆိုချင်တာပါဘဲ။ ॥

*Ref: 'Living in Barbie's Dream House'*
*by Annmarie B. Tait*

## စာ(၃၂) ကိုယ်ကျင့်တရားဖြင့် ယုံကြည်မှုကို တည်ဆောက်ရာဝယ် မှ

စာအောက်ခြေတွင်'လေးစားစွာဖြင့်'ဆိုသော စကားစုကို မမေ့မလျော့ရလေအောင် ထည့်သွင်းပေးခဲ့ပါသည်။ သို့သော် လက်အောက်ငယ်သားကိုလွှဲချသော စကားတစ်ခွန်းနှင့်အတူ ယနေ့ချိန်ထိ ငွေကိုလာမပေးတော့ချေ။ ကျွန်မအတော်လေးစိတ်မကောင်း ဖြစ်သွားရပါသည်။ ကျွန်မထားခဲ့သော 'ယုံကြည်စိတ်' ကို နှမြောခြင်းပင်။

အချိန်အတော်ကြာ တည်ဆောက်ထားခဲ့ရသော ယုံကြည်မှုကို ဘာမဟုတ်သည့် ငွေကြေးလေးနှင့် ဖျက်သွားခဲ့သော လူတန်းစားများကို ကြုံတွေ့ရသောအခါ ကိုယ်ကျင့်တရားသည် ပညာတတ်ခြင်း၊ မတတ်ခြင်းနှင့် မဆိုင်လေပါတကားဟု ကောက်ချက်တစ်ခုကိုရခဲ့ပြန်ပါသည်။

လူ့ဘဝဟူသည် ခဏတာရတောင့်ရခဲသော အချိန်တိုလေးပင်။ ထိုခဏတာအချိန်အတွင်း 'လူဆိုသည့်လူ' ပီသရန် အရေးကြီးပေသည်။ အမှားနှင့်အမှန်သည် နံရံပါးတစ်ချပ်သာခြားသော ကျောချင်းကပ်ဆန့်ကျင်ဘက် သီအိုရီတစ်ခုပင်။ အမှားကိုသိလျှင် အမှန်ပြင်ရန် လွယ်ကူသကဲ့သို့ အမှန်မှလည်း အမှားသို့ပြောင်းလဲသွားရန် မြန်ဆန်ပေသည်။

သို့သော် မှားမှန်းသိလျက်နှင့် မပြင်နိုင်ခဲ့သော် လူမမည်တော့ပေ။ ထို့အတူ ကိုယ်ကျင့်တရားသည်လည်း အမှားနှင့်အမှန်ကို အခြေခံပေသည်။

ယေဘုယျအားဖြင့်အမှန်လမ်းကို လျှောက်သူသည့် ကိုယ့်ကျင့်တရားကောင်းသူဖြစ်ရန် ရာခိုင်နှုန်းများပေမည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်နှင့်အများအမြင်တွင် ယုံကြည်ထိုက်သူဖြစ်စေရန် ကိုယ့်ကျင့်တရားကို ကောင်းမွန်အောင် တည်ဆောက်ကြရန်လိုပါသည်။ ॥

# ကိုယ်ကျင့်တရားဖြင့် ယုံကြည်မှုကို တည်ဆောက်ရာဝယ် . . .

လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံပေါင်းသင်းကြရာတွင် ယုံကြည်မှုသည်အရေးပါသော အခန်းကဏ္ဍ တစ်ခုအနေဖြင့် ရပ်တည်ပါသည်။ ယုံကြည်မှုကို တည်ဆောက်ရာတွင်လည်း ခဏချက်ချင်းနှင့် ဖြစ်ပေါ်လာသော ယုံကြည်မှုရှိသကဲ့သို့ အချိန်အတော်ကြာအောင်တည်ဆောက်ပါမှ ဖြစ်တည်လာသော ယုံကြည်မှုဟူ၍ နှစ်မျိုးရှိပါသည်။ ယုံကြည်မှုကို ပြောမည်ဆိုလျှင် ယုံကြည်မှုကို အလွဲသုံးစားလုပ်သူများအကြောင်းကလည်း ကပ်လျက်ပါလာမည်မှာ မလွဲပေ။

ကျွန်မက လူပေါင်းများစွာနှင့် ပြောဆိုပေါင်းသင်းဆက်ဆံရသော အရောင်းအဝယ် အလုပ်ကိုလုပ်ပါသည်။ စျေးသည်အရောင်းအဝယ်သမား ဆက်ဆံရသော လူတန်းစားမှာ အလွှာစုံမှ ပါဝင်သည်။ ရောင်းသည်ဆိုရာမှာလည်း ဝယ်သူ၏ ယုံကြည်မှုကိုရမှ ရောင်းရသကဲ့သို့ ကျွန်မတို့ ပစ္စည်းဝယ်ယူရာတွင်လည်း စျေးနှုန်းမှန်ကန်မှု၊ ကုန်ပစ္စည်း အရည်အသွေးစိတ်ချရမှု စသည့် အာမခံချက်ရှိမှ မှာယူပါသည်။ ထို့အတူ ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ လက်ကားဆိုင်ကြီးများမှ ကျွန်မတို့လို နယ်ဆိုင်ငယ်များသို့ဖောက်သည်ပေးရာတွင်လည်း ငွေကြေးစိတ်ချရမှုနှင့် ကတိသစ္စာဆိုသော ယုံကြည်မှုကို အဓိကထားကြမည်မှာ မလွဲပေ။ တစ်ခါတစ်ရံ လမ်းညွှန်စာအုပ်များပါ လိပ်စာများမှ ဆက်သွယ်ကာမှာယူဝယ်ခြမ်းကြရာတွင် ပိုင်ရှင်ချင်းမြင်ဖူးဖို့ရာ ခဲယဉ်းပါသည်။ သို့သော် ကုန်သည်၏ ငွေကြေးလွယ်ကူမှုနှင့် သစ္စာရှိမှုကြောင့် နှစ်ပေါင်းတစ်ဆယ်ကျော်ကြာမြင့်သည်အထိ ဖုန်းထဲမှ ရင်းနှီးမှုရကာ မိတ်ဆွေရင်းချာပမာဆက်ဆံသွားရသူများ ရှိပါသည်။

လူမျိုးခြား ကုန်သည်များပင် နှစ်သစ်ကူးနှင့် ၎င်းတို့၏ အခါကြီး၊ ရက်ကြီးများတွင် လက်ဆောင်ပေးပို့ကာ ခင်မင်ကြသည်အထိ ကြုံဖူးပါသည်။ ဤသို့သော အဖြစ်၏ အဓိက အကြောင်းအရင်းမှာ စိတ်နှင့်ရင်းရသော ယုံကြည်မှုပင်။ တစ်နည်းပြောရလျှင် အချိန်ရှည်ကြာတည်ဆောက်လာရသော ယုံကြည်မှုဟု ဆိုချင်ပါသည်။ ထိုကဲ့သို့ ယုံကြည်မှုကိုရလေတိုင်း ကျွန်မကိုယ်တွင်း စိတ်တစ်နေရာတွင် ကျေနပ်မှုကို အမြဲခံစားရပါသည်။ မိမိကိုယ်ကျင့်တရားကို သိက္ခာထပ်မြှင့်ပေးသော ပွဲတစ်ခုအဖြစ်လည်း ခံယူပါသည်။


ကျွန်မကိုယ်တိုင် စျေးသည်တစ်ယောက်ဖြစ်သောကြောင့် လူတစ်ယောက်၏ ကိုယ်ကျင့်တရားကို စျေးသည်ပေတံနှင့် တိုင်းမိလေသည်လား မပြောတတ်ပေ။ လူတစ်ဦးတစ်ယောက်ထံမှ တစ်ဆယ်ယူလျှင် တစ်ဆယ်ပြန်ပေးရမည်ဆိုသော သဘောတရားကို လက်ကိုင်ထားသူပင်။ မိမိနှင့်ပတ်သက်ရာ ပတ်ဝန်းကျင်တွင် သန့်စင်သော လူ့သိက္ခာကို ရရှိရန် ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ပညာတတ်ခြင်း၊ ပညာမဲ့ခြင်းနှင့် မဆိုင်ပေ။ ဖြူစင်သော ကိုယ့်ကျင့်တရားနှင့် စာရိတ္တမှန်ကန်မှုကသာ အရေးကြီးပေသည်။ ကိုယ့်ကျင့်တရား ကောင်းပါမှ ဆက်ဆံရာပတ်ဝန်းကျင်ရှိ လူများ၏ ယုံကြည်မှုကို ရရှိနိုင်ပေမည်။ ကိုယ်ကျင့်တရားနှင့် လူအများ၏ ယုံကြည်မှုသည် တိုက်ရိုက်အချိုးကျနေသည်ဟု ကျွန်မတော့ မြင်ပါသည်။

ကျွန်မဖြတ်သန်းရာ ဘဝတစ်ကွေ့တွင် တွေ့ခဲ့ရသော ယုံကြည်မှုများနှင့် မယုံကြည်ခဲ့ရမှုများကို ပြောပြချင်ပါသည်။ ၁၉၉၈-၉၉ ခုနှစ်ဝန်းကျင်သည် ကျွန်မတို့ မိသားစုများအတွက် ရုန်းကန်ခဲ့ရသော နေ့ရက်များပင်။ လက်ရှိခနော်ခနဲ့နှင့် ရုန်းကန်ခဲ့ရသော စာရေးကိရိယာဆိုင်လေးအတွက် လိုအပ်သော စာအုပ်စာတမ်းများကို မကွေးစာအုပ်ဆိုင်ကြီးမှ ယူငင်ကာ ရောင်းချခဲ့ရသော အခြေအနေ။ စာအုပ်တစ်အုပ်၏ အမြတ်မှာ ဆယ်ဂဏန်းသာရှိရာ တတ်နိုင်သမျှ စရိတ်စကကို ခြိုးခြံနိုင်ပါမှ တန်ရာကျပေရာ အလေးချိန်အတန်ငယ်စီးသည့် ပီနံအိတ်ခပ်ရွယ်ရွယ်ကို ကိုယ်တိုင် ခေါင်းရွက်ကာ ပွဲ့ထောင်ပေါ်သို့ ချရပါသည်။ အဆင်းမှာ ဆိုက်ကားသမား၏ ပင့်ပေးလိုက်မှုကြောင့် အဆင်ပြေစွာနှင့် မော်တော်ပေါ်သို့ ရောက်လာသော်လည်း မင်းဘူးဆိပ်ကမ်းသို့ရောက်ချိန်မှာတော့ ရေကျချိန်နှင့်ကြုံ၍ အထုပ်ကိုထမ်းကာကမ်းပါးယံသို့ ဆန်တက်ရမည့် အနေအထားပင်။ အလုပ်သမားများကလည်း အထုပ်ကို ထမ်းကာတက်ရမည့် မိန်းမသားတစ်ဦး၏ အနေအထားကြောင့် အဆမတန်သော စျေးကိုဆိုကာ တောင်းကြပါသည်။ ကျွန်မအတွက်တော့ အကျပ်အတည်းကို ရောက်နေသော အခြေအနေပင်။ ခေါင်းပေါ်သို့ ရောက်အောင်ပင့်တင် နိုင်လျှင်ကျွန်မကမ်းပေါ်သို့ ရောက်အောင် တက်သွားနိုင်သော်လည်း မိမိတို့ထမ်းပိုးရရေးအတွက် ခေါင်းပေါ်သို့ပင် ပင့်တင်မပေးချင်သော စိတ်ဓာတ်များကို တွေ့ရသည်။ ထိုအချိန်မှာပင် ကျွန်မနှင့် တော်တော်လေးလှမ်းသော ချောင်ကျကျတစ်နေရာတွင် ထိုင်နေသော နွမ်းဖတ်ဖတ်နှင့် အသက် (၅၀) ကျော်အရွယ်လူကြီးတစ်ယောက် ကထလာကာ ပင့်ပေးသွားခဲ့ပါသည်။ ကမ်းပါးပေါ်သို့ တက်ရာသဲသောင်ပေါ်တွင်လည်း နှုတ်၏ စောင်မခြင်းနှင့် စကားမဆိုသော်လည်း လက်၏စောင်မခြင်းနှင့် အထုပ်ကိုကူကာ ဆွဲယူတင်ပေးတတ်ပါသည်။ ထိုကျေးဇူးကို ယနေ့ထက်တိုင် ကျွန်မအမှတ်ရဆဲပင်။

ထိုလူကြီးကို ၂ နှစ်ခန့်အကြာတွင် ဆိုင်မှာ စျေးလာဝယ်ရင်းနှင့် ပြန်တွေ့ခဲ့ပါသည်။ ကျွန်မက မြင်မြင်ချင်းမှတ်မိသော်လည်း ထိုဦးကြီးကတော့ မှတ်မိတော့ဟန်မတူချေ။ မြေးအရွယ်၊ သားအရွယ် ကလေးငယ်တစ်ယောက်ကို ကွန်ပါဘူးဝယ်ပေးရန် ငွေမပြည့်သော အနေအထားနှင့်တွေ့ရသည်။ အဆင်ပြေဟန်မတူသော ပုံစံက ပေါ်လွင်ပါသည်။ ကျွန်မက အရောင်းစာရေးမလေးကို ခေါ်ကာ မေးသောအခါ ငွေ ၄၀၀ ကျော်လောက် လိုနေပါသည်။ လိုနေသောငွေအားပေးရန် မလိုပါဟုပြောလျှင်တစ်ဖက်သား၏ သိက္ခာကိုစော်ကားရာ ရောက်မည်စိုး၍ နောက်မှပေးပါ။ မကြုံလျှင်လည်း ကိစ္စမရှိပါဟုပြောကာ ကျွန်မက အတင်းထိုးကာပေးတော့ထိုဦးကြီးက အံ့သြဟန်နှင့် ပြန်ကြည့်ပါသည်။ တစ်ပတ်ခန့်အကြာမှာ ကျန်ငွေကိုလာပေးကာ ထွက်သွားသောထိုဦးကြီး၏ ပုံသဏ္ဍာန်ခပ်နွမ်းနွမ်းက'ဒါဟာဆင်းရဲပေမယ့် လူတစ်ယောက်၏ကိုယ့်ကျင့်တရားပဲ' ဟုမာန်ဝင့်ကာ ပြောသွားသယောင်ပင်။ ထိုအချိန်မှစ၍ ကျွန်မစိတ်ထဲတွင် လူတစ်ယောက်၏ ကိုယ်ကျင့်တရားသည် ဆင်းရဲမှု၊ ချမ်းသာမှုနှင့် မဆိုင်ပါလားဆိုသော ယုံကြည်မှု တစ်ခုကို အခိုင်အမာတည်ဆောက်သွားနိုင်ခဲ့ပါသည်။

နောက်တစ်ဦးက ကျွန်မထားရှိသော ယုံကြည်မှုကို အလွဲသုံးစားလုပ်ကာ မိမိတန်ဖိုးကို ပြသွားသော လူတစ်ဦးနှင့်လည်း ကြုံခဲ့ဖူးပါသည်။ အဖွဲ့အစည်းတစ်ခုမှ အကြီးအကဲတစ်ဦးပင်။ ကောင်းမွန်သော ဥပဓိရုပ်နှင့် ရာထူးအဆင့်အတန်းကြောင့် ကျွန်မတို့ဆိုင်သို့ စျေးလာဝယ်တိုင်း ကောင်းမွန်စွာ ဆက်ဆံဖြစ်ပါသည်။ တစ်နေ့ ပိုက်ဆံအိတ်မေ့ကျန်ရစ်သည်ဆိုကာ ငွေ ၇၀၀၀ ဖိုးခန့် အကြွေးယူသွားပါသည်။ ထိုဦးလေးပြန်ထွက်သွားချိန်ထိ ကျွန်မစိတ်တွင် စနိုးစနောင့် တစ်စွန်းတစ်စမှ မဖြစ်ပေါ်ခဲ့ပေ။ သို့သော်ယခင်လိုအပ်သော စာရွက်စာတမ်းများကိုတစ်ပတ်တစ်ကြိမ်ခန့် လာဝယ်ရသော သူသည် သုံးလကျော်သည်အထိ ပေါ်မလာခဲ့တော့ပေ။ ရာထူးနှင့် အဆင့်အတန်းကို စဉ်းစားကာ"မေ့လေသလား"ဟု ဖြေတွေး၍ဆိုင်မှ ညီမလေးများကို စာနှင့်ရေးကာ တောင်းခိုင်းလိုက်ရတော့သည်။

စာ(၃၁) သို့



နဝရတ်(ဂျက်/ရှုပ)

## JOKE

### အလုပ်ပို

လင်မယားစုံတွဲတစ်တွဲသည် ဆွေမျိုးများဆီသို့ လည်ပတ်ရန်ကျေးလက်ရွာလမ်းလေးတစ်ခုအတိုင်း ကားမောင်းလာစဉ် တစ်နေရာအရောက် ရွှံ့နွံများနှင့်ပြည့်နှက်နေသည့်နေရာ၌ ကားမှာနစ်ဝင်နေသည်။

ကားအား နွံတွင်းမှရုန်းထွက်ရန် ကြိုးစားနေစဉ် သူတို့နှင့် မလှမ်းမကမ်းတွင် လယ်သမားတစ်ယောက် နွားများမောင်းလာသည်ကို တွေ့ရသည်။ လင်မယားက လယ်သမားအား အကူအညီတောင်းသောအခါ အလုပ်ရှိသေး၍ဒေါ်လာ ၅၀ ပေးလျှင် ကူညီနိုင်မည်ဖြစ်ကြောင်း လယ်သမားကပြော၍သူ၏နွားများအသုံးပြုကာ လယ်သမားက ကားကိုဆွဲတင်ပေးလိုက်သည်။

"ခင်ဗျားတို့ပါနဲ့ဆို ဒီနေ့ကျွန်တော် ကားဆွဲပေးရတာ ဆယ်စီးရှိပြီ" ဟု လယ်သမားကပြောသောအခါ

"သြော်. . . ဟုတ်လား၊ ဒါနဲ့ ခင်ဗျားလယ်ကျတော့ ဘယ်အချိန်ထွန်လဲ။ ညဘက်ထွန်တာလား" ဟု ကားမောင်းသူက စူးစမ်းမေးမြန်းသည်။

"ဟာ. . ညဘက်ကျတော့ ကျွန်တော်က လမ်းချိုင့်ခွက်တွေထဲ ရေဖြည့်ရတယ်လေ" ဟု လယ်သမားက ဆိုပါတော့သည်။

### အလုပ်ရှုပ်နေတယ်

အလုပ်နားလိုက်သည်မှာ သုံးလခန့်ရှိပြီဖြစ်သော စက်ရုံဖိုမင်တစ်ဦးသည် အိမ်မှာနေရသည်မှာ ပျင်းသည်နှင့် သူအလုပ်လုပ်ခဲ့ရာ စက်ရုံသို့ ပြန်လည်၍သွားရောက်လည်ပတ်သည်။ သူအလုပ်လုပ်ခဲ့ရာ အလုပ်ရုံသို့ဝင်၍ လုပ်ဖော်ကိုင်ဖက်များကို နှုတ်ဆက် စကားစမြည်ပြောရန်ဟန်ပြင်နေရာ အားလုံးမှာ အလုပ်ရှုပ်နေ၍ သူ့တပည့်ရင်းဆီသို့ လျှောက်လာခဲ့ရာ သူ၏တပည့်ကတစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် "ဟာ. . အခုမှ ကျွန်တော် သတိရတော့တယ်။ ဆရာကအလုပ် နားထားပြီပဲ။ ဆရာလာရင် အလုပ်ရှုပ်ချင်ယောင် မဆောင်ရတော့ဘူးပေါ့" ဟု ဆိုကာ သူလုပ်နေသောကိရိယာများကို ပစ်ချလိုက်ပါတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏာသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းစျေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅

Hotline : 73032006

Business
7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ကြက်သားပေါက် ရန်ကုန်ဝင်နှုန်း တိုးလာတော့မည်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ - ၃**

ကြက်သားပေါက်အထွက်နှုန်းများသည့်အတွက် ဖေဖော်ဝါရီလတွင် ရန်ကုန်ဈေးကွက်သို့ ယခုထက် ဆယ်ဆကျော်ဝင်ရောက်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဝင်းစိန်က ပြောကြားသည်။

"လာမယ့်ဖေဖော်ဝါရီလမှာ အခုထွက်ရှိတဲ့နှုန်းထက် ဆယ်ဆမက ကြက်ပေါက်တွေရှိလာမယ်"ဟု ၎င်းကပြောကြားသည်။

ကြက်ပေါက်များကို မွေးမြူထုတ်လုပ်သူများကဝယ်ယူကာ အသားတိုးကြက်အဖြစ်မွေးမြူပြီး လက်လီ၊ လက်ကားဖြန့်ချိနေသည့် မွေးမြူသူများက လက်ရှိမွေးမြူနေသည့် ကြက်ပေါက်များမှာ လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်က ပြည်ပမှတင်သွင်းခဲ့သည့်မျိုးများဖြစ်သည်။ ထို့ကြောင့် မျိုးရိုးအဆင့်ကျဆင်းကာ ရောဂါဒဏ်မခံနိုင်ဘဲ သေဆုံးမှုမြင့်မားလာသောကြောင့် ပြည်ပမှ ဘိုးဘွား(Grand Parent stock) နှင့် မိဘမျိုးရိုး (Parent stock) အဆင့်ရှိ ကြက်သားပေါက်များ တင်သွင်းနေရသည်။

"ဌာနရဲ့ခွင့်ပြုချက်ရလို့ ဝန်ကြီးကလည်းခွင့်ပြုလို့ အခုဆို မိဘမျိုးရိုးအဆင့်တွေ သွင်းခွင့်ရလို့ပါ"ဟု ကြက်သားပေါက်တင်သွင်းဖြန့်ချိခွင့်ရသော ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ၎င်းကြက်သားပေါက်များမှာ မျိုးရိုးမြင့်မားပြီး ရောဂါဒဏ်ခံနိုင်ရည်ရှိသောကြောင့် ဈေးကွက်အတွင်း ပိုမိုဝင်ရောက်လာတော့မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ရန်ကုန်မြို့တွင်းရှိ အသားတိုးမွေးမြူသူများအတွက် တောင်ကြီး၊ ပြင်ဦးလွင်၊ စီပီ၊ မေခ၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်လုပ်ငန်းကမ္ဘောဇ စသည်တို့မှ ကြက်သားပေါက်များ ဖြန့်ချိပေးနေသည်။ ကြက်သားပေါက်တစ်ကောင်လျှင် ကျပ်ခုနစ်ရာဝန်းကျင်ရှိသည်။ တစ်ပတ်လျှင် အကောင်ရေ ၄၀၀,၀၀၀ ကျော် ပုံမှန်ဝင်ရောက်လျက်ရှိပြီး ယခုကဲ့သို့ ကြက်သားပေါက်ထွက်နှုန်း ဆယ်ဆမက မြင့်မားလာပါက လက်လီဈေးနှုန်းပါကျဆင်းနိုင်ကြောင်း ကြက်သားရောင်းချသူတစ်ဦးကပြောသည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၂၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၄၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၃. ၁၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၂၇၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၃၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၁. ၇၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၆၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၃၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၂၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၈. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၉၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၁၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၂၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၃၀. ၇၅၂ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၆၈. ၉၀၀ |
| ရေနံ | စည် | ၉၃. ၃၃ |
| ငွေ | ၁ အောင်စ | ၂၈. ၆၇၁ |
| ကြေးနီ | ပေါင် | ၄၂၈. ၂၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၄၂၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဇန်နဝါရီ ၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပဲစင်းငုံဈေး ရက်ပိုင်းအတွင်း တစ်တန် ကျပ်တစ်သိန်းကျော် ဈေးတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၇**

ဘုရင့်နောင်ကုန်စည်ဒိုင် ပဲအရောင်းအဝယ်ဈေးကွက်တွင် ယခုရက်ပိုင်း၌ ပဲစင်းငုံဈေးကောင်းလာကြောင်း ကုန်စည်ဒိုင်အရောင်းအဝယ်ဈေးကွက်မှ စုံစမ်းသိရသည်။

ပဲစင်းငုံဈေးမှာ ရက်ပိုင်းအတွင်း သိသိသာသာဈေးတက်လာပြီး မတ်ပဲမှာလည်း ဈေးအနည်းငယ်တက်လာကြောင်း ပဲကုန်သည်အချို့ကပြောသည်။

ပဲစင်းငုံဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် တစ်တန်လျှင် ကျပ်တစ်သိန်းဝန်းကျင်ထိ ဈေးနှုန်းများမြင့်တက်လာကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။

ပဲစင်းငုံမှာ ဈေးနှုန်းဆက်တိုက်တက်နေသော်လည်း ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်မှုနည်းနေကြောင်း ၎င်းကပြောသည်။ ဈေးနှုန်းအတက်အကျနည်းနေသည်ဟုဆိုသော မတ်ပဲမှာ နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။



မြန်မာနိုင်ငံကောက်ပဲသီးနှံဈေးကွက်၏ အဓိကကုန်စည်ဒိုင်ဖြစ်သော မန္တလေးကုန်စည်ဒိုင်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုး

"ဈေးက နိုင်ငံခြားဈေးတက်လို့ တက်တာပါတယ်။ ဒါပေမဲ့ ငွေဈေးကျတော့ ကုန်သည်တွေက အရောင်းအဝယ်လုပ်တာ သိပ်မများဘူး။ အရင် လုပ်ပြီးသားတွေအတွက်ပဲ ဝယ်နေလို့ မတ်ပဲက အဝယ်များတာထင်တယ်"ဟု နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသော ပဲကုန်သည်ကပြောသည်။


ပဲစင်းငုံဈေးနှုန်းမှာ ဒီဇင်ဘာ ၂၇ ရက်က တစ်တန်လျှင် ၄၈၀,၀၀၀ ကျပ်မှ ဇန်နဝါရီ ၆ ရက်တွင် ၅၇၅,၀၀၀ ကျပ်ဈေးပေါက်ခဲ့သည်။ မြန်မာနိုင်ငံအထက်ပိုင်း၏ အဓိကပဲဈေးကွက်တစ်ခုဖြစ်သော မုံရွာဈေးကွက်တွင် ပဲစင်းငုံမှာ ဇန်နဝါရီ ၉ ရက်၌ တစ်တင်း ၁၈,၄၀၀ (အသစ်)၊ အဟောင်းမှာ ၁၆,၈၀၀ ကျပ်ဈေးပေါက်သည်။ ဒီဇင်ဘာလကထက် တစ်တင်းလျှင် ကျပ် ၃,၀၀၀ ကျော် ဈေးတက်လာခြင်းဖြစ်သည်။ ဈေးတက်သည့်နည်းတူ အရောင်းအဝယ်လည်းဖြစ်နေကြောင်း မုံရွာမြို့မှ ပဲကုန်သည်တစ်ဦးက ပြောသည်။

မတ်ပဲဈေးနှုန်းမှာ ဇန်နဝါရီ ၆ ရက်က Raw အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၁၇,၁၀၀ ကျပ်၊ RC မှာ တစ်တန်လျှင် ၆၄၄,၀၀၀ ကျပ်ရှိသည်။ မတ်ပဲ SQRC မှာ တစ်တန်လျှင် ၇၉၀,၀၀၀ ကျပ်ရှိသည်။ မုံရွာတွင် မတ်ပဲတစ်တင်းလျှင် ဇန်နဝါရီ ၉ ရက်က ၂၁,၅၀၀ ကျပ်ဈေးပေါက်သည်။

# ရွှေဈေး ဆက်တိုက်ကျ၍ ရောင်းအားတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၈**



ပြည်တွင်းရွှေဈေးကွက်တွင် ၂၀၁၁ နှစ်ဆန်းပိုင်းတွင် ရွှေဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေခြင်းကြောင့် ယခုတစ်ပတ်အတွင်း ရွှေရောင်းအားမြင့်တက်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။

ရွှေရောင်းအားမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၅၀,၀၀၀ ဝန်းကျင်မှစ၍ ရောင်းအားမြင့်တက်နေပြီး ယခုတစ်ပတ်အတွင်း ၆၃၁,၀၀၀ ကျပ်အထိကျဆင်းခဲ့၍ အပိုင်းဈေးကွက် ရောင်းအားကောင်းနေခြင်းဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

စာမျက်နှာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# အရစ်ကျဖြင့်ရောင်းပေးသော ပါရမီတကာစီများ ရောင်းကုန်ပြီဟုဆို

မေဝင်းမွန်

ရန်ကုန်၊ ဇန်နဝါရီ - ၆

ဗန္ဓုလသယ်ယူပို့ဆောင်ရေးလီမိတက်မှပြေးဆွဲလျက်ရှိသော ပါရမီတက္ကစီများကို ယာဉ်မောင်းများအား ပြန်လည်ရောင်းချပေးရာတွင် သတ်မှတ်ဈေးနှုန်းထက် ကျပ်သိန်း ၅၀ နီးပါးလျှော့၍ရောင်းချခဲ့ရာ ယာဉ်စီးရေအားလုံး ရောင်းကုန်ခဲ့ကြောင်း သိရသည်။

ပါရမီတက္ကစီအစီးရေ ၉၀ ကို အရစ်ကျပုံစံဖြင့်ရောင်းချပေးခြင်းဖြစ်ပြီး ယခုရောင်းချမှုသည်ဒုတိယအကြိမ်ရောင်းချခြင်းဖြစ်သည်။

ရောင်းချပေးရာတွင် ကျပ်သိန်း ၄၀၀ သတ်မှတ်ထားသည့် မတ်ခ်တူးဆလွန်းကို ကျပ် ၃၂၅ သိန်း၊ ကျပ်သိန်း ၂၈၀ သတ်မှတ်ထားသည့် မတ်ခ်တူးဗင်နှင့် ကိုရိုလာဗင်ကို ကျပ်သိန်း ၂၃၀ သို့ဈေးချရောင်းချခဲ့ပြီး ကျပ်သိန်း ၃၀၀ သတ်မှတ်ထားသည့် ကိုရိုလာဆလွန်းကိုမူ သတ်မှတ်ဈေးနှုန်းအတိုင်းသာရောင်းချပေးခဲ့ကြောင်း သိရသည်။ လက်ရှိတွင် တိုယိုတာ၊ ဂျက်တာ၊ ပရိုဘောက်စ်ယာဉ်များဖြင့် ပါရမီတက္ကစီစီးရေ ၆၀၀ ကျော် ပြေးဆွဲပေးလျက်ရှိသည်။



ပါရမီတက္ကစီများထဲတွင် လူကြိုက်များသည့် ဂျက်တာကားတစ်စီး။
ဓာတ်ပုံ -ဂျေမောင်မောင်(အမရပူရ)




# ကြက်သွန်နီဈေးဆက်တက်နိုင်ဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ - ၈

ကြက်သွန်နီဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ်နှစ်ထောင်ကျော်အထိ ဆက်လက်မြင့်တက်နိုင်ကြောင်း ကြက်သွန်နီလုပ်ငန်းရှင်အချို့ကပြောသည်။

ကြက်သွန်နီဈေးနှုန်းများမှာ ဆယ်ရက်ကျော်အတွင်း၌ပင် တစ်ပိဿာလျှင် ကျပ်တစ်ထောင်ကျော်အထိ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း ဘုရင့်နောင် ကြက်သွန်နီဈေးကွက်မှ စုံစမ်းသိရသည်။

ကြက်သွန်နီဈေးနှုန်းသည် ဒီဇင်ဘာလလယ်တွင် တစ်ပိဿာလျှင် ကျပ်ခြောက်ရာဝန်းကျင်ရှိရာမှ ယခု ဇန်နဝါရီ ၈ ရက်တွင် ၁,၇၅၀ ကျပ်အထိမြင့်တက်လာ၍ တစ်ပိဿာလျှင် ၁,၁၅၀ ကျပ်အထိမြင့်တက်လာခဲ့သည်။

"ဈေးက ဆက်တက်ဦးမယ်လို့ ခန့်မှန်းနေကြတယ်။ မိုးရွာတော့ ကြက်သွန်တွေပျက်တယ်ဆိုတဲ့ သတင်းထွက်နေတယ်လို့ ကုန်သည်တွေပြောတော့ တက်ချင်တဲ့သဘောဖြစ်နေတာပေါ့"ဟု ကြက်သွန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။



မိုးကြက်သွန်အထွက်နည်းပြီး နယ်စပ်မှတင်ပို့မှုအချို့ရှိနေ၍ ကြက်သွန်နီဈေးကောင်းလာသည်။ ဓာတ်ပုံ -အောင်အောင်

ယခုကဲ့သို့ ကြက်သွန်နီဈေးနှုန်းမြင့်တက်ခြင်းမှာ နိုင်ငံခြားဈေးကွက်တွင် ကြက်သွန်နီဈေးမြင့်တက်နေ၍ ပြည်တွင်းဈေးကွက်၌ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း ကြက်သွန်နီလုပ်ငန်းရှင်များကပြောသည်။

ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ နေ့စဉ်ပျမ်းမျှ ကားအစီးရေ ၂၅ စီးဝန်းကျင် ဝင်ရောက်နေကြောင်း လုပ်ငန်းရှင်တစ်ဦးကပြောသည်။ ကြက်သွန်နီသည် အသစ်ပေါ်ချိန်ဖြစ်၍ ဝင်ရောက်မှုများသောကာလတစ်ခုလည်း ဖြစ်နေကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်နေခြင်းနှင့်ပတ်သက်၍ ကြက်သွန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်းမရှိသေးကြောင်း ကြက်သွန်လုပ်ငန်းရှင်အချို့ကပြောသည်။

စာ(၃၃) - ရွှေဈေး ဆက်တိုက်ကျ ရောင်းအားတက် မှ

ယခုကဲ့သို့ ပြည်တွင်းရွှေဈေးနှုန်းများကျဆင်းနေခြင်းမှာ အင်္ဂလိပ်နှစ်သစ်ကူးကာလဖြစ်၍ ကမ္ဘာ့ရွှေဈေးကွက်တွင် အရောင်းအဝယ်လုပ်မှုနည်းကာ ဈေးကျဆင်းနေခြင်းဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

"ဒီရက်ပိုင်းမှာ ရောင်းအားက တော်တော်တက်လာတယ်။ မနေ့က စီးပွားရေးလုပ်ငန်းရှင်တချို့မှာ ဂယက်ရိုက်သွားတဲ့ သတင်းတွေကြောင့် ပိုဝယ်လာကြတယ်ပြောတယ်"ဟု ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။


ထို့ကြောင့် ကမ္ဘာ့ရွှေဈေးဆက်တိုက်ကျဆင်းနေသော်လည်း ပြည်တွင်းရွှေဈေးမှာ ဘဏ်လုပ်ငန်းနှင့်ဆက်စပ်နေသော လုပ်ငန်းအချို့ကြောင့် အဝယ်လိုက်လာ၍ ဈေးနှုန်းမှာလည်း ကျပ်ငါးထောင်ဝန်းကျင် မြင့်တက်လာခဲ့ကြောင်း လုပ်ငန်းရှင်အချို့ကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၃၆၉ ကန်ဒေါ်လာမှ ၁,၃၅၉ ကန်ဒေါ်လာအထိကျဆင်းနေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၃၁,၀၀၀ ကျပ်အထိမြင့်တက်နေခဲ့ကြောင်းသိရသည်။

ထို့ကြောင့် ၁၅ ပဲရည် ရွှေဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၅၉၄,၈၀၀ ကျပ်မှ ၅၉၈,၁၀၀ ကျပ်အထိ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

7DAY BOOK REVIEW

## ကျွန်တော်တွေးမိသလို ပြောဆိုပါမည် (မောင်သစ်)




စာရေးသူမောင်သစ်သည် စာရေးဆရာအဖြစ် အောင်မြင်ခဲ့သလို နိုင်ငံရေးသမားအဖြစ်လည်း လူသိများပြီး ရှေ့နေတစ်ယောက်အဖြစ်လည်း ထင်ရှားသူဖြစ်သည်။ မောင်ကိုယုကလောင်အမည်ဖြင့် ရေးသားခဲ့သော 'ကမ္ဘာကျော် တရားခွင် လျှောက်လဲချက်များ' 'တရားခံဖြစ်သွားသော ရှေ့နေ' 'ဂျာမန်ဂန္ထဝင်စာပေများ' 'ခေတ်သစ် မောင်ရင် မောင်မမယ်မ' စသည့်စာအုပ်များမှာ သူ၏ ထင်ရှားသောစာအုပ်များဖြစ်သည်။ မောင်သစ်သည် သူဖြတ်သန်းနေသည့် ခေတ်၏လွဲချော်မှုများ၊ ခေတ်၏ အမြီးအမောက်မတည့်မှုများကို သရော်သောဆောင်းပါးများအဖြစ် 'ကျွန်တော်တွေးသလိုပြောဆိုပါမည်'၊ သတင်းနှင့် စိတ်ကူးထွေလာ'၊ 'အီးတီနှင့်တွေ့ဆုံခြင်း' စသည်ဖြင့် ဂျာနယ်များ၊ မဂ္ဂဇင်းများထဲတွင် ရေးသားခဲ့သည်။ယခုစာအုပ်ပါဆောင်းပါးများသည် ချယ်ရီမဂ္ဂဇင်းတွင် ၁၉၈၄ မှ ၁၉၈၇ ခုနှစ်အတွင်း ရေးသားခဲ့သော ၂၈ ပုဒ်ကို စုစည်းထားခြင်းဖြစ်သည်။

မောင်သစ်သည် ခေတ်၏အဆီအငေါ်မတည့်မှုများကို သရော်သည့်နေရာတွင် သူမတူသူဟု ပြောရလောက်အောင် အတွေးရဲ အရေးရဲသူတစ်ဦးဖြစ်ခဲ့သည်။ ဆောင်းပါးများသည် ယနေ့ခေတ်နှင့်ဆိုလျှင် အလှမ်းဝေးကွာနေပြီဖြစ်သော အကြောင်းအရာအချက်အလက်များ ဖြစ်နေသော်လည်း ထိုခေတ်အခါက မောင်သစ်၏ အရေးအသား၊ အယူအဆ၊ တွေးခေါ်ပုံများကို ယနေ့ စာဖတ်သူများ တစေ့တစောင်း လေ့လာသိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် မောင်သစ်၏ ကလိပုံ၊ ရိပုံ၊ ထေ့ပုံ အရေးအသားများကို ဖတ်ရင်း ပြုံးစိစိဖြစ်စေမည့် ဆောင်းပါးများလည်းဖြစ်သည်။

'မောင်သစ်ဟာ သာမန် အရပ်သား တစ်ယောက်သာဖြစ်လို့ မောင်သစ်ရဲ့ အတွေးစိတ်ကူးတွေဟာလည်း ပညာရှင်တွေးတွေးတောတာမဟုတ်ဘဲ အရပ်သားတွေးတွေးတာဖြစ်တယ်လို့ မှတ်ယူစေချင်ပါတယ်။ ဒါကြောင့် အပြစ်တင်စရာများတွေ့လည်း ပညာရှင်များက ကရုဏာသက်စွာဖြင့် ခွင့်လွှတ်စေချင်ပါတယ်။ လူသိရှင်ကြား ဝေဖန်တာတွေတော့ မလုပ်ကြပါနဲ့ခင်ဗျာ။ မောင်သစ်က ရှက်တတ်တယ်ခင်ဗျ'ဆိုသည့် အောက်ကနေသလို ကလိတိတိ အရေးအသားမျိုးနှင့်စပြီး သူပြောစရာရှိတာ၊ ဆိုစရာရှိတာကို သာသာထိုးထိုးလေး အခွင့်သင့်လျှင်သင့်သလို ရေးတတ်၊ ပြောရဲ၊ ရေးရဲတာက သူ၏ ကိုယ်ပိုင်ဟန်တစ်ခု ဖြစ်ပါသည်။

'မြန်မာလူထုဟာ တင်းတိမ်ရောင့်ရဲတယ်။ သည်းခံနိုင်တယ်။ တော်ရုံတန်ရုံမညည်းညူဘူး။ ဖြစ်သလိုနေတတ်တယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းတတ်တယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ဓာတ်ဆီမရှိတော့ ကညင်ဆီကို ဓာတ်ဆီလုပ်ပြီး မောင်းတယ်။ သကြားရှားတော့ ထန်းလျက်ကော်ဖီနဲ့ တင်းတိမ်ခဲ့တယ်။ အဝတ်မရှိတော့ စောင်ကိုဖျက်ပြီး လုံချည်၊ အင်္ကျီချုပ်ခဲ့တယ်။ မြန်မာလူမျိုးတွေဟာ အင်မတန် စိတ်ရှည်ပါတယ်' ဆိုသည့်အတို့အထိမျိုးလည်း ဖတ်ရမည်ဖြစ်သည်။

'မြေကြီးပေါ်က ကြယ်တစ်လုံးနှင့် တွေ့ဆုံခြင်း' ဆောင်းပါးတွင် ကာတွန်းငွေကြည်နှင့် အင်တာဗျူးဟန်ဖြင့် 'ကျွန်တော့်မူအရ ဆရာအောင်သင်းရယ်၊ ဆရာဇော်ဇော်အောင်ရယ် ဒီနှစ်ယောက်ပဲ အဆင့်အတန်းမြင့်တဲ့ ဝေဖန်ရေးဆရာတွေအဖြစ်မြင်တယ်။ ဆရာဇော်ဇော်အောင်ဆိုရင် အင်္ဂလိပ်စာရော၊ မြန်မာစာရော ဂုဏ်ထူးတန်းတက်ခွင့်ရတယ်။ နှစ်ဘာသာကျွမ်းကျင်တယ်။ ကျန်တဲ့ မတောက်တခေါက် ဟိုရေး ဒီရေးနေတဲ့ တချို့ပုဂ္ဂိုလ်တွေတော့ ကျွန်တော်စာရင်းထဲမှာ ထည့်မထားပါဘူး'ဟု ထိုစဉ်က စာပေနယ်တွင် ဂယက်ထလောက်သော ခပ်ထေ့ထေ့ အရေးအသားမျိုးကိုလည်း ဖတ်ရမည်ဖြစ်သည်။

စာအုပ်ပါ ဆောင်းပါးများ (သရော်စာများ)သည်သူဖြတ်သန်းကျင်လည်နေသည့် ခေတ်အခြေအနေထဲမှ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စာပေနယ် စသည့်ဝန်းကျင်စုံ၌ အမြင်မတော်ခြင်း၊ အဆီအငေါ်မတည့်ခြင်းတွေကို ထင်ဟပ်ပြသောမှတ်သားစရာအကြောင်းအရာစုံကို ဖတ်ရှုရမည်ဖြစ်သည်။

လင်းသစ်ရောင်စဉ်စာပေမှ တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### တွေ့မြင်ရုံနှင့် သွားရည်ယိုစေသည့်ချဉ်ချဉ်စပ်စပ်အစားအစာ

ချဉ်ချဉ်စပ်စပ်အစားအစာများကို အနံ့ရလျှင်သို့မဟုတ် မြင်တွေ့ရလျှင် အလိုလိုသွားရည်များလည်ခြင်းဖြစ်တတ်ကြသည်။ အစားအစာစားသောက်ချိန်တွင် ပါးစပ်ထဲရှိတံထွေးဂလင်းများက နိုးကြားထကြွလေ့ရှိပြီး တံထွေးထဲတွင်ပါရှိသည့်အင်ဇိုင်းများက အစာခြေဖျက်မှုကိုအထောက်အကူပြုသည်။

သို့သော်လည်းတစ်ခါတစ်ရံတွင် ပါးစပ်ထဲ၌အစားအစာလုံးဝမရှိပါဘဲနှင့် တံထွေးများက အပြည့်အနေအထားတွင်ရှိနေတတ်သည်။ ယင်းအခြေအနေမှာ ချဉ်ချဉ်စပ်စပ်အစားအစာများကို မြင်ရလျှင်သို့မဟုတ်အနံ့ရလျှင် တကယ်စားနေသည့်အသွင် စိတ်ကူးဖြင့်မှန်းမျှော်ရင်းဖြစ်တတ်သည့်ပုံစံဖြစ်သည်။ သွားရည်ယိုဖွယ်ချဉ်စပ်အစားအစာများကို မြင်တွေ့ချိန်အနံ့ရချိန်တွင် နာ့ဗ်ဆဲလ်များက ဦးနှောက်ဆီသို့အချက်ပေးလှုံ့ဆော်သဖြင့် တံထွေးဂလင်းများကလည်း စတင်နိုးကြားကာ သွားရည်ယိုသည့် ပုံစံဖြစ်ပေါ်ရခြင်းဖြစ်သည်။

—Source: www.bigsiteofamazingfacts.com

## တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၁၂ ရက် မှ ၁၈ ရက် အထိ



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်ရန်အခါသင့်သည်။ တစ်စုံတစ်ရာလုပ်မည်ဟု ကြံစည်လိုက်တိုင်း အပြိုင်အတိုက်အခံအတားအဆီးရှိမည်။ ကိုယ်ရေးကိုယ်တာကိစ္စထက် သူတစ်ပါးကိစ္စများ ပါဝင်ပတ်သက်နေရမည်။ လူမျိုးခြားအကျိုးပေးမည်။ ကတိစကားမတည်သူများနှင့်တွေ့တတ်သည်။ အလွန်စန်းပွင့်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း အလှူမင်္ဂလာကိစ္စများကြုံမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်ကူးထားသည့်ကိစ္စများကို ဤကာလတွင် လက်တွေ့မဖြစ်ဖြစ်အောင်ဆောင်ရွက်ပါ။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ မပျက်ယွင်းပါစေနှင့်။ တာဝန်မဲ့သူတစ်ဦး၏ကိစ္စ ကြားဝင်ဆောင်ရွက်ရမည်။ အထင်အမြင်မှားနေသူအား ဖြေရှင်းမနေပါနှင့်။ အလိုအလျောက်အမှန်အတိုင်းဖြစ်မည်။ အတိတ်ကာလမှ ရပ်တန့်ထားသည့်ကိစ္စဟောင်းများ အသစ်သဖွယ်ဖြေရှင်းနေရမည်။



### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

လုပ်သမျှအောင်မြင်၍ မာန်တက်သွားမည်။ အမှားအယွင်းများ ဆောင်ရွက်မိတတ်၍ ထိန်းထိန်းသိမ်းသိမ်းနေပါ။ ကောင်းနေရာမှ အမှားတစ်ချက်လုပ်မိသည်နှင့် ဆိုးခြင်းဘက်သို့ ဦးတည်သွားမည်။ မိမိကိုယ်ရေးကိုယ်တာကိစ္စဆောင်ရွက်သောအခါ အညှံ့မရှိသော်လည်း သူတစ်ပါးကိစ္စဆောင်ရွက်သောအခါ အညှံ့ရှိတတ်သည်။ မိသားစုတွင် လက်လွှန်ထားသောငွေများပြန်ရမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

မတော်တဆထိရှမှု သတိရှိပါ။ ရည်မှန်းထားသည်ကတစ်မျိုး လက်တွေ့ကတစ်မျိုးဖြစ်မည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ ပျက်ယွင်းမည်။ လူယုံလူရင်း ဒုက္ခပေးမည်။ မိသားစုတွင် ကျန်းမာရေးအညံ့တစ်ခုပြီး တစ်ခုကြုံမည်။ ဆီး၊ သွေးနှင့် ပတ်သက်သော ရောဂါအခံရှိသူများ သတိရှိပါ။ သူတစ်ပါးကြောင့် မိမိအကြံအစည်များ ပျက်ယွင်းမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ငွေမချေးပါနှင့်။ လူလိမ်လူကောက်တွေ့တတ်သည်။ ကတိစကားအမျိုးမျိုးပေးပြီး လက်တွေ့မဆောင်ရွက်တတ်သောသူနှင့်တွေ့မည်။ ကျန်းမာရေးကိစ္စ ဂရုစိုက်ရမည်။ သူတစ်ပါးကိစ္စ တာဝန်ယူ၊ အာမခံခြင်း လုံးဝမပြုရ။ ကိုယ့်ကိစ္စမဟုတ်ဘဲ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ သူတစ်ပါးကြောင့် ပေါ်ပေါက်လာသောပြဿနာများ မိမိဒိုင်ခံဖြေရှင်းရမည်။ စိတ်ရှုပ်ထွေးရမည်။ ပညာရေးကံကောင်းသည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ထူးခြားသောကာလဖြစ်သည်။ အတွေ့အကြုံသစ်များ၊ ဆန်းဆန်းပြားပြားဖြစ်ရပ်များကြုံမည်။ မူလတစ်ကြိမ်တစ်ခါမှ ဖြစ်ပေါ်ဖူးခြင်းမရှိသည့်ကိစ္စများ ဖြစ်ပေါ်နိုင်သည်။ သတင်းစကားကောင်းများ ကြားသိရမည်။ ဘဝလမ်းကြောင်းတွင် အရေးပါသည့်ဆုံးဖြတ်ချက်များ မှန်ကန်စွာချမှတ်နိုင်မည်။ ဤရက်များတွင် စတင်လိုက်သောကိစ္စများသည် ထူးထူးခြားခြားကောင်းခြင်း၊ အဆင်ပြေခြင်းများရရှိမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အိမ်တွင်းရေး၊ လူမှုရေးအညံ့ရှိသည်။ စေတနာ၊ ဝေဒနာဖြစ်တတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ရန်အခက်အခဲနှင့် ယှဉ်ပြီးလုပ်ရမည်။ ငွေကြေးကိစ္စများတွင် ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်း လုံးဝမပြုရ။ မိသားစုကိစ္စများတွင် အငြင်းအခုန်ပြုခြင်း တတ်အားသမျှ ရှောင်ပါ။ ရင်းနှီးမြုပ်နှံမှုများ မှားယွင်းတတ်သည်။ ပျို့ရွယ်သူများ အချစ်မှား၊ သံယောဇဉ်မှားတတ်ခြင်းကြုံမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်အနှောင့်အယှက်များမည်။ ရန်များမည်။ အပြိုင်အတိုက်အခံရှိမည်။ ကျကျနနစီစဉ်ထားသည်များ တလွဲတချော်ဖြစ်မည်။ တန်ဖိုးကြီးစွာ ဝယ်ယူထားသည့်ပစ္စည်းများ ပျက်ယွင်းမည်။ သေသေချာချာကတိပေးထားပြီးသည်များ ကတိပျက်လိမ့်မည်။ သူတစ်ပါးအပေါ် ယုံစား အားကိုး၍မရ။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စများ လက်မှတ်ရေးထိုးခြင်းမပြုရ။ ငွေလိမ်ခံရမည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အထူးကောင်းသည်။ စိတ်ချမ်းမြေ့မည်။ ရည်မှန်းချက်အောင်မြင်မည်။ ဆောင်ရွက်သမျှကိစ္စအဝဝ အဆင်ပြေမည်။ လုပ်ငန်းတိုးတက်ခြင်း၊ ငွေကြေးကံကောင်းခြင်း၊ ပြောရေးဆိုရေးအောင်မြင်ခြင်းများ ဤကာလကိုအခြေတည်၍ ဖြစ်ပေါ်မည်။ မိတ်ဆွေကောင်းတွေ့မည်။ ငွေကြေးသင့်ရုံသာ ကောင်းလင့်ကစား လုပ်ငန်းပိုင်းတွင် ထူးထူးခြားခြားအောင်မြင်မည်။ စိတ်ကူးသစ်နှင့်ဆောင်ရွက်၍ ငွေဝင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အလှူအတန်းများ၊ မင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ကူညီရမည်။ လုပ်ငန်းအကြံအစည်များ အောင်မြင်မည်။ စုပေါင်းလုပ်သောကိစ္စမှ အကျိုးဆက်ကောင်းရရှိမည်။ အရင်းအနှီးများသောလုပ်ငန်းများ စွန့်စွန့်စားစားရှေ့တိုးလုပ်၍ အောင်မြင်မည်။ လူယုံထား၍မရ။ အရာရာကိုယ်တိုင်လုပ်ပါ။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မိမိနိုင်နင်းသည်ထက်ပို၍ လုပ်ငန်းများ လုပ်ခြင်းမပြုသင့်။ ကိုယ်တိုင်ကိုယ်ကျလုပ်နိုင်သည့်ကိစ္စမှတစ်ပါး တွဲ၍လုပ်သောကိစ္စများ၊ လွှဲ၍လုပ်သောကိစ္စများ သတိနှင့်ယှဉ်၍ဆောင်ရွက်ရမည်။ ကိုယ်တိုင်ကျန်းမာရေးတွင် အညံ့ရှိမည်။ ဆွေမျိုး၊ မိသားစုဝန်းကျင်တွင် စိတ်အနှောင့်အယှက်ဖြစ်စရာများ၊ ကျန်းမာရေးအညံ့များ ရှိနိုင်သည်။ လူမျိုးခြားနှင့် ပတ်သက်သည့် လမ်းကြောင်းမှ ငွေဝင်မည်။ ရပ်ဝေးမှ ငွေကြေးလက်ခံရမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ရန်အတိုက်အခံများ မည်မျှရှိစေ အဆုံးပိုင်းတွင် အောင်မြင်မည်။ စီးပွားရေးနှင့်ပတ်သက်သည်များ ဆောင်ရွက်အကျိုးပေးမည်။ ရည်ရွယ်ချက်များ ရှေ့တိုးဆောင်ရွက်ရန် အခါကျရောက်သည်။ ငွေကြေးကိစ္စ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုသင့်။ ပညာတစ်ဖက်၊ လုပ်ငန်းတစ်ဖက် တွဲ၍တိုးတက်မည်။ အမျိုးသမီးမိတ်ဆွေ အကြီးအကဲတစ်ဦးထံမှ အကူအညီကောင်းရမည်။ ကျန်းမာရေးအညံ့ကြုံမည်။

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011



ကမ္ဘာ့စီးပွားရေး အင်အားချိန်ခွင်လျှာသည် အာရှမှ ထွန်းသစ်စ စီးပွားရေးနိုင်ငံများ၏ လူဦးရေတိုးတက်မှုကြောင့်ပိုမို မြန်ဆန်လာခဲ့သည်။ နိုင်ငံတကာ လူဦးရေကိန်းဂဏန်းများကို ခွဲခြမ်းစိတ်ဖြာမှုတစ်ခုအရ အမေရိကန်နိုင်ငံသည်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လူငယ်ထုဦးရေ ပိုမို များပြား၍ နိုင်ငံ့စီးပွားရေးကို ဆွဲ တင်ထားနိုင်မည်ဟု ဆိုသည်။

ဥရောပ၏ အကြီးဆုံးစီးပွားရေးဂျာမနီနိုင်ငံ၏ လူဦးရေမှာမူ ၀ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်အရောက်တွင် ၀ ဒသမ ၂ ရာခိုင်နှုန်း ကျုံ့သွားမည်ဟု မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အမေရိကန် လူဦးရေစာရင်းအင်းဗျူရိုက ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အရောက်မှာပင် ကမ္ဘာ့လူဦးရေ

**ကြည်နေဝင်းမင်း**

# လူဦးရေ တိုးပွားမှုနှင့် စီးပွားရေးအင်အား

အများဆုံး တရုတ်နိုင်ငံ၏ လူဦးရေတိုးနှုန်းမှာ ၀ ဒသမ ၄ သို့ ရောက်ရှိနေမည်ဖြစ်ပြီး ကမ္ဘာ့ဒုတိယလူဦးရေအထူထပ်ဆုံး အိန္ဒိယ၏ လူဦးရေတိုးနှုန်းမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။

လူဦးရေ တိုးပွားနှုန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးပညာရပ် စတင်ပေါ်ပေါက်လာကတည်းကပင် ဒွန်တွဲနေခဲ့ပါသည်။ ၎င်းဆက်စပ်မှုအား အစောဆုံးတင်ပြခဲ့သည့် Malthus (1798) ၏ အဆိုအရမူ လူဦးရေတိုးတက်မှုကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက လိုက်မမီနိုင်ဟု ဖော်ပြခဲ့သည်။ ထို့အတွက် အထိန်းအချုပ်မဲ့ လူဦးရေတိုးတက်နေသည့် နိုင်ငံတစ်နိုင်ငံသည် အနေးနှင့်အမြန်ဆိုသလို ဆင်းရဲတွင်းသို့ ကျဆင်းရမည်ဟု ဆိုပါသည်။

သို့သော် အချို့ဖွံ့ဖြိုးပြီးနိုင်ငံများက ယင်းအဆိုးမြင် ရှုထောင့်ကိုချေဖျက်ပြခဲ့ပြီး နိုင်ငံ့စီးပွားရေးအားတောက်လျှောက် အတက်ဘက်တွင်သာ ထိန်းထားနိုင်ပါက လူဦးရေ တိုးတက်လာချိန်မှာပင် လူတစ်ဦးချင်းစီ၏ ဝင်ငွေနှင့် ပြည်တွင်းစုစုပေါင်းထုတ်ကုန်တန်ဖိုးကို တိုးတက်အောင်လုပ်နိုင်ကြောင်း သက်သေပြခဲ့ကြသည်။ လူဦးရေတိုးပွားမှုအား အကောင်းဘက်က ရှုမြင်သူများကလည်း လူဦးရေတိုးပွားမှုသည် အလုပ်သမားအင်အားကို ပိုမိုကြီးထွားလာစေပြီး ထို့အတွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျယ်ပြန့်လာသည်။ ပြည်တွင်းဈေးကွက်လည်း ကြီးမားလာသည်။ ထို့အပြင် လူဦးရေများပြားလာ၍ ယှဉ်ပြိုင်မှုကို ဖြစ်ပေါ်စေပြီး ယင်းယှဉ်ပြိုင်မှုမှနေ၍ နည်းပညာအဆင့်မြင့်မားလာမှု၊ တီထွင်ဖန်တီးမှုများပေါ်ထွက်လာသည်ဟု အကောင်းမြင်သမားများက ယူဆကြပါသည်။

လူဦးရေ အပြောင်းအလဲဖြစ်ပေါ်ခြင်းက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအလားအလာကို အဆုံးအဖြတ်ပေးနိုင်ပါသည်။ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နှေးကွေးသည့် လူဦးရေတိုးနှုန်းနှင့် ကျဆင်းလာသည့်စီးပွားရေးဖွံ့ဖြိုးမှုများအား နိုင်ငံခြားမှ ရွှေ့ပြောင်းနေထိုင်သည့်အလုပ်သမားများဖြင့် ထေမိကာမိစေခဲ့သည်။ သို့သော်လည်း တစ်ကမ္ဘာလုံး စီးပွားရေးဆုတ်ယုတ်မှုကြုံရချိန်တွင် ယင်းအစဉ်အလာမှာ လူကြိုက်များမှု မရှိတော့ပေ။

"ဖွံ့ဖြိုးပြီးနိုင်ငံတွေ အထူးသဖြင့် နိုင်ငံငယ်တွေဟာ ကမ္ဘာ့စီးပွားရေးစင်မြင့်မှာ လွှမ်းမိုးခဲ့တဲ့ သူတို့ရဲ့အနေအထားတွေကိုနောက်ကနေ အားကောင်းမောင်းသန်ပေါ်ထွန်းလာတဲ့ ဈေးကွက်တွေဆီသို့ လွှဲပြောင်းပေးရာမှာ ခက်ခက်ခဲခဲ ကျော်ဖြတ်ရမယ့်အချိန်တစ်ချိန် ရှိလာပါလိမ့်မယ်" ဟု ကော်နယ်လ်တက္ကသိုလ်နိုင်ငံတကာကုန်သွယ်ရေး ပါမောက္ခ အက်စ်ဝါပရာဆက်က ပြောကြားပါသည်။

၂၀၁၀ ပြည့်နှစ် လူဦးရေ စာရင်းကောက်ယူမှုတွင် အမေရိကန်နိုင်ငံ၏ လူဦးရေသည် ၉ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ရာ ယင်းမှာ ၁၉၄၀ ပြည့်နှစ်နောက်ပိုင်း အနှေးကွေးဆုံး လူဦးရေတိုးနှုန်းပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်အရောက်တွင် အမေရိကန် လူဦးရေတိုးနှုန်း တစ်ရာခိုင်နှုန်းသာရှိမည်ဟုအစိုးရက ခန့်မှန်းထားသည်။



ကမ္ဘာ့နိုင်ငံပေါင်း ၂၂၇ နိုင်ငံတွင် ၁၉၄ နိုင်ငံ၌ လူဦးရေတိုးတက်မှုနှုန်း မြန်လာကြောင်း ကိန်းဂဏန်းများက ဖော်ပြနေပြီး ကမ္ဘာ့စတုတ္ထအကြီးဆုံး စီးပွားရေးဂျာမနီနိုင်ငံနှင့် ဒုတိယအကြီးဆုံး ဂျပန်နိုင်ငံတို့မှာ ဖွံ့ဖြိုးပြီး ခုနစ်နိုင်ငံအုပ်စုမှ လူဦးရေကျုံ့ဝင်လာသော နှစ်နိုင်ငံဖြစ်သည်။

"လူဦးရေ တိုးနှုန်းနှေးကွေးလာစဉ်မှာ ပူပန်စရာတစ်ခုက အသက်ကြီးလာတဲ့ လူဦးရေပါ။ ဒါကို အတိုင်းအတာတစ်ခုအထိ လူဝင်မှုကြီးကြပ်ရေးနဲ့ သက်သာရာရာစေနိုင်ပါတယ်။ အထူးသဖြင့် လုပ်နိုင်ကိုင်နိုင် အရွယ်တွေက အလုပ်လုပ်ပြီး အသက်ကြီးတဲ့လူတွေကို ထောက်ပံ့ပေးနိုင်ပါတယ်" ဟုအမေရိကန်လူဦးရေ စာရင်းကောက်ယူရေး ဗျူရို၏ နိုင်ငံတကာလူဦးရေ တိုးတက်မှုနှင့် စီးပွားရေးလေ့လာမှုဆိုင်ရာ အထူးလက်ထောက် ပီတာဂျွန်ဆင်က ပြောကြားပါသည်။

ဂျီ ၇ နိုင်ငံများအုပ်စုတွင် အမေရိကန်နိုင်ငံမှ လူများသည် ပျှမ်းမျှ အသက်အငယ်ဆုံး (၃၆ ဒသမ ၆ နှစ်) ဖြစ်သည်။ ငယ်ရွယ်သူများသည် ကလေးများများ ယူတတ်ကြ၍လည်း နုပျိုငယ်ရွယ်ခြင်းသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ထည့်သွင်းတွက်ချက်ရမည့် ကိန်းရှင်တစ်ခုဖြစ်သည်။

ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးဖြစ်သည့် တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၂၅ အရောက်တွင် အမေရိကန်နိုင်ငံထက် အသက်အရွယ်ကြီးရင့်သူ ပိုများနေမည်ဖြစ်ကြောင်း ကုလသမဂ္ဂခန့်မှန်းချက်များက ဖော်ပြထားပြီး တရုတ်လူဦးရေ၏ ပျမ်းမျှအသက်သည် ယခုအခါ ၃၄ ဒသမ ၂ နှစ်ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၃၈ ဒသမ ၉ နှစ်ရှိလာမည်ဖြစ်ရာ ထိုအချိန်တွင် အမေရိကန်တို့၏ ပျမ်းမျှအသက်မှာ ၃၈ ဒသမ ၇ နှစ်သာရှိမည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။

'ဆယ်စုနှစ် နှစ်စုအတွင်း တရုတ်နိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည်သူ၏လူဦးရေကို သူဘာသာသူအစားထိုးသွားဖို့ နည်းနေခဲ့ပါသည်'ဟူ၍ဝါရှင်တန်ရှိ ဘရွတ်ကင်းအင်စတီကျူးရှင်းမှပညာရှင် ဖန်ဝမ်းကပြောကြားပြီး ဆက်လက်၍ ယင်းကဲ့သို့ လူဦးရေပြောင်းလဲမှုမျိုးသည် စီးပွားရေးဖွံ့ဖြိုးမှုပုံစံအားအပြောင်းအလဲပြုလုပ်ရေးအတွက် လိုအပ်ချက်အသစ်များပေါ်ထွက်လာစေကြောင်း၊ အလုပ်သမားများအပေါ်မှီခိုအား ထားပြုသည့် စီးပွားရေးပုံစံမှ ခွဲထွက်၍ အလွန်နောက်မကျခင်မှာ ကျယ်ပြန့်သည့် လူမှုဖူလုံရေး စနစ်တစ်ရပ်ထူထောင်ရန်လိုအပ်ကြောင်း ၎င်းပညာရှင်က ပြောပါသည်။

လူဦးရေ တိုးတက်မှု နှေးကွေးခြင်းသည် စီးပွားရေးကျယ်ပြန့်လာခြင်းအား တရွတ်ဆွဲထားနိုင်သည်။ ကလေးမွေးဖွားနှုန်းမြင့်မားခြင်းသည် အလုပ်သမားများ၊ စားသုံးသူများ ပေါများလာမည့် အဓိပ္ပာယ်ဖြစ်ပြီး သုံးစွဲမှုနှင့် အခွန်အတုပ်များ တိုးလာ၍လည်း စီးပွားရေးတိုးတက်မှုကို မီးထိုးပေးနိုင်မည်ဖြစ်သည်။

"ရှေ့လာမယ့် ဆယ်စုနှစ်မှာ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ဟာ နိုင်ငံတကာ ကုန်သွယ်ရေးရဲ့ အလယ်ဗဟိုကို ရောက်ရှိလာပါလိမ့်မယ်" ဟူ၍ အိန္ဒိယနိုင်ငံမွန်ဘိုင်းမြို့ရှိ နိုင်ငံတကာ လူဦးရေသိပ္ပံပညာ အင်စတီကျူဒ်မှ ပါမောက္ခ လိုင်ရှရန်ရှာဒူးဆင်းက ပြောကြားပါသည်။ "ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ပြင်ပလူသားအရင်းအမြစ် ရှာဖွေရေးပေါ်လစီတွေမှာ ကြီးမားတဲ့ တစ်ဆစ်ချိုးပြောင်းလဲမှုရှိမလာဘူးဆိုရင်တော့ ကမ္ဘာ့စီးပွားရေးဟာ ဒီနှစ်နိုင်ငံပေါ် စုပြုံအနည်ထိုင်လာပါလိမ့်မယ်" ဟု ပါမောက္ခကြီးကဆက်ပြောပါသည်။ ပညာတတ်နိုင်ငံသားများ နိုင်ငံရပ်သွားသို့သွားရောက် အလုပ်လုပ်ကိုင်၍ ဦးနှောက်ယိုစီးမှု ဟုခေါ်သော အဖြစ်အပျက်ရှိနေသော်လည်း အိန္ဒိယနိုင်ငံနှစ်စဉ် ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းဖြစ်သော ကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံမှာ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေသည့် အလုပ်သမားများ၏ ပြန်ပို့ငွေများဖြစ်ကြောင်း ပါမောက္ခဆင်းကပြောသည်။

သို့သော် ရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်နေထိုင်မှုကို လေ့လာကြည့်ပါက အမေရိကန်သည် ရွှေ့ပြောင်းနေထိုင်သူ အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်မှုမှာ အနည်းဆုံးဖြစ်သည်။ ထို့အပြင် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံးသည် အလွန်ဆင်းရဲသော နိုင်ငံများအဖြစ်ရှိနေသေးရာ မြို့ကြီးများမှ လွဲ၍ အခြားဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျယ်ကျယ်ပြန့်ပြန့် မရှိသေးကြောင်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး အဆင့်အတန်းသို့ ရောက်ရှိရန် ဆယ်စုနှစ်များစွာ အချိန်ယူရဦးမည်ဟုအချို့ပညာရှင်များက ရှုမြင်ကြပါသည်။

*—Ref: Bloomberg & Internet*

## ၂၀၁၀ အတွင်း တရုတ်စီးပွားရေးတိုးတက်မှု နှစ်ဆပိုခဲ့မည်ဟု ခန့်မှန်း

**ဘေဂျင်း၊ ဇန်နဝါရီ - ၄**

တရုတ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အတွင်းနှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်း ယခင်ကထက်နှစ်ဆပိုရနိုင်ကြောင်း တရုတ်နိုင်ငံတော် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးက ခန့်မှန်းပြောကြားလိုက်သည်။ တရုတ်ဗဟိုဘဏ်ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သော အုပ်ချုပ်ရေးမှူး ကျောက်ရှီးချွမ်၏ မိန့်ခွန်း၌ ၂၀၁၀ တွင် တရုတ်စီးပွားရေးသည် ပုံမှန်ပြန်ဖြစ်လာခဲ့ပြီး ယခင်နှစ်များကထက် ၁၀ ရာခိုင်နှုန်း ပိုတိုးလာဖွယ်ရှိသည်ဟု မျှော်လင့်ကြောင်းဖော်ပြထားသည်။

ထို့ပြင်အသေးစား စီးပွားရေးလုပ်ငန်းဆိုင်ရာ မူဝါဒများကို စနစ်တကျ လုပ်ဆောင်ကြရန်လည်း ၎င်းကတိုက်တွန်းခဲ့ပြီး၊ အစိုးရသည် ဈေးကွက်ကိုဦးတည်သည့် အတိုးနှုန်းများ ပြင်ဆင်ပြောင်းလဲရေးအတွက်တွန်းအားပေးသွားမည်ဟုဆိုသည်။ တရုတ်နိုင်ငံသည် ပြီးခဲ့သော နိုဝင်ဘာလတွင် ငွေဖောင်းပွမှုမှာ ၂၈ လတာအတွင်း အမြင့်မားဆုံးအဖြစ် ၅ ဒသမ ၁ ရာခိုင်နှုန်းအထိရှိခဲ့သည်။

*—Ref: Xinhua*



## Leader's Profile

# ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အကြီးအကဲ မစ္စဟယ်လင်ကလပ်

ရဲမင်း

ဟယ်လင်အဲလိဇဘက်ကလပ်သည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(UNDP)၏ အုပ်ချုပ်ရေးမှူးဖြစ်သည်။ နယူးဇီလန်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို ၁၉၉၉ မှ ၂၀၀၈ ခုနှစ်အထိ သုံးကြိမ်ဆက်တိုက်ထမ်းဆောင်ပြီးမှသာ ကုလသမဂ္ဂ၏ တတိယအမြင့်ဆုံးအဖွဲ့အစည်း အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။

ဖခင်လယ်သမားကြီးနှင့် မိခင်မူလတန်းကျောင်းဆရာမတို့၏ သမီးလေးယောက်အနက်မှ အကြီးဆုံးသမီး ဟယ်လင်သည် အုတ်ကလန်မြို့ အက်ဆွန်မိန်းကလေးကျောင်းတွင် အခြေခံပညာရေးကိုသင်ယူခဲ့သည်။ ၎င်းနောက် အုတ်ကလန်တက္ကသိုလ်သို့ တက်ရောက်၍ နိုင်ငံရေးအထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မာစတာဘွဲ့ကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ကလပ်သည် ဆယ်ကျော်သက်အရွယ်ကပင် နိုင်ငံရေးတွင် တက်ကြွလှုပ်ရှားခဲ့ပြီး ဗီယက်နမ်စစ်ပွဲဆန့်ကျင်ကန့်ကွက်ပြပွဲများ၌ ပါဝင်ခဲ့သလို နယူးဇီလန်နိုင်ငံတွင် နိုင်ငံခြားတပ်များ တပ်စွဲထားခြင်းကိုလည်း ဆန့်ကျင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် အုတ်ကလန်မြို့တော်ကောင်စီသို့ လေဘာပါတီမှ ယှဉ်ပြိုင်သူများ အနိုင်ရရှိအောင် ကလပ်က ပါဝင်ကူညီခဲ့သည်။ ကလပ်သည် အုတ်ကလန်တက္ကသိုလ်မှာပင် လက်ထောက်ကထိကအဖြစ် အလုပ်လုပ်ရင်း ၁၉၇၄ ခုနှစ်တွင် အုတ်ကလန်အလယ်ပိုင်း မဲဆန္ဒနယ်တွင် ဝင်ရောက် အရွေးချယ်ခံခဲ့သော်လည်း အနိုင်မရရှိခဲ့ပေ။ ကလပ်သည် ၁၉၇၆ ခုနှစ်မှစ၍ ဒေါက်တာဘွဲ့ရရှိရန် ဆက်လက်ကြိုးစားခဲ့သော်လည်း ဒေါက်တာဘွဲ့မရရှိခဲ့ဘဲ ၁၉၈၁ ခုနှစ်တွင် နယူးဇီလန်ပါလီမန်တွင် ရွေးချယ်ခံခဲ့ရသည်။

နယူးဇီလန်ပါလီမန်၏ ၁၇ ဦးမြောက် အမျိုးသမီးပါလီမန်အမတ်ဖြစ်လာခဲ့သည့် မစ္စဟယ်လင်ကလပ်သည် ၁၉၈၇ ခုနှစ်မှစ၍ လေဘာပါတီအစိုးရအဖွဲ့တွင် ဝန်ကြီးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သို့သော် ၁၉၉၀ ရွေးကောက်ပွဲတွင် လေဘာပါတီ ရှုံးနိမ့်ခဲ့ပြီးနောက် ၁၉၉၀ မှ ၁၉၉၉ ခုနှစ်အထိ နယူးဇီလန်ပါလီမန်တွင် အတိုက်အခံအဖွဲ့အား ဦးဆောင်ခဲ့သည်။ ၁၉၉၉ ရွေးကောက်ပွဲတွင် လေဘာပါတီအနိုင်ပြန်ရသောအခါ မစ္စဟယ်လင်ကလပ်သည်လည်း နယူးဇီလန်နိုင်ငံ၏ ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ရွေးကောက်ပွဲတွင်အနိုင်ရ၍ ဝန်ကြီးချုပ်ဖြစ်လာသည့် ပထမဆုံးအမျိုးသမီးဖြစ်သည်။

လေဘာပါတီကို ဦးဆောင်၍ နယူးဇီလန်နိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို သက်တမ်းသုံးကြိမ်ထမ်းဆောင်ပြီးနောက် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် လေဘာပါတီရှုံးနိမ့်သွားသောအခါ မစ္စဟယ်လင်ကလပ်သည် လေဘာပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ခဲ့သည်။

နယူးဇီလန်ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်နေစဉ်မှာပင် မစ္စဟယ်လင်ကလပ်သည် အမျိုးသမီးကမ္ဘာ့ခေါင်းဆောင်များကောင်စီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။ ၎င်းအဖွဲ့အစည်းမှာ လက်ရှိအမျိုးသမီးသမ္မတများ၊ ဝန်ကြီးချုပ်များ၊ အမျိုးသမီးသမ္မတဟောင်းများ၊ ဝန်ကြီးချုပ်ဟောင်းများကို စုစည်းထားသည့် နိုင်ငံတကာကွန်ရက်တစ်ခုဖြစ်ပြီး အမျိုးသမီးများအတွက် အရေးကြီးသည့်ကိစ္စရပ်များနှင့် တန်းတူညီမျှဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးလှုပ်ရှားသည့်အဖွဲ့ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဖောဘ်မဂ္ဂဇင်းက မစ္စဟယ်လင်ကလပ်အား ကမ္ဘာ့ဩဇာအာဏာအကြီးမားဆုံး အမျိုးသမီး ၁၀၀ တွင် ထည့်သွင်းဖော်ပြခဲ့ပြီး အယောက် ၂၀ မြောက် ဩဇာအကြီးမားဆုံးအမျိုးသမီးအဖြစ် သတ်မှတ်ခဲ့သည်။

မစ္စဟယ်လင်ကလပ်အား UNDP ၏ အကြီးအကဲအဖြစ် အမည်စာရင်းတင်သွင်းခြင်းကို UNDP ဘုတ်အဖွဲ့တစ်ခုလုံးက ထောက်ခံခဲ့ပြီး၊ ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သူမ၏ အမည်စာရင်းတင်သွင်းမှုကို အတည်ပြုပေးခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် မစ္စဟယ်လင်ကလပ်အား UNDP ၏ အကြီးအကဲအဖြစ် ခန့်အပ်ခဲ့သည်။ ဧပြီလ ၂၇ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုလိုက်သောအခါ မစ္စဟယ်လင်ကလပ်သည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အား ဦးဆောင်ခွင့်ရသည့် ပထမဦးဆုံးအမျိုးသမီးဖြစ်လာခဲ့သည်။

—*Ref: Wikipedia*

## တရုတ်လူမျိုးနှစ်ဦး ရေခဲတုံးများထဲတွင် အကြာဆုံး နေနိုင်သည့် စံချိန်တင်

**ရှန်ဟိုင်း၊ ဇန်နဝါရီ - ၅**

တရုတ်အမျိုးသားနှစ်ဦးသည် ရေခဲတုံးများကြားထဲတွင် နှစ်နာရီကြာခန့်နေထိုင်ပြီး ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့ကြောင်းသိရသည်။ ချင်ကီကိုင် (၅၂ နှစ်)နှင့် ကျင်ဆောင်ဟော် (၅၄နှစ်)တို့သည် တိုးလျှိုးပေါက်မြင်ရသော သေတ္တာအကြည်နှစ်လုံးတွင် လည်ပင်းအထိ ရေခဲအပြည့်ဖြည့်ကာ ထိုသို့စံချိန်တင်နေထိုင်ပြခဲ့ခြင်းဖြစ်သည်။

မစ္စတာချင်မှာ ရေခဲပုံးထဲတွင် ၁၁၈ မိနစ်ကြာအောင်နေနိုင်ခဲ့ပြီး ခန္ဓာကိုယ်အပူချိန် အလွန်အမင်းကျဆင်းလာသောကြောင့် ဆရာဝန်များက ၎င်းကို ဆွဲထုတ်ခဲ့ရသည်။

မစ္စတာကျင်မှာမူ ရေခဲပုံးထဲတွင် မိနစ် ၁၂၀ ကြာအောင် နေနိုင်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် ပြီးခဲ့သောရက်များအတွင်းဟောင်ကောင်တွင် ဒတ်ချ်လူမျိုး ဝင်မ်ဟော့ဖ်က ရေခဲတုံးများထဲ၌ ၁၁၅ မိနစ်ကြာအောင် နေနိုင်သည့်စံချိန်ကို ချိုးနိုင်ခဲ့သည်။ ၎င်းတို့နှစ်ဦးလုံးသည် တရုတ်နိုင်ငံ၏ အလွန်အေးသောပြည်နယ်ဖြစ်သည့် ဟေလုံကျန်မှဖြစ်ပြီး ယင်းပြည်နယ်တွင် ဆောင်းရာသီ၌ အပူချိန် -၄၀ ဒီဂရီအထိရှိတတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

—*Ref: Telegraph*

## စပိန်နိုင်ငံတွင် အများပြည်သူနေရာများ ဆေးလိပ်သောက်ခြင်းကို တားမြစ်

**မက်ဒရစ်၊ ဇန်နဝါရီ - ၃**

စပိန်အစိုးရသည် တံခါးပိတ်ထားသောအများပြည်သူဆိုင်ရာနေရာများတွင် ဆေးလိပ်သောက်ခြင်းအား ပိတ်ပင်သည့်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ဇန်နဝါရီ ၁ ရက်မှစ၍ ယင်းဥပဒေသည် စပိန်နိုင်ငံတွင် အာဏာသက်ရောက်ခဲ့ကြောင်းသိရသည်။ ဒီဇင်ဘာ ၂၁ ရက်က ထုတ်ပြန်ခဲ့သည့် ယင်းဥပဒေတွင် တံခါးပိတ်ထားသော အများပြည်သူဆိုင်ရာနေရာများဖြစ်သည့် လေဆိပ်များ၊ အများပြည်သူပို့ဆောင်ရေးယာဉ် အဆောက်အအုံများ၊ ကပွဲခန်းမများ၊ ဘားဆိုင်များ၊ စားသောက်ဆိုင်များနှင့်ဖျော်ဖြေပွဲကျင်းပရာနေရာများတွင် ဆေးလိပ်မသောက်ရန်တားမြစ်ခဲ့သည်။

စပိန်နိုင်ငံတွင်ယခုအခါဆေးရွက်ကြီးနှင့်ဆက်နွှယ်သော မည်သည့်ကြော်ငြာကိုမဆို မီဒီယာများတွင်တားမြစ်ထားသည်။ အစိုးရကထုတ်ပြန်သော စာရင်းအင်းများအရ စပိန်နိုင်ငံတွင် ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူမိခြင်းကြောင့် စားပွဲထိုး ၁,၀၀၀ ခန့် နှစ်စဉ်အဆုတ်ရောဂါဖြင့် သေဆုံးနေကြောင်း သိရသည်။

—*Ref: Xinhua*

### နောက်ကျောဖုံး - လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုဖြင့် အရီဇိုးနား သေနတ်သမားအား တရားစွဲ မှ

ယင်းပစ်ခတ်မှုကို ပြုလုပ်ခဲ့သော သေနတ်သမားဂျာရက်အယ်လ်လိုးနာအား လူသတ်မှုနှစ်မှု၊ ပါလီမန်အမတ်တစ်ဦးအား လုပ်ကြံသတ်ဖြတ်ရန်ကြံစည်မှု၊ လူသတ်မှုကျူးလွန်ရန် ကြိုးပမ်းမှုနှစ်မှုတို့ဖြင့် တရားစွဲဆိုထားသည်။ ၎င်းသေနတ်သမားအား ဇန်နဝါရီ ၁၀ ရက်တွင် ဖီးနစ်မြို့ တရားရုံး၌ ရုံးတင်စစ်ဆေးမည်ဖြစ်သည်။

"ငါ့ရဲ့ လုပ်ကြံသတ်ဖြတ်မှု၊ ဂစ်ဖော့ဒ်စ်"စသော စာသားများကို ၎င်း၏နေအိမ်တွင်တွေ့ရှိရသည့် စာအိတ်တစ်အိတ်ပေါ်တွင် သေနတ်သမားက ရေးသားထားကြောင်း စုံစမ်းစစ်ဆေးသူများ၏ စွဲချက်များတွင် ဖော်ပြထားသည်။

သေနတ်သမားသည် အော်တိုမက်တစ်ပစ္စတို သေနတ်ကို အသုံးပြု၍ အနီးကပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ ၆ ဦးတွင် အမေရိကန် ဖယ်ဒရယ်တရားသူကြီး ဂျွန်ရိုးလ်နှင့် အသက် ၉ နှစ်အရွယ် မိန်းကလေးတစ်ဦးပါဝင်ခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဖယ်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို FBI က ယင်းပစ်ခတ်မှုနှင့် ဆက်စပ်၍ အခြားလူတစ်ဦးကို ရှာဖွေစုံစမ်းခဲ့သော်လည်း ၎င်းအမျိုးသားအား ပစ်ခတ်မှုတွင် ပါဝင်ပတ်သက်မှုမရှိဟု ဆုံးဖြတ်ခဲ့ကြောင်း ပြောကြားသည်။

အစိုးရ အရာရှိများသည် ၎င်းတို့၏ လုံခြုံရေးအတွက် သတိရှိရန်လိုကြောင်း၊ သို့သော် သတ်သတ်မှတ်မှတ် ခြိမ်းခြောက်မှုဟူ၍ မရှိကြောင်း FBI ဒါရိုက်တာ ရောဘတ်မူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း ယင်းပစ်ခတ်ခံရမှု၌ သေဆုံးဒဏ်ရာရရှိခဲ့သူများအတွက် ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက် ၁၁ နာရီတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ခေတ္တငြိမ်သက်နေကြရန် အမေရိကန်နိုင်ငံသားများအား ပြောကြားသည်။

ဒီမိုကရက်ပါတီအမတ် မစ္စဂစ်ဖော့ဒ်စ် (၄၀ နှစ်)သည် စိုးရိမ်ဖွယ်ရာ အခြေအနေတွင် ရှိနေသေးကြောင်း၊ သို့သော် ရိုးရှင်းသည့် စေခိုင်းမှုများကို တုံ့ပြန်လုပ်ဆောင်နိုင်ကြောင်း တွတ်ခ်ဆန်တက္ကသိုလ်ဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။

—*Ref: Reuters*

### နောက်ကျောဖုံး - အိုင်အေအီးအေသံအမတ်များအား ဖိတ်ကြားထားကြောင်း အီရန်အတည်ပြု မှ

နျူကလီးယားစက်ရုံများ သွားရောက်ကြည့်ရှုရေးခရီးစဉ်မှာ အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံတို့၏ ဆွေးနွေးပွဲမတိုင်မီ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အီရန်ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ ရုရှား၊ တရုတ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမနီ၊ ဗြိတိန်နှင့် အီရန်နိုင်ငံတို့သည် ဇန်နဝါရီလနှောင်းပိုင်းတွင် တူရကီနိုင်ငံ အီစတန်ဘူလ်မြို့၌ တွေ့ဆုံဆွေးနွေးရန် သဘောတူညီထားသည်။—*Ref: Reuters*



# Commodity Watch

7DAY NEWS JOURNAL
Vol.9, No.42 · JANUARY 13, 2011

## Computer

| CPU | Kyats |
| --- | --- |
| Intel P4 Dual Core 3.0 (E 5700) Processor | 57,500 |
| Intel P4 Dual Core 3.06 (E 6600) Processor | 65,100 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 118,300 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 96,300 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 242,500 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 53,200 |
| MSI G41 TM-P33 (775) Motherboard | 51,500 |
| MSI P43- C51 (775) Motherboard | 66,800 |
| MSI P55M-E32 (1156) Motherboard | 80,300 |
| ASUS P7H55D-ELX (775) Motherboard | 131,000 |
| ASUS P7P55-LX (1156) Motherboard | 97,200 |
| ASUS P5P41T-LE (775) Motherboard | 70,100 |
| ASUS P5G41T-MLX (775) Motherboard | 52,400 |
| Gigabyte H55M-S2 (1156) Motherboard | 82,800 |
| Gigabyte EP43T-UD3L (1156) Motherboard | 84,500 |
| **Memory** | |
| 1 GB DDR2 (400) Kingston Memory | 19,400 |
| 2 GB DDR2 (800) Kingston Memory | 33,000 |
| 2 GB DDR3 (1333) Kingston Memory | 22,800 |
| **Harddisk** | |
| 500 GB Seagate SATA | 38,000 |
| 1TB Seagate SATA | 55,800 |
| **PCI Express Card** | |
| MS R4350-MD 1GB DDR2 1GB PCI Express Card | 50,700 |
| MSI N 210 MD1G 1GB D3 PCI Express Card | 61,700 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 82,000 |
| ASUS EAH 5750 Formula 1GB PCI Express Card | 133,500 |
| ASUS ENGT 210 1GB PCI Express Card | 57,500 |
| ASUS EAH 4350 1GB PCI Express Card | 49,000 |
| Gigabyte Geforce 240 OC 1GB DDR5 PCI Express Card | 100,600 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 76,900 |
| Gigabyte 8400 STC 512MB PCI Express Card | 37,200 |
| **Memory Stick** | |
| Memory Stick Kingston 16 GB | 29,000 |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8GB | 16,000 |
| Memory Stick Kingston 8 GB | 16,000 |
| Memory Stick Imation 32 GB | 38,700 |
| Memory Stick Toshiba 4 GB | 9,000 |
| Memory Stick Kingston (G3) 4GB | 8,500 |
| Memory Stick Sony 4 GB | 31,000 |
| Memory Stick Adata (C906) 8GB | 17,000 |
| **UPS** | |
| SVC (600VA) | 27,900 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| Power Tree (650 VA) | 38,000 |
| Allways (650 VA) | 32,000 |
| East (650 VA) | 28,700 |
| East (1.2KVA) | 54,900 |
| **DVD Writer** | |
| Sony (SATA) | 25,400 |
| ASUS (SATA) | 27,000 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 150,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
| --- | --- |
| Intel Dual Core i3 2.53Ghz 2GB DDR3,500GB HDD,14.0″ | 473,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.53Ghz 4GB DDR3,500 GB HDD,14.0″ | 709,000 |
| **FUJITSU** | |
| Intel Core i3 2.27Ghz 4GB DDR3,500GB HDD,15.6″ | 633,000 |
| **Hasee** | |
| Intel Core2Duo 2.10Ghz 2GB DDR2, 320GB HDD,15.6″ | 411,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **MSI** | |
| Intel Dual Core 2.3Ghz 1GB DDR2, 320GB HDD,14.0″ | 414,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
| --- | --- | --- |
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
| --- | --- | --- |
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၉၉၀ |
| ဘိလပ်မြေ (Insee) (Blue Lion) | တစ်အိတ် | ၄,၇၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၆၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၄၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၆)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
| --- | --- | --- |
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၀,၀၀၀-၁၁,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၉၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၆၀၀-၇၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ (၈) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
| --- | --- | --- |
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၄,၃၀၀-၄,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၇၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
| --- | --- | --- |
| ငါးရံ့ | ၁ ပိဿာ | ၁,၇၀၀-၄,၃၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၇၀၀-၃,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၇၀၀-၃,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၂၀၀-၃,၈၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၄,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၈၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၂,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၃၀၀-၃,၆၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၁,၈၀၀ |

ဇန်နဝါရီ(၇) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
| --- | --- | --- | --- |
| နှစ်ဆန်းစူပါဆလွန်း(အပြာ) | ၈၆ | လ/သ/အ | ၁၂၀-၁၅၀ |
| စူဇူကီး ဝက်ဂွန် R+ | ၂၀၀၀ အထက် | ၂ဂ | ၂၆၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတီ | ၂၇၀ |
| စူဇူကီးR- (2 Way) | - | ၂ဂ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၉က | ၂၇၀ |
| မက်တူး | | ၉ဝ | ၁ဂ၄၅၀ |
| **မတ်ခ်တူး(ဓာတ်ဆီ) ရွှေငါး** | ၂၀၀၂ | ၄ဂ | ၈၀၀ |
| **တိုယိုတာဗင် (ဓာတ်ဆီ)** | ၈၈ | ၉က | ၃၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၂ခ | ၈၅၀ |

ဇန်နဝါရီ ၈ ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Dec(31) | Jan (1) | Jan (2) | Jan (3) | Jan (4) | Jan (5) | Jan (6) |
| --- | --- | --- | --- | --- | --- | --- | --- |
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |

7DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ဝါးပြုန်းတီးမှုကာကွယ်ရန် ကချင်ပြည်နယ်ဒေသအချို့တွင် ဝါးမျှစ်ချိုးခြင်းတားမြစ်

**အိဖြူမွန်**

**မြစ်ကြီးနား၊ ဒီဇင်ဘာ - ၂၅**

ဝါးမျိုးပြုန်းတီးလာခြင်းကြောင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်တစ်ဝိုက်ရှိ သစ်တောများတွင် ဝါးမျှစ်ချိုးခြင်းကို တားမြစ်ထားကြောင်း မြို့နယ်ဒေသခံများနှင့် မြို့နယ်သစ်တောရုံးမှ စုံစမ်းသိရှိရသည်။

ယခင်က ပေါများခဲ့သော ဝါးမျိုးများသည် ယခုနောက်ပိုင်း ပြုန်းတီးလာခြင်းကြောင့် ဝါးဈေးနှုန်းများ တက်ခဲ့ရသည်။ ယင်းဒေသ၌ ဝါးတစ်လုံးလျှင် ကျပ်ငါးရာ ပေးဝယ်ရကြောင်း၊ ပြုန်းတီးမှုအား ကာမိစေရန် ဝါးရုံစိုက်ပျိုးသူများပင်ရှိလာကြောင်း ဝိုင်းမော်မြို့နယ် ဝှူးယန်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

"ဝါးက အမျိုးမျိုးရှိတယ်။ အခုက ဝါးသုဉ်းသွားလို့ စိုက်ကြတာများလာတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းဒေသတွင် ဝါးမျိုးစိတ်ပြုန်းတီးလာခြင်းကို သုံးနှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် စတင်ပြုန်းတီးသော နေရာများမှာ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် စသည့် ဒေသများဖြစ်ပြီး ဝါးမျိုးစိတ်များ ပြုန်းတီးလာရခြင်းမှာ ဝါးသီးသီးခြင်းကြောင့်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက သုံးသပ်ကြသည်။

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့တွင် ဝါးသီးသီးခြင်းကြောင့် ဝါးမျိုးစိတ်များ ပြုန်းတီးလာခြင်းမဟုတ်သော်လည်း ဝါးမျှစ်ချိုးခြင်းနှင့် ဝါးနှင့်ပြုလုပ်သောပစ္စည်းများ အသုံးပြုမှုများလာခြင်းကြောင့် ဖြစ်ကြောင်း ဒေသခံများကပြောသည်။ဝါးများကို အစားအသောက်စားရာ၌ တူအဖြစ် အသုံးပြုရန် ကချင်ပြည်နယ်တွင် ကိုယ်တိုင်ထုတ်လုပ်လုပ်ငန်းများ ရှိကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံသို့ နှစ်စဉ် ဝါးတင်ပို့မှုနှင့် မျှစ်ခြောက်တင်ပို့မှုများလည်းရှိကြောင်း ဂွတ်ရွတ်ယန်းကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ဝါးအမျိုးအစားပေါင်း ၉၆ မျိုးရှိကြောင်း သိရသည်။



ဓာတ်ပုံ - အိဖြူမွန်

**ဝါးမျှစ်များမချိုးရန် သတိပေးဆိုင်းဘုတ်။**

# အခြေခံငှက်ကြည့်သင်တန်း ဖွင့်လှစ်မည်



**အေးမြကျော်**

**ရန်ကုန်-ဇန်နဝါရီ ၆**

ငှက်ကြည့်ဝါသနာပါသူများအတွက် အခြေခံငှက်ကြည့်သင်တန်းတစ်ခုကို မကြာမီဖွင့်လှစ်သွားရန်ရှိကြောင်း မြန်မာငှက်နှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အခြေခံငှက်ကြည့်သင်တန်းကိုရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိတော်ဝင်နှင်းဆီခန်းမတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လက်တွေ့ငှက်ကြည့်ခရီးစဉ်အဖြစ် ငှက်မျိုးစိတ်ပေါများစွာရှိရာလှော်ကား သို့မဟုတ်မိုးယွန်းကြီးအင်းသို့ သွားရောက်ရန်လည်းစီစဉ်လျှက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်မည့်ရက်ကိုစီစဉ်ဆဲဖြစ်ပြီး ဖွင့်လှစ်ပါကသင်တန်းသား၂၅ ယောက်အထိ လက်ခံကာသင်ကြားပေးသွားမည်ဖြစ်ပြီးသင်တန်းတွင်အခြေခံငှက်ကြည့်နည်းနှင့် ငှက်မျိုးစိတ်ခွဲနည်းများကိုအသင်းမှ ပညာရှင်များကသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်ငှက်မျိုးစိတ်ပေါင်း တစ်ထောင်ကျော်ရှိပြီး ဒေသရင်း ငှက်မျိုးစိတ် ငါးမျိုးရှိသည်။

ငှက်ကြည့်ရန်စိတ်ဝင်စားကာ လာရောက်လည်ပတ်သောပြည်ပခရီးသွားများမှာအခြားသော ခရီးသွားအရေအတွက်နှင့်နှိုင်းယှဉ်လျှင်နည်းပါးနေသေးသော်လည်း ဒေသရင်းငှက်များကိုလေ့လာလိုသဖြင့် လာရောက်လည်ပတ်သောခရီးသွားများလည်းရှိပြီး မြန်မာနိုင်ငံတွင် ငှက်နှင့်ပတ်သက်သော ကျွမ်းကျင်ခရီးသွားဧည့်လမ်းညွှန်များမှာလိုအပ်နေဆဲဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

## စာ(၄၀) ကိုယ်ပိုင်တောအုပ်တွင် သစ်ပင်စိုက်ကာပီတိစားခြင်း မှ

ထို့အပြင် ဆယ်စုနှစ်တစ်ခုအတွင်း လှုပ်ရှား သက်ဝင်ခဲ့သော ကျေးလက်အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာလမ်းညွှန်မှုကိုသိရှိသူပင် နည်းပါးနေသေးသည်။

သို့သော် ကျေးလက်အစုအဖွဲ့ ပိုင်သစ်တောတည်ထောင်ခြင်းကို အားပေးသူတစ်ဝက် လက်မခံသူ တစ်ဝက်ဖြစ်နေအချိန်တွင် သဘာဝကို ချစ်သောသူများလည်း အနည်းနှင့်အများ ပေါ်ထွက်လာခဲ့သည်။ ဝိုင်းမော်မြို့နယ်တွင် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်လိုသူများ ပေါ်ထွက်ခဲ့ပြီး ဧက ၇၀ ကျော်ရှိပြီး၊ ပြည်နယ် တစ်ခုလုံးတွင် အစုအဖွဲ့ပိုင်သစ်တော ဧကနှစ်သောင်းကျော်အထိ အောင်မြင်ခဲ့သည်။ တစ်ချိန်က တောကောင်းခဲ့သော၊ စိမ်းလန်းစိုပြည်ခဲ့သော နေရာများသည် ခြောက်သွေ့လာသောအခါပြန်လည်အသက်သွင်းရန် စိတ်ဝင်တစား လှုပ်ရှားသူများအနက် ဝိုင်းမော်မြို့နယ်မှဦးမောရှောက တက်ကြွစွာ လုပ်ကိုင်ခဲ့သည်။

အသက် ၆၀ ကျော်ပြီးဖြစ်သောဦးမောရှောက လူငယ်တစ်ဦးပမာ သူစိုက်ပျိုးထားရာ အစုအဖွဲ့ပိုင်သစ်တောကို နေ့တိုင်းသွားသည်။ ယခု သူပြုစုပျိုးထောင်ခဲ့သော သစ်တောသည် ၇ နှစ်သားအရွယ်သို့ရောက်ရှိလာသည်။ ၇နှစ်သားအရွယ် သစ်ပင်သည် လူသုံးယောက်စာ အရပ်ရှိပြီး လုံးပတ်လက်တစ်ဖဝါးစာသာရှိသေးသည်။ သူငယ်စဉ်က သဘာဝတောကို မမီသေးချေ။ ရုံဖန်ရုံခါ သူစိုက်ထားသော သစ်ပင်ကြီးလာတဲ့အထိ သူအသက်ရှင်ပါဦးမလားလို့ စဉ်းစားမိကြောင်း ကချင်သံဝဲဝဲဖြင့် ရယ်မောစွာ စကားဆိုသည်။

"ငါတို့ သေသွားတဲ့အချိန်ထိ ဒီသစ်ပင်ကြီးပါ့ဦးမလား။ အကျိုးခံစားခွင့်ရဦးမလားတော့ တွေးမိတယ်။ ဒါပေမဲ့ ငါတို့က ကောင်းတာလုပ်တာပဲ။ ငါတို့ မစားရပေမယ့် ငါတို့သားတွေ၊ မြေးတွေရှိသေးတယ်" ဟု သူကဆိုသည်။

တစ်ချိန်က သည်မြေတွေမှာ သစ်တောကောင်းခဲ့သည်။ သားငှက်တိရစ္ဆာန် ပေါများခဲ့သည်။ ယခင်က ညနေခြောက်နာရီတွင် ရွာနှင့် သိပ်မဝေးသော ယခု စီအက်ဖ် တည်ထောင်ထားသည့် တောမှ ကျားဟိန်းသံကို ကြားရသည်။ ထမင်းချက်ရန် ထင်းကိုဖြစ်စေ၊ အိမ်ဆောက်ရန် အိမ်တိုင်ကိုဖြစ်စေ လိုတိုင်းတရနိုင်သည့် သည်တောကိုသာ မှီခို နေရသည်။ အသက် ၆၀ အရွယ်ကျော်လာသော သူအတွက် အပြောင်းအလဲကို နဖူးတွေ့ဒူးတွေ့ ခံစားရသည်။

ခုတ်စရာ ထင်းမရှိ၊ အိမ်ဆောက်ရန် တိုင်ကောင်းကောင်းမရှိသည့်အခြေအနေကို ရောက်ရှိလာသည်။ ရှိတုန်းက အလေးမထားနိုင်ခဲ့သော သူတို့ကျေးရွာသားတွေ ယခုတော့ အိမ်သုံးမည့် ထင်းပင်ကိုပင် စိုက်ပျိုးသုံးနေကြရသည်။ "လက်ရှိမှ လက်ငုတ်၊ လက်ငုတ်မှ လက်ရင်း" ဖြစ်ရန် အတော်ပင် ကြိုးစားရသည်ဟု ဒီဇင်ဘာလ၏ အအေးပိုမှုကို ဖြေဖျောက်သော မီးပုံဘေးတွင် မီးလှုံရင်း ဦးမောရှောကစကားဆိုသည်။

"စီအက်ဖ်ရဖို့ မြို့ကို ခဏခဏ သွားရတယ်။ ၂၀၀၄ ခုနှစ်ကတည်းက လျှောက်ကာ ၂၀၀၇ ခုနှစ် လောက်မှ စီအက်ဖ်တည်ထောင်ခွင့်ကျတယ်။ သစ်ပင်စိုက်ရတာကလည်း မလွယ်ဘူး။ ဒီအတိုင်း စိုက်လို့မရဘူး။ အင်န်ဂျီအိုတွေ ကူညီလို့ အတော်အဆင်ပြေသွားတယ်" ဟု ဦးမောရှောကဆိုသည်။ ပေ ၄,၀၀၀ ကျော် မြင့်သော တောင်တွေအပေါ် သစ်ပင်စိုက်ရသည်မှာ မလွယ်ကူချေ။ တောင်ယာစိုက်ခင်းဖြစ်သည့် တောင်စောင်းများတွင် ပျိုးပင်များကို စုပေါင်းစိုက်ပျိုး၍ မရချေ။ ပေါင်းမြက်များ ထူလာပါက သစ်ပင်များ လောင်းရိပ်ရ၍ အပင်မရှင်နိုင်။ ထို့ကြောင့် တောင်ယာစပါး စိုက်ခင်းများအကြား သစ်ပင်များခြား၍ ကွက်ကျား၊ ကွက်ကျားစိုက်ပျိုးရသည်။ လေးနှစ်အထိ ကလေးတစ်ယောက်လိုပင် ဂရုစိုက်ခဲ့သော သစ်ပင်များသည် သဘာဝတောအား မမီပေမယ့် လက်လွတ်ရသည့် အနေအထားကိုရောက်ရှိလာသည်။ သူကိုယ်တိုင် စိုက်ပျိုးခဲ့ရသော သစ်ပင်များ ပင်ကျပ်နုတ်ရန် အချိန်တန်သော်လည်း ပင်ကျပ်နုတ်ပြီး ခုတ်လှဲရန် ဝန်လေးနေသည်။



ဓာတ်ပုံ - အိဖြူမွန်

**အစုအဖွဲ့ပိုင်သစ်တောစိုက်ပျိုးထားသော ဦးဂျာလ။**

သစ်ပင်တစ်ပင် ရှင်သန်ရန် အခက်အခဲ များစွာရှိသော်လည်း သစ်ပင်ခုတ်လှဲရန် လွန်စွာ လွယ်ကူနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ကျင်ထိန်းသိမ်းရေးကို လုပ်ဆောင်နေသော ဖရီဒါမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းက 'သစ်ပင်စိုက်ခြင်းထက် စိုက်ပြီးသား သစ်ပင်ကို ထိန်းသိမ်းခြင်းဟာ ပိုကောင်းတဲ့နည်းလမ်း တစ်ခုဖြစ်တယ်'ဟု အမြဲပြောလေ့ရှိသည်။

ကချင်ပြည်နယ်ရှိ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရေးကို ကူညီထောက်ပံ့ပေးနေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်ပေးနေသည့် အီကိုဒစ်(Ecodev)မှ အကြီးအကဲဖြစ်သူ ဦးဝင်းမျိုးက ၂၀၀၉ ခုနှစ်တွင် စတင်အစပျိုးခဲ့သော REDD အသက်ဝင်လာသည့်အခါ အစုအဖွဲ့ပိုင်သစ်တောပိုင်ဆိုင်သူများအတွက် အခွင့်အလမ်းကောင်း တစ်ခု ဖြစ်လာနိုင်ကြောင်း သုံးသပ်သည်။

ယခု လက်ရှိတွင် ၂၀၁၀ ခုနှစ်တွင် ကင်ကွန်းမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ရာသီဥတုပြောင်းလဲဆိုင်ရာ ညီလာခံတွင် သစ်တောသစ်ပင်စိုက်ပျိုး၊ ပြုစုပျိုးထောင်သော နိုင်ငံများအတွက် အစိမ်းရောင်ရန်ပုံငွေ ထူထောင်ထားသည်။ မြန်မာနိုင်ငံတွင်လည်း REDD (သစ်တောပြုစုပျိုးထောင်သောနိုင်ငံများ ရန်ပုံငွေထောက်ပံ့ခြင်း) အသက်ဝင်လာရန် အတွက် (UNDP) ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ စည်းမျဉ်းစည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များကို လုပ်ဆောင်နေကြသည်။

ဦးဂျာလကတော့ မည်သို့မျှ မျှော်မှန်းမှုကြီးကြီးမားမား မရှိချေ။ သူစိုက်ပျိုးခဲ့သော တစ်ဧကလျှင် သစ်ပင်ပေါင်း ၅၀၀ ပါသော အပင်များ ကြီးထွားလာပါက တောင်ပေါ်ရွာ သူတို့ဒေသသည် မြေပြန့်တွင် လယ်ယာလုပ်ကိုင်ကြသူများထက် လက်ဖျားတွင် ရွှေသီးပင် သီးနိုင်သည့် အခြေအနေဖြစ်ကြောင်း သူကယုံကြည်သည်။

"အခုတော့ သူတို့လို လယ်မစိုက်နိုင်တော့ ပိုက်ဆံများများ မရှိနိုင်သေးဘူး။ အေး ဒါပေမဲ့ နောင်နှစ်သုံးဆယ်ကျရင် သစ်ပင်တွေခုတ်ရောင်းရင်း သူဌေးဖြစ်ပြီးဗျာ" ဟု မှိုင်းပြပြမြင်နေရသော မြေပြန့် လယ်ယာကွင်းများကို လက်ညှိုးထိုး၍ ဦးဂျာလက စကားဆိုသည်။

Environment
7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

ပုံမှန်ဆိုလျှင် ကလေးငယ်များ၏အော်ဟစ်သံ၊ပြေးခုံသံ၊ဆော့ကစားသံတို့ဖြင့် ဆူညံနေသောဂွတ်ရွတ်ယန်ကျေးရွာတွင် ကြမ်းပြင်ပေါ်သို့ အပ်တစ်ချောင်းကျသံကြားနိုင်လောက်အောင်ပင် တိတ်ဆိတ်နေသည်။အိမ်တိုင်းလိုလိုတံခါးပိတ်ထားသည်။ကျေးရွာအနီးရှိဘုရားကျောင်းအတွင်းနှင့်လမ်းမထက်တွင်သစ်လွင်တောက်ပစွာ ဝတ်ဆင်ထားသောအရွယ်စုံလူစုကို တွေ့ရသည်။ တစ်နှစ်မှတစ်ခါကြုံရသော ပွဲတော်နေ့(ခရစ်တော်မွေးနေ့၊ ခရစ္စမတ်)ဖြစ်သောကြောင့် အရွယ်စုံ လူတို့သည် ဘုရားကျောင်းရှိရာသို့ တူရှုသွားလာနေကြသည်။

**အိဖြူမွန်**



*ကချင်ပြည်နယ်မှ အစုအဖွဲ့ပိုင်သစ်တောနှင့် ဒေသခံတစ်ဦးကို ဒီဇင်ဘာလကုန်ပိုင်းက တွေ့ရစဉ်။* ဓာတ်ပုံ - အိဖြူမွန်

# ကိုယ်ပိုင်တောအုပ်တွင် သစ်ပင်စိုက်ကာ ပီတိစားခြင်း

ဦးဂျာလကတော့ သူများနှင့် မတူဘဲပြောင်းပြန်ဖြစ်နေသည်။ အပေါင်းနွမ်းဆုံးဝတ်စုံကို ဝတ်ဆင်ထားပြီး တောခုတ်ဓားကိုလွယ်၍ အစုအဖွဲ့ပိုင်သစ်တော၏ အကြီးအကဲဖြစ်သူ အိမ်သို့ထွက်လာသည်။ သည်နေ့သည် သူတို့ခရစ်ယာန်ဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်လည်းဖြစ်၊ ဆွေမျိုးမိတ်ဆွေများ စုကြ၊ ဆုံကြ၊ ပျော်ရွှင်ကြသည့်နေ့လည်းဖြစ်သည်။

ဘုရားကျောင်းကို သူသွားချင်ပါသော်လည်းမသွားဖြစ်၍ စိတ်မကောင်းမဖြစ်မိပါ။ သူအတွက် သူပါဝင်စိုက်ပျိုးထားသော အစုအဖွဲ့ပိုင်သစ်တောကို ဧည့်သည်များရှင်းပြရန် ပို၍စိတ်အားထက်သန်နေသည်။ တစ်နည်းအားဖြင့် သစ်ပင်ခုတ်ဖူးပြီး စိုက်ပျိုးမှုမရှိခဲ့သောသူသည် သူကိုယ်တိုင် စိုက်ပျိုးထားသော သစ်ပင်ကိုဧည့်သည်များပြရန် စိတ်အားထက်သန်လှသည်။

ဦးဂျာလသည် အစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူတို့ရွာတွင် သစ်ပင်ပြန်လည်စိုက်ပျိုးခြင်းထက် တောင်ယာခုတ်ခြင်းကို စိတ်အားထက်သန်ကြသည်။ သူသတိမထားမိသည့် နှစ်ပေါင်း ၃၀ ကျော်အတွင်း သူမြတ်နိုးခဲ့ရသော သစ်တောသစ်ပင်များ တဖြည်းဖြည်းလျော့နည်းလာခဲ့သည်။

တောင်ယာခုတ် စပါးစိုက်ခြင်းဖြင့် လည်ပတ်ခဲ့သောသူတို့ကျေးရွာပတ်ဝန်းကျင်ကို အဓိကတပ်လှန့်ခဲ့သောအခါ သူတို့ကျေးရွာသားအားလုံးနိုးကြားလာခဲ့သည်။ သစ်တောများပြုန်းတီးလာသော အကျိုးဆက်ကြောင့် ရေထွက်လျော့နည်းလာသည်။ အပူ၊ အအေးမမျှတသော ရာသီဥတုကို နဖူးတွေ့၊ ဒူးတွေ့ကြုံလာရသည်။

“ကချင်ပြည်နယ်က ရိုးရာအရ သစ်တို့၊ ဝါးတို့ခုတ်စားကြတယ်။ တောင်ယာခုတ်တော့ သစ်ကအစရှားပါးလာတယ်။ အဲဒီနောက် ဒီလိုသာဖြစ်နေရင် နောင်တစ်ချိန်ကျရင် သစ်တို့၊ ဝါးတို့ရှားလာနိုင်တယ်။ ကဲဒီအတိုင်းနေလို့မဖြစ်တော့ဘူးဆိုပြီး CF( Community Forest) ကို ဦးဆောင်ပြီး လုပ်ဖြစ်ကြတယ်။ အားလုံးသဘောတူညီချက်နဲ့လုပ်ကြတယ်။ ဒီအတိုင်းပဲနေရင်တော့ လုပ်ကိုင်စားသောက်စရာ နေရာမရှိလောက်တော့ဘူး” ဟု ဂွတ်ရွတ်ယန် ကျေးရွာအစုအဖွဲ့ပိုင်သစ်တော၏အကြီးအကဲဖြစ်သူ ဦးကမ်ရှောင်ကဆိုသည်။

မြန်မာနိုင်ငံတွင် ကျေးရွာအစုအဖွဲ့ပိုင် သစ်တောဆိုင်ရာလမ်းညွှန်ချက်တစ်ခုထွက်ရှိသည်မှာ ဆယ်စုနှစ်ကျော်မျှသာဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင်ထွက်ရှိခဲ့သော ကျေးရွာအစုဖွဲ့ပိုင်သစ်တောဖွဲ့စည်းတည်ထောင်ခြင်းသည် ၁၉၉၆ ခုနှစ်တွင် စတင်လှုပ်ရှားလာခဲ့သည်။ မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှု အများဆုံးဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အလယ်ပိုင်းဒေသတို့တွင် ပထမဆုံးသက်ဝင်လှုပ်ရှားခဲ့သည်။

သစ်တောသစ်ပင်ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်းကို အစိုးရကပထမဦးဆုံး ပြည်သူလူထုအား ဝိုင်းဝန်းထိန်းသိမ်းရန် ချမှတ်ပေးထားသည့် စနစ်တစ်ခုလည်း ဖြစ်သည်။ သစ်တောသစ်ပင် ပြုန်းတီးခဲ့သောနေရာများ၊ မြေလွတ်မြေရိုင်းများတွင် သစ်ပင်စိုက်ပျိုးခွင့် အနှစ် ၃၀ လုပ်ပိုင်ခွင့်ရသည်။ အနှစ် ၃၀ လုပ်ပိုင်ခွင့်အား ကျေးရွာအတွင်းရှိ ဒေသခံများက ဝိုင်းဝန်းစုစည်း လျှောက်ထားရသည်။ သစ်တောစိမ်းလန်းစိုပြည်ရေးကိုသာ အဓိကထားသောကြောင့် ကိုယ်ကျိုးရှာပါက ပြန်လည်၍လုပ်ပိုင်ခွင့်သိမ်းယူနိုင်သည်။

ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အစုအဖွဲ့ပိုင် သစ်တောဖွဲ့စည်းလုပ်ကိုင်ခြင်းသည် ပို၍ အသက်ဝင်လာခဲ့သည်။ ချင်းပြည်နယ်နှင့် နှိုင်းယှဉ်ပါက ကချင်ပြည်နယ်တွင် အစုအဖွဲ့ပိုင်သစ်တော ဖွဲ့စည်းတည်ထောင်ခြင်းကို အများဆုံးပါဝင်လုပ်ကိုင်ကြကြောင်း အစုအဖွဲ့ပိုင်သစ်တောဖွဲ့စည်းတည်ထောင်ခြင်းအား ကူညီလုပ်ကိုင်ပေးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ သိရသည်။

အစုအဖွဲ့ပိုင် သစ်တောဖွဲ့စည်းထူထောင်ခြင်းသည် မြေပြန့်ဒေသများတွင် ပို၍လွယ်ကူအောင်မြင်နိုင်သော်လည်း တောင်ပေါ်ဒေသများ၌ မြေအသုံးချမှုတွင် အခက်အခဲများစွာရှိသည်။ တောင်ပေါ်ဒေသများအနက် ကချင်ပြည်နယ်တွင် မည်သည့်နေရာတွင်ဖြစ်စေတူးဖော်ပါက ရွှေထွက်နိုင်သော ဒေသကများပြားသည်။ ယင်းအကြောင်းများကြောင့် မြေလွတ်များကို မည်သို့အသုံးချမည်ဆိုသည်မှာ စဉ်းစားစရာအခက်အခဲတစ်ခုဖြစ်လာသည်။

စာ(၄၀) သို့

## Environment



လူတစ်ဦးစီက သူ့နှလုံးသားကို
သူ့ လိုက်နာရင်
သဘာဝပတ်ဝန်းကျင်အတွက်
ကိုယ်လုပ်ပေးနိုင်တာလေးတွေကို
ရှာတွေ့ပါလိမ့်မယ်။


John Denver

## ရေတိမ်ဒေသနေ့ အထိမ်းအမှတ်ပြပွဲ ကျင်းပမည်

**အေးမြကျော်**

**ရန်ကုန်၊ ဇန်နဝါရီ-၅**

ဖေဖော်ဝါရီလ ၂ ရက်တွင် ကျရောက်မည့် ရေတိမ်ဒေသနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့်ရေတိမ်ဒေသများနှင့် သက်ဆိုင်သောပြပွဲတစ်ခုပြုလုပ်သွားရန်စီစဉ်နေကြောင်း မြန်မာ့ငှက်နှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းမှဥက္ကဋ္ဌဦးစိုးညွန့်က ပြောသည်။





ယခုနှစ်တွင် ကျရောက်မည့်ကမ္ဘာ့ရေတိမ်ဒေသနေ့သည် နှစ်လေးဆယ်မြောက်ဖြစ်ပြီး ယခုနှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်မှထုတ်ပြန်ထားသောရေတိမ်ဒေသနေ့ဆောင်ပုဒ်မှာရေအရင်းအမြစ်နှင့်ရေတိမ်ဒေသများအတွက် မရှိမဖြစ်သစ်တောများဟု အဓိပ္ပာယ်ရသည့် Forest for Water & Wetland ဟုဖြစ်သည်။ ကမ္ဘာ့ရေတိမ်ဒေသနေ့ အမှတ်တရအနေနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်ပွဲများ ကျင်းပသကဲ့သို့ ယခုနှစ်တွင်လည်းမြန်မာနိုင်ငံတွင်လည်း အထိမ်းအမှတ်တစ်ခုအနေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာရှင်များနှင့် ရေတိမ်ဒေသများနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအရာများကို ဟောပြောဆွေးနွေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိရေတိမ်ဒေသများနှင့်သက်ဆိုင်သော အချက်အလက်များ၊ဓာတ်ပုံများကို အခမ်းအနားလာရောက်သောသူများ ဗဟုသုတရစေရန်ပြသသွားရန်စီစဉ်နေကြောင်း ဦးစိုးညွန့်ကပြောသည်။ မြန်မာ့ငှက်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်းအနေနှင့် ယခင်က ကမ္ဘာ့ရေတိမ်ဒေသနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ဖူးပြီး ၂၀၀၈ ခုနှစ်မှစကာ ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင်ပြန်လည်ကျင်းပခြင်းဖြစ်သည်။



# သဘာဝရှုခင်းတွေ တစ်ဝကြီးခံစားနိုင်မယ့် မြစ်ကြီးနားဒေသ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ-၆**

မြို့ပြရဲ့ မွန်းကျပ်မှုနဲ့ အလုပ်များ ဖြင့်ဖိစီးပြီး ထွက်ပေါက်ရှာ အပန်းဖြေသူတွေအတွက် အေးချမ်းသာယာလှပတဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို လမ်းညွှန်လိုက်ပါတယ်။ အေးချမ်းလှတဲ့ ဆောင်းရာသီမှာ စိတ်ပင်ပန်းမှုကို ဖြေဖျောက်ဖို့ ခရီးရက်ရှည်ထွက်ရင်း အပန်းဖြေလိုသူများအတွက် မြစ်ကြီးနားမြို့ကို သွားလည်မယ်ဆိုပါက မန္တလေးမြို့မှတစ်ဆင့် ကြိုက်နှစ်သက်ရာခရီးစဉ်ကို ရွေးချယ်သွားလာနိုင်ပါတယ်။

ကုန်းလမ်းခရီးနဲ့ သွားမယ်ဆိုရင် မီးရထားဖြင့် သွားလာနိုင်ပါတယ်။ မီးရထားလမ်း တစ်လျှောက်မှာတော့ လယ်ကွင်းတွေကိုဖြတ်တိုက်လာတဲ့ လေနုအေးကို သင်ခံစားနိုင်ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ မြေလတ်ပိုင်းအလှများနဲ့ အအေးပိုင်းရှိ ကချင်ပြည်နယ်၏ တောတောင် အလှများကို ပေါင်းစပ်ခံစားနိုင်ပါတယ်။

မီးရထားနဲ့ သွားရင် တစ်ညအိပ်ခရီးဖြင့် မြစ်ကြီးနားကို ရောက်နိုင်ပါတယ်။ ဒါပေမဲ့ အပန်းဖြေ ခရီးသက်သက်သာဆိုရင်တော့ ဧရာဝတီမြစ်အလှကို ခံစားနိုင်ဖို့ ရေလမ်းခရီးကိုလည်း ရွေးချယ်အသုံးပြုနိုင်ပါတယ်။ မြန်မာနိုင်ငံကိုလာရောက် အပန်းဖြေကြတဲ့ ကမ္ဘာ့လှည့်ခရီးသွားများကတော့ ရေလမ်းခရီးကို အများဆုံး ရွေးချယ်ကြပါတယ်။

ရေလမ်းခရီးနဲ့ သွားလာလိုရင်တော့ မန္တလေးမြို့ အနောက်ဘက်ရှိ ဂေါ်ဝန်ဆိပ်ကမ်းတွင် သင်္ဘောလက်မှတ်ဝယ်ရပါတယ်။ သင်္ဘောလက်မှတ်ခ ဈေးမကြီးပါဘူး။ သို့ပေမဲ့ ရေလမ်းခရီးနဲ့ သွားရင် သင်္ဘောပေါ်မှာ သုံးရက်နဲ့နှစ်ညကြာမြင့်မှာမို့ အခန်းရရှိဖို့က အရေးကြီးဆုံးပါပဲ။ အခန်းမရရင်တော့ အေးလွန်းလှတဲ့ ရာသီဥတုဒဏ်ကို အလူးအလဲခံရမှာမို့ အဆင်မပြေလှပါဘူး။

မြစ်ကြောင်းတစ်လျှောက်မှာတော့ စက်ခိုးငွေ့၊ မီးခိုးငွေ့များဝေတဲ့မြို့ပြရနံ့နဲ့ မတူတဲ့ သန့်ရှင်းလတ်ဆတ်တဲ့ လေနုအေးကို ခံစားနိုင်ပါတယ်။ သင်္ဘောဆိုက်ကပ်ချိန် အလုအယက် အပြေးလာရောက်ရောင်းချတဲ့ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၏ အရသာစုံဟင်းလျာကို မြည်းစမ်းလိုပါက မြည်းစမ်းနိုင်ပါတယ်။ သင်္ဘောပေါ်မှာ ပိုက်ဆံ သုံးရာနဲ့ ထမင်းစားလို့ရနိုင်ပြီး ဈေးသက်သာတဲ့ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေလည်း ရှိပါသေးတယ်။

အရွယ်စုံ၊ ဘဝပေါင်းစုံလူနေမှုဘဝကို သင်လေ့လာလို့ပါက လေ့လာနိုင်ပါတယ်။ အကယ်၍ မြန်မာနိုင်ငံရဲ့ ဂုဏ်ယူဖွယ်ရာ ဇီဝမျိုးစိတ်တစ်ခုဖြစ်တဲ့ ဧရာဝတီလင်းပိုင်ကို ကိုယ်တွေ့မြင်ဖူးလိုပါက ဗန်းမော်မြို့ အောက်ဖက်၊ ကသာမြို့အောက်ဘက်၊ ရှိန်းမကား၊ မင်းကွန်းနယ် တစ်ဝိုက်မှာ တွေ့နိုင်ပါတယ်။ သင်ရိုးထဲတွင် သာကျက်မှတ်ခဲ့ရတဲ့ ဧရာဝတီမြစ်၏ မြစ်ကျဉ်းအလှများကိုလည်း ခံစားနိုင်ပါတယ်။



*သဘာဝအလှကို အပြည့်အဝခံစားလိုသူများအတွက် ဧရာဝတီမြစ်ကြောင်းလမ်းမှ မြစ်ကြီးနားသို့ သွားခြင်းသည် အကောင်းဆုံးဖြစ်သည်။* ဓာတ်ပုံ-အိဖြူမွန်

ဒုတိယမြစ်ကျဉ်းဟာ နာရီအားဖြင့် တစ်နာရီကျော်ရေယာဉ်မောင်းနှင်ရပါတယ်။ ပေ ၄,၀၀၀၊ ၅,၀၀၀ ရှိသော သဘာဝကျောက်ဆောင်များမှ သင်္ဘောကြီးဖြတ်သန်းသည့်အခါ အေးစက်တဲ့ အထိအတွေ့ကို သိသာစွာခံစားရပါတယ်။ ရေလမ်းခရီးကို ရွေးချယ်ပါက ဗန်းမော်မှာ တစ်ညအိပ်ပြီး ကားဖြင့်မြစ်ကြီးနားမြို့သို့ ၈ နာရီကားစီးရုံနဲ့ ရောက်နိုင်ပါတယ်။

ဗန်းမော်မြို့မှ မြစ်ကြီးနားသို့ သွားရာလမ်း တစ်လျှောက်မှာတော့ မြွေလိမ်မြွေကောက်လမ်းကို သင်ကိုယ်တိုင် ခံစားရှုမြင်နိုင်မှာဖြစ်ပါတယ်။ မြစ်ကြီးနားမြို့ကို ရောက်ရှိပြီဆိုရင် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောတိုင်များကို လေ့လာလိုပါက လေ့လာနိုင်ပါတယ်။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ မေခ၊ မေလိခပေါင်းဆုံရာ ဧရာဝတီမြစ်ရဲ့ အစကိုလည်း သွားရောက်လည်ပတ်နိုင်ပါတယ်။ မြစ်ဆုံမှ အမှတ်တရ ကျောက်ခဲကောက်ပြီး သင်နှစ်သက်သောသူကို ပေးပါက ဆုံစည်းနိုင်တယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

မြစ်ကြီးနားမြို့ကို ရောက်ရင် ညနေအချိန် ဆည်းဆာအလှခံစားရင်း ဧရာဝတီမြစ်ကမ်းနံဘေးက ဈေးဆိုင်များမှာ ကချင်ခေါင်ရည်၊ ကချင်ရိုးရာ စားစရာတစ်ခုခုကိုမှာပြီးအပန်းဖြေစားသောက်နိုင်ပါတယ်။ ကချင်အမျိုးသား၊ အမျိုးသမီးတစ်ယောက်ကို သင်နှုတ်ဆက်လို့ပါက "ဂျဂျားအီ"(မင်္ဂလာပါ) လို့ နှုတ်ဆက်နိုင်ပါတယ်။ သင်က သူတို့ကို ကချင်ဘာသာစကားဖြစ်တဲ့ 'ကျေးဇူးကမ္ဘာဆိုင်းရော့' လို့ပြောရင် သူတို့နှစ်သက်သဘောကျစွာ ရယ်မောပါလိမ့်မယ်။ ကချင်ပြည်နယ်မှ အပြန်အိမ်ပြန်လက်ဆောင် ပါသွားချင်ရင်တော့ ကချင်ရိုးရာ လုံချည်ဆိုင်ကို ဝင်သွားဖို့ မမေ့ပါနဲ့။ မြစ်ကြီးနားမှ ဆက်လက်၍ သွားလိုရင် တောင်ပေါ်ပင်လယ်ဖြစ်တဲ့ မြန်မာနိုင်ငံ၏ အကြီးဆုံးအင်းတော်ကြီးကန်ကို ထပ်မံသွားနိုင်ပါတယ်။ အင်းတော်ကြီးဘုရားကို သွားဖူးမယ်ဆိုရင်တော့ လမ်းခရီးတစ်လျှောက် ဖုန်ထူလို့ နှာခေါင်းစည်းဆောင်ဖို့ မမေ့ပါနဲ့လို့ မှာချင်ပါတယ်။ ။

## အဲပုဂံက လေယာဉ်လက်မှတ်ဝယ်ထားသူများအတွက် သတိမှတ်ချက် အသစ်ထုတ်ပြန်



**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ- ၄**

ထွက်ခွာမည့်နေ့မတိုင်မီ ၁၀ ရက်စော၍ အဲပုဂံလေကြောင်းလိုင်းမှ အစုအဖွဲ့အတွက်မှာယူထားသော လေယာဉ်ခရီးစဉ်များအား အတည်ပြုပေးရန် အဲပုဂံလေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။

မည်သို့သော အကြောင်းကြောင့်ဖြင့်ဖြစ်စေ ထွက်ခွာမည်နေ့မှ ၁၀ ရက်အတွင်း ခရီးစဉ်ဖျက်သိမ်းခြင်းရှိလာပါက စုစုပေါင်းလေယာဉ်လက်မှတ်တန်ဖိုး၏ ၂၅ ရာခိုင်နှုန်းအား ခရီးစဉ်ဖျက်သိမ်းကြေးအဖြစ် သတ်မှတ်ကောက်ခံမည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဝယ်ထားတဲ့ခရီးစဉ်တွေကို အနားနီးလာတာနဲ့ ဖျက်တဲ့လူတွေများလာလို့ အခုလိုသတ်မှတ်ရတာပါ" ဟု အဆိုပါ လေကြောင်းလက်မှတ်ရောင်းကိုယ်စားလှယ်တစ်ဦးကပြောသည်။

ယခုနှစ် ခရီးသွားရာသီတွင် ဧည့်သည်ဝင်ရောက်မှုများပြားလာသဖြင့် လက်ရှိရှိနေသော ဟိုတယ်၊ ကားနှင့်လေယာဉ်လက်မှတ်များ ရရှိရန်ခက်ခဲသောကြောင့် ဧည့်သည်များမှာလည်း မိမိတို့ဝယ်ယူမည့် ခရီးစဉ်များရရှိရန် ခရီးသွားကုမ္ပဏီသုံးလေးခု အဆင့်ဆင့်မှာကြားကြသည်။

"လေယာဉ် လက်မှတ်မှာတင်မဟုတ်ဘူး။ ဟိုတယ်အခန်းလဲ ဒီနှစ်ဒါမျိုးတွေ ခဏခဏကြုံရတယ်။ ဧည့်သည်တစ်ဖွဲ့ထဲကနေ ကုမ္ပဏီသုံးလေးခုနဲ့ ဘွတ်ကင်လုပ်တယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်အဲဝေး ရပ်နားခဲ့သဖြင့် လက်ရှိတွင် အဲပုဂံနှင့်အဲမန္တလေး လေကြောင်းလိုင်း ၂ ခုသာ ပြည်တွင်းခရီးစဉ်များပျံသန်းပေးနေပြီး အချို့နေ့များတွင် ဧည့်သည်များမနိုင်သဖြင့် လေဆိပ်၌ ချန်ထားခဲ့ရသည်များရှိလာကြောင်းသိရသည်။










7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# Cartoon

## The Cartoon Logo




















JOURNALIST

soethawdar



7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

## တရုတ်နိုင်ငံတွင် ဖြစ်တောင့်ဖြစ်ခဲ အပြန်အလှန်ပစ်ခတ်မှု ရဲအရာရှိ သုံးဦး သေဆုံး

**ဘေဂျင်း၊ ဇန်နဝါရီ - ၅**
လူသတ်သမားဟု မသင်္ကာသူနှစ်ဦးအား တရုတ်ရဲတပ်ဖွဲ့က ထိန်းသိမ်းရန် ကြိုးစားခဲ့ပြီးနောက် မသင်္ကာသူ နှစ်ဦးက ကားများခိုးယူ၍ ထွက်ပြေးခဲ့ပြီး ရဲတပ်ဖွဲ့ကို ပြန်လှန်ပစ်ခတ်ခဲ့ရာ ရဲအရာရှိသုံးဦးသေဆုံးကာခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်နိုင်ငံပိုင် ချိုင်းနားဒေးလီသတင်းက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ အရှေ့ဘက် ကမ်းရိုးတန်း ရှန်ဒေါင်းခရိုင်တိုင်အန်မြို့၌ ဖြစ်ပေါ်ခဲ့သည့် အပြန်အလှန်ပစ်ခတ်မှုမှာ တရုတ်နိုင်ငံတွင် ဖြစ်တောင့်ဖြစ်ခဲ ကိစ္စရပ်ဖြစ်သည်။ တရုတ်နိုင်ငံတွင်သေနတ်လက်ဝယ်ထားရှိခြင်းကို တရားမဝင်ဟု သတ်မှတ်ထားသည်။

မသင်္ကာသူနှစ်ဦးသည် ကားလေးစီးအား အပိုင်စီး၍ ယာဉ်မောင်းနှစ်ဦးကို ပစ်ခတ်ခဲ့ကြောင်း သို့သော် နောက်ပိုင်းတွင် ၎င်းတို့ကားအားရဲတပ်ဖွဲ့ကားက ဝင်တိုက်ခဲ့သည်။ ယင်းနောက် သေနတ်သမား နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပေါ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ခြင်း ဖြစ်သည်။

မသင်္ကာသူနှစ်ဦးတွင် တစ်ဦးကသေနတ်နှင့်ပင် မိမိကိုယ်ကို အဆုံးစီရင်ခဲ့ပြီးကျန်တစ်ဦးအား ရဲတပ်ဖွဲ့ကထိန်းသိမ်းလိုက်ကြောင်း သိရသည်။ သေနတ်သမားများသည် လုပ်သေနတ်ပစ္စတိုတစ်လက်နှင့် နှစ်လုံးပြူးတစ်လက်တို့ကို အသုံးပြုခဲ့ကြောင်း သိရသည်။

*—Ref: AP*

## တောင်ကိုရီးယားနှင့် စစ်ရေးအရ ပူးပေါင်းရန် ဂျပန်ပြင်ဆင်

**တိုကျို၊ ဇန်နဝါရီ - ၄**
ဂျပန်အစိုးရသည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုမှကာကွယ်နိုင်ရန်တောင်ကိုရီးယားနှင့် ပိုမိုနီးကပ်သော စစ်ရေးဆက်ဆံမှုကိုထူထောင်သွားမည်ဖြစ်ကြောင်း ဂျပန်မီဒီယာများက ဖော်ပြလိုက်သည်။ နယူးယောက်တိုင်းမ်စ်သတင်းစာကလည်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုရှီမီကီတာဇာဝါသည် လာမည့်သီတင်းပတ်တွင်း တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ကာ နှစ်နိုင်ငံစစ်ရေးအရ ပူးပေါင်းရေးအဆိုပြုချက်များကမ်းလှမ်းသွားမည်ဟု သိရသည်။

သတင်းများအရ ဂျပန်ကာကွယ်ရေးဝန်ကြီးသည် တိုကျိုနှင့် ဆိုးလ်အကြား ငြိမ်းချမ်းရေးထိန်းသိမ်းစဉ်ကာလအတွင်း တပ်ဖွဲ့အချင်းချင်း အပြန်အလှန်ကူညီထောက်ပံ့ရန်နှင့် စစ်ရေးသတင်းများဖလှယ်ရန် သဘောတူညီချက်များရရှိအောင် ဆောင်ရွက်သွားမည်ဟုဆိုသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီး၏ တောင်ကိုရီးယားသို့ မကြာမီသွားမည့်ခရီးစဉ်သည် မြောက်ကိုရီးယားသို့ အမေရိကန်အထူးသံတမန် စတီဖင်ဘော့စဝ့်သ်သွားရောက်ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။

*—Ref: UPI*

## မလေးရှားတွင် ကျောင်းလခအပြည့်မပေးသွင်း ကျောင်းသားများကို ထိန်းသိမ်းခဲ့

**ကွာလာလမ်ပူ၊ ဇန်နဝါရီ - ၅**
မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိနိုင်ငံတကာကျောင်းတစ်ကျောင်းက ကျောင်းလခအချိန်မီမပေးသွင်းသောကျောင်းသား ၁၆၀ ကျော်ကို စာသင်ခန်းသို့ ဝင်ခွင့်မပေးခဲ့ကြောင်း မလေးရှားသည်စတားသတင်းစာက ဖော်ပြသည်။

မူလတန်းကျောင်းသား ၁၀၀ ကျော်နှင့် အထက်တန်းကျောင်းသား ၆၀ ခန့်အား ကျောင်း၏ စာကြည့်တိုက်နှင့် အနုပညာခန်းတွင် နံနက် ရှစ်နာရီမှ နေ့လယ်ထမင်းစားချိန်အထိ ထိန်းသိမ်းထားခဲ့ကြောင်း သိရသည်။

ကျောင်းသားများ ကြုံတွေ့နေရသောအခြေအနေကို ကျောင်းသားမိဘတစ်ဦးက သတင်းစာအားအကြောင်းကြားခဲ့ခြင်း ဖြစ်သည်။ သို့သော် ကျောင်းကမူ ၎င်းတို့၏ ရပ်တည်ချက်အတွက် အလျှော့မပေးခဲ့ဘဲ ကျောင်းလခ အချိန်မီမသွင်းသော ကျောင်းသားများအား စာသင်ခန်းထဲ ဝင်ခွင့်မပေးခြင်းမှ လွဲ၍ ၎င်းတို့တွင် အခြားရွေးချယ်စရာ မရှိသလောက်ဖြစ်ကြောင်း ပြောကြားသည်။

လက်ရှိစာသင်နှစ်ဝက် မကုန်ဆုံးမီ နောက်တစ်ကြိမ်အတွက်ကျောင်းလခ ပေးသွင်းရမည်ဆိုသည်မှာ ကျောင်း၏ ပေါ်လစီပင်ဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြောကြားသည်။

ကျောင်းလခပေးသွင်းရမည့်ရက်နှင့် ငွေသွင်းမှုနောက်ကျပါကဖြစ်ပေါ်လာမည့် အကျိုးဆက်များကို စာလေးစောင်ပို့၍ကျောင်းသားမိဘများအား အသိပေးထားကြောင်း ကျောင်းအုပ်ဆရာမကြီးကပြောကြားသော်လည်း ကျောင်းသားမိဘများကမူ ကျောင်းလခပေးသွင်းရမည့် နောက်ဆုံးရက်ကို ၎င်းတို့အား အသိမပေးခဲ့ကြောင်း ပြောကြားသည်။ ကျောင်းသားများအတွက် စာသင်နှစ်ဝက် ကုန်ကျစရိတ်မှာ မလေးရှားရင်းဂစ် ၃၅၀၀ ခန့်ရှိသည်။

*—Ref: The Star*





**TRADEMARK CAUTION**
HISAMITSU PHARMACEUTICAL CO., INC., a Company incorporated in Japan,at 408, Tashirodaikan-machi, Tosu-shi, Saga 841-0017 Japan is the Owner and Sole Proprietor of the following Trademark:-

**Reg.No.IV /5425/ 2001**
In respect of : "Pharmaceutical, veterinary and sanitary preparations; Dietetic substances adapted for medical use, food for babies; Plasters, materials for dressings; Material for stopping teeth, dental wax; Disinfectants; Preparations for destroying vermin; Fungicides, herbicides;"
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 13.1.2011



# ဘရာဇီးသမ္မတသစ်၏ဝက်ဘ်ဆိုက် ဟက်ကာတိုက်ခိုက်ခံရမှုကို ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးနေ



**ရီယိုဒီဂျနေးရိုး၊ ဇန်နဝါရီ - ၅** ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်သည်သမ္မတတာဝန်များစတင်ထမ်းဆောင်ပြီး နောက်တစ်ရက်မှာပင် သူမ၏ ဝက်ဘ်ဆိုက်အား ဟက်ကာများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ယင်းကိစ္စကို ဖယ်ဒရယ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း အရာရှိများနှင့် ဘရာဇီးမီဒီယာများက ဖော်ပြသည်။

ဇန်နဝါရီလ ၂ ရက်တွင် ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုအား ဖယ်ဒရယ်အချက်အလက် ထိန်းသိမ်းစောင့်ရှောက်ဌာန(Serpo)က စုံစမ်းစစ်ဆေးနေကြောင်း(ဂျီ-၁) သတင်းဌာနနှင့် ဖိုလ်ဟာ အေဂျင်စီတို့မှကိုးကားခဲ့သည့် အစိုးရသတင်းရင်းမြစ်များက ပြောကြားသည်။

"သမ္မတရုံး လုံခြုံရေးကို အတားအဆီးလုပ်ဖို့ ကြိုးစားသူ မည်သူ့ကိုမဆို ဖယ်ဒရယ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးသွားပါမယ်" ဟု Serpo ၏ပြောခွင့်ရပုဂ္ဂိုလ် ကားလို့စ်မားကို့စ်တောရက်စ်က(ဂျီ-၁) သတင်းဌာနအား ပြောကြားခဲ့သည်။

တွစ်တာ ဝက်ဘ်ဆိုက်ပေါ်တွင်ဖော်ပြထားချက်အရ ယင်းတိုက်ခိုက်မှုမှာ ၎င်းတို့၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း "Fatal Error Crew"ဟုခေါ်ဆိုသည့် အဖွဲ့က ဖော်ပြသည်။

presidencia.gov နှင့် brasil.gov ဝက်ဘ်ဆိုက်များအား ကမ္ဘာတစ်ဝန်းမှ အများအပြားဝင်ရောက်ကြည့်ရှုခြင်းကြောင့် ယင်းဆိုက်များ နာရီအနည်းငယ်ကြာပြတ်တောက်သွားခဲ့ကြောင်း Serpo ကပြောကြားသည်။

*—Ref: AFP*

# ဖေ့စ်ဘွတ်ခ် ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ဘီလီယံ ၅၀ ရှိ

**နယူးယောက်၊ ဇန်နဝါရီ - ၄** နာမည်ကျော် လူမှုကွန်ရက်ဝက်ဘ်ဆိုက် ဖေ့စ်ဘွတ်ခ်တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ယခုအခါ ကန်ဒေါ်လာ ဘီလီယံ ၅၀ အထိရှိလာပြီဖြစ်ကြောင်း သိရသည်။ နယူးယောက်တိုင်းမ်သတင်းစာ၏အဆိုအရ အဆိုပါငွေပမာဏမှ ဒေါ်လာသန်း ၅၀၀ မှာဂိုးလ်မင်းဆတ်ချ် ကုမ္ပဏီနှင့် ရုရှားရင်းနှီး မြှုပ်နှံမှုပမာဏစုစုပေါင်း ယှဉ်ကြည့်လျှင် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏တန်ဖိုးသည် အင်တာနက်ကုမ္ပဏီကြီး ရာဟူး၏ တန်ဖိုးထက်နှစ်ဆရှိကာ ဘိုးအင်းလေယာဉ်ကုမ္ပဏီနှင့် ကရတ်ဖ် အစားအစာကုမ္ပဏီတို့၏ ငွေပင်ငွေရင်းနှင့် ပမာဏအတူတူပင်ဖြစ်သည်။




ထို့ပြင် ဖေ့စ်ဘွတ်ခ်သည် အွန်လိုင်း လေလံဆိုက် အီးဘေးထက်လည်း တန်ဖိုးပိုကြီးသော်လည်း ၎င်းသည် အွန်လိုင်းရောင်းဝယ်ရေးဆိုက်ကြီး အမေဇုန်နှင့် အင်တာနက် ကုမ္ပဏီကြီး ဂူးဂဲလ်တို့ထက်မူ တန်ဖိုးလျော့နည်းသည်။ သတင်းအရ ဂူးဂဲလ်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုမှာတန်ဖိုး ဒေါ်လာ ၂၀၀ ဘီလီယံနီးပါးရှိကြောင်း သိရသည်။

*—Ref: AP*

# ဆဲလ်ဖုန်းများတွင် သုံးနိုင်သည့် သမာကျမ်းစာဆော့ဖ်ဝဲ အကြိမ် ၁၂ သန်းအထိ ဒေါင်းလော့ဒ် ဆွဲပြီးဖြစ်

**ဒက်ဒမွန်၊ ဇန်နဝါရီ - ၄** အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ် ဒက်ဒမွန်မြို့မှ ဘုရားကျောင်းတစ်ကျောင်းသည် ဆဲလ်ဖုန်းများတွင် သုံးနိုင်မည့် သမ္မာကျမ်းစာ ဆော့ဖ်ဝဲတစ်ခုကို အွန်လိုင်းပေါ်တွင် တင်ပေးထားရာယင်းဆော့ဖ်ဝဲကို ဒေါင်းလုဒ်၍ ဆွဲယူမှုအကြိမ်ပေါင်း ၁၂ ဒသမ ၅ သန်းအထိရှိပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆော့ဖ်ဝဲကို တီထွင်သည့် ပညာရှင် ဘော့ဘီ ဂရူနီဝဲဒ်က သမ္မာကျမ်းစာကို ဆဲလ်ဖုန်းများပေါ်တွင် ဖတ်ရှုနိုင်ရန်တီထွင်ထားသည့် ယင်းဆော့ဖ်ဝဲကို ၂၀၀၈ ခုနှစ်တွင် အွန်လိုင်းပေါ်တင်ခဲ့ချိန်မှစ၍ အသုံးပြုသူများသည် မိနစ်ပေါင်း လေးဘီလီယံအထိ အသုံးပြုခဲ့ကြောင်း ဆိုသည်။

၎င်းက iPhone များတွင် သုံးနိုင်သည့် ယင်းဆော့ဖ်ဝဲ You Version Bible Application သည်ထုတ်လုပ်ထားသမျှ iPhone app ပေါင်း ၃၀၀,၀၀၀ တွင် နံပါတ် ၇ နေရာရနေကြောင်း ဆိုသည်။ iPhone အပါအဝင် ဆဲလ်ဖုန်းများပေါ်တွင် သမ္မာကျမ်းစာ ဖတ်နိုင်ရန် တီထွင်ထားသည့် ယင်းဆော့ဖ်ဝဲကို ၂၀၀၈ ခုနှစ် ဇူလိုင်လက စတင်ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

*—Ref: UPI*

# ဆစ်ဒနီမြို့တော် သာယာရေး နှစ် ၃၀ စီမံကိန်း ဆောင်ရွက်မည်

**ဆစ်ဒနီ၊ ဇန်နဝါရီ - ၄** ဩစတြေးလျ မြို့တော် ဆစ်ဒနီသည်မြို့တော် ပိုမိုလှပသာယာရေးအတွက် အမြင်မတင့်တယ်ဟု ယူဆရသော ဓာတ်ကြိုးများ၊ အဝေးပြေးလမ်းများနှင့် ရထားတွဲများ၊ အမှိုက်ကားများ အားလုံးကို ဖျက်သိမ်းကာ နှစ် ၃၀ စီမံကိန်းဖြင့် ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။ ဆစ်ဒနီဒေးလီးတယ်လီဂရပ်ဖ် သတင်း၏ အဆိုအရ စဉ်ဆက်မပြတ် ဆစ်ဒနီမြို့တော်ဖွံ့ဖြိုးရေး ၂၀၃၀ စီမံကိန်းဖြင့် မြို့တော်တွင် အဆောက်အအုံများမှ အမှိုက်များကို အမှိုက်ကားများဖြင့် မသိမ်းတော့ဘဲ အမှိုက်ကန်များဖြင့် မြေအောက်၌ သိမ်းရန်၊ ရေမြောင်းများကိုလည်း ပိုက်သွယ်စနစ်ဖြင့် စွန့်ပစ်ကာပြန်လည်သုံးနိုင်ရန် ရထားလမ်းများနှင့် ဆူညံသော ကားလမ်းအချို့ကို မြေမြှုပ်ဖျက်သိမ်းပြီး ယင်းအပေါ်တွင်ဥယျာဉ်များ စိုက်ပျိုးရန်၊ မြို့တော်တွင် ရင်ပြင်အသစ်သုံးခုကို တည်ဆောက်ရန်စသည့် အစီအစဉ်များလည်း ပါဝင်သည်။

မြို့တော်ဝန် ကလိုဗာမိုးရ်ကလည်းထိုသို့ စီမံကိန်းချဆောင်ရွက်ရခြင်းမှာ မြို့တော်တွင် ဘတ်စ်ကားများ၊ ကားများ သွားလာမှုလျှော့ချ၍ ပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေသည့် စက်ဘီးနှင့် လမ်းလျှောက်ခြင်းများ ပိုမိုလုပ်နိုင်ရန် ရည်ရွယ်ကြောင်းပြောကြားသည်။

*—Ref: UPI*

# ဝန်ကြီးချုပ်အပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းမည် မဟုတ်ကြောင်း ပါကစတန် အတိုက်အခံအုပ်စုပြောကြား

**အစ္စလမ်မာဘတ်၊ ဇန်နဝါရီ - ၅** ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီအပေါ် အယုံအကြည်မရှိ အဆိုတစ်ရပ် တင်သွင်းမည်မဟုတ်ကြောင်းနှင့် ယင်းအဆို တင်သွင်းပါကမတည်မငြိမ်ဖြစ်နေသော နိုင်ငံအခြေအနေကို ပိုမိုဆိုးဝါးစေနိုင်သောကြောင့်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ အဓိကအတိုက်အခံပါတီအုပ်စုက ပြောကြားသည်။

ပါတီက ယင်းသို့ မဲခွဲဆုံးဖြတ်ရေးအဆိုတင်သွင်းခြင်းသည် ပါကစ္စတန်တစ်နိုင်ငံလုံး ပျက်စီးသွားစေနိုင်ကြောင်းဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရစ်၏ ပါကစ္စတန် မွတ်ဆလင်အဖွဲ့ချုပ် (PML-N)ပါတီက ယုံကြည်ကြောင်း ပါတီဥက္ကဋ္ဌ ရာဂျာဇာဖာအူလ်ဟတ်က ရိုက်တာသတင်းဌာနအား ပြောကြားသည်။

PML-N ၏ဆုံးဖြတ်ချက်ကြောင့် မကြာသေးမီက အရေးပါသည့် မဟာမိတ်အုပ်စု နုတ်ထွက်သွားပြီး အစိုးရအဖွဲ့အတွင်း လူများစုနေရာ ဆုံးရှုံးသွားသော မစ္စတာဂီလာနီ၏ အာဏာရပါတီအုပ်စုသည် လက်ရှိကြုံတွေ့နေရသည့် နိုင်ငံရေးအကျပ်အတည်းကို ကျော်လွှားသွားနိုင်ဖွယ်ရှိသည်။


ထောက်ခံမှု လျော့ပါးလာသည်နှင့်အမျှ အမေရိကန်က ကျောထောက်နောက်ခံ ပေးထားသောအစိုးရသည် နိုင်ငံ့စီးပွားရေးအားပိုမိုအားကောင်းအောင် ပြုလုပ်ရေး၊ ဆင်းရဲမွဲတေမှုနှင့် စစ်သွေးကြွများ ကိစ္စကိုင်တွယ်မှုတို့တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

PML-N ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ် အာဆန်အစ်ဘယ်ကလည်း လောလောဆယ်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းရေးမှာ ဖြစ်နိုင်ခြေမရှိကြောင်းပြောသည်။ အုပ်ချုပ်ရေး လုပ်ငန်းများ ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ရေးမှာ ပါလီမန်တွင် လူနည်းစုဖြစ်သွားသော အစိုးရနှင့်သာ သက်ဆိုင်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011



# “ငြိမ်းချမ်းရေးဖြစ်လာမယ်လို့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ ယုံပါတယ်

## ပါလက်စတိုင်း ဝန်ကြီးချုပ် ဆလမ်ဖေးယက်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ပါလက်စတိုင်း ဝန်ကြီးချုပ် ဆလမ်ဖေးယက်ဟာ လွတ်လပ်တဲ့ ပါလက်စတိုင်းနိုင်ငံကို တည်ထောင်နိုင်ဖို့ ကြိုးပမ်းနေသူ ဖြစ်ပါတယ်။ ၎င်းဟာ ယခုဆို ရာထူးကနေအနားယူဖို့ ကိုးလခန့်သာ အချိန်လိုပါတော့တယ်။ ဒါပေမဲ့ ဝန်ကြီးချုပ် ဖေးယက်ဟာ ပါလက်စတိုင်း-အစ္စရေး နှစ်နိုင်ငံ ငြိမ်းချမ်းစွာယှဉ်တွဲနိုင်ရေးကို အကောင်းမြင်မျှော်လင့်လျက် ရှိသူပါ။ ယခုဖော်ပြမယ့် တွေ့ဆုံမေးမြန်းခန်းကတော့ ဟာအာရတ်သတင်းစာရဲ့ ပင်တိုင်ဆောင်းပါးရှင် တွမ်ဆီဂတ်ဗ်နဲ့ ဝန်ကြီးချုပ် ဖေးယက်တို့ရဲ့တွေ့ဆုံမှုများပဲ ဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ဟာ လွတ်လပ်တဲ့ ပါလက်စတိုင်း နိုင်ငံထူထောင်ဖို့ စီမံကိန်းကို လုပ်ဆောင်နေဆဲပါပဲ။ ဝန်ကြီးချုပ်ရာထူးကထွက်ဖို့ ကိုးလပဲကျန်ပါတော့တယ်။ နိုင်ငံတည်ထောင်ဖို့ အဆင့်သင့်ဖြစ်လာတော့မလား။**

ဖြစ်လာမယ်လို့ထင်ပါတယ်။ ကျွန်တော့်မျှော်မှန်းချက်ကတော့ တိုင်းပြည်အတွက် အဖွဲ့အစည်းတွေလည်ပတ်အလုပ်လုပ်နိုင်လာလေလေ ပိုပြီးသင့်တော်တဲ့အခြေခံအဆောက်အဦတွေ၊ လုပ်ငန်းတာဝန်တွေ ရှိလာမှာပါ။

**ပါလက်စတိုင်းနိုင်ငံဖြစ်ဖို့ သီးခြားရက်သတ်မှတ်ချက်တစ်ခုများရှိပါသလား။**

ဩဂုတ်လ ၂၆ ပါ။

**ဩဂုတ် ၂၆ မှာ ဝန်ကြီးချုပ်က ပြောမယ်။ “ကျုပ်မှာတော့ တိုင်းပြည်တစ်ခုရှိလာပြီ” ဆိုတာမျိုးလား။**

ဟင့်အင်း၊ အဲဒီအချိန်က အဆင့်သင့်ဖြစ်လောက်မယ်လို့ ကျွန်တော်တို့ မှတ်ယူထားတဲ့အချိန်ပါ။ တိုင်းပြည်ရဲ့ လက်တွေ့အရှိတရားကတော့ တဖြည်းဖြည်းကြီးထွားလာမှာပါ။

**ဒါဆို အကောင်းမြင်ဝါဒရဲ့ စွမ်းအားကို ဝန်ကြီးချုပ်ယုံကြည်တယ်ပေါ့။**

လုံးဝယုံပါတယ်။

**အစ္စရေးတွေ အများစုမှာ ငြိမ်းချမ်းရေးဖြစ်နိုင်ခြေကို မယုံကြတော့တာ ဝန်ကြီးချုပ် ဘယ်လိုရှင်းပြနိုင်ပါသလဲ။**

လောလောဆယ်မှာကိုပဲ လူထုသဘောထား စစ်တမ်းတွေမှာ အစ္စရေးနဲ့ ပါလက်စတိုင်းနှစ်နိုင်ငံ အတူတကွ ပူးတွဲနေထိုင်ရေး tow-state solution ကို အများစုက သဘောကျနေဆဲပါ။

**ဒါပေမဲ့ အစ္စရေး အများစုက ငြိမ်းချမ်းရေး ဖြစ်နိုင်ခြေကို မယုံကြဘူးမို့လား။**

ယုံကြည်မှုကို ကျွန်တော်တို့ များများ တည်ဆောက်လေ၊ ကျွန်တော်တို့မှာ ကြီးမားတဲ့စွမ်းအားပိုရလာလေပဲ။ကျွန်တော်က အပြုသဘောဆောင်တဲ့ အပြောင်းအလဲဖြစ်ရမယ်လို့ အလောင်းအစားလုပ်နေတာပါ။

**ဝန်ကြီးချုပ်အောင်မြင်သွားပြီ ဆိုပါစို့။ ဂါဇာဒေသ ရှိနေတုန်းပဲလေ။ ဂါဇာဟာ အပြောင်းအလဲထဲမှာ မပါဘူးဆိုရင် ဘာ့ကြောင့်ဝန်ကြီးချုပ်နဲ့ ကျွန်တော်တို့ အစ္စရေးတွေ ဆွေးနွေးရတာပါလဲ။**

ဒါဟာလည်း ကိစ္စရပ်တွေကို တည်ငြိမ်တဲ့နည်းနဲ့ စဉ်းစားခြင်းပါ။

**အဲဒါတကယ်လားခင်ဗျ။**

ဖြစ်နိုင်ခြေရှိတာကို အပြောင်းအလဲအတွက် တကယ်စဉ်းစားရပါမယ်။ မဖြစ်နိုင်တာထက် စာရင်ပေါ့လေ။

**အိုကေ။ ဒါဆို ဂျေရုဆလင်မှာ ဘာဖြစ်နိုင်ခြေရှိပါသလဲ။**

ဂျေရုဆလင်မှာ ဖြစ်နိုင်ခြေရှိတာကတော့ အရှေ့ဂျေရုဆလင်ကို အနောက်ဘက်ကမ်းခြေတစ်ခုလုံးကို မြင်သလို မြင်ပေးဖို့ပေါ့။ ဒီနယ်မြေက ၁၉၆၇ မှာ အစ္စရေးက သိမ်းထားတာပါ။

**ဒီလိုအဖြေမျိုးက အစ္စရေးကို သိပ် ကြောက်စေပါတယ်။**

ကမ္ဘာပေါ်မှာ ကျွန်တော်အလုပ်ချင်ဆုံး နောက်ဆုံးအလုပ်က အစ္စရေးတွေကို ခြောက်လှန့်ဖို့ပါ။

**မကြာသေးမီနှစ်များအတွင်း အစ္စရေးဘက်မှ နယ်စပ်စည်းရိုးအဖြစ် ကာခဲ့တဲ့ နံရံတံတိုင်းကြီးဟာ ဝန်ကြီးချုပ်ရဲ့ ပါလက်စတိုင်းနိုင်ငံထူထောင်ရေးအားထုတ်ချက်တွေအတွက် အသုံးဝင်တယ်လို့ပြောမှာလား။**

နံရံကြီးတဲ့လား။

အသုံးကျသတဲ့လား။

**ကျွန်တော်က ၁၉၃၀ နှစ်များအတွင်း အာရပ်တွေက ဂျက်ဖာဆိပ်ကမ်းကို ပိတ်လိုက်တဲ့အကြောင်း ပြောခဲ့တဲ့ ဘင်ဂူရီယန်ကို သွားတွေးမိနေပါတယ်။ သူက အဲဒါဟာ ကျွန်တော်တို့အတွက်ကိုယ်ပိုင်ဆိပ်ကမ်းတစ်ခုဆောက်ဖို့ တွန်းအားပေးသလိုပဲလို့ ပြောခဲ့တယ်။**

ဂါဇာမှာအစ္စရေးက ဆောက်ခဲ့တဲ့ တံတိုင်းဟာ အခြေခံအားဖြင့် အနောက်ဘက်ကမ်းခြေကို အချိုးကျခွဲဝေရေး ရလဒ်ဆုံးရှုံးရခြင်းပါပဲ။ ဒါဟာ နယ်မြေတွေ ရှုံးသွားတာ မဟုတ်ပါဘူး။ ပြီးတော့ ကျွန်တော်တို့လည်း လက်မခံပါဘူး။ ဒါပေမဲ့ ဒီကိစ္စက ကျွန်တော့်အတွက် နိုင်ငံထူထောင်ရေးပန်းတိုင်ကို အောင်မြင်ဖို့ ရည်ရွယ်ပေးထားသလို ဖြစ်နေတယ်။

**ကျွန်တော်က ဘင်ဂူရီယန်ကိုထည့်ပြောခဲ့တာ ဘာကြောင့်လဲဆိုတော့ အနည်းဆုံး အစ္စရေးမှာလူတိုင်းက ဝန်ကြီးချုပ်ကို သူနဲ့နှိုင်းနေကြလို့ပါ။ အဲဒါ တိုက်ခိုက်တယ်လို့ထင်ပါသလား။**

ဘာ့ကြောင့် အဲဒါတိုက်ခိုက်တယ်လို့ ကျွန်တော်ထင်ရမှာလဲ။ ကျွန်တော်အခါခါ ပြောဖူးတယ်။ အစ္စရေးနိုင်ငံရဲ့ အဖွဲ့အစည်းအင်စတီကျူးရှင်းတွေဟာ နိုင်ငံတည်ထောင်ကြောင်း မကြေညာခင်ကတည်းက ရှိနေတာ။ ဒီလိုအမြင်မျိုးနဲ့ဆိုရင်တော့ သူနဲ့ကျွန်တော့်ကြားနှိုင်းယှဉ်စရာ ရှိပါမယ်။

**ဝန်ကြီးချုပ် တစ်ခါပြောဖူးတာက အစ္စရေးဘက်က အခြေချနေထိုင်သူတွေဟာ ပါလက်စတိုင်းနိုင်ငံသားခံယူခွင့်ရှိတယ်ဆိုပါတယ်။ အဲဒါကို ယုံကြည်နေတုန်းပဲလား။**

ဟုတ်ကဲ့။ ညီမျှတဲ့ အခွင့်အရေးတွေနဲ့ ညီမျှတဲ့ နိုင်ငံသားတွေချည်းပါပဲ။

**ဒါပေမဲ့ ပြောင်းရွှေ့နေထိုင်သူတွေကတော့ အဲဒါကို သဘောမတူကြဘူးဆိုတာ သိမှာပါ။**

ပါလက်စတိုင်းနိုင်ငံကို ဘယ်အခြေခံပေါ်မှာပဲ ဖြစ်ဖြစ်နှိမ့်ချခွဲခြားမှုမရှိတဲ့ အပြည့်အဝ လေးစားမှုရှိတဲ့ အခြေခံပေါ်မှာ ဖွင့်ပေးထားမှာပါ။ ဘာသာရေး၊ ကျားမလိင်ကွဲပြားမှု၊ လူမျိုးရေးစသဖြင့် ကွဲပြားနေပါစေ။ အခြားသူတွေရဲ့ အခွင့်အရေးကို လေးစားလိုက်နာဖို့၊ ဒီမိုကရေစီရှိဖို့၊ လူနည်းစုတွေရဲ့ အခွင့်အရေးတွေကိုလည်း အခြေခံဥပဒေနဲ့ ကာကွယ်ပေးထားဖို့ လုပ်မှာပါ။

**လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဘင်ဂူရီယန်ကို ကျွန်တော်တစ်ကြိမ်အင်တာဗျူးလုပ်ဖူးပါတယ်။ သူလည်း သိပ်အကောင်းမြင်သူပါ။ ဒါပေမဲ့ ဝန်ကြီးချုပ်ရဲ့လူတွေ ပါလက်စတိုင်းပြည်သူတွေအများစုက အကောင်းမြင်သလားဆိုတာတော့ ကျွန်တော်မသိဘူး။**

ပြည်သူတွေလည်း အခုဆို လွန်ခဲ့တဲ့နှစ်တွေကထက် ပိုအကောင်းမြင်နေပါပြီ။ ဒါဟာသေချာပါတယ်။

**ကျွန်တော်ကတော့ ဝန်ကြီးချုပ်လောက် အကောင်းမြင်သူမဟုတ်ပါဘူး။ ဒါဟာ ပထမဆုံးအကြိမ်အနေနဲ့ ငြိမ်းချမ်းရေးမဖြစ်နိုင်ဘူးလို့ ကျွန်တော်ခံစားမိတာပါ။ လွန်ခဲ့တဲ့ နှစ် ၄၀ ကသာ ဝန်ကြီးချုပ်က ကျွန်တော့်ကို ကျုပ်တို့ ၂၀၁၀ မှာ ငြိမ်းချမ်းနိုင်ပွဲမလား မေးခဲ့ရင် ရမယ်လို့ ကျွန်တော်ဖြေမိခဲ့မှာပဲ။**

ဒီလိုခံစားမှုမျိုးကို ခင်ဗျားလက်ခံအရှုံးပေးလိုက်ရင် လူတွေကလည်းအဲဒီလိုဖြစ်သွားမယ်။ ကျွန်တော်တို့ဟာလည်း ပွဲကိုပြောင်းလဲချင်နေသူတွေ လက်ထဲရောက်သွားမယ်။ ဒီဒေသတွင်းက ပွဲကိုပြောင်းလဲချင်သူတွေဟာ အပြုသဘောမဆောင်ဘူးဆိုတာ ခင်ဗျားလည်း သိပါတယ်။

**အစ္စရေးလူအဖွဲ့အစည်းဟာလိုအပ်တဲ့ မြေအသုံးပြုပိုင်ခွင့်တွေရယူနိုင်စွမ်းရှိတယ်လို့ ဝန်ကြီးချုပ်ထင်ပါသလား။**

ကျူးကျော်ပြီး အိမ်ရာအခြေစိုက်တာဟာ ကျွန်တော်တို့ကိုဖိနှိပ်တာပါ။ ဒါဟာ အစ္စရေးတွေအတွက်လည်း မကောင်းဘူး။ ကျွန်တော့်ကိုယုံပါ။ နှစ်နိုင်ငံ ပေါင်းစပ်နိုင်စရာရှိပါတယ်။ ဖြစ်လာမှာပါ။ ငြိမ်းချမ်းရေးဖြစ်လာမယ်လို့ ကျွန်တော်လှိုက်လှိုက်လှဲလှဲယုံပါတယ်။

*—Ref: Newsweek, 'Salam Fayyad Q&A"*



7 DAY NEWS JOURNAL

# Entertainment

Vol.9, No.42 • JANUARY 13, 2011

## ချစ်သူက အနုပညာအသိုင်းအဝိုင်းထဲက မဟုတ်ဘူးလို့ဆိုတဲ့ ဝိုင်းစုခိုင်သိန်း



အေးသူစံ

ရန်ကုန်၊ ဇန်နဝါရီ-၆

နှစ်သစ်ကူးရာသီတွင်ရှိုးပွဲများ ဆက်တိုက်သီဆိုနေရသော အဆိုတော်သရုပ်ဆောင် ဝိုင်းစုခိုင်သိန်းက သူမ၏ချစ်သူမှာအပြင်လောကမှသူဖြစ်ပြီး အနုပညာလောကထဲမှမဟုတ်ကြောင်း ‘ကြိုးကြာတောင်ပံခတ်သံ’ရုပ်ရှင်ဇာတ်ကားအထူးပွဲတက်ရောက်လာစဉ်က မေးမြန်းခဲ့ခြင်းကိုပြန်လည်ဖြေကြားသည်။

ဝိုင်းစုခိုင်သိန်းအား သူမ၏ လက်ရှိအချစ်ရေးအခြေအနေကို မေးမြန်းရာ “အချစ်ရေးက စိတ်ချမ်းသာပါတယ်။ အေးဆေးဆေးဆေးပါပဲ”ဟု ဖြေကြားခဲ့ပြီး အပြင်လောကတွင် သတင်းများထွက်ပေါ်နေသော နာမည်ရနေပြီးဖြစ်သည့် တက်သစ်စဂီတသမားလေးတစ်ဦးနှင့် ချစ်သူများဖြစ်နေပြီဆိုခြင်းကိုလည်း သူမက “အဲဒါလည်းမဟုတ်ပါဘူးလို့။ ဘယ်သူလဲဆိုတာကိုတော့ ပရိသတ်ကြီးစောင့်ကြည့်ရင်သိမှာပါလို့’ ဟုဖြေကြားသွားခဲ့သည်။

ဝိုင်းစုခိုင်သိန်းသည် ဒုတိယစီးရီးအတွက် အသံသွင်းယူရန် အချို့သီချင်းများကျန်ရှိနေကြောင်းနှင့် ရွှေဂျော်ဂျော်၊ ဆောင်းဦးလှိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဇဝါ၊ Ar.Tတီ၊ အောင်လ (Reason)တို့ ပါဝင်ရေးသားထားကြသည်။ ပထမစီးရီးနှင့်တတ်နိုင်သမျှ တူအောင်၊ မပြောင်းလဲအောင် စီစဉ်ထားပြီး ပရိသတ်များကလည်းပထမစီးရီးနှင့်ပုံစံတူလေးတွေသာ ဆိုစေချင်ကြောင်း အကြံပေးကြသည်ဟု ပြောကြားခဲ့သည်။ အကယ်ဒမီပွဲတက်ရန်ဝတ်စုံစပွန်ဆာပေးထားသူ သုံးလေးဦးခန့်ရှိနေပြီး သူမနှင့်အလိုက်ဖက်ဆုံးဝတ်စုံကို ရွေးချယ် ဝတ်ဆင်သွားမည်ဖြစ်ကြောင်းလည်း ဝိုင်းစုခိုင်သိန်းကပြောသည်။

## အေးခဲနေတဲ့ရာသီဥတုကိုအန်တုရင်း ကျောက်မီးသွေးဝေငှပေးခဲ့တဲ့ ကင်ဟွမ်ဂျွန်း

ဆိုလ်း၊ ဇန်နဝါရီ၆

အနုတ်၁၀ဒီဂရီရှိတဲ့အထိ အေးခဲနေတဲ့ ဆောင်းရာသီတစ်နေ့မှာ အဆိုတော်၊မင်းသား ကင်ဟွမ်ဂျွန်းတစ်ယောက် ဆင်းရဲနွမ်းပါးတဲ့ သူ့ပရိသတ်တွေကိုကျောက်မီးသွေးခဲတွေဝေငှဖို့ အလုပ်များနေခဲ့ပါတယ်။

ကင်နဲ့သူ့ရဲ့အမာခံပရိသတ်၂၀၀ကျော်တို့ ဟာဒီဇင်ဘာ၆ရက်နေ့က အေးခဲမတတ်ဖြစ်နေတဲ့ ရာသီဥတုကိုအန်တုရင်းဆိုးလ်မြို့ အစွန်အဖျားက ဆင်းရဲနွမ်းပါးသူတွေကို ချမ်းရင်မီးလှုံဖို့ ကျောက်မီးသွေးခဲတစ်သောင်းနဲ့ ကင်ကြော်ငြာရိုက်ကူးပေးနေတဲ့ ကြက်ကြော်တစ်သောင်းကိုလည်း ဝေငှပေးခဲ့တယ်လို့ ကင်ရဲ့အေဂျင်စီက ပြောကြားပါတယ်။





အဲဒီအစီအစဉ် ကို Love Sharing လို့ အမည်ပေးထားပြီး ကင်ကိုယ်တိုင်အနေနဲ့လည်း သူ့ဝင်ငွေနဲ့အလှူအတန်း ပြုလုပ်ခဲ့ပါသေးတယ်။

ကင်ဟာ မကြာခင်ကပဲ ဟန်ဆောင် အနမ်းဇာတ်လမ်းတွဲနဲ့ အမ်ဘီစီရုပ်သံက ချီးမြှင့်တဲ့ အကောင်းဆုံးသရုပ်ဆောင်ဆုကို ရရှိထားပြီး သူ့ရဲ့အသစ်ထွက်မယ့်တေးစီးရီးအတွက် အလုပ်များနေပါတယ်။

Ref ; Hancinema



## ချစ်သူနဲ့ လမ်းခွဲလိုက်တဲ့ တေလာဆွစ်ဖ်

လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ – ၄

ဟောလိဝုဒ် ရုပ်ရှင်သရုပ်ဆောင် ဂျိတ်ဂိုင်လင်ဟားနှင့် တွဲခုတ်ခဲ့သော ကျေးလက်ဂီတအဆိုတော် တေလာဆွစ်ဖ်တို့သည် နှစ်ဦးသဘောတူ လမ်းခွဲလိုက်ကြပြီဖြစ်ကြောင်း နီးစပ်သူတစ်ဦးက People မဂ္ဂဇင်းသို့ ပြောကြားလိုက်သည်။

၎င်းတို့စုံတွဲသည် ၂၀၁၀ အောက်တိုဘာလမှစ၍တွဲခုတ်ခဲ့ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၉ရက်အထိ အများရှေ့တွင် နောက်ဆုံးတွဲလျက်မြင်ခဲ့ရကြောင်း မဂ္ဂဇင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အထက်ပါနီးစပ်သူက မဂ္ဂဇင်းသို့ “သူတို့လမ်းခွဲပြီးကြပါပြီ။ ပြီးခဲ့တဲ့လကတည်းက လမ်းခွဲခဲ့ကြတာပါ”ဟုပြောသည်။ သို့သော် ခွဲခွာရခြင်းအကြောင်းရင်းကိုမူ ယင်းပုဂ္ဂိုလ်က ပြောကြားခြင်းမရှိပေ။ ဂိုင်လင်ဟားသည် မကြာသေးမီကပင် Love & Other Drugs ဇာတ်ကားတွင် ပါဝင်ထားပြီး ၎င်းသည် Prince of Persian, Brothers, Brokeback Mountain နှင့် The Good Girl ဇာတ်ကားတို့တွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။ —Ref: UPI

## ရွှေကမာလုံးဆုပေးပွဲ မတ်ဒေမွန်၊ ဂျေလိုနှင့်ရောဘတ်ပတ်တင်ဆန်တို့ တင်ဆက်မည်

လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ – ၄

အက်ရှင်မင်းသားအဖြစ် ကျော်ကြားသော မတ်ဒေမွန်နှင့် American Idol အဆိုပြိုင်ပွဲ၏ ဒိုင်လူကြီး၊ နာမည်ကျော်အဆိုတော်မင်းသမီး ဂျင်နီဖာလိုပက်ဇ်တို့သည် မကြာမီကျင်းပမည့်(၆၈) ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲတွင်အစီအစဉ်တင်ဆက်သူများအဖြစ်ပါဝင်သွားမည်ဟု သိရသည်။ ဟောလိဝုဒ်နိုင်ငံခြား စာနယ်ဇင်းအသင်း၏ ကြေညာချက်အရ ဇန်နဝါရီလ၁၆ ရက်တွင်ဘီဗာလေဟီလ်တန်ဟိုတယ်၌ ပြုလုပ်မည့် (၆၈) ကြိမ်မြောက် ရွှေကမ္ဘာလုံးဆုပေးပွဲ အခမ်းအနားတွင် မတ်ဒေမွန်၊ ဂျေလိုတို့အပြင် လူငယ်မင်းသားချော ရောဘတ်ပတ်တင်ဆန်တို့ကလည်း ပါဝင်သွားမည်ဟု သိရသည်။







ထို့ပြင် အခြားအနုပညာရှင်တစ်ဦးဖြစ်သော ရစ်ကီဂါးဗစ်က လည်း၎င်း၏ဒုတိယမြောက် နှစ်အဖြစ်ပါဝင်မည်ဖြစ်သည်။ မင်းသားမတ်ဒေမွန်မှာ မကြာမီက ဆီဆေလ်ဘီ၊ ဒီမီးလ်ဆုရခဲ့သည့် မင်းသားကြီးရောဘတ်ဒီနီရိုးကိုဆုပေးပွဲတွင်ဆုချီးမြှင့်ရမည်ဖြစ်သည်။ —Ref: UPI

7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# ချင်းတောင်တန်းဒေသ၌ ရိုက်ကူးထားသည့် ကြိုးကြာတောင်ပံခတ်သံရုပ်ရှင်ကား ဖေဖော်ဝါရီလတွင် ရုံတင်မည်

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၆**

ချင်းတောင်ဒေသရှိ ချင်းတိုင်းရင်းသားတို့အကြားစေတနာဆရာဝန်ဟု နာမည်ကြီးသူ စွန့်လွှတ်အနစ်နာခံတတ်သည့် ဆရာဝန်တစ်ဦး၏ ဘဝကို ရိုက်ကူးထားသည့် 'ကြိုးကြာတောင်ပံခတ်သံ' ရုပ်ရှင်ဇာတ်ကားကြီးကို ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ရိုက်ကူးသူ ဒါရိုက်တာ စင်ရော်မောင်မောင်က ဇာတ်ကား အထူးပွဲပြသသည့်နေ့က ပြောကြားသည်။


ယင်းဇာတ်ကားသည် ၂၀၀၇ ခုနှစ်ကစာရေးဆရာ လက်ာရည်ကျော်၏ အမျိုးသားစာပေဆုရ 'ကြိုးကြာတောင်ပံခတ်သံ' ဝတ္ထုကို စင်ရော်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာစင်ရော်မောင်မောင်က နေတိုး၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်၊ ဝိုင်းစုခိုင်သိန်း၊ မိုးယုစံ၊ ကေကေမိုးမြင့်တို့နှင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဆေးကျောင်းသားသူငယ်ချင်းသုံးဦး၏ ဖြူစင်သော သူငယ်ချင်းသံယောဇဉ်ဘဝ၊ ဆေးကျောင်းသား ဆေးကျောင်းသူဘဝ အမှတ်တရ ပုံရိပ်များ၊ စွန့်လွှတ်အနစ်နာခံ စေတနာကြီးမားလွန်းကာ ကိုယ်ကျိုးစွန့် ကုသကယ်ဆယ်တတ်သည့်အတွက် တာဝန်ကျသည့်ဒေသ၏ နာမည်နှင့်တွဲဖက်ပြီး ချင်းတောင်လတ်ငြိမ်းဟု နာမည်ကြီးလာခဲ့သည့် ဒေါက်တာလတ်ငြိမ်း (နေတိုး)၏ သရုပ်ဆောင်မှုများကိုခံစားကြည့်ရှုကြရမည်ဖြစ်သည်။ ချင်းတောင်တန်း၏ အလှအပများ၊ တောင်တန်းနှင့်တိမ်တိုက်များ၊ ချင်းတိုင်းရင်းသားများကိုပါ ထည့်သွင်းရိုက်ကူးထားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုခါတ်ပုံဆုရရှိနိုင်သည့် ဇာတ်ကားတစ်ကားလည်း ဖြစ်ဖွယ်ရှိနေသည်။



'ကြိုးကြာတောင်ပံခတ်သံ' ဇာတ်ကားသည် ၂၀၀၉ ခုနှစ် အကယ်ဒမီစာရင်းဝင် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး နေတိုးအတွက် အကယ်ဒမီရရှိနိုင်သည်ဟု ခန့်မှန်းထင်ကြေးပေးနေကြသည့် ဇာတ်ကားလည်းဖြစ်သည်။ ဇာတ်ကားအထူးပွဲပြသသည့်အခမ်း အနားသို့ ဇာတ်ကားတွင် သရုပ်ဆောင်များဖြစ်ကြသော နေတိုး၊ မိုးယုစံ၊ ဝိုင်းစုခိုင်သိန်းတို့ တက်ရောက်ကြပြီး အိန္ဒြာကျော်ဇင်က ခင်ပွန်းဖြစ်သူ ပြေတီဦးနှင့် လာရောက်ကြည့်ရှုခဲ့သည်ကိုလည်း တွေ့ရသည်။




# "ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ" ရုပ်ရှင်ဇာတ်ကားကို ငွေဆောင်တွင် အစအဆုံးရိုက်ကူးမည်



**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၅**

'ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ' အမည်ရှိ ဟာသရုပ်ရှင်ဇာတ်ကားကြီးကို ငွေဆောင်ကမ်းခြေနှင့် ငွေဆောင်ကမ်းခြေအနီးတစ်ဝိုက်ရှိ ဘူးကွဲရွာတို့တွင် ဇာတ်ကားအစအဆုံး ရိုက်ကူးမည်ဖြစ်ကြောင်း ယင်းဇာတ်ကားရိုက်ကူးထုတ်လုပ်မည့် ဒါရိုက်တာသိန်းဟန်(ဖိုးနစ်)က ပြောကြားသည်။

"ဒီကားမှာ ဟိန်းဝေယံက တက်သစ်စအဆိုတော်၊ ကိုနိုင်(ကျော်ရဲအောင်)က သူ့ဆရာ အတွက် ပျောက်သွားတဲ့သားကို ရှာပေးရတဲ့သူ။ ခိုင်သင်းကြည်က ကိုနိုင့်ရဲ့ရည်းစားပေါ့။ မယ်လိုဒီက တော့ သတင်းထောက်ပေါ့။ဒီကားမှာ ထူးခြားတာက ကျွန်တော်ပထမဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင် ဇာတ်ကား 'လှည့်စား'ထဲက သရုပ်ဆောင်တော်တော်များများပြန်ပါဝင်နေပါတယ်။ ငွေဆောင်မှာ ရိုက်ဖြစ်တာကတော့တောတောင်သဘာဝကမ်းခြေအလှကို ပရိသတ်တွေစိတ်ပျော်ရွှင်စေဖို့ ရည်ရွယ်တာပါ" ဟု ဇာတ်ကား ဆက်ကပ်ပွဲ အခမ်းအနားတွင် ပြောသည်။

ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ ခိုင်သင်းကြည်၊ မယ်လိုဒီ၊ ခင်လှိုင်နှင့် ဟာသသရုပ်ဆောင်များစွာပါဝင်ပြီး အကြည်တော်၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ သိန်းဟန်(ဖိုးနစ်)က ငွေဆောင်၌ ဇန်နဝါရီလ ၁၀ရက်တွင် စတင်ရိုက်ကူးမည်ဖြစ်သည်။

သတင်းထောက်ဇာတ်ရုပ်ရိုက်ကူးမှုအတွက် မည်သို့ညွှန်ကြားပြသရန်စီစဉ်ထားသလဲဟု မေးမြန်းရာ ၎င်းက "ပါပါရာဇီပုံစံမျိုးမဖြစ်အောင်လည်း ဂရုစိုက်ရမှာပါ။ မယ်လိုဒီက အဆိုတော်ညီတော်မောင်(ဟိန်းဝေယံ) နဲ့ တေးထုတ်လုပ်သူတို့ သိန်းတစ်ထောင်နဲ့ သီချင်းခွေတွေ စာချုပ်ချုပ်တဲ့သတင်းကို ညီတော်မောင်ရှိတဲ့ ငွေဆောင်ကိုလိုက်ပါ သတင်းယူရမှာပါ။ သတင်းထောက်တစ်ယောက်ဆိုတာသွက်လက်နေမှာပါ။ မင်းသမီးလိုလှအောင်ဝတ်ပြီး ကြွကြွရွရွ သွားတဲ့ပုံစံမဟုတ်ဘူး။ ဒါကြောင့် အဲဒီပုံစံလေးဖြစ်အောင် အဓိက ရိုက်ကူးမှာပါ" ဟု ဖြေကြားသည်။

# ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ လက်ထပ်ပွဲမှတ်တမ်းခွေ ရောင်းမလောက်ဖြစ်နေဟုဆို

အေးသူစံ

ရန်ကုန်၊ ဇန်နဝါရီ ၈

ပြေတီဦးနှင့်အိန္ဒြာကျော် ဇင်တို့၏ လက်ထပ်မင်္ဂလာမှတ်တမ်းတင်ပုံရိပ်များပါဝင်သော ဒီဗီဒီ၊ ဗီစီဒီခွေများ ရောင်းမလောက်အောင် အရောင်းသွက်လျက်ရှိကြောင်း ခွေရောင်းချသော ဆိုင်များထံမှ သိရသည်။

မင်္ဂလာမှတ်တမ်းတင်ခွေတွင် ဇန်နဝါရီလ ၁ ရက်နေ့ အိန္ဒြာကျော်ဇင်၏ နေအိမ်သို့ ပြေတီဦးလာရောက်တောင်းရမ်းသည့် မင်္ဂလာအခမ်းအနားနှင့် ဇန်နဝါရီ ၄ရက် ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပသည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့် အခမ်းအနားမြင်ကွင်းတို့ဖြစ်သည်။ MRTV-4 မှ ထုတ်လွှင့်ပြသသွားသောပြကွက်များမဟုတ်ဘဲ သီးသန့်ရိုက်ကူးထွက်ရှိလာသည့် ခွေများဖြစ်ပြီး အသံထွက်လည်း ကြည်လင်ပြတ်သားသည်။

"၁ ရက်နေ့တည်းက တောင်းရမ်းပွဲ အခမ်းအနားခွေထွက်နေပြီ။ ၄ရက်နေ့ညနေကျတော့ လက်မှတ်ထိုးတဲ့ခွေ ထွက်နေပြီ။ ခွေတွေက ဆိုင်ပေါ်တင်တင်ချင်း နာရီဝက်အတွင်း အခွေ ၃၀လောက် ပြိုက်ခနဲကုန်သွားတယ်။ တစ်ခါလာလာဝယ်ရင် ၁၀ခွေ၊ ၁၅ခွေ ဝယ်ကြတာ။ တချို့က တစ်ခွေချင်းလည်း ဝယ်တယ်။ နှစ်ခွေပေါင်းထားတာလည်းဝယ်တယ်။ တစ်ရက်တစ်ရက်ကို ခွေတစ်ရာနီးပါးလောက်ရောင်းထွက်တယ်" ဟု ဆူးလေအနီးတစ်ဝိုက်၌ အဆိုပါ မင်္ဂလာခွေရောင်းချနေသော ခွေဆိုင်မှ ရောင်းချသူကပြောသည်။

မင်္ဂလာမှတ်တမ်းခွေတစ်ခွေလျှင် ကျပ် ငါးရာဖြင့်ရောင်းချနေပြီး ၁ ရက်နေ့ တောင်းရမ်းမင်္ဂလာပွဲနှင့် ၄ ရက်နေ့ မော်ကွန်းတင်လက်မှတ်ထိုးပွဲ နှစ်ပွဲလုံးကို ပေါင်းပြီး တစ်ခွေတည်းထွက်ရှိသလို ယင်းနှစ်ပွဲကို တစ်ပွဲစီလည်း ထွက်ရှိထားသည့်အခွေများလည်းရှိကြောင်း သိရသည်။ "ဘယ်သူတွေရိုက်ပြီး ထုတ်တယ်ဆိုတာတော့ ကျွန်တော်တို့ စွပ်စွဲပြီး မပြောချင်ပါဘူး။ ဒါပေမဲ့ ဘယ်သူတွေရိုက်ကူးထားလဲဆိုတာ ခွေကြည့်လိုက်ရင် သိနိုင်ပါတယ်။ ခွေက ပြန်ရောင်းဖို့ဝယ်ကြတာ ပိုများတယ်။ ဆိုင်ပေါ်ရောက်တာနဲ့ ကုန်တာပဲ။ ခုရက်ပိုင်းခွေပြတ် နေတယ်။ ဒါတောင်တောင်းရမ်းတာနဲ့ လက်မှတ်ထိုးတာနှစ်ပွဲပဲရှိသေးတယ်။ မင်္ဂလာဆွမ်းကျွေးတို့ မင်္ဂလာဆောင်တို့ဆို ဒီထက်ရောင်းကောင်းဦးမယ်" ဟု ၎င်းက ထပ်မံပြောပြသည်။


ဓာတ်ပုံ-အေးသူစံ

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာပွဲ ခြောက်ပွဲအနက် ကျင်းပရန် မင်္ဂလာပွဲ လေးပွဲကျန်ရှိနေပြီး ယခုအခါ ၎င်းတို့ ဇနီးမောင်နှံနှစ်ဦးမှာ ပွဲများတွင် စုံတွဲအတူ တက်ရောက်နေပြီဖြစ်သည်။ ဇန်နဝါရီလ ၆ ရက်နေ့က သမ္မတရုပ်ရှင်ရုံတွင် ပြသသည့် 'ကြိုးကြာတောင်ပံခတ်သံ' ဇာတ်ကားအထူးပွဲသို့ ဇနီးမောင်နှံနှစ်ဦး အတူတက်ရောက်လာခဲ့ပြီး ဇန်နဝါရီလ ၈ ရက်နေ့က ရွှေမန်းရုပ်ရှင်ရုံတွင် ပြသသည့် 'မဟေသီရဲ့ဂျလေဘီ' ဒီဗီဒီဇာတ်ကားအထူးပွဲသို့လည်း စုံတွဲတက်ရောက်လာခဲ့သည်။ ယခင်က ဟန်းနီးမွန်း အစီအစဉ်အတွက် မသေချာသေးသော်လည်း ယခုအခါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ဇန်နဝါရီလ ၂၃ရက်တွင် ကျင်းပမည်ဖြစ်သည့်အတွက် ဟန်နီးမွန်းထွက်ဖွယ် ရှိနေသည်ဟု ခန့်မှန်းရသည်။

# မြန်မာ့ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ရက်နေ့တွင် ကျင်းပမည်ဟုဆို

အေးသူစံ

ရန်ကုန်၊ ဇန်နဝါရီ ၈

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ (အကယ်ဒမီပေးပွဲ) ကို ယခုနှစ်ဆန်းပိုင်းဇန်နဝါရီ ၂၃ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာမလိခစိုးထိုက်အောင်က ပြောသည်။



၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရုံတင်ကား ၁၆ ကားကို သက်ဆိုင်ရာစိစစ်ရွေးချယ်ရေးအဖွဲ့မှ ကြည့်ရှုအကဲဖြတ်ပြီးသွားပြီဖြစ်သည်။

၂၀၀၉ အကယ်ဒမီပေးပွဲအတွက် ရွေးချယ်ပေးအပ်ရန် ဇာတ်ကား ၁၆ကားရှိသည့် အနက် ဟာသဇာတ်ကား ၁၁ ကားနှင့် ဒရာမာဇာတ်ကား ၅ကားပါဝင်သည်။ ယင်းဒရာမာ ဇာတ်ကားငါးကားအနက် 'ဇော်က,ကနေသည်'၊ 'မိုးညအိပ်မက်မြူ'နှင့် 'ကြိုးကြာတောင်ပံခတ်သံ'တို့တွင် နေတိုးက အဓိက သရုပ်ဆောင်ထားပြီး 'ကျောက်စက်ရေ'ဇာတ်ကားတွင် မြင့်မြတ်က အဓိကသရုပ်ဆောင်ထားသည်။ 'အတိတ်၏အရိပ်' ရုပ်ရှင်ဇာတ်ကားမှာ အောင်သူရနှင့် အိန္ဒြာကျော်ဇင်တို့ အဓိကသရုပ်ဆောင်ထားသည်။ ဓာတ်ပုံထူးချွန်ဆုနှင့် အသံထူးချွန်ဆု ရရှိနိုင်သည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဒရာမာဇာတ်ကားငါးကားအနက် 'ကြိုးကြာတောင်ပံခတ်သံ' ဇာတ်ကားမှာ ဖေဖော်ဝါရီလ ဒုတိယပတ်မှသာ ရုံတင်မည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ချီးမြှင့်ပြီးသည့်အချိန်ထိ ရုံတင်ပြသနိုင်ဦးမည် မဟုတ်ပေ။

## အနုပညာသတင်းတိုများ

အေးသူစံ

■မြန်မာသံတေးသီချင်းများကို အစဉ်တစိုက်သီဆိုခဲ့သူ ပန်းအိဖြူ၏ 'ချစ်သူအလွမ်းတေး' စီးရီးတိပ်နှင့် ဗီစီဒီအား ယခုလလယ်ပိုင်းတွင် ဖြန့်ချိတော့မည်ဖြစ်ကြောင်း အဆိုတော်ပန်းအိဖြူက ဇန်နဝါရီလ ၁ရက်က စီးတီးစတားဟိုတယ်၌ ပြုလုပ်သည့် အဆိုပါ စီးရီးမိတ်ဆက်ပွဲတွင်ပြောကြားခဲ့သည်။

■ယူရေနီယမ်အကအဖွဲ့၏ သင်တန်းကျောင်းသစ်ဖွင့်ပွဲကို မကြာမီကပြောင်းလဲဖွင့်လှစ်လိုက်သည့် ပုလဲကွန်ဒို၊ စီအဆောက်အအုံ၊ အခန်းနံပါတ် ၀၁၊ ၀၂၊ ၀၃နှင့် ၀၇တို့တွင် ဇန်နဝါရီလ ၅ ရက် ညနေပိုင်းကကျင်းပခဲ့သည်။

■အကြည်တော်၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးပြီး ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်၊ ဗေလုဝ၊ ဘုန်းသျှန်၊ ဇေယျ၊ ချစ်စနိုးဦး၊ ကြည်လဲ့လဲ့ဦး၊ ထူးသာ၊ ညီကျော်စသည့် သရုပ်ဆောင်များပါဝင်ထားသော 'မဟေသီရဲ့ဂျလေဘီ' ဒီဗီဒီဇာတ်ကား အထူးပွဲပြသခြင်းကို ဇန်နဝါရီလ ၈ရက်နေ့က ရွှေမန်းရုပ်ရှင်ရုံတွင်ပြသခဲ့သည်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Little Fockers | N/A | ၁၀၃,၁၉၀,၅၀၅ | ၂ |
| ၂။ | True Grit | Paramount Pic. | ၈၆,၇၆၅,၀၀၀ | ၂ |
| ၃။ | TRON:Legacy | N/A | ၁၃၀,၈၅၄,၀၀၀ | ၃ |
| ၄။ | Yogi Bear | N/A | ၆၆,၁၃၀,၀၀၀ | ၃ |
| ၅။ | The Chronicles of Narnia: The Voyage of the Dawn Treader | Fox Walden | ၈၇,၁၄၁,၂၉၇ | ၄ |
| ၆။ | Tangled | Walt Disney Studios | ၁၆၈,၀၂၇,၀၀၀ | ၆ |
| ၇။ | The Fighter | Paramount Pic. | ၄၆,၃၈၉,၀၀၀ | ၄ |
| ၈။ | Gulliver's Travels | N/A | ၂၇,၂၂၈,၇၉၄ | ၂ |
| ၉။ | Black Swan | Fox Searchlight Pic. | ၄၇,၃၇၀,၀၉၃ | ၅ |
| ၁၀။ | The King's Speech | The Weinstein Company | ၂၂,၈၀၆,၉၄၂ | ၆ |

## Movie Review

### The Mechanic




အာသာဘီးရှော့ပ်သည် Mechanic ဖြစ်သည်။ အဆင့်မြင့်လုပ်ကြံရေးသမားတစ်ဦးဖြစ်ပြီး ပစ်မှတ်များကို ဖျောက်ဖျက်ရာတွင် တိကျသေသပ်လှသည်။ လက်စွမ်းအထက်ဆုံး လုပ်ကြံရေးသမားဖြစ်သည်။ သို့သော် သူ၏ဆရာလည်းဖြစ် အရင်းနှီးဆုံးမိတ်ဆွေလည်းဖြစ်သူ Harry အသတ်ခံလိုက်ရသောအခါ ဘီးရှော့ပ်က ဆရာအား သတ်ဖြတ်သူများကို ရှာဖွေသုတ်သင်ရန် ဆုံးဖြတ်လိုက်သည်။ တစ်ခုရှိသည်မှာ Harry ၏သား Steve ကလည်း သူ၏ဖခင်အား သတ်ဖြတ်သူများကို လုပ်ကြံရန် စိတ်အားထက်သန်နေပြီး Mechanic နှင့်ပူးပေါင်းရန် ကမ်းလှမ်းလာခဲ့ရာ တစ်ကိုယ်တော်လုပ်ကြံရေးသမားနှင့် အတွေ့အကြုံနုနယ်သေးသည့် လူငယ်စုံတွဲ မည်သို့လှုပ်ရှားမည်နည်းဆိုသည်ကို. . .

Jasom Statham၊ Ben Foster၊ Donald Sutherland တို့ ဦးဆောင်ပါဝင်ထားသည့် အက်ရှင်ဇာတ်ကားကို Simon West က ရိုက်ကူးထားပြီး CBS Films က ဇန်နဝါရီ ၂၈ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။



၂၀၁၁ မြန်မာနေရှင်နယ်လိဂ်အတွက် ပြင်ဆင်နေသော လက်ရှိချန်ပီယံရတနာပုံအသင်းမှ ကစားသမားအချို့ ဇန်နဝါရီ၉ရက်နံနက်ခင်းက လေ့ကျင့်နေစဉ်။
ဓာတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

# လူငယ်သွေးသစ်တွေပိုမြင်ရမည့်ပြိုင်ပွဲလား

ဗိုလ်ဗိုလ်ဝင်း

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် အသင်းများအနေဖြင့် ယခုနှစ် MNL အမှတ်ပေးပြိုင်ပွဲတွင် လူငယ်မျိုးဆက်သစ် ကစားသမား အများစု နေရာပေးရန် ရည်ရွယ်ထားကြောင်း ကလပ်အသင်းတာဝန်ရှိသူများကပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် ၂၀၀၉ ခုနှစ်မှ စတင်ခဲ့သော MNL ပြိုင်ပွဲတွင် ကလပ်အသင်းတစ်သင်းစီ၌ နိုင်ငံခြားသားကစားသမား ငါးဦးစီ ခွင့်ပြုခဲ့ရာမှ ယခုနှစ်တွင် လေးဦးစီသာ ကစားရန် ပြောင်းလဲသတ်မှတ်လိုက်ခြင်းနှင့် မိခင်ဝန်ကြီးဌာနများသို့ ပြန်လည်တာဝန်ထမ်းဆောင်မည့်ကစားသမားများရှိလာခြင်းတို့ကြောင့်လစ်လပ်သွားသော ၎င်းတို့၏ နေရာများတွင် လူငယ်ကစားသမားများကို အစားထိုးနိုင်ရန် မျှော်လင့်နေကြခြင်းဖြစ်သည်။

"လက်ရှိအခြေအနေမှာ ပြည်တွင်းကစားသမားကောင်းတွေ ရှားပါးနေပါသေးတယ်။ ကလပ်အသင်းတွေကလည်း လူငယ်တွေ မွေးထုတ်ပေးနိုင်မှသာ ရေရှည်မှာ ပေါ်ထွက်လာမှာပါ။ ပထမ အရေးကြီးဆုံးအချက်က လူငယ်တွေ ပွဲထွက်ကစားခွင့်ရရှိဖို့ပါ။ တချို့အသင်းတွေဆို အကယ်ဒမီတွေလုပ်နေကြတယ်။ မနောမြေအသင်းအနေနဲ့လည်း ကချင်ပြည်နယ်မှာ မျိုးဆက်သစ်လူငယ်တွေရှာဖွေပြီး အဲဒီမှာပဲ အသင်းဖွဲ့ထားဖို့ အသင်းက တာဝန်ရှိသူတွေစီစဉ်နေပါပြီ။ အသင်းမှာလည်း ဒီနှစ်ကို လူငယ်အရန်အသင်းက ကစားသမားငါးဦး လောက်ခေါ်ထားပါတယ်" ဟု မနောမြေအသင်း နည်းပြချုပ် ဦးဝင်းမြင့်သွင်က ပြောသည်။

ထို့ပြင် လက်ရှိ MNL ချန်ပီယံရတနာပုံအသင်းအနေဖြင့်လည်း အသင်း၏အဓိက ကစားသမားနှစ်ဦးဖြစ်သည့် အောင်ကျော်မိုးနှင့် ထွန်းထွန်းဝင်းတို့မှာ မိခင်ဝန်ကြီးဌာနသို့ ပြန်သွားပြီဖြစ်၍ ၎င်းတို့နေရာတွင် လူငယ်ကစားသမားများဖြင့် အစားထိုးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"အသင်းက အဓိကကစားသမားနှစ်ဦးမရှိတော့ပေမယ့် မကွေးအသင်းကအောင်မြင့်အေးကို ခေါ်ယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လျော့သွားတဲ့နိုင်ငံခြားသားကစားသမားတစ်ဦးနေရာနဲ့တခြားနေရာတွေမှာ လူငယ်ကစားသမားတွေအစားထိုးစီစဉ်သွားမှာပါ" ဟု ရတနာပုံအသင်းနည်းပြချုပ် ဦးဇော်လေးအောင်ကပြောသည်။

ထို့ပြင် ယခင်နှစ်ပြိုင်ပွဲများက ပွဲထွက်ခွင့်နည်းခဲ့ရသော ခြေစွမ်းရှိလူငယ်ကစားသမားများ ဖြစ်သည့် ရဲကိုဦး၊ ရဲဇော်ထက်အောင်၊ သက်နိုင်၊ အောင်ချမ်းမိုးအစရှိသူများလည်း ယခုနှစ်ပြိုင်ပွဲတွင် ပွဲထွက်ခွင့်ပိုရလာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ၎င်းလူငယ်ကစားသမားများသည် နိုင်ငံခြားသားကစားသမားနှစ်ဦးသာပါဝင်ကစားခွင့်ရှိသော ပြီးခဲ့သည့် AFC President's Cup ပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သူများ ဖြစ်ကြသည်။

အသင်း၏ အဓိကကစားသမားအချို့ လက်လွှတ်ခဲ့ရသော်လည်း ၎င်းတို့၏ နေရာတွင် အခြားပြည်တွင်းထိပ်တန်းကစားသမားများအားခေါ်ယူမည် မဟုတ်ဘဲ အရန်အသင်းမှ လူငယ်ကစားသမားများစုကို ပွဲထွက်ခွင့်ပေးရန် ရည်ရွယ်ထားကြောင်း မကွေးအသင်းနည်းပြချုပ်ဦးကြည်လွင်က ပြောသည်။

"ဒီနှစ်ဝင်ပြိုင်မယ့် မကွေးအသင်းမှာ အရန်အသင်းက လူငယ်ကစားသမားရှစ်ယောက်လောက်ကို ခေါ်ယူထားပါတယ်။ သူတို့ကို ကျွန်တော်ယုံကြည်ပါတယ်"ဟု ဦးကြည်လွင်ကဆိုသည်။

အသင်း၏ အဓိက ဂိုးသမားဖြစ်သူ အောင်အောင်ဦးမိခင်ဌာနသို့ ပြန်သွားသည့်အတွက် ၎င်းနေရာတွင် လူငယ်ဂိုးသမားလေးများဖြင့်သာ အစားထိုးနိုင်ရန် စီစဉ်နေကြောင်း ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အောင်အောင်ဦးနေရာအတွက် ပြည်တွင်းအဆင့်မြင့် ဂိုးသမားတွေကို ကမ်းလှမ်းပေမယ့် အဆင်မပြေသေးပါဘူး။ ဒါကြောင့် အရန်လူငယ်ဂိုးသမားလေးတွေဖြစ်တဲ့ နိုင်ဇေယျာထွန်းနဲ့ စောအယ်ထူးတို့ကိုပဲ ပွဲထုတ်ဖို့ရှိပါတယ်"ဟု၎င်းကဆိုသည်။

လူဟောင်းကစားသမားအများစုကို အခြေခံကာသွားရောက် ယှဉ်ပြိုင်ခဲ့ပြီး ရှုံးနိမ့်ခဲ့သည့် ပူပူနွေးနွေးဆူဇူကီးရလဒ်ကြောင့်လည်း MNL အသင်းပိုင်ရှင်များအနေဖြင့် လူငယ်ကစားသမားများပေါ်ထွက်လာရေးကို မျှော်မှန်းနေကြခြင်းဖြစ်ကြောင်း မြန်မာ့ဘောလုံးစောင့်ကြည့်သူများက သုံးသပ်ကြသည်။

"ရွက်ပုန်းသီးလူငယ်ကစားသမားတွေက အများကြီးရှိပါတယ်။ ဘောလုံးသမားကြီးတွေက နာမည်နဲ့ရှေ့ကပိတ်နေကြလို့ ကစားခွင့်မရကြလို့ပါ။ ဒီနှစ် MNL ပြိုင်ပွဲမှာတော့ အရင်ကထက် ကစားခွင့်ပိုရလာမယ်လို့ထင်ပါတယ်။ သူတို့လေးတွေအနေနဲ့ ချက်ချင်းကြီးတော့ တအားကြီးကောင်းချင်မှကောင်းမှာပေါ့။ ကစားခွင့်ရလာရင် ကြိုးစားလာမယ်။ ဒီလိုဆိုတိုးတက်လာမှာပါ"ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား)က ပြောပါသည်။

"လူငယ်တွေမွေးထုတ်ရမှာ အသက်မှန်ကန်ရေးအတွက် သေချာစိစစ်သင့်ပါတယ်။ ဒါမှမဟုတ်ရင်တော့ ကလပ်အသင်းအရင်ဒုက္ခရောက်ပြီး၊ နောက်လက်ရွေးစင်အသင်းဒုက္ခရောက်မှာပါ"ဟု MNL အသင်းတစ်သင်း၏ နည်းပြချုပ်ကပြောသည်။

"အဖွဲ့ချုပ်အနေနဲ့လည်း ပဏာမလူငယ်လက်ရွေးစင်တွေ ရွေးချယ်တဲ့အခါမှာ နာမည်နဲ့ကစားသမားတွေကိုဦးစားမပေးဘဲ လူငယ်မျိုးဆက်သစ်ကစားသမားလေးတွေ ရွေးချယ်ကြမယ်လို့လည်း မျှော်လင့်ပါတယ်" ဟု ဦးခင်မောင်ထွေးကပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

## နည်းစနစ် ညွှန်ကြားရေးမှူးများ၏ အရည်အချင်း သတ်မှတ်ချက် လျှော့ချ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၅** မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) သည် ပြည်တွင်း၌ AFC အေလိုင်စင်ရရှိထားသူ နည်းပါးနေသေးမှုကြောင့် ယခုနှစ် အမ်အင်န်အယ်လ်ပြိုင်ပွဲဝင် အသင်းများ၏ နည်းစနစ်ညွှန်ကြားရေးမှူးရာထူးအတွက် သတ်မှတ်ချက်ကိုလျှော့ချလိုက်ပြီး အနည်းဆုံး ဘီလိုင်စင်ရရှိရန်ဟု သတ်မှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ယခင်နှစ်များက နည်းစနစ်ညွှန်ကြားရေးမှူးများကို အေလိုင်စင်ရှိရမည်ဟု သတ်မှတ်ထားရာမှ ပြည်တွင်း၌ အေလိုင်စင်ရှိသူ နည်းပါး၍ ယခုနှစ်တွင် သတ်မှတ်ချက်လျှော့ချခဲ့ခြင်းဖြစ်သည်။

“နိုင်ငံတကာမှာဆို နည်းစနစ်ညွှန်ကြားရေးမှူးဟာ အေလိုင်စင်ရှိရမှာပါ။ အရင်နှစ်တွေကလည်း ဒီမှာ အေလိုင်စင်သတ်မှတ်ထားပေမယ့် မြန်မာနိုင်ငံမှာက အေလိုင်စင်ရှိတဲ့သူက တော်တော်နည်းနေသေးတယ်။ အသင်းတွေ၊ လူတွေလည်း ထပ်တိုးလာတော့ ဒီကအခြေအနေနဲ့ အဆင်ပြေအောင် ဒီနှစ်ပြိုင်ပွဲအတွက် ဘီလိုင်စင်ရှိရင် ရတယ်ဆိုပြီး လျှော့ပေးလိုက်တာပါ။ နောက်နှစ်တွေမှာ တဖြည်းဖြည်း နည်းပြအဖွဲ့ဝင်တွေရဲ့ အရည်အချင်းသတ်မှတ်ချက်တွေကိုလည်း တိုးမြှင့်သတ်မှတ်သွားမှာပါ”ဟု MFF မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

MFF သည် ၂၀၁၁ အမ်အင်န်အယ်လ် ပြိုင်ပွဲအတွက် အသင်းတစ်သင်းလျှင် တာဝန်ရှိသူ (Team Offical) ၁၀ ဦးစီ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး၊ ၎င်းရာထူးများမှာ အမှုဆောင်အရာရှိချုပ် (စီအီးအို) (သို့မဟုတ်) အထွေထွေ မန်နေဂျာ၊ အုပ်ချုပ်သူ၊ မီဒီယာတာဝန်ခံ၊ နည်းစနစ်ညွှန်ကြားရေးမှူး၊ နည်းစနစ်အကြံပေး၊ နည်းပြချုပ်၊ လက်ထောက်နည်းပြ၊ ဂိုးနည်းပြရာထူးများ ဖြစ်ကြသည်။

အဆိုပါ ရာထူးများအနက် နည်းစနစ် ညွှန်ကြားရေးမှူးသည် AFC အေလိုင်စင်(သို့မဟုတ်) ဘီလိုင်စင်ရှိရမည်ဖြစ်ပြီး၊ နည်းပြချုပ်နှင့် လက်ထောက်နည်းပြတို့သည် AFC စီလိုင်စင်နှင့် ဂိုးနည်းပြမှာလည်း စီလိုင်စင်(သို့မဟုတ်) ဂိုးနည်းပြလိုင်စင် ရှိရမည်ဟု သတ်မှတ်ထားသည်။ ကျန်ရာထူးများအတွက်မူ မည်သည့်သတ်မှတ်ချက်မျှထားရှိခြင်း မရှိကြောင်း သိရသည်။ မှတ်ပုံတင်ထားသော တာဝန်ရှိသူ ၁၀ ဦးအနက် ၇ ဦးမှာ ကွင်းအတွင်းသို့ ဝင်ရောက်ကြီးကြပ်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

## ယူ-၁၄ အာရှအဆင့် တင်းနစ်ပြိုင်ပွဲ မြန်မာနိုင်ငံတွင် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၅** အသက် ၁၄ နှစ်နှင့်အောက် အာရှအဆင့် တင်းနစ်ပြိုင်ပွဲ (ITF Fourteen and Under Asia Championships Group II) ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီလ ၂၂ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ ရန်ကုန်မြို့၊ သိမ်ဖြူ တင်းနစ်ကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး၊ အိမ်ရှင် မြန်မာနိုင်ငံအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ဘူတန်၊ မော်လဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ လာအို၊ စင်ကာပူနှင့် West Asian ITF Team (အပြည်ပြည်ဆိုင်ရာအနောက်အာရှအသင်း)တို့မှ စုစုပေါင်း လူငယ်ကစားသမား ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သတင်းရရှိသည်။

အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲများ ပါဝင်မည့် ယင်းပြိုင်ပွဲမှာ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)၏ အဆင့်သတ်မှတ်ချက်ပေးမည့် အဆင့် ၁ မှ ၄ ပါဝင်သူများသည် ITF Team အဖြစ် ရွေးချယ်ခံရမည်ဖြစ်ပြီး ၎င်းကစားသမားများသည် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် လာမည့်မတ်လအတွင်း ကျင်းပမည့် Asian Championships Group (1) ပြိုင်ပွဲတွင် တိုက်ရိုက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရှိရသည်။

“မြန်မာနိုင်ငံက လူငယ်အမျိုးသားငါးဦးနဲ့ အမျိုးသမီးငါးဦးက ပြိုင်ပွဲအမျိုးအစားလေးမျိုးလုံးမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ဒီကစားသမားတွေက ပြီးခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ပြည်တွင်းပြိုင်ပွဲတွေကနေ ရွေးချယ်လေ့ကျင့်ပေးထားတဲ့သူတွေပါ”ဟု မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။

ပရိသတ်များ အခမဲ့လာရောက်ကြည့်ရှုနိုင်မည့် အဆိုပါပြိုင်ပွဲအား မြန်မာနိုင်ငံမှ ၂၀၀၄ နှင့် ၂၀၀၇ ခုနှစ်များက အိမ်ရှင်အဖြစ် လက်ခံကျင်းပဖူးပြီး ယခုတတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်းသိရှိရသည်။

## လီဗာပူး-အဲဗာတန်၊ စပါး-မန်ယူ ထိပ်တိုက်တွေ့ဆုံမှုတွေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၃) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်



ဒီတစ်ပတ် စနေ၊ တနင်္ဂနွေမှာ ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၂၃)မှာတော့ ချယ်လ်ဆီး၊ မန်စီးတီး၊ လီဗာပူးတို့ရဲ့ အိမ်ကွင်းပွဲတွေနဲ့ အာဆင်နယ်၊ မန်ယူတို့ရဲ့ အဝေးကွင်းတွေကို စောင့်ကြည့်ရမှာပါ။ လီဗာပူး-အဲဗာတန်ပွဲစဉ်ကတော့ အကြိတ်အနယ်ရှိတဲ့ ရေဗားဆိုက်ဒါဘီပွဲစဉ်ဖြစ်ပြီး၊ စပါး-မန်ယူပွဲကလည်း စိတ်ဝင်စားစရာပွဲစဉ်တစ်ပွဲဖြစ်လာပါလိမ့်မယ်။

**<u>၁၅ ဇန်နဝါရီ၊ စနေ</u>**

**ညနေ ၉း၃၀ နာရီ**

**ချယ်လ်ဆီး-ဘလက်ဘန်း**

**ပ-ကျော့ရလဒ် ၂-၁**

ချယ်လ်ဆီးဟာ ပထမအကျော့ အဝေးကွင်းပွဲစဉ်တုန်းကလည်း ဘလက်ဘန်းကို နိုင်ခဲ့ပါတယ်။ ဒီအိမ်ကွင်းပွဲမှာလည်း ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းအားသာချက်ကို အခြေခံပြီး အနိုင်သုံးမှတ်ယူသွားမှာပါ။ မာကျောတဲ့ ချယ်လ်ဆီးတို့ နှစ်ဂိုးအသာလောက် ရနိုင်ခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**

**မန်စီးတီး-ဝုလ်**

**ပ-ကျော့ရလဒ် ၁-၂**

မန်စီးတီးတို့ တိုက်စစ်မှူး သစ်ဇီကိုကို ခေါ်ယူထားပါတယ်။ မန်စီးတီးဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ ဘလက်ပူးလ်၊ ဗီလာ၊ ဘော်လ်တန်တို့ကို ဆက်တိုက်နိုင်ပြီး အိမ်ကွင်းရလဒ်ကောင်းနေပါတယ်။ ဒါ့ကြောင့် ပထမအကျော့က အရှုံးကိုပြန်ချေပြီး မန်စီးတီးတို့ ကပ်နိုင်သွားခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**

**စတုတ်စီးတီး-ဘော်လ်တန်**

**ပ-ကျော့ရလဒ် ၁-၂**

စတုတ်ဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ အဲဗာတန်ကိုသာ နိုင်ခဲ့ပြီး၊ ဘလက်ပူးလ်၊ ဖူလ်ဟမ်တို့ကို ရှုံးခဲ့ပါတယ်။ ဧည့်သည်ဘော်လ်တန်တို့ ပထမအကျော့ကလို ကပ်နိုင်ဖို့ အခွင့်အရေးရှိနေပါတယ်။ အိမ်ရှင်စတုတ်တို့ အလွန်ရရင် သရေပါပဲ။

**ညနေ ၉း၃၀ နာရီ**

**ဝက်စ်ဘရွန်း-ဘလက်ပူးလ်**

**ပ-ကျော့ရလဒ် ၁-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ ဝက်စ်ဘရွန်းက နှစ်ကြိမ်နိုင်ပြီး၊ ဘလက်ပူးလ်က တစ်ကြိမ်နိုင်ထားပါတယ်။ သုံးပွဲစလုံးလည်း ဂိုးကွာခြားချက်နည်းခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရ ဧည့်သည်ဘလက်ပူးလ်ကို ပိုကြိုက်ပါတယ်။ ဂိုးပြတ်မှာတော့ မဟုတ်ပါဘူး။

**ညနေ ၉း၃၀ နာရီ**

**ဝီဂန်-ဖူလ်ဟမ်**

**ပ-ကျော့ရလဒ် ၀-၂**

အဝေးကွင်းခြေစွမ်းကောင်းတတ်တဲ့ ဖူလ်ဟမ်တို့အတွက် ဒီပွဲမှာလည်း အခွင့်အရေးရှိနေပါတယ်။ ပထမအကျော့တုန်းက အနိုင်ကြောင့် အိမ်ရှင်ကို ဖိကစားပြီး နိုင်သွားမှာပါ။ ဝီဂန်တို့ တစ်ဂိုးလောက်သာ ရနိုင်ခြေရှိပြီး ဖူလ်ဟမ်ကပ်နိုင်သွားမယ့်ပွဲပါ။

**<u>၁၆ ဇန်နဝါရီ၊ တနင်္ဂနွေ</u>**

**နံနက် ၁၂း၀၀ နာရီ**

**ဝက်စ်ဟမ်း-အာဆင်နယ်**

**ပ-ကျော့ရလဒ် ၀-၁**

ဒီနောက်ပိုင်း အိမ်ကွင်းရလဒ်ကောင်းနေတဲ့ ဝက်စ်ဟမ်းကို အာဆင်နယ်တို့ သတိထားကန်ရမှာပါ။ အာဆင်နယ်ဟာ နောက်ဆုံး အဝေးကွင်းသုံးပွဲမှာ မန်ယူကို ရှုံးခဲ့ပြီး ဝီဂန်နဲ့သရေ၊ ဘာမင်ဂမ်ကို သုံးဂိုးပြတ်နိုင်ခဲ့ပါတယ်။ ဇယားထိပ်ပိုင်းမှာ ရပ်တည်ဖို့အတွက် အာဆင်နယ်တို့ ခြေကုန်ထုတ်ရမှာဖြစ်ပြီး၊ အနိမ့်ဆုံး တစ်ဂိုးအသာနဲ့နိုင်ခြေရှိပါတယ်။

**ညနေ ၆း၃၀ နာရီ**

**ဘာမင်ဂမ်-ဗီလာ**

**ပ-ကျော့ရလဒ် ၀-၀**

ပထမအကျော့တုန်းက ဒီနှစ်သင်း ဂိုးမရှိ သရေကျခဲ့ပေမယ့် လိဂ်ဖလားပွဲမှာတော့ ဘာမင်ဂမ်က အိမ်ကွင်းမှာ နိုင်ခဲ့ပါတယ်။ ဗီလာတို့ ဒီနောက်ပိုင်း အဝေးကွင်းပွဲတွေမှာ ရှုံးပွဲများနေတာမို့ အိမ်ရှင်ဘာမင်ဂမ်တို့ အခွင့်အရေးရှိနေပါတယ်။ သရေပွဲဖြစ်နိုင်သလို ဘာမင်ဂမ်တို့ ကပ်နိုင်ခြေလည်း ရှိပါတယ်။

**ညနေ ၆း၃၀ နာရီ**

**ဆန်းဒါးလန်း-နယူးကာဆယ်**

**ပ-ကျော့ရလဒ် ၁-၅**

ပထမအကျော့တုန်းက နယူးကာဆယ်တို့ ဂိုးပြတ်နိုင်ခဲ့ပါတယ်။ ဆန်းဒါးလန်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ ဘော်လ်တန်၊ ဘလက်ဘန်းတို့ကိုနိုင်ခဲ့ပြီး၊ ဘလက်ပူးလ်ကိုတော့ ရှုံးထားပါတယ်။ နယူးကာဆယ်တို့ ဒီနောက်ပိုင်း နိုင်ပွဲတချို့ပြန်ရလာပေမယ့် ဆန်းဒါးလန်းကိုပဲ ရွေးချယ်ရပါမယ်။ ဂိုး နည်းပါလိမ့်မယ်။

**ည ၈း၃၀ နာရီ**

**လီဗာပူး-အဲဗာတန်**

**ပ-ကျော့ရလဒ် ၀-၂**

ဒီနှစ်သင်း တွေ့ဆုံတိုင်း အကြိတ်အနယ်ရှိခဲ့ပြီး နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာတော့ လီဗာပူးက နှစ်ကြိမ်နိုင်ထားပါတယ်။ အဲဗာတန်ဟာ ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ တစ်ပွဲသာ နိုင်ခဲ့ပြီး၊ လီဗာပူးကလည်း အဝေးကွင်းခြေစွမ်း ကျဆင်းနေပါတယ်။ ဧည့်သည်အဲဗာတန်ကို ဂိုးအနည်းနဲ့ ရွေးချယ်ချင်ပါတယ်။

**ည ၁၀း၄၀ နာရီ**

**စပါး-မန်ယူ**

**ပ-ကျော့ရလဒ် ၀-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်စလုံးမှာ မန်ယူကပဲ နိုင်ထားပါတယ်။ မန်ယူ အဝေးကွင်းဆိုပေမယ့် အခက်အခဲမရှိနိုင်ပါဘူး။ စပါးတို့ ခံစစ်ကစားရဖွယ်ရှိပြီး၊ အပြန်အလှန်သွင်းဂိုးတွေနဲ့ ရှုံးနိမ့်သွားမှာပါ။ မန်ယူတို့ အနည်းဆုံး တစ်ဂိုးအသာနဲ့ ကပ်နိုင်မယ့်ပွဲပါပဲ။

## လန်ဒန်အိုလံပစ် ဘောလုံးပြိုင်ပွဲအတွက် မြန်မာအမျိုးသမီးအသင်း ခြေစစ်ပွဲ ဝင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၆** ၂၀၁၂ လန်ဒန်အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲသို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲ၏ ပထမအဆင့် ခြေစစ်ပွဲအုပ်စု(က)တွင် မြန်မာအသင်းသည် ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ) အသင်းများနှင့် ကျရောက်လျက်ရှိပြီး လာမည့် မတ်လ ၁၈ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

“ဒီပြိုင်ပွဲအတွက် ပြီးခဲ့တဲ့ အလွတ်တန်းအမျိုးသမီးပြိုင်ပွဲနဲ့ အရင် ပြည်နယ်၊ တိုင်းပြိုင်ပွဲက စုစု ပေါင်း ကစားသမား ၃၂ ဦးကို ပဏာမလက်ရွေးစင်အဖြစ် ဇန်နဝါရီလဆန်းကစပြီး စတင်လေ့ကျင့်နေပါပြီ။ ဒီအသင်းမှာ အရင်လူဟောင်း ၆ ဦးလောက်ပါပြီး လူငယ်ကစားသမား အများဆုံးပါဝင်ပါတယ်” ဟု မြန်မာအမျိုးသမီး ပဏာမ လက်ရွေးစင်အသင်း၏ နည်းပြချုပ် ဦးအေးကြူကြီးက ပြောသည်။

မြန်မာအမျိုးသမီးအသင်းအား နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်းနှင့် ဂိုးနည်းပြ ဦးမျိုးချစ်တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု(က)မှ အမှတ်အများဆုံးနှစ်သင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်မည်ဖြစ်ပြီး ဒုတိယအဆင့် ခြေစစ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။


C B BANK (ရုံးချုပ်)
Tel: (95-1) 371848, 372 646, 372 655.
E-mail : contact@cbbankmm.com
Website : www.cbbankmm.com
သမဝါယမဘဏ်လီမိတက် (ကျိုင်းတုံဘဏ်ခွဲ)
ဘဏ်လုပ်ငန်း ကိစ္စအရပ်ရပ် နှင့် ပြည်တွင်း ငွေလွှဲလုပ်ငန်းများကို
(၂၂-၁၂-၂၀၁၀) နေ့မှစ၍ အမှတ်(၁၆၅/က)၊ ကျိုင်းငင်(၁)လမ်း၊ အမှတ်(၂)
ရပ်ကွက်၊ ကျိုင်းတုံမြို့ တွင်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။
Tel: (084) 234 14
Fax: (084) 235 25, 235 23
C B BANK
Kyaing Tong Branch
သမဝါယမဘဏ်လီမိတက်
"သင်တန်ဖိုးထားဆုံးအရာ ကျွန်တော်တို့အတွက်အဖိုးတန်ပါ၏"
"We value what you value most"



# လုပ်ကြံခံခဲ့ရသော ပါကစတန် ပြည်နယ် အုပ်ချုပ်ရေးမှူးအား မြုပ်နှံသဂြိုဟ်

**အစ္စလမ်မာဘတ်၊ ဇန်နဝါရီ - ၆**

ဘာသာရေးဆိုင်ရာဥပဒေအား ဆန့်ကျင်ပြောဆိုခဲ့၍ လုပ်ကြံခံရသူ ပန်ဂျပ်ပြည်နယ်အုပ်ချုပ်ရေးမှူးအား ဇန်နဝါရီ ၅ ရက်တွင် မြုပ်နှံသဂြိုဟ်လိုက်ကြောင်း သိရသည်။ ၎င်းအား လုပ်ကြံမှုကြောင့် ပါကစ္စတန်လူ့အဖွဲ့အစည်းအား ပိုမိုပွင့်လင်းလာစေရေးနှင့် လူမှုရေးနှင့် ဘာသာရေးခွဲခြားရန်ကြိုးပမ်းသူများအား ကြောက်ရွံ့သွားစေနိုင်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

ပါကစ္စတန်ဘာသာရေးခေါင်းဆောင် ၅၀၀ ကလည်း ဆယ်မန်တာဆာလုပ်ကြံခံရမှုအပေါ် ဝမ်းနည်းကြောင်း ပြောကြားသူမည်သူမဆို ၎င်း၏ကံကြမ္မာမျိုးနှင့် ကြုံတွေ့ရနိုင်ကြောင်းပြောကြားသည်။

တာဆာသည် လစ်ဘရယ်နိုင်ငံရေးသမားတစ်ဦးဖြစ်သလို ပါကစ္စတန် သမ္မတအဆစ်အလီဇာဒါရီနှင့်လည်း နီးစပ်သူဖြစ်ကာ ဘာသာရေးဥပဒေဖြင့် သေဒဏ်အပြစ်ပေးခံရသူ ခရစ်ယာန်အမျိုးသမီးတစ်ဦး၏အရေးကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သည်။ ၎င်းအား အစ္စလမ်မာဘတ်မြို့ရှိ နိုင်ငံခြားသားများလာရောက်လေ့ရှိသည့် ဈေးဝယ်စင်တာတစ်ခု၏ ကားရပ်နားရာနေရာတွင် ၎င်း၏ ကိုယ်ရံတော်တစ်ဦးက လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ကိုယ်ရံတော်သည် တာဆာက ဘာသာရေးဥပဒေများအားပြောဆိုခြင်းကို နာကြည်းနေသူဖြစ်သည်။

ယခုသတ်ဖြတ်မှု၌ ကျယ်ပြန့်သော ပူးပေါင်းကြံစည်မှု ရှိ၊ မရှိဆိုသည်ကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။ မွတ်ဆလင် ၉၅ ရာခိုင်နှုန်းရှိသော ပါကစ္စတန်နိုင်ငံသည် ဘာသာရေးဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုရှိသောနိုင်ငံဖြစ်သည်။ သို့သော် တာဆာမှာ ပွင့်ပွင့်လင်းလင်းဝေဖန်ပြောကြားတတ်သူဖြစ်ကြောင်းသိရပြီး ၎င်း၏အသုဘအခမ်းအနားသို့ ပါကစ္စတန်ဝန်ကြီးချုပ်ယူဆွတ်ဂီလာနီနှင့်အခြား ထိပ်တန်းအစိုးရအရာရှိများတက်ရောက်ခဲ့ကြသည်။

*—Ref: Reuters*

# အာမက်ဒီနီဂျက်၏ ကားဟောင်းတစ်စီး ကန်ဒေါ်လာတစ်သန်းအထိ လေလံကြေးရ

**လန်ဒန်၊ ဇန်နဝါရီ - ၄**

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်ပိုင်ဆိုင်သည့် သက်တမ်း ၃၃ နှစ်ရှိပြီဖြစ်သော ကားဟောင်းတစ်စီးကို လေလံတင်ရောင်းချခဲ့ရာ ကန်ဒေါ်လာတစ်သန်းအထိ ဈေးအမြင့်ဆုံးပေးကာ ဝယ်ယူခံခဲ့ရကြောင်း အီရန်အာဏာပိုင်တစ်ဦးကပြောသည်။ အီရန်နိုင်ငံတော်သက်သာချောင်ချိရေးအေဂျင်စီ၏အကြီးအကဲ အာမက် အတ်စဖန်ဒီယာရီက ယင်းကားကိုကမ်းလှမ်းခဲ့သူမှာ အာရပ်နိုင်ငံတစ်နိုင်ငံမှဖြစ်ကြောင်း ပြည်တွင်းအီရ်နာသတင်းဌာနသို့ ပြောခဲ့သည်။

အဆိုပါ (ပြူးဂျော့ ၅၀၄)ပြိုင်ကားရောင်းရငွေများကို မသန်စွမ်းပုဂ္ဂိုလ်များနှင့် အကူအညီလိုအပ်နေသော အမျိုးသမီးများထံသို့ ရန်ပုံငွေထောက်ပံ့သွားမည်ဟု သိရသည်။ အာဏာပိုင်များသည် အစောပိုင်းကမူ ယင်းကားကို ကန်ဒေါ်လာ ၂,၀၀၀ ကျော်ခန့်ဈေးဖြင့်လေလံတင်ရန် မျှော်မှန်းခဲ့ပြီး ယခုကဲ့သို့ မမျှော်လင့်ဘဲ ဈေးကောင်းရခဲ့ခြင်းဖြစ်သည်။

*—Ref: BBC*

# နော်ဝေးမှ တူရကီသွား လေယာဉ်အပိုင်စီးသူအား ခရီးသည်များက ထိန်းချုပ်လိုက်နိုင်

**အစ်စတန်ဘူးလ်၊ ဇန်နဝါရီ - ၆**

နော်ဝေးနိုင်ငံမှ ပျံသန်းလာသည့် တူရကီလေကြောင်းလိုင်း လေယာဉ်တစ်စီးအား တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့သို့အရောက်တွင် ပြန်ပေးဆွဲရန်ကြိုးစားသူအား ခရီးသည်များက လူအင်အားဖြင့် ဝိုင်းဝန်းထိန်းချုပ်လိုက်နိုင်ကြောင်း ၎င်းလေယာဉ်ခရီးစဉ်ခရီးသည်များက တူရကီမီဒီယာများအား ပြောကြားသည်။

တူရကီလူမျိုးဖြစ်သူ ပြန်ပေးသမားက လေယာဉ်အား နော်ဝေးနိုင်ငံသို့ ပြန်သွားရန်တောင်းဆိုခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းတွင် မည်သည့်ရည်ရွယ်ချက်ရှိသည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။ တူရကီဒိုဂန် သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ အဆိုပါ အမျိုးသားသည် "ငါ့မှာ ဗုံးပါလာတယ်" ဟုဆိုကာ လေယာဉ်မှူးအခန်းသို့ ဝင်ရောက်ရန်ကြိုးစားခဲ့ကြောင်း သိရသည်။

ယင်းကိစ္စအား လေယာဉ်မှူးက အတာတာ့ခ်လေဆိပ်ရှိ အရေးပေါ်ဌာနသို့ အကြောင်းကြားခဲ့သည်။ လေယာဉ်ဆင်းသက်သောအခါ ခရီးသည်များအား လေယာဉ်မှ အလျင်အမြန်ဖယ်ရှားခဲ့ပြီးနောက် အဆိုပါအမျိုးသားအား ရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ရာတွင် ဗုံးဆိုသည်မှာ အတုအယောင်သာဖြစ်ကြောင်း ပေါ်ထွက်ခဲ့သည်။

"ကျွန်တော်က လေယာဉ်ရှေ့ပိုင်းမှာ ထိုင်နေတာ။ လေယာဉ်မဆင်းခင် နာရီဝက်လောက်မှာ လေယာဉ်အနောက်ဘက်ကနေ အသံဗလံတွေ ကြားရတယ်" ဟု TK 1754 လေယာဉ်ခရီးစဉ်မှ ခရီးသည်တစ်ဦးဖြစ်သူ လယ်ရာကီလစ်က ပြောကြားသည်။

"ခရီးသည်တွေနဲ့ လက်ထဲမှာ လက်ကိုင်ရေဒီယိုတစ်လုံးလို ပစ္စည်းကိုင်ထားတဲ့ မျက်နှာဖုံးစွပ်နဲ့ လူတစ်ယောက်ရုန်းရင်းဆန်ခတ်ဖြစ်နေကြတာကိုတွေ့ရတယ်"ဟု မစ္စတာကီလစ်က ပြောကြားသည်။ ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၅၉ ဦးလိုက်ပါခဲ့ကြောင်း သိရသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
Vol.9, No.42 • JANUARY 13, 2011

# အိုင်ဗရီကို့စ် နိုင်ငံရေးအကျပ်အတည်း သဘောတူညီမှု မရရှိသေး



**အဘီဂျန်၊ ဇန်နဝါရီ - ၄**
အာဖရိက ခေါင်းဆောင်များသည် အိုင်ဗရီကို့စ် နိုင်ငံတွင် ဆွေးနွေးပွဲများပြုလုပ်ခဲ့သော်လည်း ခေါင်းဆောင်လောရင့်ဂါဘိုအား ၎င်း၏ ပြိုင်ဘက်အလက်ဆန်အိုတာရာ ထံသို့အာဏာလွှဲပြောင်းပေးရေး မဆွဲဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲများကိုမူ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကိုယ်စားလှယ်တော်တစ်ဦးက ပြောကြားသည်။

နိုဝင်ဘာလ ၂၈ ရက် ရွေးကောက်ပွဲတွင် မစ္စတာအိုတာရာ အနိုင်ရရှိခဲ့ကြောင်း ကုလသမဂ္ဂ အသိအမှတ်ပြုရလဒ်များကဖော်ပြခဲ့သည်။ နိုင်ငံတကာမှ ကျယ်ပြန့်သော ရှုတ်ချမှုများရှိနေပြီး အတင်းအကျပ် ရာထူးမှဖယ်ရှားခံရမည်ဟု ပြောဆိုမှုများရှိနေသော်ငြား မစ္စတာဂါဘိုက ရွေးကောက်ပွဲရှုံးနိမ့်ခြင်းကို အသိအမှတ်မပြုခဲ့ပေ။

အနောက်အာဖရိက ဒေသတွင်းအဖွဲ့အစည်း ECOWAS နှင့် အာဖရိက ယူနီယံ (AU) အား ကိုယ်စားပြု၍ အာဖရိကခေါင်းဆောင်လေးဦးသည် ဇန်နဝါရီလ ၃ ရက်တွင် အိုင်ဗရီကို့စ်နိုင်ငံ အဘီဂျန်မြို့သို့ သွားရောက်၍ မစ္စတာဂါဘိုနှင့် နာရီပေါင်းများစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနောက်၎င်းတို့သည် မစ္စတာအိုတာရာရှိရာ ဟိုတယ်သို့ သွားရောက်ခဲ့ကြသည်။

ယင်းခရီးစဉ်မှာ ဘီနင်ခေါင်းဆောင်ဘိုနီယာရီ၊ ဆီယာရာ လီယွန်မှအားနက်ဘိုင်ကိုရိုမာနှင့် ကေ့ပ်ဗာဒီခေါင်းဆောင် ပီဒရိုပီရက်တို့အတွက် ဒုတိယခရီးစဉ်ဖြစ်ပြီး ကင်ညာဝန်ကြီးချုပ် ရေလာအိုဒင်ဂါကလည်း အာဖရိကယူနီယံအား ကိုယ်စားပြု၍ ဒုတိယခရီးစဉ်တွင် ပါဝင်လာခဲ့သည်။

အလွန်အရေးကြီးသော အစည်းအဝေးများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ လောလောဆယ် အခြေအနေတွင် ဆွေးနွေးမှုများ ဆက်လက်ဖြစ်ပေါ်နေသည်ဟုသာ ပြောဆိုနိုင်ကြောင်း ဆီယာရာလီယွန်ခေါင်းဆောင် ကိုရိုမာက လေဆိပ်သို့ သွားရာလမ်းတွင်ပြောကြားခဲ့သည်။

*—Ref: Reuters*




# ကန်အောက်လွှတ်တော်ကို ရီပက်ဘလေကန်များ လွှဲပြောင်းရယူ

**ဝါရှင်တန်၊ ဇန်နဝါရီ - ၆**
အမေရိကန်အောက်လွှတ်တော်တွင် ရီပက်ဘလေကန်များ အာဏာရရှိလာချိန်မှာပင် အစိုးရအသုံးစရိတ်များ ဖြတ်တောက်ရေးကိစ္စများကို အလျှော့ပေးလာခဲ့သည်။ ယင်းသို့အလျှော့ပေးခြင်းမှာ နိုဝင်ဘာရွေးကောက်ပွဲကတိများကို အားပျော့သွားစေခဲ့ကြောင်း ရိုက်တာသတင်းဌာနကဖော်ပြသည်။

စီနီယာရီပက်ဘလေကန်တစ်ဦးကလည်း ကြွေးမြီအကျပ်အတည်းရှောင်လွှဲနိုင်ရန် ရှေ့လာမည့်လများအတွင်း သမ္မတအိုဘားမားအစိုးရနှင့် ပူးတွဲလုပ်ဆောင်သွားဖွယ်ရှိကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ အသုံးအဖြုန်းတွေအရမ်းများနေပြီ။ အကြွေးတွေက နိုင်ငံ့စီးပွားရေးကို ဖုံးလွှမ်းသွားတော့မယ်။ အလုပ်ကြိုးစားဖို့နဲ့ခက်ခဲတဲ့ ဆုံးဖြတ်ချက်တွေကိုချဖို့လိုအပ်နေပြီ" ဟု ရီပက်ဘလေကန်ပါတီအကြီးအကဲ ဂျွန်ဘိုးနာက မိန့်ခွန်းတွင် ထည့်သွင်း ဖော်ပြသည်။

အောက်လွှတ်တော်မျက်နှာစုံညီအစည်းအဝေး ပြန်လည်ခေါ်ယူကျင်းပချိန်မှာပင် မစ္စတာဘိုးနားအား အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။ ဒီမိုကရက်ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ မစ္စနန်စီပီလိုစီထံမှ ယင်းရာထူးကို မစ္စတာဘိုးနာက လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။

အလုပ်လက်မဲ့နှုန်း အလွန်မြင့်မားခြင်းနှင့် နိုင်ငံတော်ဘတ်ဂျက်လိုငွေပြမှု ကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံရှိနေချိန်တွင် ပြုလုပ်ခဲ့သည့် နိုဝင်ဘာရွေးကောက်ပွဲ၌ ရီပက်ဘလေကန်များသည် အောက်လွှတ်တော်တွင် လူများစုနေရာရရှိလာခဲ့ပြီး အထက်လွှတ်တော်၌ လူများစုနေရာမရှိခဲ့သော်လည်း အမတ်နေရာတိုးတက်ရရှိခဲ့သည်။

*—Ref: Reuters*

# အစရေးနှင့်အမေရိကန် ခြိမ်းခြောက်မှုကိုကာကွယ်ရန်ဒုံးပျံစနစ် အီရန်မြှင့်တင်မည်ဟုဆို

**တီဟီရန်၊ ဇန်နဝါရီ - ၄**
အီရန်ပါလီမန်၏ ပြောခွင့်ရပုဂ္ဂိုလ်က အီရန်အစိုးရသည်အမေရိကန်နှင့် အစ္စရေးတို့ထံမှလာနိုင်သောခြိမ်းခြောက်မှုများ ကာကွယ်နိုင်ရန် ၎င်း၏ ဒုံးပျံစနစ်များကို စွမ်းဆောင်ရည်မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ပါလီမန်ပြောခွင့်ရပုဂ္ဂိုလ် အလီလာရီဂျာနီက "ကျွန်တော်တို့ဟာ ကိုယ်ပိုင်ဒုံးပျံစနစ်တွေ စွမ်းအားကောင်းမွန်ရေး နည်းလမ်းရှာနေတယ်ဆိုတာကို မဖုံးကွယ်ထားပါဘူး။ အမေရိကန်နဲ့ အစ္စရေးတို့က ကျွန်တော်တို့ကို ခြိမ်းခြောက်တာနဲ့ ကျွန်တော်တို့လည်း ကိုယ့်ရဲ့ ဒုံးပျံကာကွယ်ရေးစနစ်တွေကို ကာကွယ်ရေးရည်ရွယ်ချက်တွေနဲ့ သုံးစွဲသွားမှာပါ" ဟု ပြောသည်။

ထို့ပြင် အမေရိကန်နှင့် အစ္စရေးတို့၏ စွဲချက်များဖြစ်သော အီရန်သည် နျူဒုံးပျံအစီအစဉ်လုပ်ဆောင်ခြင်းကို ပယ်ချခဲ့ပြီး ၎င်းတို့သည် တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များကိုသာ ကာကွယ်ရေးအတွက် ထုတ်လုပ်ထားကြောင်းဆိုသည်။ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏အကြီးအကဲတစ်ဦးဖြစ်သူအမီရာအလီဟာတ်ဂီဇာဒတ်ကလည်း အီရန်သည် အနောက်အုပ်စု၏ မောင်းသူမဲ့ဒရုန်းလေယာဉ်များကို ပစ်ချခဲ့ဖူးကြောင်း မကြာသေးမီက ပြောကြားသည်။

*—Ref: Xinhua*

## စီးပွားရေးအုပ်ချုပ်မှုအဖွဲ့အစည်းနှင့်ပတ်သက် အီးယူအဖွဲ့အတွင်း အချေအတင်ဖြစ်နေ

**ဘရပ်ဆဲလ်၊ ဇန်နဝါရီ - ၄**

ယူရိုငွေ အကျပ်အတည်းအား ဖြေရှင်းနိုင်ရေးအတွက် လက်ရှိကယ်ဆယ်ရေးရန်ပုံငွေအား အမြဲတမ်းရန်ပုံငွေတစ်ရပ်ဖြင့် အစားထိုးရေးအဆိုပြုချက်နှင့်ပတ်သက်၍ ပြင်သစ်နှင့်ဂျာမနီနိုင်ငံတို့ အမြင်မတူ အငြင်းအခုံဖြစ်နေကြောင်း ဥရောပအရာရှိများက ပြောကြားသည်။

ပြင်သစ်နိုင်ငံက နိုင်ငံ့အကြီးအကဲများဖြင့် ဖွဲ့စည်းထားသည့် ဥရောပကောင်စီအား စီးပွားရေးရာအုပ်ချုပ်ရေးအဖွဲ့အဖြစ်ပြောင်းလဲ၍ ယခုပြဿနာအား ဖြေရှင်းလိုသည်ဟု ဒါစပီးဂဲလ်မဂ္ဂဇင်းက ဖော်ပြသည်။ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးခရစ်စတင်း လာဂါ့ဒ်ကလည်း အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ အမျိုးသားဘတ်ဂျက်များကို ထိန်းညှိရမည်သာမက စီးပွားရေးပေါ်လစီများကိုပါ ဟန်ချက်ညီစေရန်လုပ်ဆောင်ရမည်ဟု ပြောကြားသည်။

ဂျာမနီအကြီးအကဲ ဘန်ဂျလာမာကယ်ကမူ ဂျာမန်အခွန်ထမ်းပြည်သူများ၏ ငွေကြေးများအားကြွေးမြီထူထပ်စွာ တင်ရှိနေသည့် ဥရောပတောင်ပိုင်းနိုင်ငံများ၏ အလွန်အကျွံသုံးစွဲမှုများ အပေါ်တွင်အသုံးပြု၍ အလဟဿမဖြစ်စေလိုပေ။ ထို့အပြင် လက်ရှိကယ်ဆယ်ရေးရန်ပုံငွေအား ၂၀၁၃ အရောက်တွင် ဥရောပတည်ငြိမ်မှုယန္တရားဖြင့် အစားထိုးခြင်းကို ဂျာမနီက အလိုရှိသည်။

သို့ဆိုလျှင် ငွေကြေးလည်ပတ်ရန် အခက်အခဲရှိနေသောနိုင်ငံများအနေဖြင့် အီးယူ၏ စီးပွားရေးအကူအညီမရယူမီ တင်းကျပ်သည့် ကုန်ကျစရိတ်လျှော့ချရေးစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

စီးပွားရေးအကျပ်အတည်းတွေ့လာပါက ကိုင်တွယ်ဖြေရှင်းရေးအတွက် အမြဲအခိုကင်းရန်ပုံငွေတစ်ရပ်ထူထောင်ထားရန် ဂျာမနီ၏ အဆိုပြုချက်ကိုလည်း ပြင်သစ်နိုင်ငံက ဆန့်ကျင်နေကြောင်း သိရသည်။

*—Ref: UPI*

## ပါကစ္စတန်အစိုးရ အကျပ်အတည်းမှာ ပြည်တွင်းရေးကိစ္စသာဖြစ်ကြောင်း အမေရိကန်ပြောကြား



**ဝါရှင်တန်၊ ဇန်နဝါရီ - ၄**

ပါကစ္စတန်နိုင်ငံ၏ အာဏာရ ညွန့်ပေါင်း ပါတီတွင် ဖြစ်ပေါ်နေသည့်အကျပ်အတည်းမှာ ပါကစ္စတန်ပြည်တွင်းရေး ကိစ္စဟုသာ အမေရိကန်က သဘောထားကြောင်းနှင့်၎င်းကိစ္စအား စစ်သွေးကြွများအပေါ် အစ္စလာမ်မာဘတ်၏ တိုက်ခိုက်မှု အာရုံလွဲသွားခြင်းဟု မမြင်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆင်နွှဲနေသောစစ်ပွဲအလှည့် အပြောင်းဖြစ်စေရန် အမေရိကန်အား ကူညီရေးအတွက် ၎င်း၏မြေပေါ်မှ စစ်သွေးကြွအုပ်စုများအား တိုက်ခိုက်ရန် အိုဘားမားအစိုးရက အစ္စလာမ်မာဘတ်အား ဖိအားပေးနေချိန်မှာပင် ပါကစ္စတန် နိုင်ငံရေးအကျပ်အတည်းပေါ်ထွက်လာခြင်းဖြစ်သည်။

အရေးပါသော မဟာမိတ်ပါတီအဖွဲ့ ညွန့်ပေါင်းအစိုးရမှ နုတ်ထွက်သွားပြီးနောက် ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ဂီလာနီမှာ၎င်း၏ အစိုးရမပြိုကွဲသွားရေးအတွက် ရုန်းကန်နေရသည်။ ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီကမူ ဝန်ကြီးချုပ်အပေါ်ယုံကြည်မှု အပြည့်အဝရှိကြောင်း ပြောကြားသည်။

အစိုးရ၏ ရေနံဈေးနှုန်း ပေါ်လစီများမှာ ပါကစ္စတန်နိုင်ငံသားများအတွက် သည်းမခံနိုင်သော အခြေအနေဖြစ်ကြောင်း ပြောကြားပြီးမူတာဟီဒါကွာမီ လှုပ်ရှားမှုအုပ်စုက ဝန်ကြီးချုပ်၏ညွန့်ပေါင်းအဖွဲ့မှ အတိုက်အခံများဘက်သို့ ကူးပြောင်းသွားရာ ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီ၏ အမေရိကန်ကျောထောက်နောက်ခံပေးထားသည့်အစိုးရမှာ ပါလီမန်တွင် လူများစုနေရာ ဆုံးရှုံးခဲ့သည်။

"ဒါဟာ ပါလီမန်စနစ်ကျင့်သုံးနေတဲ့ ပါကစ္စတန်နိုင်ငံတွင်းမှာဖြစ်နေတဲ့ ပြည်တွင်းနိုင်ငံရေး ကိစ္စပါ" ဟုအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပီဂျေခရိုလီက သတင်းထောက်များအား ပြောကြားသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.9, No.42 • JANUARY 13, 2011



## အီရန်ခရီးသည်တင် လေယာဉ်ပျက်ကျမှု အနည်းဆုံးလူ ၇၀ ဦးသေဆုံး

**တီယီရန်၊ ဇန်နဝါရီ-၁၀**

အီရန်ခရီးသည်တင် ဘိုးရင်း ၇၂၇ လေယာဉ်တစ်စီးသည် ဆိုးရွားသောရာသီဥတုကြောင့် တီဟီရန်မြို့ အနောက်မြောက်ပိုင်းတွင် ဇန်နဝါရီ ၉ ရက်က ပျက်ကျခဲ့ရာ အနည်းဆုံးလူ ၇၁ ဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရန်ကြက်ခြေနီအဖွဲ့အကြီးအကဲကပြောကြားသည်။

ဒဏ်ရာရရှိခဲ့သူများမှာလည်း အခြေအနေဆိုးကြောင်း၊ လေယာဉ်ပေါ်တွင် လေယာဉ်ဝန်ထမ်း ၁၂ ဦးနှင့် ခရီးသည် ၉၄ ဦး လိုက်ပါခဲ့ကြောင်း ကြက်ခြေနီအဖွဲ့ခေါင်းဆောင် မာမွန်မိုဇာဖာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

သေဆုံးသူဦးရေတိုးလာနိုင်ကြောင်း ကြက်ခြေနီအဖွဲ့မှ အခြားတာဝန်ရှိသူတစ်ဦးကပြောကြားပြီး လေယာဉ်ပေါ်ပါ ခရီးသည်များ၏ ဆွေမျိုးမိသားစုများသည် တာဝန်ရှိသူများထံမှ လေယာဉ်ပျက်ကျမှုသတင်းအချက်အလက်များ သိရှိနိုင်ရန် တီဟီရန်မြို့ရှိ မီဟရာဘတ်လေဆိပ်တွင် စုပြုံရောက်ရှိနေခဲ့ကြောင်း သိရသည်။

အစောပိုင်းတွင် အီရန်မီဒီယာများက လေယာဉ်ပေါ်လိုက်ပါခဲ့သူများစာရင်းကို အမျိုးမျိုးဖော်ပြခဲ့ကြသည်။ မြို့တော်တီဟီရန်၏ အနောက်မြောက်ဘက် ၆၂၅ မိုင်ကွာဝေးသည့် တောင်ထူထပ်ရာ အူရူမီးယားမြို့တွင် လေယာဉ်ပျက်ကျသွားခြင်းဖြစ်ကြောင်း၊ လေဆိပ်သို့ ဆင်းသက်ခါနီးတွင် လေယာဉ်ပျက်ကျသွားခြင်းဖြစ်ကြောင်း သတင်းက ဖော်ပြသည်။ လေယာဉ်မှာ အပိုင်းပိုင်းကျိုးပြတ်သွားသော်လည်း ပေါက်ကွဲမှုမဖြစ်ခဲ့ဟု အီရန်ကြက်ခြေနီအဖွဲ့အကြီးအကဲက ပြောကြားသည်။

အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကြောင့် အီရန်သည် လိုအပ်သော လေယာဉ်အစိတ်အပိုင်းများကို အနောက်နိုင်ငံများမှ မဝယ်ယူနိုင်ဘဲရှိရာ လေယာဉ်ပျက်ကျမှုအများအပြား ကြုံတွေ့ခဲ့ရသည်။


*—Ref: Reuters*



## လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုဖြင့် အရီဇိုးနား သေနတ်သမားအား တရားစွဲ

**တွတ်ခ်ဆန်၊ ဇန်နဝါရီ - ၁၀**

အရီဇိုးနားပြည်နယ်တွင် သေနတ်နှင့် ရမ်းရမ်းကားကားပစ်ခတ်ခဲ့သော အသက် ၂၂ နှစ်ရွယ် လူငယ်အား အမေရိကန် အစိုးရက လူသတ်မှု၊ လုပ်ကြံသတ်ဖြတ်ရန်ကြံစည်မှုတို့ဖြင့် တရားစွဲဆိုလိုက်ကြောင်း သိရသည်။ ထိုအတောအတွင်း ပစ်ခတ်ခံရမှုတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည့် အမျိုးသမီးလွှတ်တော်အမတ်၏ အခြေအနေကို ဆရာဝန်များက အကောင်းဘက်က ရှုမြင်ပြောကြားကြသည်။ တွတ်ခ်ဆန်မြို့ ဈေးဝယ်စင်တာ



တစ်ခုအရှေ့တွင် အခင်းဖြစ်ပွားခဲ့သောပစ်ခတ်မှုကြောင့် လူ ၆ ဦးသေဆုံးခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။ အမျိုးသမီးလွှတ်တော်အမတ် ဂါဘရီယယ်ဂစ်ဖော့ဒ်စ်က ထောက်ခံသူ များနှင့်တွေ့ဆုံစဉ် ပစ်ခတ်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ(၃၇)သို့

## အိုင်အေအီးအေ သံအမတ်များအား ဖိတ်ကြားထားကြောင်း အီရန်အတည်ပြု

**တီဟီရန်၊ ဇန်နဝါရီ - ၄**

အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများကို သွားရောက်ကြည့်ရှုရေးအတွက်နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက အသိအမှတ်ပြုထားသော သံအမတ်ကြီးအချို့အား ဖိတ်ကြားထားကြောင်း အီရန်နိုင်ငံက အတည်ပြုပြောကြားသည်။

ဖိတ်ကြားထားသူများတွင် အီရန်နျူအစီအစဉ်အပေါ် အငြင်းပွားမှုအား သံတမန်ရေးနည်းလမ်းဖြင့် ကြိုးစားနေသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံခြောက်နိုင်ငံမှ သံအမတ်ကြီးအချို့ ပါဝင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရာမင်မေမန်ပါရက်စ်ကသတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

စာမျက်နှာ(၃၇)သို့

## ဆော်ဒီအာရေးဗီးယားနိုင်ငံက အယ်လ်ကိုင်ဒါစစ်သွေးကြွ ၄၇ ဦးအား ဖမ်းဝရမ်းထုတ်ပြန်

**ရီးယာ့ဒ်၊ ဇန်နဝါရီ - ၁၀**

ယီမင်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် ပုန်းအောင်းနေသည်ဟု ယုံကြည်ရသော အယ်လ်ကိုင်ဒါစစ်သွေးကြွအဖြစ် မသင်္ကာသူ ၄၇ ဦးအား ဆော်ဒီအာရေးဗီးယားနိုင်ငံက နိုင်ငံတကာဖမ်းဝရမ်းများ ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံသား ၄၇ ဦးသည် နိုင်ငံတွင်းတွင် စစ်သွေးကြွအုပ်စုငယ်များ ထူထောင် ရန်ကြိုးစားခဲ့ပြီး ၎င်းတို့ထဲမှအချို့သည် အယ်လ်ကိုင်ဒါအဖွဲ့၏ ရာထူးအမြင့်ပိုင်းတွင် ပါဝင်သူများဖြစ်ကြောင်း ဆော်ဒီအာရေးဗီးယား ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတို့၏ ရည်မှန်းချက်တစ်ခုမှာ နိုင်ငံတွင်း၌ အကြမ်းဖက်အုပ်စုငယ်များထူထောင်ကာ ၎င်းတို့ကို ပြည်ပသို့စေလွှတ်၍ သင်တန်းပေးရေးဖြစ်ကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မန်ဆိုးတာကီက သတင်းထောက်များအား ပြောကြားသည်။

ဆော်ဒီအာရေးဗီးယား အာဏာပိုင်များသည် ယခင်နှစ် နိုဝင်ဘာလအတွင်း စစ်သွေးကြွ ၁၄၉ ဦးအား ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် လျှို့ဝှက်အုပ်စုငယ်ပေါင်း ၁၉ ဖွဲ့ထူထောင်၍ အဖွဲ့ဝင်များအား ယီမင်နှင့် ဆိုမာလီယာနိုင်ငံများသို့ စေလွှတ်လေ့ကျင့်ပေး၍ နိုင်ငံတွင်း၌ တိုက်ခိုက်မှုများပြုလုပ်ရန် ကြံစည်ခဲ့ကြောင်း သိရသည်။

ဖမ်းဝရမ်းထုတ်ပြန်ခံရသော ၄၇ ဦးထဲမှ အချို့မှာ အလွန်အန္တရာယ်များသူများဖြစ်ကြောင်းနှင့် နိုဝင်ဘာလအတွင်းက ဖမ်းဆီးခဲ့သည့် စစ်သွေးကြွ ၁၄၉ ဦးနှင့်လည်း အဆက်အသွယ်ရှိသူများဖြစ်ကြောင်း ဆော်ဒီပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ ၎င်းတို့ထဲမှ ၁၆ ဦးသည် ယီမင်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး ၂၇ ဦးသည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်သို့ ရောက်ရှိနေသည်ဟု သတင်းရထားကြောင်းနှင့် ၄ ဦးမှာ အီရတ်တွင်ရှိနေသည်ဟု ယုံကြည်ရကြောင်း ဆော်ဒီအာရေးဗီးယား ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

*—Ref: Reuters*